
ဒဂုန်ရွှေမျှား
ကိုးပွင့်ဖူးစာ

## ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံး** - ပန်းချီဝင်းသိန်း

**ထုတ်ဝေသည့်ကာလ** - ၂၀၁၆ ခုနှစ်၊ ဇွန်လ (တတိယအကြိမ်)

**ထုတ်ဝေသူ** - Quality Publishing House ၊ ဦးမြင့်ထွန်း(၀၀၂၆၇) ၊
အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၃၈၃၆၆၄၊ ၃၈၆၈၃၃

**ဖလင်** - Eagle ၊ **စာအုပ်ချုပ်** - ရွှေသမီး ၊

**ပုံနှိပ်တိုက်** - ဖြိုးဝေလျှံပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**အုပ်ရေ**- ၅၀၀ အုပ် ၊ **တန်ဖိုး** - ၂၀၀၀ ကျပ်




# ကိုးပွင့်ဖူးစာ

ဒဂုန်ရွှေမျှား

# မ ာ တိ က ာ


၁။ ကိုးပွင့်ဖူးစာ ၉

၂။ သစ်သုံးပင်ဂူကြီး ၇၇

၃။ သိန်းငှက်မည်းနှင့် ကချေသည် ၁၅၁



## ဒဂုန်ရွှေမျှား
(၁၈၉၅ - ၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖ ကုန်သည်ဦးချစ်ထွန်း၊ အမိ ဒေါ်စော(စောကလေး)တို့မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသား ဖြစ်သည်။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများဖြင့် ပညာစတင်သင်ကြားခဲ့ပြီး တတိယတန်းမှစ၍ ပြည်မြို့ အစိုးရဟိုက်စကူးကျောင်းတွင် တတိယတန်းမှ ဒသမတန်းအောင်သည်အထိ သင်ကြားခဲ့သည်။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက်သင်ကြားခဲ့သည်။ နောက် စပါးကုန်သည်အလုပ်လုပ်သည်။ ထိုသို့လုပ်ရင်း စပါးကုန်သည်၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြုံး၏သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲအောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာဘဝများကို ရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာစာရေးဆရာများ ပေါ်ဦးပေါ်ဖျားကာလမှာပင် "ပြည်မောင်တင်" ကလောင်အမည်၊ နောင် "ဒဂုန်ရွှေမျှား" ဖြစ်လာခဲ့သည်။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်းထွက်ပေါ်လာသောအခါ "ဝတ္ထုရေးသူများကို ဆုပေးမည့်အကြောင်း" ပါလာသဖြင့် "ဝီလျံရှိတ်စပီးယား" (William Shakespere) ၏ "အော်သယ်လို" (Othello) ပြဇာတ်ပုံဝတ္ထုကို

မြန်မာမှုပြု၍ "ချင်းဗိုလ်မောင်တက်တူ" အမည်ခံပြီးပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည်) ကဏ္ဍတွင် စတင်ဖော်ပြခံရသည်။ ဆုငွေ ၁၅/ ကျပ်ရသည်။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံးဝတ္ထုတိုလက်ရာ ဖြစ်သည်။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများတွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည်။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သုံ့ပန်း အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက်အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါး လက်ရာ ဖြစ်သည်။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည် "လျှို့ဝှက်သော စာအိတ်ကြီး" (The Secret Envelope) သည် ပြည်တော်မူမဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ပြီး ပြည်တော်မူ ကုမ္ပဏီမှပင် သုံးမတ်တန် လုံးချင်းစာအုပ်အဖြစ် စတင်ထုတ်ဝေခဲ့ပါသည်။ ဘားမင်းနီးယားဖလင်ရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးထိန် လာရောက်ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည်။

ဂျပန်ခေတ်တွင် ကုန်သည်အဖြစ်လုပ်ကိုင်ရင်း အစိုးရပြန်ကြားရေးဌာန တွင် လက်ထောက်အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင်သတင်းစာများ၌ သတင်း အယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု လက်ထောက်စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည်။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း စာအုပ်လုံးချင်း - ၆၀ ကျော် (စုံထောက် ဦးထင်ကျော်၊ ထောင်မင်းသားဦးဘိုးထော်၊ ကာလိန်မောင်မောင်ထွန်း၊ အမ်ကြာရိုး၊ စောရမောင်၊ ကာလိန်ခြံရှေ့နေ အစရှိသော ပင်ကိုရေးနှင့် မှီငြမ်းဝတ္ထုတိုပေါင်းချုပ် အပါအဝင်) ဝတ္ထုတိုပေါင်း - ၄၇၃ ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းဝတ္ထုတို/ရှည် - ၁၁၆ ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းပြုစာအုပ် - ၆၁ အုပ်၊ ပင်ကိုရေးဝတ္ထုစာအုပ် - ၁၉ အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေးဆောင်းပါးပေါင်း - ၁၄၇ ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် - ၁ အုပ် စသဖြင့် ရေးသားထုတ်ဝေခဲ့ရသည်။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန် ဘာသာပြန်ဆုအဖြစ် "ရော်ဘင်ဆင်ကရူးဆိုး" (RobinsonCrusoe)စာအုပ်ဖြင့် ပထမဦးဆုံးအကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ အနုပညာ စာပေ ဘာသာပြန်ဝတ္ထုဆုအား "မြို့ဝန်မင်း၏ဘဝခရီး" (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည်။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန်စာမူပြိုင်ပွဲ၊ ဘာသာပြန်စာပေဆု အဖြစ် "မွန်းတည့်ရန် (၂) မိနစ်အလို" စာအုပ် (စာမူ)ဖြင့် ဒုတိယဆု ရရှိခဲ့သည်။

ဝတ္ထုစာပေလက်ရာများအပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ "မြန်မာနိုင်ငံစာပေဆုများ" ပထမတွဲ၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ(Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော်ဦးချစ်မောင်၊ မင်းဆွေစသဖြင့်) ရေးသားပြုစုခဲ့သည်။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည်။ အသက် (၈၇) ခုနှစ်အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည်။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင်(ကွယ်လွန်) အပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည်။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများအားလုံးအား လက်လှမ်းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက် ရှိပါသည်။

# ကိုးပွင့်ဖူးစာ

"ကျွန်တော်ပြောတဲ့အတိုင်း သဘောတူပြီမဟုတ်လား ဒေါက်တာ"

"တူပါတယ်၊ သို့ပေမဲ့ ... ခင်ဗျားပြောတာ ထူးဆန်းလွန်းလို့ ကျုပ် စဉ်းစားနေတာပါ"

"မှန်ပါတယ် ... ခင်ဗျား၊ ကျွန်တော်တို့ ကိစ္စက လူမသိစေချင်တဲ့ ကိစ္စမို့ တတ်နိုင်သမျှ လျှို့ဝှက်ရခြင်း ဖြစ်ပါတယ်"

"ဒီကို ခေါ်လာခဲ့ဖို့တော့ မဖြစ်နိုင်ဘူး ... ဟုတ်စ"

"မဖြစ်နိုင်ပါဘူး ... ခင်ဗျား၊ ပြီးတော့ လူမမာကလည်း မိန်းကလေးဖြစ်လို့ပါ"

"ဒဏ်ရာက ဘယ်လိုဒဏ်ရာမျိုးလဲ၊ ပြောစမ်းပါဦး"

"လက်မောင်းမှာ သံချွန်စူးတဲ့ဒဏ်ရာပါ ဒေါက်တာ"

"အတော်များသလား"

"များဆို ထုတ်ချင်းခတ်သွားတာပဲ ... ခင်ဗျ"

"ဘယ်အချိန်လောက်က စူးတာလဲ"

"တစ်နာရီကျော်ကျော် နှစ်နာရီလောက်ပဲ ရှိလိမ့်ဦးမယ်ခင်ဗျား"

"အင်း ... ခက်တာပဲ၊ ကိုင်းလေ ... ရှိစေ၊ ကျုပ် လိုက်မယ်"

ကျွန်တော်သည် ဆရာဝန်စာမေးပွဲ အောင်မြင်ပြီးနောက် ရန်ကုန်ဆေးရုံကြီးတွင် နှစ်နှစ်ကျော်မျှ အလုပ်လုပ်ခဲ့၏။ ထိုခေတ်က ရရှိသော လခမှာ အလုပ်

နှင့်မတန်အောင် ရှိသည့်ပြင် အထက်လူများ၏ မျက်နှာလိုက်မှုကိုလည်း တစ်ခါတစ်ရံတွေ့ရသဖြင့် အလုပ်မှထွက်ခဲ့ပြီးနောက် မဟာဗန္ဓုလပန်းခြံလမ်းရှိ တိုက်တစ်တိုက်၏အောက်ဆုံးထပ်တွင် အခန်းကလေးတစ်ခန်းငှားကာ ဆေးခန်းတစ်ခန်း စတင်ဖွင့်လှစ်ခဲ့၏။

သုံးလခန့် ကြာသည့်တိုင်အောင် လူနာများမှာ ရှားရှားပါးပါးသာ လာရောက်သဖြင့် မှန်းခြေနှင့်မကိုက်အောင် ရှိခဲ့၏။ အလုပ် လုပ်စဖြစ်သည့်ပြင် လူနာများမှာလည်း ဘွဲ့ထူးဂုဏ်ထူးရသော ဆရာဝန်ကြီးများကိုသာ ထုံးစံအတိုင်း အားကိုးလေ့ရှိကြသဖြင့် ကျွန်တော်၏ ဆေးခန်းမှာ အတော်ပင် ခြောက်ခြောက်သွေ့သွေ့ ရှိနေခဲ့လေသည်။

အခြားအကြောင်းတစ်ခုမှာလည်း ရွှေဘုံသာလမ်းရှိ ကုလားဆရာဝန်များသည် ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ထက်ဝက်မျှသော နေထိုင်စားသောက်မှုဖြင့် မြိုးမြဲစွာရပ်တည်ကာ အချိုသာဆုံးသော ဈေးနှုန်းဖြင့် လာသမျှ လူနာများအားလက်ခံလေ့ရှိ၏။ လုပ်သက်ရှည်၍နာမည်ရပြီးဖြစ်သောမြန်မာဆရာဝန်ကြီးအချို့မှာ အစိုးရလခကို တစ်ဖက်မှရသည့်ပြင် အထက်တန်းလွှာတို့၏ ရက်ရောသော ပေးကမ်းမှုကြောင့် ခန့်ညားထည်ဝါစွာ နေထိုင်ကြသော်လည်း ကျွန်တော်မှာမူ ဆေးစပ်သမားတစ်ယောက်၊ အကူအညီဆရာမလေးတစ်ယောက်နှင့် ဒရဝမ်ကုလားတစ်ယောက်ကိုသာ အနိုင်နိုင်ထားရှိခဲ့လေသည်။ ဤကဲ့သို့ ထားနိုင်ခြင်းပင် မိဘများထံမှ အတော်အတန် အမွေအနှစ်ရခဲ့သောကြောင့် ထားနိုင်ခြင်း ဖြစ်၏။

နေအိမ်အတွက်ကိုမူ အနောက်ပိုင်း (...)ရှိ အဒေါ်တစ်ယောက်၏ အိမ်ခန်းလွတ်တစ်ခုတွင် နေထိုင်၍ ၎င်းထံ ထမင်းလခပေး၍ စားသောက်ခဲ့သောကြောင့် အတော်အသင့် စရိတ်ကျဉ်းသည်ဟု ဆိုနိုင်ပေသည်။ ဤသို့ဖြင့် နံနက် (၉) နာရီခွဲအချိန်တွင် ဆေးတိုက်သို့သွား၍ ညနေ (၅) နာရီခွဲ (၆) နာရီမှ ပြန်လေ့ရှိ၏။ သို့သော် ခွဲစိတ်မှုကဲ့သို့ အရေးကြီးသော လူနာများရှိသောအခါ၌မူ တစ်ခါတစ်ရံ ည၌ (၉) နာရီ၊ (၁၀) နာရီအထိပင် ဆေးတိုက်၌ နေလေ့ရှိ၏။ ဤကဲ့သို့ဖြင့် ကျွန်တော်၏ လူပျိုဘဝကို ကုန်လွန်ခဲ့ရလေသည်။

ကျွန်တော်အလုပ်မှာ ပက်ကျိတစ်ကောင်၏ သွားခြင်းမျိုးဖြင့် နေးနေးနှင့် မှန်မှန် သွားလျက်ရှိရာ ဆေးစပ်သူ သူနာပြုဆရာမနှင့် ဒရဝမ်တို့အား လခပေးပြီးနောက် အိမ်လခနှင့် ထမင်းစရိတ်သာသာ ကျန်ရစ်ခဲ့သည်က များ၏။ သို့သော် နဂိုဗီဇကပင် ဒုက္ခရောက်သော လူနာများအား ဆေးဝါးကုသလိုခြင်း၊ ပြုစုစောင့်ရှောက်လိုခြင်း၊ ဝါသနာများကို မစွန့်လွှတ်နိုင်သဖြင့်တစ်ကြောင်း အခြားအလုပ်အကိုင်ကိုလည်း လုပ်ကိုင်မစားတတ်သဖြင့်တစ်ကြောင်း ကျွန်တော်မှာ ဤဘဝသံသရာတွင် တဝဲလည်လည် ရှိနေခဲ့သည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါးပင် ရှိခဲ့လေပြီ။

တစ်ညသ၌ ဆေးဆိုင်ကိုပိတ်မည့် ဆဲဆဲရှိစဉ် ဆိုင်ရှေ့သို့ ကားကလေးတစ်စီး ဆိုက်ရောက်လာပြီးနောက် လူနှစ်ယောက်တို့သည် ကားပေါ်မှ ဆင်း၍ ဆိုင်အတွင်းသို့ ဝင်ရောက်လာ၏။ ကျွန်တော်က နေရာထိုင်ခင်းပေး၍ အကျိုးအကြောင်း မေးမြန်းရာ ၎င်းတို့ကိုယ်တိုင်မှာ လူနာများ မဟုတ်ဘဲ အခြားတစ်နေရာ၌ ရှိနေသည့် အရေးကြီးသော လူနာတစ်ယောက်အတွက် ကျွန်တော့်အား ပင့်ခေါ်ရန် လာခြင်းဖြစ်ကြောင်း သိရ၏။

ကျွန်တော်က လူနာ၏အကြောင်းကို မေးမြန်းသောအခါ လူနာမှာ လွန်ခဲ့သော နှစ်နာရီလောက်ကမှ သံချွန်စူးသော ဒဏ်ရာရရှိသဖြင့် ပင့်ခေါ်ခြင်းဖြစ်ကြောင်း၊ ကျွန်တော်လိုက်ပါက ဆေးဖိုးဝါးခအပြင် ရွှေဒင်္ဂါးဆယ်ပြားကို ယခုပင် လက်ငင်းပေးမည်ဖြစ်ကြောင်း။ သို့သော် ၎င်းတို့ပြောသော စည်းကမ်းကို အတိအကျ လိုက်နာရမည်ဖြစ်ကြောင်းဖြင့် ပြောကြား၏။ ဤသို့လျှင် အထက်၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်သည် စကားပြောဆိုနေခြင်း ဖြစ်လေသည်။

အကျဉ်းအားဖြင့် ရေးသားရမည်ဆိုသော် ကျွန်တော်လိုက်နာရမည့် အချက်မှာ ၎င်းတို့ သွားရောက်မည့်နေရာကို မမှတ်မိစေရန် ကျွန်တော်၏မျက်နှာကို အဝတ်တစ်ခုဖြင့် စည်းနှောင်ခေါ်ယူသွားမည်ဖြစ်၏။ ဒုတိယလိုက်နာရမည့် အချက်မှာ ထိုသူများ၏ အမည်ကိုလည်းကောင်း၊ လူနာ၏ အမည်ကိုလည်း

ကောင်း၊ နေရပ်ဌာနကိုလည်းကောင်း တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုရန်ဖြစ်၏။ တတိယအချက်မှာ ယခုညလိုက်ပါကုသရမည့် ကိစ္စကို တစ်ခါတည်း မေ့ပစ်ရန် ဖြစ်၏။

ကျွန်တော်၏ ထင်မြင်ချက်အရ ထိုသူများမှာ ရာဇဝတ်ပြစ်မှု မကင်းသူများ ဟု ယူဆရန်ရှိသော်လည်း ယင်းကိစ္စအတွက် ရွှေဒင်္ဂါး (၁၀) ပြားကို ကျွန်တော်၏ အလုပ်စားပွဲပေါ်တွင် ရက်ရောစွာ ပုံ၍ချထားပြီ ဖြစ်သဖြင့် ဤအဖိုးအခမှာ ကျွန်တော်ကဲ့သို့သော ဆရာဝန်ကလေးတစ်ယောက်အတွက် နည်းလှသည် မဟုတ်ပေ။ ထို့မှတစ်ပါး ကျွန်တော်မှာ ငယ်စဉ်ကပင် ကြောက်ရွံ့သည်ဆိုခြင်းကို များစွာ နားလည်သူ မဟုတ်သဖြင့် လက်ခံလိုက်ခြင်းဖြစ်၏။ အကယ်၍ ထိုလူများမှာ ရာဇဝတ်ပြစ်မှုကျူးလွန်သူများ ဖြစ်စေကာမူ ၎င်းတို့၏ကိစ္စမှာ ၎င်းတို့နှင့်သာ သက်ဆိုင်၍ ကျွန်တော်၏ကိစ္စမှာ လူနာ၏ဒဏ်ရာကို လျင်မြန်စွာ သက်သာ ပျောက်ကင်းအောင် ဆေးဝါးကုသရန်သာဖြစ်၏။ ထို့ကြောင့်လည်း နောက်ဆုံး နှစ်ဦးသဘောတူ လက်ခံလိုက်ခြင်း ဖြစ်လေသည်။

သို့နှင့် ကျွန်တော်သည် ဆေးထည့်သော သားရေအိတ်နှင့် အခြားအသုံး အဆောင် ကိရိယာတန်ဆာပလာများ၊ ခွဲစိတ်ကိရိယာအချို့နှင့် လတ်တလော ဒဏ်ရာဒဏ်ချက်များကို ချက်ချင်းသက်သာစေနိုင်သည့် ဆေးဝါးများကိုယူပြီး လျှင် အပြင်ဧည့်ခန်းသို့ ထွက်ခဲ့၏။ ကားပေါ်သို့တက်မိကြ၍ ကားထွက်သော အခါ ထိုသူနှစ်ယောက်အနက် အကြီးအကဲ ဖြစ်ဟန်တူသည့် အရပ်မြင့်သော သူသည် အသင့်ယူလာသော ပိုးလက်ကိုင်ပဝါအနက် တစ်ထည်ဖြင့် ကျွန်တော် ၏ မျက်လုံးများကို ပိတ်၍ စည်းနှောင်ပြီးနောက် ...

"သည်းခံပါ ... ဒေါက်တာ၊ ဒီလိုလုပ်ရတာ အင်မတန် မလွှဲသာလို့ လုပ်ရ တာပါ"

"ကောင်းပါပြီလေ ... ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ... ကျုပ် တစ်ခုပြောမယ်"

"အမိန့်ရှိပါ ခင်ဗျာ"

"ကျုပ်တို့ ဝတ္တရားက လူနာကိုသာ ပျောက်အောင်ကုဖို့ တာဝန်ရှိတယ်။ ဘာကြောင့်ဖြစ်ရတဲ့ ဒဏ်ရာဆိုတာ ဥစ္စာရှင်က သဘောမတူသမျှ ထင်မြင်ချက်ပေးဖို့ တစ်စုံတစ်ရာ ဘာမှ တာဝန်မရှိဘူးဆိုတာ နားလည်ပါတယ်"

"မှန်ပါတယ် ... ခင်ဗျာ"

"နှုတ်လုံဖို့ ခင်ဗျား ပြောတယ်မဟုတ်လား"

"မှန်ပါတယ် ... ဆရာ၊ ပြောမိပါတယ်။ ဒီလိုပြောရတာကလည်း ကျွန်တော်တို့ ကိစ္စက အင်မတန် လျှို့ဝှက်ရမည့် ကိစ္စမို့ ပြောရခြင်း ဖြစ်ပါတယ်"

"သွားရမည့်နေရာက အတော်ဝေးသလား"

"မှန်ပါတယ် ... ဒေါက်တာ၊ နည်းနည်းတော့ လှမ်းပါတယ်"

ကားကလေးသည် အလွန်ကွေ့ကောက်သော လမ်းများဖြင့် လျင်မြန်စွာ ပြေးသွားလေရာ တစ်နာရီနီးပါးမျှ ကြာလတ်သော် ပူလောင်ကျဉ်းကျပ်လှသော ရန်ကုန်မြို့ထဲမှ လေများသည် တဖြည်းဖြည်းကွယ်ပျောက်၍ ကွင်းပြင်များမှ တိုက်ခတ်လာသော လေများကို ရှူရှိုက်လာရသောကြောင့် မြို့ထဲမှ ထွက်လာခဲ့ပြီးဖြစ်ကြောင်း သိရှိရ၏။ တစ်နာရီသာသာခန့် ဆက်လက်မောင်းနှင်သွားပြီးနောက် ကားကလေးသည် ကတ္တရာစေး လမ်းမကြီးပေါ်မှ လက်ယာဘက်သို့ ကွေ့ကာ အတန်ငယ်နိမ့်ရှိုင်း၍ ကြမ်းတမ်းသော လမ်းအတိုင်း မောင်းနှင်သွားပြန်၏။ တစ်နေရာသို့ ရောက်သောအခါ ကုန်းပြင်မြင့်ကလေးတစ်ခုပေါ်သို့ တက်နေဘိသကဲ့သို့ အရှိန်ယူ၍ တက်ကာ မြေညီပေါ်သို့ရောက်၍ ကိုက် (၂၀၀) ခန့်မျှ မောင်းသွားပြီးနောက် တဖြည်းဖြည်း အရှိန်လျှော့လာပြီးလျှင် တစ်နေရာ၌ ရပ်လေ၏။

ကားရပ်သည်နှင့် တစ်ပြိုင်နက် အရပ်မြင့်သောသူသည် သူ၏ အဖော်အား "ကိုင်း ... နံပါတ်သုံး၊ ဆရာဝန် ရောက်ပြီဆိုတဲ့အကြောင်း အိမ်ပေါ်တက်ပြီး မယ်တော်ကြီးကို ပြောချေတော့၊ သခင်မလေးကိုလည်း စိတ်မငယ်ရအောင် ပြောပါ" ဟု ပြောလိုက်သဖြင့် နံပါတ် "သုံး" ဆိုသူသည် ကားပေါ်မှ ဆင်း၍

အိမ်ပေါ်သို့ တက်သွားရာ ၎င်း၏ ခြေသံများကို နောက်မှ ကျွန်တော်တို့ ကြား လိုက်ရ၏။

ထို့နောက် အရပ်မြင့်သောသူသည် ကျွန်တော့်ဘက်သို့ လှည့်၍ "ကဲ ... ဒေါက်တာ ကျွန်တော်တို့ ရောက်ပါပြီ၊ အိမ်ပေါ်တက်ဖို့သာ ရှိပါတော့တယ်"ဟု ပြောပြီးလျှင် ကျွန်တော့်၏မျက်နှာ၌ စည်းထားသော အဝတ်ကို ဖြည်ပေးလေ၏။ ကျွန်တော်၏မျက်လုံးများမှာ တစ်နာရီကျော်ကျော်မျှအဝတ်ဖြင့် စည်းထားသော ကြောင့် ဓာတ်မီးရောင်များကို မြင်လိုက်ရသောအခါ ရုတ်တရက် မကြည့်ဝံ့ သကဲ့သို့ မျက်လုံးများ ကျိန်းစပ်လျက် ရှိနေ၏။ ပထမ၌ မည်သည့်အရာကိုမျှ မမြင်ရဘဲရှိနေပြီးလျှင် တဖြည်းဖြည်း ကျင့်သားရလာသောအခါမှ အတော် အတန် မြင်၍လာလေသည်။

အရပ်မြင့်သောသူသည် ကျွန်တော်၏လက်ထဲမှ သားရေအိတ်ကို လှမ်းယူ ကာ ကျွန်တော်၏ လက်တစ်ဖက်ကိုတွဲ၍ ဆင်ဝင်အောက်ရှိ တံခါးမကြီးအတွင်း သို့ ဝင်သွားရာ ကျွန်တော်လည်း ၎င်းလက်ကိုကိုင်ကာ လိုက်ပါသွားရလေသည်။ တံခါး၏လက်ယာဘက်တွင် အပေါ်သို့တက်သော လှေကားရှိ၍ ကျွန်တော် တို့လည်း ထိုလှေကားမှ အပေါ်သို့ တက်သွားကြသည်။ အပေါ်သို့ ရောက်သော အခါ အိမ်ရှေ့ဧည့်ခန်းနှင့်တူသော အခန်းကြီး၏ နောက်အခန်းတစ်ခုတွင်မှ "နာလှပြီ ... မယ်တော်ကြီးရဲ့ ကျွန်မကို မကယ်နိုင်တော့ဘူးလား၊ အို ... ပြောရင်းဆိုရင်း သိပ်ပြီး" ဟူသော မိန်းကလေးတစ်ယောက်၏ ညည်းညူသံကို ကြားရလေရာ အရပ်မြင့်သောသူလည်း ကျွန်တော့်အား အသံကြားရာ အခန်း ထဲသို့ ခေါ်သွားလေသည်။

အိမ်ပေါ်ထပ်ဧည့်ခန်းမှာ များစွာမကျယ်ဝန်းလှသော်လည်း ကြမ်းခင်းကော် ဇောနှင့် ဖိတ်ဖိတ်တောက်နေသည့် ဆိုဖာနှင့် စားပွဲများ၊ မှန်ဗီရိုများ၊ အပြာရောင် ပိုးဇာခန်းဆီးများနှင့် ဧည့်ခန်းစားပွဲပေါ်မှ ငွေပန်းအိုးများမှာ ခေတ်မီရုံမျှမက အထက်တန်းလွှာတို့၏ အိမ်ထောင်ပရိဘောဂများဟု ဆိုရပေမည်။

အပြာရောင် ပိုးဇာခန်းဆီးကို အရပ်မြင့်သောသူက ဖယ်ရှား၍ ပေးသဖြင့် ကျွန်တော်လည်း ၎င်း၏နောက်မှ လိုက်ပါသွားရလေရာ တစ်ယောက်အိပ် ကြေး

ခုတင်တစ်လုံးပေါ်တွင် အသက် (၅၀) ခန့်ရှိ မိန်းမကြီးတစ်ယောက်က (၂၀) ကျော်အရွယ် မိန်းမပျိုကလေးတစ်ဦးအား ရင်ခွင်၌ ယုယစွာ ပွေ့ဖက်ထားသည်ကို တွေ့ရ၏။ မိန်းမပျိုကလေးမှာ သူ၏ လက်ဝဲဘက် လက်မောင်းရင်းကို လက်ယာဘက်ဖြင့် ဆုပ်ကာ မိန်းမကြီး၏ ရင်ခွင်တွင် လူးလှိမ့် ငိုယိုလျက်ရှိ၏။

ကျွန်တော် ဝင်လာသည်ကို မြင်သောအခါ မိန်းမကြီးသည် မိန်းကလေးအား "တိတ်ပါ ... သခင်မလေးရယ် မငိုပါနဲ့၊ ဆရာဝန်ကြီးလည်း ရောက်လာပါပြီ" ဟု ပြောပြီးနောက် ကျွန်တော်ဘက်သို့ တစ်ဖန်လှည့်၍ "ဆရာဝန်ကြီးရယ် တဆိတ် ခပ်မြန်မြန်ကလေး ဆေးထည့်ပေးစမ်းပါ။ သူ ဝေဒနာခံစားနေရတာ ကျွန်မတို့ မကြည့်ရက်လို့ပါ"ဟု ပြောလိုက်လေသည်။ ကျွန်တော်သည် နေရာမှထ၍ "ကောင်းပါပြီ ... ခင်ဗျာ၊ ကျွန်တော် အခု ဆေးထည့်ပေးပါ့မယ်။ ဆေးထည့်ပြီးရင် ချက်ချင်းသက်သာပါလိမ့်မယ်။ ဒဏ်ရာက ဘယ်မှာလဲ ခင်ဗျာ။ ဪ ... ဘယ်ဘက်လက်မောင်းရင်းမှာ ထင်ပါရဲ့ တဆိတ် ကျွန်တော် ကြည့်ပါစေခင်ဗျာ"

"ကြည့်ပါ ... မောင် ... ကြည့်ပါ ကြည့်ပါ"

"သိပ်များမယ် မထင်ပါဘူး၊ ကိစ္စ မရှိရပါဘူး ခင်ဗျာ"

ကျွန်တော်သည် မိန်းကလေး၏ လက်ဝဲဘက်မှ အင်္ကျီလက်ဖျားကလေးကို ပင့်ကား ဒဏ်ရာကို ကြည့်ရှုလေရာ ဒဏ်ရာမှာ အလိုအလျောက် စူးသောဒဏ်ရာ မဟုတ်ဘဲ တစ်စုံတစ်ယောက်က ပြင်းထန်စွာ ထိုးနက်လိုက်သော ဒဏ်ရာဖြစ်ကြောင်း တွေ့ရှိရ၏။ ဒဏ်ရာ၏ အနေအထားမှာ ဆူးကဲ့သို့ အလွန်ချွန်ထက်သော လက်နက်မျိုးဖြင့် ထိုးဟန်လက္ခဏာရှိ၏။ သို့သော် ... ကံအားလျော်စွာ အထက်မှအောက်သို့ ထုတ်ချင်းခတ်ပေါက်လျက် ရှိသော်လည်း အရိုးနှင့် သွေးကြောကြီးများကို အနည်းငယ်မျှ ထိခိုက်ခြင်းမရှိသဖြင့် အသက်အန္တရာယ်ကို စိုးရိမ်ဖွယ်မရှိချေ။ သွေးများမှာ တစိမ့်စိမ့် ထွက်နေဆဲပင်ဖြစ်၍ လူနာ၏ ပဒုမ္မာ အင်္ကျီပေါ်၌ လည်းကောင်း၊ အိပ်ရာခင်းပေါ်၌ လည်းကောင်း၊ ပွေ့၍ထားသော မိန်းမကြီး၏ ရင်၌လည်းကောင်း ခြင်းခြင်းနီမျှ လိမ်းကျံပေရေလျက်ရှိ၏။

ထိုအခါ ကျွန်တော်လည်း အရပ်မြင့်သောသူက ကျွန်တော့်အား လိမ်လည်ပြောဆိုခဲ့သည်ကို မခံချင်သဖြင့် ရုတ်တရက် ဒေါသထွက်ကာ "ဒါလားဗျာ ...

သံချွန်စူးတဲ့ဒဏ်ရာ စူးတာ မဟုတ်ဘူးဗျ၊ တစ်ယောက်ယောက်က အားနဲ့ ထိုး လိုက်တာ။ ပြီးတော့ ...” ဟုပြောပြီးလျှင် နောက်သို့ လှည့်ကြည့်လိုက်ရာ အရပ် မြင့်သောသူသည် ကျွန်တော့်အား ခက်ထန်သောမျက်နှာဖြင့် ကြည့်ရှုလျက် ရှိသည်ကို တွေ့ရ၏။ ထို့နောက် တစ်စုံတစ်ရာ သတိရဟန်ဖြင့် မျက်နှာထားကို တစ်မျိုးပြင်လိုက်ပြီးလျှင် “ဒေါက်တာက ပထမ ကျွန်တော်တို့ ပြောခဲ့တဲ့ စကား တွေ ချက်ချင်းပဲ မေ့သွားပြီ ထင်ပါရဲ့” ဟု ပြောလေရာ ထိုအခါမှ ကျွန်တော် ပြောခဲ့ သောစကားကို ပြန်၍သတိရသဖြင့် မိမိကိုယ်ကိုမိမိ အပြစ်တင်မိ၏။ သို့နှင့် ဦးခေါင်းကို ငုံ့ပြီးလျှင် ဆေးထည့်ရန် ကိရိယာတန်ဆာပလာများကိုသာ ပြင်ဆင် လိုက်ရတော့သည်။

ကျွန်တော်သည် မိန်းကလေး၏ လက်မောင်းမှ ဒဏ်ရာကို ရေနွေးဖြင့် ဆေး ကြောပြီးနောက် ဆေးထည့်ပြီးလျှင် ပတ်တီးစည်းပေးပြီးသောအခါ ယခင်က သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်၍နေသော လက်မောင်းကလေးမှာ အတန် ငယ် နီမြန်းလာပြီးလျှင် လှပသော မျက်နှာကလေးမှာလည်း သွေးရောင်များ လျှမ်း၍လာသည်ကို တွေ့ရ၏။

ဆေးထည့်လျက်ရှိနေစဉ် သူငယ်မလေးသည် အလွန်နာကျင်သည့် လက္ခ ဏာဖြင့် တစ်ခါတစ်ရံ တွန့်လိမ်ရှုံ့မဲ့ကာ စုတ်တသပ်သပ် ရှိနေရာ ကျွန်တော် ကိုယ်တိုင်ဝေဒနာခံစားရဘိသကဲ့သို့အောက်မေ့မိ၏။ ဆရာဝန်များမှာ လူနာများ အပေါ်တွင် သနားကရုဏာထားရန် ဝတ္တရားရှိသည်ထက် ပို၍ ယခု လူနာ မိန်းမ ချောကလေးအပေါ်တွင် ကရုဏာသက်မိသည်ကို ဝန်ခံရပေမည်။ အမှန်ပြော ရမည်ဆိုသော် ကျွန်တော်၏ ဆရာဝန်သက်တမ်းတစ်လျှောက် ဤလူနာကို ဂရု အစိုက်ဆုံးဖြစ်သည်ဟု ဝန်ခံရမည်ဖြစ်၏။ အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရသည် ကိုမူ ကျွန်တော်ကိုယ်တိုင်ပင် မသိနိုင်လောက်အောင် ရှိတော့၏။

ဆရာဝန်တို့မည်သည် လူနာကို ကိုင်တွယ်စမ်းသပ်သောအခါ လူနာမှာ အဖို ဖြစ်သည်၊ အမဖြစ်သည်၊ နုးညံ့သည်၊ ကြမ်းတမ်းသည်ဟူ၍ အတွေ့အထိနှင့် ယှဉ်သော စိတ်အာရုံမျိုး အလျဉ်းမရှိချေ။ လူနာ၏ သွေးမှာ ကောင်းသည်၊

ညှံ့သည်၊ အပူဓာတ်လွန်သည်၊ အအေးဓာတ်လွန်သည် စသည့် အာရုံမျိုးသာ ရှိရမည်ဖြစ်၏။ သို့သော် ယခုလူနာမိန်းမပျိုကလေး၏ ဖြူစင်သွယ်လျသော လက်ကလေးကို ပထမအကြိမ်စ၍ စမ်းသပ်ကိုင်တွယ်လိုက်သောအခါ နူးညံ့ သိမ်မွေ့သော အတွေ့အထိကို ရုတ်တရက် ခံစားလိုက်မိ၏။ သို့နှင့် ကျွန်တော်၏ စိတ်သည် ဆရာဝန်ဘဝမှ ဇာတ်မင်းသားဘဝသို့ ရုတ်တရက် ပြောင်းသွားခဲ့၏။ သို့သော် သတိရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း ဆရာဝန်စိတ်ဓာတ် ပြန်၍ ဝင်လာရန် မနည်းပင် ကြိုးစားလိုက်ရ၏။

သူငယ်မလေးသည် မျက်စိကိုမှိတ်ကာ မှိန်းလျက်ရှိရာမှ တစ်ခါတစ်ခါ ကျွန်တော်၏မျက်နှာကို တစ်ခဏမျှ ဖွင့်၍ကြည့်ပြီးနောက် ချက်ချင်းလိုပင် ပြန်၍ မှိတ်လိုက်ပြန်၏။ မျက်နှာကလေးမှာ နီးကပ်စွာကြည့်ရလေလေ ဝင်းဝင်းပပ လှပ လေလေရှိသည်ကို တွေ့ရ၏။ မိန်းကလေး၏အလှမှာ ပြေပြစ်တင့်တယ်ရုံမျှမက ဘဲ ရဲရင့်တည်ကြည်သည့် သွင်ပြင် လက္ခဏာလည်း ရှိလေသည်။

"ဒီဟာကလေး နည်းနည်းထပ်သောက်ပါဦး"

ကျွန်တော်သည် လူနာမိန်းကလေးအား ဘရန်ဒီ အနည်းငယ်ကို ထပ်မံ တိုက်လိုက်ပြန်၏။ ထိုအခါ၌ကား မိန်းကလေးမှာ ယခင်ကထက်ပင် သက်သာ ရာ ရသကဲ့သို့ ကျွန်တော့်အား ကျေးဇူးတင်သည့် မျက်နှာများဖြင့် ကြည့်ကာ ...

"ကျေးဇူးအများကြီး တင်ပါတယ် ... ဒေါက်တာ"

"ကျေးဇူးတင်စရာမလိုပါဘူး ... ခင်ဗျာ၊ အခကြေးငွေပေးပြီး ခေါ်တာကို ကျွန်တော်ကသာ ကျေးဇူးတင်ဖို့ ရှိပါတယ်"

"မဟုတ်ပါဘူးရှင် ... အခကြေးငွေနဲ့ ခေါ်ပေမဲ့ ကျွန်မ ဝေဒနာဟာ ဒေါက်တာ ဆေးထည့်ပေးတဲ့အတွက် အများကြီးသက်သာသွားလို့ပါ"

"ဒဏ်ရာက များတယ်ဆိုပေမဲ့ သွေးကြောလည်းလွတ်တယ်၊ အရိုးကိုလည်း မထိဘူးဆိုတော့ ဘာမှစိုးရိမ်စရာမရှိပါဘူး ခင်ဗျာ"

"ကျေးဇူးတင်ပါတယ် ... ဒေါက်တာ၊ ဒါထက် ဘယ်နရက်လောက်ကြာမှ အနာကျက်လိမ့်မယ် ထင်ပါသလဲရှင်"

"ခုနစ်ရက်လောက်တော့ ကြာလိမ့်မယ်ထင်ပါတယ်၊ ဒီအတောအတွင်း ကျွန်တော်လာပြီး ဆေးထည့်ပေးစေချင်ရင်လည်း လာထည့်ပေးပါ့မယ်"

"ကောင်းပါပြီရှင် ... ကျေးဇူးတင်ပါတယ်၊ ကျွန်မ အလိုရှိလို့ အခေါ်လွှတ်တဲ့ အခါသာ ဒေါက်တာလိုက်ခဲ့ပါ"

"ကောင်းပါပြီခင်ဗျာ ... စိတ်ချပါ"

"တကယ်လို့ ဒေါက်တာ့ကို မခေါ်ဖြစ်ဘဲ ကျွန်မတို့ဘာသာ ဆေးထည့်လို့ ကော မဖြစ်နိုင်ဘူးလား ဒေါက်တာ"

"ဖြစ်နိုင်ပါတယ်"

"ကျေးဇူးတင်လိုက်တာရှင်။ ဒီလိုဆိုရင် ဆေးထည့်ပုံနည်းလမ်းနဲ့ အရ ထည့်တဲ့ ဆေးမျိုးပေးခဲ့ပါလား ဒေါက်တာ"

"ပေးခဲ့ပါမယ် ... ခင်ဗျာ"

သို့နှင့် ကျွန်တော်လည်း လိုအပ်သောဆေးဝါးများကို ဆေးအိတ်ထဲမှ ထုတ်၍ ပေးပြီးလျှင် ဂွမ်းနှင့်ပတ်တီးများကိုပါပေး၍ အနာဆေးကြောပုံ၊ ဆေးထည့်ပုံ များကိုပါ ညွှန်ကြားပြောပြလိုက်မိသည်။

စကားအဆုံး၌ ကျွန်တော့်အား ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောပြီး လျှင် ခပ်လှမ်းလှမ်းတွင် ရှိနေသည့် အရပ်မြင့်သောသူအား "မောင်တော်ကြီးရေ အချိန်လည်း တော်တော်နောင်းသွားပြီ၊ ဟော့ဒီက ဒေါက်တာကို ပြန်ပို့ပေးပါ တော့နော်" ဟု လှမ်း၍ပြောလိုက်၏။

ထိုအခါ အရပ်မြင့်သောသူသည် မိန်းကလေးအား ချစ်ခင်လေးစားသော အမူအရာဖြင့် "ပို့ပေးပါမယ် ... နမတော်လေးရဲ့ ကိုယ့်ကိုယ်ကိုယ်သာ ကိုယ် သက်သာအောင်နေစမ်းပါ" ဟုပြောကာ ကျွန်တော်၏ ဆေးအိတ်ကို ဆွဲယူပြီး နောက် ရှေ့မှ ထွက်သွားလေရာ ကျွန်တော်လည်း လူနာမိန်းကလေးဘက်သို့ လှည့်၍ နှုတ်ဆက်မည်ပြုလိုက်၏။ သို့သော် ပါးစပ်မှ တစ်စုံတစ်ရာမထွက်ဘဲ ရှိနေ၏။ ထိုအတူ လူနာမိန်းကလေးကလည်း ကျွန်တော့်အား တစ်စုံတစ်ရာ ပြောမည်ကဲ့သို့ ပါးစပ်ကို ပြင်လိုက်သော်လည်း နှုတ်မှ မည်သည့်အသံမျှ ထွက်

ပေါ်မလာချေ။ ဤသည်ကပင် ကျွန်တော်တို့နှစ်ဦးသာ နားလည်သည့် အထိမ်းအမှတ်တစ်ခု ဖြစ်ပေမည်။

ကျွန်တော်လည်း အရပ်မြင့်သောသူနှင့်အတူ အောက်ထပ်သို့ ဆင်းခဲ့ပြီးနောက် ကားပေါ်သို့ တက်မည်ပြုစဉ် ပတ်ဝန်းကျင်ကို ကြည့်ရှုမိရာ ထူထပ်သော သစ်ပင်ပန်းပင်များ ဝိုင်းရံလျက်ရှိသည့် ကျယ်ဝန်းသော ခြံကြီးကိုသာ တွေ့မြင်ရ၏။ မော်တော်ကားထွက်လျှင် အရပ်မြင့်သောသူသည် ကျွန်တော့်အား ယခင်က ကဲ့သို့ပင် မျက်နှာကို အဝတ်နက်ဖြင့် စည်း၍ပေးပြီးနောက် ...

"ဒေါက်တာလည်း ကျွန်တော်တို့ လုပ်ပုံကိုင်ပုံတွေ မြင်ရတာ အတော်အံ့ဩမှာပဲနော်"

"ဟုတ်ပါတယ်"

"အံ့ဩမယ်ဆိုရင်လည်း အံ့ဩစရာပ ခင်ဗျာ။ ဒီလိုလုပ်ရတာကလည်း မလွှဲမရှောင်သာလို့ ကျွန်တော်တို့ လုပ်ရခြင်း ဖြစ်ပါတယ်။ ဪ ... ဒါထက် ဒေါက်တာရဲ့ ထင်မြင်ချက်က မိန်းကလေးရဲ့ ဒဏ်ရာဟာ တစ်စုံတစ်ယောက်က ထိုးလိုက်တဲ့ ဒဏ်ရာလို့ဆိုတယ်နော်"

"ကျွန်တော့်ထင်မြင်ချက်ကို မေးသလား"

"မှန်ပါတယ်"

"တစ်စုံတစ်ယောက်က ထိုးတာအမှန်ပဲ၊ အလိုအလျောက်စူးတဲ့ ဒဏ်ရာနဲ့ သူတစ်ပါးက ထိုးတဲ့ဒဏ်ရာဟာ အင်မတန် ကွာခြားပါတယ်"

"မှန်ပါတယ် ... ခင်ဗျာ၊ အခုကိစ္စမှာလည်း ဒေါက်တာထင်တဲ့အတိုင်း အမှန်ပါပဲ"

"ဒါဖြင့် ပုလိပ်ကို ဘာကြောင့် မတိုင်တာလဲခင်ဗျ၊ ပုလိပ်အရေးပိုင်တဲ့ အမှုပဲ"

"မှန်ပါတယ် ... ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ကိစ္စကို ကျွန်တော်တို့သာ သိတာကိုးခင်ဗျ။ ပုလိပ်ကို တိုင်ရင်လည်း အချိန်ကုန်ရုံပါပဲ။ တရားခံကို မိမှာလည်း မဟုတ်ဘူး"

ထိုးတဲ့လူကိုကော သိလို့လား"

"တပ်အပ်တော့ မသိဘူးပ ... ခင်ဗျာ။ နို့ပေမဲ့ ... အသင်းထဲက အကောင်တွေ ဖြစ်မှာပါပဲ"

ထိုနေရာတွင် အရပ်မြင့်သောသူသည် မိမိ စကားလွန်သွားသည့်ဟန်ဖြင့် ရုတ်တရက် ရပ်တန့်လိုက်ပြီးနောက် "ဩော် ... ဒါထက် အနာကလေး ငါးရက် လောက်ကြာရင် ပျောက်ကောင်းထင်ပါရဲ့ ဒေါက်တာ"

"ပျောက်ပါလိမ့်မယ် ... ကျွန်တော်ပြောတဲ့အတိုင်း ဆေးသာထည့်ပေးပါ"

"ကောင်းပါပြီ ... ဒေါက်တာ"

"ကျွန်တော် ထားခဲ့တဲ့ ဆေးမလောက်ရင် ကျွန်တော့်ဆေးတိုက်ကို လာယူ လှည့်ပါ။ ကိုယ်တိုင်လာဖို့ မလိုပါဘူး၊ ကလေးတစ်ယောက်ကို လွှတ်လိုက်ပါ အားမနာပါနဲ့"

"ကောင်းပါပြီ ... ခင်ဗျာ၊ အများကြီး ကျေးဇူးတင်ပါတယ်"

"ဩော် ... ဒါထက် ဒေါက်တာပေးတဲ့ ကတိကိုတော့ မမေ့စေချင်ဘူး"

"မမေ့ပါဘူး၊ ဒါပေမဲ့ ... ဒဏ်ရာက ရာဇဝတ်ပြစ်မှုမကင်းတဲ့ ဒဏ်ရာမျိုး ဖြစ် လေတော့ ကျွန်တော်တို့ ဆရာဝန်များအဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို အကြောင်းကြားဖို့ ဝတ္တရားရှိတယ်။ ဒီဟာကို နှုတ်လုံပါမယ်လို့ ကတိထားရတာ ကျွန်တော့်အတွက် အင်မတန်ဝန်လေးတယ်ဆိုတာကို အခုဖွင့်ပြောတာပါပဲ။ ဒါပေမဲ့ ကတိဟာ ကတိပါပဲ၊ ကျွန်တော် နှုတ်လုံပါ့မယ် ... စိတ်ချပါ"

ကားထွက်၍ တစ်နာရီကျော်ကျော်ခန့် ကြာသောအခါ ကားကလေးသည် ရန်ကုန်ဘက်သို့ ချဉ်းကပ်လာပြီဖြစ်၍ ကျွန်တော်လည်း ကားကို ဆေးတိုက် ဘက် ချိုးမမောင်းစေဘဲ ကျွန်တော့်အိမ်ရှိရာသို့ မောင်းစေ၏။ နောက်ဆုံးတွင် ကားမောင်းသူသည် ကျွန်တော်ပြောထားသော အိမ်နံပါတ်ကိုကြည့်၍ မော် တော်ကားကို ရပ်ပေးရာ အရပ်မြင့်သော သူသည် ကျွန်တော်၏မျက်နှာတွင် စည်းထားသော အဝတ်ကို ဖြေပေးလေသည်။ ကျွန်တော်လည်း ကားပေါ်မှ

ဆင်း၍ ဆေးအိတ်ကိုယူပြီးလျှင် တိုက်ပေါ်သို့ တက်ခဲ့ရာ အရပ်မြင့်သော သူသည် ကျွန်တော့်အား လက်ပြနှုတ်ဆက်ပြီးနောက် ကားကလေးသည်လည်း လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

အခန်းသို့ပြန်ရောက်၍အချိန်ကိုကြည့်လိုက်ရာ (၁)နာရီထိုးရန် (၁၅) မိနစ်မျှသာ လိုတော့ကြောင်း တွေ့ရ၏။ အဝတ်အစားများ လဲလှယ်ပြီးလျှင် အိမ်ဖော်သူငယ်ကလေးအား လက်ဖက်ရည်တစ်ခွက် ဖျော်၍ ယူခဲ့စေပြီးလျှင် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင်လှဲကာ ဆေးတံကို အားပါးတရဖွာ၍ နေမိ၏။ ဤသို့ရှိနေစဉ် ဒဏ်ရာရရှိသူ လှပသော မိန်းမပျိုကလေး၏မျက်နှာသည် မီးခိုးလုံးများအတွင်းမှ အကြိမ်ကြိမ် ပေါ်လာပြီးလျှင် ကျွန်တော်၏ ဦးနှောက်ကို အမျိုးမျိုး အနှောင့်အယှက်ပေးသကဲ့သို့ ရှိနေ၏။

ဆရာဝန်တစ်ယောက်ဖြစ်သည့်အတိုင်း ကျွန်တော်သည် လူနာမိန်းမပျိုကလေးများအား စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသခြင်းတို့ကို ဆေးရုံကြီးတွင် အလုပ်လုပ်စဉ်ကလည်းကောင်း၊ ကိုယ်ပိုင်ဆေးတိုက်တွင်လည်းကောင်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ဖူးရာ ဆရာဝန်တစ်ယောက်၏ စိတ်ရိုးရိုးဖြင့်သာ ကိုင်တွယ်စမ်းသပ်ခဲ့သဖြင့် အဖိုအမဓာတ်ကို မည်သည့်အခါမျှ ခွဲခြား၍မသိခဲ့ချေ။ သို့သော် ယခုအချိန်၌မူ လူနာ၏ အတွေ့အထိကို ရုတ်တရက် ခံစားလိုက်မိသဖြင့် ဤအကြိမ်၌ မည်ကဲ့သို့ဖြစ်ရသည်ကို ကျွန်တော်ကိုယ်တိုင် အံ့ဩလျက်ရှိနေ၏။ မိမိကိုယ်ကိုလည်း ပြန်၍အပြစ်တင်မိ၏။ ထို့နောက်အိပ်ရာသို့ ဝင်ခဲ့ရာအတန်ကြာမှ အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့၌ ကျွန်တော်သည် ယမန်ညက အိပ်ပျက်သဖြင့် ဆေးတိုက်သို့ အရောက်နောက်ကျခဲ့၏။ ထိုနေ့တွင်မည်သူများလာ၍ ဆေးတောင်းသေးသနည်းဟု ဆရာမအား မေးမြန်းကြည့်သောအခါ မည်သူတစ်ဦးတစ်ယောက်မျှ လာ၍ဆေးမတောင်းကြောင်း သိရ၏။

ဒုတိယနေ့၊ တတိယနေ့များ၌လည်း ထိုနည်းတူပင်ရှိခဲ့ရာ ကျွန်တော်လည်း အဘယ့်ကြောင့် ဤကိစ္စတွင်မှ ပို၍ဂရုစိုက်ရလေသနည်းဟု မိမိကိုယ်ကို မိမိ မေးခွန်းထုတ်မိ၏။ အံ့ဩလည်း အံ့ဩမိ၏။ လူနာမိန်းကလေး၏ မျက်နှာမှာ ကျွန်တော်၏မျက်လုံးအိမ်ထဲတွင် ဓာတ်ပုံရိုက်ထားသကဲ့သို့ ရှိနေ၏။ ကျွန်တော်မှာ ဤအသက် ဤအရွယ်သို့တိုင်အောင် တစ်ကြိမ်တစ်ခါမျှ ဤမျှလောက် ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားမှုမျိုး မရှိခဲ့ဖူးချေ။ ယင်းသည်ကား ရောဂါတစ်မျိုး ပင် ဖြစ်လေ၏။ ထိုရောဂါမှာ သံချွန်ထိုးခြင်းခံရသော ဒဏ်ရာထက်ပင် အခံရ ခက်လေ၏။ အမည်မသိသူ မိန်းမပျိုကလေးမှာ လက်မောင်းတွင် သံချွန်ဖြင့် ထိုးခြင်းသာခံရ၏။ ကျွန်တော့်မှာကား ထိုသံချွန်မျိုးထက် အဆပေါင်းများစွာ ထက်သည့်အချစ်ဓာတ်တည်းဟူသောမြားလက်နက်ဖြင့်ကျွန်တော်၏အသည်း ကို ထုတ်ချင်းခတ် ထိုးဖောက်ခြင်းခံရလေပြီ။ ထိုးစိုက်သူမှာ အခြားသူမဟုတ်၊ အမည်မသိသူ မိန်းမပျိုကလေးပင်ဖြစ်၏။ ကျွန်တော်၏ ရောဂါမှာ ဆရာဝန်များ ကုသ၍ရသော ရောဂါမျိုး မဟုတ်ပေ။ မိန်းကလေးကိုယ်တိုင် ထိုမြားကို နုတ် ယူပါမှ သက်သာရာရပေတော့မည်။

ထိုမိန်းကလေးအား လိုက်လံရှာဖွေရန်မှာလည်း ၎င်းတို့နေထိုင်ရာ အရပ်ကို မသိသဖြင့် မဖြစ်နိုင်ချေ။ အကယ်၍ ၎င်းအတွက် ဆေးတောင်းရန် လာရောက်က ထိုသူအားနောက်ယောင်ခံပြီး လိုက်တော့မည်ဟုပင် စိတ်ကူးမိသေး၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ပေါ်မလာချေ။ ကျွန်တော့်မှာ ယခင်က မရဖူးခဲ့ သော ခြေကြွခအဖြစ်ရရှိခဲ့သည့် ရွှေဒင်္ဂါးဆယ်ပြားနှင့်သာ တင်းတိမ်၍ နေရ ချေပြီ။ ထိုလှပသော လူနာမိန်းကလေးအား တစ်ဖန်ပြန်၍ တွေ့နိုင်မည်ဆိုပါက ယင်းရွှေဒင်္ဂါးများကိုပင် ပြန်၍ပေးလိုပါ၏။ အဖြစ်အပျက်အားလုံးမှာ ကျွန်တော် ၏ စိတ်တွင် အိပ်မက်မက်သကဲ့သို့ ရှိနေတော့၏။ ကျွန်တော်၏ အစွဲအလမ်းအား ဖျောက်ဖျက်၍ မရနိုင်လောက်အောင် ကြီးမားလှပေ၏။ (၁၁) ရက် မြောက်သော နေ့သို့တိုင်အောင် လူနာမိန်းကလေးထံမှ မည်သူတစ်ဦးတစ်ယောက်မျှ မပေါ် လာချေ။ ကျွန်တော်၏ မျှော်လင့်ချက်ကား မရှိတော့ပြီ။

တစ်နေ့၌ ကျွန်တော်သည် ဆေးဆိုင်မှ ညနေ (၄) နာရီ သာသာလောက်တွင် ဆင်းခဲ့ပြီးနောက် ကားတစ်စီးငှား၍ ရန်ကုန်မြို့ပတ်ဝန်းကျင်ရပ်ကွက်များ၌လည်းကောင်း၊ လူစည်ကားရာဖြစ်သော ဘုတာရုံ၊ ရုပ်ရှင်ရုံနှင့် သဘော်ဆိပ်များ၌လည်းကောင်း သုံးလေးရက်မျှ ဆက်လက်၍ ရှာဖွေသော်လည်း ထူးဆန်းသော လူတစ်စုအား အရိပ်အငွေ့မျှ မတွေ့ရဘဲရှိနေခဲ့၏။

ဤကဲ့သို့ စိတ်ပျက်လက်ပျက်ရှိစဉ် တစ်နေ့သော ညနေစောင်း၌ ဆေးစပ်သူကွန်ပေါင်ဒါနှင့် သူနာပြုဆရာမလေး ပြန်သွားသည့်တိုင်အောင် ကျွန်တော်သည် မပြန်သေးဘဲရှိနေခဲ့ရာ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်က ဆေးဝါးကုသခဲ့ဖူးသော လူနာမိန်းကလေး၏အကြောင်းကို ပြန်ပြောင်းစဉ်းစားလျက် ရှိနေ၏။ အချိန်အတန် ကြာပြီဖြစ်သော်လည်း ကျွန်တော်၏စိတ်ထဲ၌မူ ယမန်နေ့ညက ဖြစ်ပျက်သကဲ့သို့ပင် ရှိနေ၏။ ထိုနေ့၌ ကျွန်တော်သည် ည (၁၀) နာရီခွဲ အချိန်လောက်တွင်မှ ဒရဝမ်ကုလားအား ဆိုင်ကို ပိတ်စေပြီးလျှင် ဆူးလေဘုရားလမ်းအတိုင်း ဘုရင်မပန်းခြံ (ယခု–ဗန္ဓုလပန်းခြံ) ဘက်သို့ထွက်ခဲ့၏။

ဗိုလ်ချုပ်လမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်စွန်းအနီးသို့ ရောက်သောအခါ ကျွန်တော်၏ ရှေ့ဝါးနှစ်ရိုက်သာသာလောက်တွင် လူနှစ်ယောက်သည် ကျွန်တော်၏ရှေ့မှ တဖြည်းဖြည်း လျှောက်သွားနေသည်ကို တွေ့ရ၏။ ထိုသူနှစ်ယောက်အနက် တစ်ယောက်မှာ အရပ်အတော်မြင့်၍ အခြားတစ်ယောက်မှာ ခပ်ပုပု ဖြစ်၏။ ဤသို့ လျှောက်သွားလျက်ရှိရာမှ (၁၅) ပေခန့်မျှ ပန်းခြံနံဘေးရှိ သံတလင်းပေါ်၌ လျှောက်သွားနေစဉ် အရပ်ပုပုလူသည် ပန်းခြံတံတိုင်း နံဘေးအနီးတွင် ရုတ်တရက် လဲကျသွားလေသည်။ လူနှစ်ယောက် လျှောက်သွားရာမှ ရုတ်တရက် တစ်ယောက် လဲကျသွားခြင်းမှာ တစ်ယောက်က အခြားတစ်ယောက်အား လက်နက်တစ်စုံတစ်ရာဖြင့် ထိုးနက်လိုက်သောကြောင့်သာ ဖြစ်တန်ရာ၏။ ထိုသူလဲသွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ၎င်းလဲကျနေရာသို့ တအားကုန်ပြေးသွားလေရာ အရပ်မြင့်သောအဖော်သည် ကျွန်တော်ပြေးလာသည်ကို မြင်သည့်လက္ခဏာဖြင့် ရှေ့သို့ထွက်ပြေးလေ၏။ အချိန်မှာ

(၁၁) နာရီခန့် ရှိနေပြီဖြစ်၍ ပန်းခြံတစ်ဝိုက်၌ အတော်အတန် လူရှင်းလျက်ရှိရာ ထိုလူနှစ်ယောက်နှင့် ကျွန်တော်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရှိဘဲ ကားတစ်စီး၊ နှစ်စီးသာ ဖြတ်သွားသည်ကို မြင်လိုက်ရ၏။ ထိုမြင်လိုက်ရသော ကားများသည်လည်း ကျွန်တော်တို့အား ဂရုစိုက်ဟန်လက္ခဏာ မရှိချေ။

အရပ်ခပ်မြင့်မြင့်လူသည် ဓာတ်မီးတိုင်ရှိရာရှေ့သို့ ပြေးသွားပြီးလျှင် အရပ်ပုပုလူမှာ ပန်းခြံတံတိုင်းကို ကပ်၍လဲကျ ကျန်ရစ်ခဲ့သဖြင့် ကျွန်တော်လည်း လဲနေသူအား ပွေ့ချီထူမကြည့်ရာ လက်တစ်လုံးခန့်ရှိ ချွန်ထက်သော သံချောင်းကို ဓားမြှောင်ကဲ့သို့ လက်နက်တပ်ထားသည့် ထူးဆန်းသော လက်နက်တစ်ခုသည် ၎င်း၏လက်ဝဲရင်အုံတွင် စိုက်လျက် ရှိနေသည်ကို တွေ့ရလေသည်။

ထိုသံချွန်လုံးဖြင့် ပြုလုပ်ထားသော ဓားမြှောင်မှာ လက်ကိုင်ရင်းတွင် လက်မခန့်သာ ကျန်နေတော့၍ ရင်ညွန့်ထဲသို့ မည်မျှလောက် စူးဝင်သွားသည်ကို မသိရချေ။ ထိုအချိန်တွင် ပန်းခြံဘေးသို့ ကားနှစ်စီး သုံးစီး ဖြတ်သွားသည်ကို မြင်လိုက်ရပြန်၏။ သို့သော် ထိုကားများသည်လည်း ကျွန်တော်တို့အား မြင်ဟန်လက္ခဏာ မရှိချေ။ လဲနေသောသူအား ကျွန်တော် ပွေ့ထူလိုက်သောအခါ ထိုသူမှာ အသက်ပျောက်နေလေပြီ။ ၎င်း၏မျက်နှာမှာ နာခေါင်းခပ်ပြားပြား၊ မျက်နှာ နီစပ်စပ်ရှိပြီးလျှင် ပိတ်ရင်ဖုံးအင်္ကျီနှင့် ဘောင်းဘီပွကြီးကို ဝတ်ထားသဖြင့် မြန်မာလူမျိုးနှင့်မတူဘဲ (     ) လူမျိုးနှင့် ခပ်ဆင်ဆင်တူသည်ဟု ထင်ရ၏။ ထိုသူသည် အနည်းငယ်မျှပင် မအော်နိုင်ဘဲ အသက်ထွက်သွားရခြင်း ဖြစ်လေသည်။

ကျွန်တော်သည် ဆရာဝန်တစ်ယောက်ဖြစ်သည့်အတိုင်း လူနာများကို ကိုင်တွယ်ရန် ဦးမလေးခဲ့သော်လည်း ကျွန်တော့်မျက်စိအောက်တွင် အသက်ပျောက်သွားသော ပူပူနွေးနွေးပင် ရှိနေသေးသည့် လူတစ်ယောက်အလောင်းကို ပွေ့ချီထားသည့်အခါ စိတ်ထဲတွင် အတန်ငယ် တုန်လှုပ်ချောက်ချားနေသကဲ့သို့ ရှိနေသဖြင့် မိမိကိုယ်ကိုပင် ပြန်၍ အပြစ်တင်မိ၏။

ကျွန်တော်သည် လက်ဝဲဘက်လက်ဖြင့် အလောင်းကိုပိုက်ထားရာ သေသူ၏ အင်္ကျီအိတ်အတွင်းမှ တစ်စုံတစ်ခုသော အရာဝတ္ထုတစ်ခုသည် ကျွန်တော်၏ လက်ဝဲဘက် လက်ကောက်ဝတ်ကို စူးသဖြင့် အလောင်းမှ အပေါ်အင်္ကျီကို လှန်လှောကြည့်ရှုမိ၏။ ထိုအခါ ပြောင်လက်သော ခပ်ပြားပြားအရာဝတ္ထုတစ်ခုကို အတွင်းအင်္ကျီအိတ်ထဲမှ တွေ့ရသဖြင့် နှိုက်ယူလိုက်လေသည်။ ယင်းအရာဝတ္ထုမှာ သုံးထောင့်ပုံရှိ ငွေကို အပြားခတ်ထားသော အရာဝတ္ထုဖြစ်ပြီးလျှင် အလယ်၌ အပေါက်ကလေးများ ပါရှိ၏။ အကယ်၍သာ အပေါက်ကလေးများ မရှိပါက ကျောင်းသားများနှင့် မြေတိုင်းစာရေးများ အသုံးပြုသည့် အတိုင်းအထွာ ကိရိယာကလေးတစ်ခုဖြစ်သည်ဟု ထင်မိမည် ဖြစ်၏။

မည်သို့ပင် ဖြစ်စေ၊ ထူးဆန်းသည်နှင့် ကျွန်တော်လည်း ထိုငွေပြားကလေးကို နှိုက်ယူပြီးလျှင် ကျွန်တော်၏ အိတ်ထဲသို့ လျင်မြန်စွာထည့်လိုက်၏။ ဤကဲ့သို့ သူတစ်ပါး၏ပစ္စည်းကို ဥစ္စာရှင်မပေးဘဲ တိတ်တဆိတ်ယူမိခြင်းမှာ ထိုအကြိမ်သည် ပထမဆုံးဖြစ်၍ ယူစဉ်အခါကလည်း ထူးဆန်းလှပသဖြင့် အမှတ်မထင် ယူလိုက်မိခြင်း ဖြစ်ပေသည်။

ထိုအချိန်သို့တိုင်အောင် ကျွန်တော်သည် မည်သည့်အရာကို ပြုလုပ်မိသည် မသိ၊ ကျွန်တော်၏ စိတ်များမှာ အံ့သြခြင်း၊ ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်း၊ တွေဝေခြင်းတို့ဖြင့် ရောပြွမ်းလျက်ရှိနေ၏။ ကျွန်တော်၏ လက်၌လည်းကောင်း၊ ဘောင်းဘီအဖျား၌လည်းကောင်း လူသေ၏အလောင်းမှ သွေးများ စွန်းပေနေပြီဖြစ်ရာ ထိုအခါမှ ကျွန်တော်လည်း ကောင်းစွာသတိရလာပြီးလျှင် အကယ်၍ ကျွန်တော့်အား တစ်စုံတစ်ယောက်သောသူ မြင်ပါက သင်္ကာမကင်း ရှိချေတော့မည်ဟု အောက်မေ့မိပြန်၏။ သို့နှင့် မိမိကိုယ်ကို မိမိမလုံသကဲ့သို့ နောက်သို့ပြန်၍လှည့်ကြည့်ရာ ဓာတ်မီးတိုင်နားဆီမှ လူတစ်ယောက်၏အရိပ်ကို ရိပ်ခနဲမြင်လိုက်ရ၏။ ထိုသူသည် ကျွန်တော့်အား တစ်ခဏမျှ စိမ်းစိမ်းကြည့်နေပြီးနောက် ပန်းခြံအတွင်းမှ အပြင်သို့ ထိုးထွက်နေသော သစ်ပင်ရိပ်များအောက်သို့ ဝင်ကာ လျင်မြန်စွာ ပျောက်ကွယ်သွားလေ၏။

ထိုသူသည် ကျွန်တော့်ကို မြင်သည်ဆိုသော်လည်း ကျွန်တော်၏ မျက်နှာကိုကား မှတ်မိမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ရပ်နေသောနေရာမှာ မှောင်ရိပ်ခပ်ကျကျဖြစ်၍ ကျွန်တော်ကိုယ်တိုင်မှာလည်း ခေါင်းစွပ်တစ်ခုကို ခပ်အုပ်အုပ်ဆောင်းထားပြီး လည်စည်းမာဖလာကိုလည်ပင်းတွင် ရစ် ပတ်ထား၏။

ထိုအဖြစ်အပျက်များမှာ အချိန်မကြာလှချေ။ ကျွန်တော့်မှာ မိမိအပေါ်သို့ အမှုပတ်၍လာမည်စိုးသဖြင့် မှောင်ရိပ်များကို ခိုကာနောက်သို့ပြန်၍ လျင်မြန်စွာ လျှောက်လာခဲ့၏။ ထို့နောက် ကျွန်တော်၏ ဆေးတိုက်နှင့် မျက်နှာချင်းဆိုင်လောက်သို့ ရောက်သောအခါ လူသူလေးပါးအသွားအလာကို ခေတ္တမျှ အကဲခတ်နေမိ၏။ ထိုအချိန်တွင် ဗိုလ်ချုပ်လမ်းပေါ်သို့ ဖြတ်၍သွားသော ကားတစ်စီးနှစ်စီးကိုလည်းကောင်း၊ ဘားလမ်းပေါ်တွင် မြောက်ဘက်မှ တောင်ဘက်သို့ ခပ်လှမ်းလှမ်းမှ စက်ဘီးတစ်စီး စီးလာသည်ကိုလည်းကောင်း၊ တောင်ဘက်အတော်ဝေးဝေးမှ စကားတပြောပြောနှင့် လာနေသောညစောင့် ဒရဝမ်ကုလားနှစ်ယောက်ကိုလည်းကောင်း တွေ့မြင်ရ၏။ ပတ်ဝန်းကျင် အခြေအနေမှာ ၎င်းတို့မှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။ သို့နှင့် ကျွန်တော်လည်း လမ်းကို လျင်မြန်စွာ ဖြတ်၍ကူးခဲ့ပြီးလျှင် ဆေးတိုက်အတွင်းသို့ သော့ဖွင့်၍ ဝင်ခဲ့ပြီး နောက် တံခါးကို အတွင်းမှ မင်းတုတ်ထိုးလိုက်လေသည်။

နာရီဝက်ခန့်ကြာသောအခါ ကျွန်တော်လည်း သွေးစသွေးနများ ရှိသော အဝတ်အစားများကို တစ်စွန်းတစ်စမျှ ခြေရာလက်ရာ မကျန်ရစ်ရအောင် ဆေးကြောသုတ်သင်ပြီးလျှင် ဝတ်စုံသစ်တစ်စုံကို လဲလှယ်ဝတ်ဆင်ကာ ဖရေဇာလမ်းဘက်မှကွေ့၍ အငှားကားတစ်စီးဖြင့် အိမ်သို့ ပြန်ခဲ့လေသည်။ အိမ်သို့ ရောက်သောအခါ ရေမိုးချိုး၍ ကိုယ်လက်သန့်စင်ပြီးသော် ပက်လက်ကုလားထိုင် တစ်လုံးပေါ်၌ထိုင်ကာ ကျွန်တော် ရရှိခဲ့သော ပစ္စည်းကလေးကို အသေအချာ ကြည့်ရှုမိပေသည်။ ၎င်းမှာ ကျောင်းသားများ၏ ကွန်ပါသေတ္တာမှ "ဆက်စကွဲယား" ကလေးနှင့် ခပ်ဆင်ဆင်တူ၍ သုံးထောင့်ပုံ မကျတကျရှိပြီးလျှင် အလျားခုနစ်

လက်မခွဲ၊ အနံလေးလက်မခန့်၊ ထုတစ်ပဲသာသာရှိ ငွေပြားတစ်ခုဖြစ်၏။ ထိုငွေပြားတွင် အပေါက်ကိုးပေါက်ဖောက်ထားရာ အပေါက်များမှာ တစ်ခုနှင့်တစ်ခု မတူညီချေ။ ထို့အပြင် ငွေပြား၏ ထောင့်စွန်းများတွင် လက်ဝဲဘက်ထောင့်၌ (၁) ဂဏန်း၊ လက်ယာဘက်ထောင့်၌ (၂) ဂဏန်း၊ အောက်အချွန်ဘက်ထောင့်၌ (၃) ဂဏန်း ရေးသားထား၏။

ထိုထူးဆန်းသော သုံးထောင့်ပုံငွေပြားကလေးမှာ မည်သည့်ပစ္စည်းမျိုး ဖြစ်လေသနည်း။ အပေါက်များဖောက်ထားခြင်းမှာ မည်သည့်အဓိပ္ပာယ် ရှိလေသနည်း။ သတ်သောသူမှာ မည်သူမည်ဝါဖြစ်လေနည်း။ သေသူသည် မည်သည့်အတွက် ဤပစ္စည်းကလေးကို ယူဆောင်လာလေသနည်း။ ကျွန်တော့်အဖို့ တွေးတောကြံဆ၍ မရနိုင်အောင် ရှိတော့၏။ ခါတ်မီးရောင်နှင့် မှောင်ရိပ်ကြားတွင် ရုတ်တရက် မထင်မရှား မြင်လိုက်ရသော အရပ်မြင့်မြင့်လူ၏ မျက်နှာမှာ မည်သူမည်ဝါဟူ၍ အတိအကျ မသိရသော်လည်း ထိုမျက်နှာကို မြင်ဖူးသလိုလို ရှိသည်ဟု ထင်မိပြန်၏။ သို့သော် မည်သည့်နေရာတွင် မြင်ဖူးသည်ကို စဉ်းစား၍ မရချေ။ လူသတ်မှုတစ်ခုဖြင့် ရင်ဆိုင်တွေ့ခဲ့ရသည့်ပြင် ကျွန်တော်ကိုယ်တိုင် သေသူ၏အလောင်းကို ပွေ့ပွေ့ပိုက်ပိုက်လုပ်ခဲ့ရသဖြင့် ကျွန်တော်၏ ဦးနှောက်များမှာ ဆူဝေလျက်ရှိနေ၏။ သူတို့နှစ်ယောက်သည် ကျွန်တော့်ရှေ့၌ပင် အတူလမ်းလျှောက်လျက်ရှိရာမှ တစ်ယောက်သည် ဒဏ်ရာဖြင့် ရုတ်တရက် လဲကျသွားသဖြင့် ထိုသူသည်ပင် သတ်သောသူဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

ဆက်လက်စဉ်းစားပြန်သောအခါ အခြားထူးခြားချက်တစ်ခု ပေါ်လာပြန်၏။ ၎င်းမှာ အခြားမဟုတ်၊ ယခု သေသူရရှိသော ဒဏ်ရာနှင့် ကျွန်တော် ကုသခဲ့သည့် လုပသော မိန်းမပျိုကလေး၏ လက်မှဒဏ်ရာမှာ တစ်သဝေမတိမ်း တူညီလှသဖြင့် ၎င်းတို့လူစုမှာ အစိုးရအပြစ်ဒဏ်မလွတ်သော အကြောင်းခြင်းရာတစ်စုံတစ်ရာကို လျှို့ဝှက်စွာ ကြံစည်နေသူများပင် ဖြစ်လေသလော။ ကျွန်တော်စွဲလမ်းနေသည့် အမည်မသိ မိန်းမပျိုကလေးအား သွားရောက်ကုသစဉ်အခါက

ကျွန်တော့်အား လာရောက်ခေါ်ငင်သူ အရပ်မြင့်သောသူသည် ကျွန်တော့်အား အိမ်သို့ပြန်ပို့စဉ်က ကားပေါ်တွင် ပြောသောစကားထဲ၌ သူငယ်မလေးလက်တွင် ရရှိသောဒင်္ဂါးရာမှာ အသင်းသားတစ်ဦးဦး၏ လက်ချက်ပင်ဖြစ်ရမည်ဟု စောင်း ပါးရိပ်ခြည်ပြောခဲ့ရာ ယခုလူသတ်မှုနှင့် ဆက်စပ်ကြည့်သောအခါ ထိုကိစ္စများ မှာ တစ်နည်းနည်းဖြင့် ဆက်သွယ်နေမည်လောဟု တွေးမိတွေးရာ တွေးမိပြန်၏။

ယခုလူသတ်မှုမှာ ကျွန်တော်အား အရပ်မြင့်သူပြောခဲ့ဖူးသော အသင်းသား တစ်ဦးဦး၏ လက်ချက်ပင် ဖြစ်လေသလော။ သို့သော် ... မိန်းမပျိုကလေးကိုမူ ရာဇဝတ်မှုများကို ကျူးလွန်သည့် အသင်းသားများနှင့် မည်သည့်အသင်းသား များနှင့်မျှ ဆက်စပ်၍ မရချေ။ သို့သော် တစ်နည်းအားဖြင့် ဆက်စပ်လျှင်လည်း ထိုသူပြောသော အသင်းမှ အသင်းသားတစ်ဦးဦးနှင့် မိန်းမပျိုကလေးမှာ အဆက်အသွယ်ရှိလေသလော စဉ်းစား၍ မရနိုင်ချေ။

လူနာ မိန်းမပျိုကလေးနှင့် ယခုဖြစ်ပွားသော လူသတ်မှုအကြောင်းများကို ခေတ္တရပ်ဆိုင်း၍ အသတ်ခံရသူ၏ အိတ်ထဲမှ ကျွန်တော်ယူခဲ့သည့် သုံးထောင့်ပုံ ငွေပြားကလေးအကြောင်းကို ဆက်လက်စဉ်းစားမိပြန်၏။ ယင်းငွေပြားကလေး ကို ကျွန်တော်သည် ဓာတ်မီးရောင်တွင် အပြန်ပြန်အလှန်လှန် ကြည့်ရှုလျက် ရှိရာ ၎င်းတွင် အထက်မှအောက်သို့ မညီမညာဖောက်ထားသည့် အပေါက် ကလေး ကိုးပေါက်မှတစ်ပါး တစ်စုံတစ်ရာ ထူးခြားခြင်း မရှိချေ။ ပျင်းရိသော ပန်းထိမ်ဆရာတစ်ယောက်သည် ငွေကို အပြားခတ်၍ သုံးထောင့်ပုံ ပြုလုပ်ပြီး လျှင် မိမိစိတ်ကစားသည့်အတိုင်း စိတ်ကူးရရာ ပုံသဏ္ဌာန်အမျိုးမျိုး ထွင်းဖောက် ထားခြင်းပင် ဖြစ်လေသလော။

ရုတ်တရက် ကြည့်လိုက်သောအခါ ထိုသုံးထောင့်ပုံ ငွေပြားကလေးမှာ ကလေးကစားစရာ တစ်ခုနှင့်ပင် တူလှချေ၏။ ထိုပစ္စည်းလေးမှာ တစ်စုံတစ်ရာ အသုံးဝင်မည်မဟုတ်ဟု ထင်မိသော်လည်း ၎င်း၏ အဖိုးထိုက်တန်ပုံကို နောက် အခါမှ ကျွန်တော် သိရလေသည်။

နောက်တစ်နေ့ သတင်းစာများတွင် လူသတ်မှုအကြောင်း အတော် စုံစုံလင်လင် ဖော်ပြထား၏။ ထိုခေတ် နာမည်ကြီး သတင်းစာတစ်စောင်၌ အောက်ပါအတိုင်း ပါရှိလေသည်။

မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်အနီး စကြံသမံတလင်းပေါ်တွင် အသွားလုံး၍ ချွန်ထက်သော ဓားမြှောင်တစ်စင်း ရင်ဝတွင် စိုက်လျက်သေနေသည့် ရှမ်းနှင့်ပုံသဏ္ဍာန်တူသော အလောင်းတစ်လောင်းကို ပတ္တရောင် တစ်ယောက်က တွေ့ရကြောင်း၊ ထိုသေဆုံးသူ၏ အင်္ကျီအိတ်များထဲတွင် ငွေ (၁၂) ကျပ်၊ အကြွေ (၁၃) ပဲ၊ မီးခြစ်တစ်လုံး၊ စီးကရက်တစ်ဘူးနှင့် သမိုင်းမှ ရန်ကုန်အထိ စီးလာသည့် လက်မှတ်တစ်စောင်အပြင် စာရွက်စာတမ်းဟူ၍ တစ်စုံတစ်ရာ မတွေ့ရချေ။ သတ်သူသည် သေသူထံမှ မည်သည့်ပစ္စည်းကိုမျှ ယူသွားဟန် မတူကြောင်း။ သို့သော် သေသူ၏ ရင်ဝ၌စိုက်လျက်ရှိသော ဓားမြှောင်အလုံးမျိုးမှာ အထက်ပြည်နယ် တောရွာဒေသတွင် လူဆိုးများ အသုံးပြုသည့် လက်နက်တစ်မျိုး ဖြစ်သည်ဟု ကမ္ဘာ့လက်နက် အမျိုးမျိုးအကြောင်းကို သုတေသနပြု၍ စုံစမ်းရှာဖွေသူ လက်နက်ပါရဂူတစ်ဦးက ထုတ်ဖော်ပြောဆိုသည်ဆိုကြောင်း။ ထို့ထက်ပင် ထူးဆန်းသော အကြောင်းတစ်ခုမှာ သေသူ၏ အလောင်းအနီး စက္ကူကတ်ပြားကလေး တစ်ချပ်ပေါ်တွင် မြန်မာဘာသာဖြင့် "ကိုးပွင့်ဆိုင်" ဟု ရေးသားထားသည်ကို စုံထောက်အရာရှိများက တွေ့ရသည်ဆိုကြောင်း ထိုနေ့ထုတ် အင်္ဂလိပ်၊ မြန်မာသတင်းစာများတွင် အလားတူ ဖော်ပြပါရှိကြလေသည်။

သေဆုံးသူအနီးတွင် တွေ့ရှိရသည်ဆိုသော ကတ်ပြားကလေးအကြောင်းကိုမူ ထိုသတင်းစာတွင် အကျယ်တဝင့် ရေးသားဖော်ပြခြင်း မရှိချေ။ ၎င်းမှာ လျှို့ဝှက်အသင်းတစ်သင်း၏ အမည်ဖြစ်လေသလောဟု စဉ်းစားရန် ရှိ၏။ သို့သော် ... ၎င်းမှာ ကျွန်တော်၏ ထင်မြင်ချက်မျှသာ ဖြစ်ပေသည်။

နောက်လေးငါးရက်ခန့်အကြာ တစ်နေ့သော ညနေစောင်း၌ ကျွန်တော်သည် ဆေးဆိုင်မှ အိမ်သို့ ပြန်လာခဲ့ရာ ဆူးလေဘုရားလမ်း "မီးသတ်" ရုံးကြီး

အနီးသို့ အရောက်တွင် တစ်စုံတစ်ယောက်သော သူသည် နောက်မှနေ၍ ကျွန်တော်၏ပခုံးကို ပုတ်လိုက်ပြီးနောက် "အလို ... ဒေါက်တာ ကျော်မြင့်ပါလား" ဟု ပြောဆိုနှုတ်ဆက်လိုက်၏။ ထိုသူမှာ သတင်းစာတိုက်တစ်တိုက်မှ လက်ထောက်အယ်ဒီတာတစ်ယောက် ဖြစ်လေသည်။ ထိုသူက ဆက်၍ "ဘယ့်နယ် ဒေါက်တာကျော်မြင့်၊ ဒီနေ့ တယ်အိမ်ပြန်စောပါလား၊ အလုပ်ပါးသလား"

"အလုပ်ကတော့ ခပ်ပါးပါးပဲဗျာ၊ လူနာများကလည်း ဂုဏ်ထူးဘွဲ့ထူးရှိတဲ့ ဆရာဝန်တွေဆီသာ သွားချင်ကြတာကလားဗျ။ ကျုပ်တို့လို သေးသေးသိမ်သိမ် ဆရာဝန်ဆီ အလာနည်းပါတယ်ဗျာ။ ကိုအောင်ဖေကော ခင်ဗျားတို့ သတင်းစာတိုက်ဆိုတော့ အလုပ်များမှာပေါ့လေ"

"ဟုတ်တာပေါ့ဗျာ ... သတင်းစာ ဆိုတာက စက်လိုဟာကလား။ နေ့တိုင်း လည်နိုင်မှ၊ မလည်နိုင်ရင် လူကို ဝါးသွားမှာပဲဗျ။ ဒါကြောင့်လည်း ကျုပ်တို့လည်း စက်နဲ့အတူတူ လိုက်လည်နေရတာ။ ကဲဗျာ ... အချိန်စောပါသေးတယ်၊ ဟောဒီဆိုင်ထဲဝင်ပြီး လက်ဖက်ရည် သောက်ကြရအောင်"

သို့နှင့် ... ကျွန်တော်တို့လည်း "အင်ပီးရီးရယ်" ပျော်ပွဲစားရုံအတွင်းသို့ ဝင်ခဲ့ပြီးလျှင် ချောင်ကျသော အခန်းတစ်ခုအတွင်း၌ လက်ဖက်ရည် သောက်နေကြ၏။ ကျွန်တော်သည် လက်ဖက်ရည်သောက်ရင်း စားပွဲပေါ်၌ အသင့်ရှိနေသော ထိုနေ့ထုတ် မြန်မာ့အလင်းသတင်းစာကို လှန်လှောကြည့်ရှုလျက်ရှိရာ တစ်ခုသော ကော်လံ၌ လွန်ခဲ့သောလေးငါးရက်ခန့်က ဘုရင်မပန်းခြံအနီးတွင် ဖြစ်ပွားခဲ့သည့် ထူးဆန်းသော လူသတ်မှုနှင့် စပ်လျဉ်းသော ဆောင်းပါးရှင်တစ်ဦးထံမှ ဆောင်းပါးတစ်စောင်ကို တွေ့မြင်ဖတ်ရှုရ၏။ ထိုဆောင်းပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

လွန်ခဲ့သော စနေနေ့ညဉ့် (၁၁) နာရီခွဲအချိန်လောက်တွင် ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံလမ်းဘက် ဘုရင်မပန်းခြံအနီး၌ လူသတ်မှုတစ်မှု ဖြစ်ပွားခဲ့ရာ တရားခံကို ယခုတိုင်ဖမ်းဆီး၍မမိသေးကြောင်း၊ သေဆုံးသူမှာ အမည်မသိ သေးသော လူမျိုးတစ်ယောက် ဖြစ်ဟန်လက္ခဏာရှိ၍ အသုံးပြုသော လက်နက်

မှာလည်း ဆူးကဲ့သို့ ချွန်ထက်သော သံလုံးစားမြှောင်ကဲ့သို့ အရိုးတပ်၍ထား သည့် ထူးဆန်းသော လက်နက်တစ်မျိုးဖြစ်ကြောင်း၊ သေသူ၏ အနီး၌လည်း ကတ်ပြား စက္ကူပေါ်တွင် မြန်မာဘာသာဖြင့် "ကိုးပွင့်ဆိုင်"ဟူ၍ ပုံနှိပ်စာလုံးဖြင့် ရေးထားသော စက္ကူချပ်ကလေးတစ်ချပ်ကို တွေ့ရကြောင်းနှင့် အင်္ဂလိပ်မြန်မာ သတင်းစာထဲတွင် တွေ့မြင်ရသဖြင့် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါ သည်။

ထိုလက်နက်မျိုးအကြောင်းနှင့် ပတ်သတ်၍ "မစ္စတာကာလာဗတ်" ဆိုသူ စုံထောက်အင်စပိတ်တော်တစ်ဦးက ယင်းလက်နက်မျိုးမှာ ရှမ်းပြည်နယ်၊ သီပေါ နယ် တောကျရာ အရပ်ဒေသများတွင်၊ လူဆိုးများ အသုံးပြုကြောင်းရေးထားရာ ကျွန်ုပ်ကလည်း ၎င်းအား ထောက်ခံပြီးလျှင် ဖြည့်စွက်နိုင်သမျှ ဖြည့်စွက်၍ ရေး သားပါသည်။ ကျွန်ုပ်မှာ စုံထောက်အလုပ်ဖြင့် ရှမ်းပြည်နယ်စပ်များတွင် လေးနှစ် တိုင်တိုင် သွားရောက်နေထိုင်ခဲ့ဖူးသည်ဖြစ်၍ ယင်းလက်နက်အကြောင်းကို အတော်အတန် သိရှိပါသည်။ ထိုလက်နက်မှာ ရှမ်းပြည်နယ်ရှိ သာမန်လူဆိုး များထက် အသင်းအပင်းဖြင့် ဖွဲ့စည်းတိုက်ခိုက်ကြသော လူဆိုးများက ပို၍အသုံး ပြုတက်ကြရာ ထူးဆန်းသော အချက်တစ်ခုမှာ ထိုလက်နက်ကို အသုံးပြု၍ သတ် သော လူသတ်မှုတိုင်းလိုလိုပင် လက်သည် မပေါ်ဘဲရှိတတ်ချေ။

လူဆိုးအသင်းအချို့၏ဝါဒမှာ သတ်သောတရားခံကိုသိသော်လည်း တစ်စုံ တစ်ရာ ဖော်ထုတ်ပြောဆိုခြင်း မပြုကြချေ။ အစိုးရမင်းတို့၏ အပြစ်ဒဏ်ကို ခံစေ သည်ထက် မိမိကိုယ်တိုင်လက်စားချေခြင်းကား သာ၍မွန်မြတ်သည်ဟု မှတ်ယူ သည့်အလျောက် ထိုလက်နက်မျိုးနှင့်ပင် လူသတ်တရားခံအား လက်စားချေ တတ်ကြလေသည်။ ဤလက်နက်ကို အသုံးပြုသော လူသတ်မှုများမှာ လွန်စွာ ပင် ရှားပါးသော်လည်း ဤရန်ကုန်မြို့၌ပင် လွန်ခဲ့သော ..... ခုနှစ်က ဒဂုန် ဆီနီမာ (ခေါ်) ရုပ်ရှင်ရုံရှေ့တွင် တစ်ကြိမ် ရပ်၍ထားသော မော်တော်ကားထဲ၌ ဖြစ်ပွားခဲ့ ဖူးလေသည်။ မန္တလေးနှင့် ဗန်းမော်သွားသင်္ဘောပေါ်တွင် ဒုတိယ အခန်းတစ် ခန်းထဲ၌ တစ်ကြိမ်ဖြစ်ပွားခဲ့ဖူး၏။ ထို့ပြင် ကလောမြို့ တောင်ကြီးမြို့ သီပေါမြို့ များ၌လည်း တစ်ကြိမ်စီ ဖြစ်ပွားခဲ့ဖူးလေသည်။

နောက်တစ်ဖန် ကျွန်ုပ် ပင်စင်မယူမီ နောက်ဆုံးဖြစ်ပွားခဲ့သော အမှုတစ်ခုမှာ ပြင်ဦးလွင်မြို့ အနီးစခန်းဘူတာ၌ ခေတ္တမီးရထားဆိုက်နေစဉ် ဒုတိယတွဲတစ်တွဲ၌ မန္တလေးမှ လက်ဖက်ခြောက်ရောင်း၍ တက်လာသော ပွဲစားကြီးတစ်ဦးကို ထိုလက်နက်မျိုးဖြင့်ပင် လည်မျိုကိုထိုး၍သတ်သွားသော အမှုတစ်မှု ဖြစ်ပွားခဲ့လေသည်။ ထိုအမှု၌လည်း ပွဲစားကြီးနှင့် အတူစီးလာသော သူတစ်ယောက်ကို ဖမ်းဆီးပြီးလျှင် ရုံးသို့ တင်ပို့သော်လည်း သက်သေခံမလုံလောက်သဖြင့် ထိုလူမှာ နောက်ဆုံး၌ လွတ်၍သွားလေသည်။ ထိုအမှုတွင် ထူးဆန်းသောအချက်တစ်ခုမှာ ပွဲစားကြီးသေဆုံးပြီး နောက်တစ်နေ့တွင် ၎င်း၏အိမ်သို့ စာတိုက်မှ စာတစ်စောင် ရောက်၍လာရာ စာအိတ်အတွင်းမှ စာဟူ၍မပါဘဲ "ကိုးပွင့်ဆိုင်" ဟုရေးသား ပုံနှိပ်ထားသော စက္ကူကတ်ပြားလေးတစ်ချပ်သာ ပါရှိလေသည်။

သို့သော် ဤအကြောင်းကို ရုံးတော်တွင် အစစ်ခံသောအခါ ပုလိပ်ဘက်ကပင် ယုံကြည်ခြင်းမရှိ ရုံးမင်းကလည်း ယုံကြည်ခြင်းမရှိကြောင်း ထိုစာမှာ လူပြောင်လူလှောင်များသာ ပေးပို့ခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုကြသည်များကို ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ပြင်ဦးလွင်မြို့နေ ဝတ်လုံတော်ရတစ်ဦးထံမှ တစ်ဆင့်ကြားသိရကြောင်း၊ ထိုပုဂ္ဂိုလ်မှာ တရားခံဘက်မှ လိုက်နာဆောင်ရွက်သူဖြစ်သဖြင့် အမှုအကျိုးအကြောင်းကို ၎င်းက ကျွန်ုပ်အား ပြောပြသဖြင့် သိရှိရလေသည်။

ထိုအမှုနှင့် ယခုရန်ကုန်တွင် ဖြစ်ပွားသော အမှုနှစ်ခုကို အကျိုးအကြောင်းဆင်ခြင်ကာ ဆက်သွယ်ကြည့်ရှုမည်ဆိုပါက စောင်းပါးဖတ်ရှုသူ ဉာဏ်သွားသလောက် ဆက်သွယ်ခြင်းရှိလိမ့်မည်ဟု ထင်မြင်ရန် အကြောင်းရှိကြောင်း၊ ထို့ပြင် "ကိုးပွင့်ဆိုင်" ဟူသောစာပါရှိသည့် စက္ကူပြားကလေးများကို အမှုနှစ်ခုစလုံး၌ပင် ပေါ်ပေါက်ခဲ့သည်ဖြစ်၍ ကျွန်ုပ်၏ထင်မြင်ချက်ကို ရေးသားဖော်ပြရမည်ဆိုသော် ၎င်းစာများမှာ လူပြောင်လူလှောင်တို့ ပြုလုပ်ရန် လက္ခဏာရှိသည်ဟု မထင်မှတ်နိုင်။ ကျွန်ုပ်မှာ ဗဟုသုတ ရှာဖွေစုဆောင်းခြင်းတွင် ဝါသနာပါသူတစ်ယောက်ဖြစ်သည့်အတိုင်း အစိုးရမင်းများအား တရားခံအစစ်အမှန်ကို

တွေ့အောင်ရှာဖွေရာ၌ အထောက်အပံ့ဖြစ်စေရန် ယခုဆောင်းပါးကို ရေးသား အပ်ပါသည်။

ထိုဆောင်းပါးမှာ ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် လူသတ်မှုနှင့် စပ်ဆိုင်လျက် ရှိသောကြောင့် ကျွန်ုပ်လည်း အယ်ဒီတာကိုအောင်ဖေကို လက်ဖြင့်ထောက်ပြကာ "ဒီဆောင်းပါး ... ခင်ဗျား ဘယ်လိုသဘောရသလဲ ကိုအောင်ဖေ၊ ခင်ဗျားတို့ သတင်းစာထဲမှာ အရင်ထဲကပါတဲ့ လူသတ်မှုအကြောင်းကို သုတေသီတစ်ယောက်က လက်နက်နှင့်ပတ်သက်ပြီး အကျယ်အဝင့် ရေးသားတဲ့ ဆောင်းပါးဗျ ဟုတ်တယ် မဟုတ်လား"

ကိုအောင်ဖေက စိတ်မပါသည့် လက္ခဏာဖြင့် "ဟုတ်တယ် ... ထင်ပါရဲ့ဗျာ။ ကျွန်တော်ဖြင့် ဂရုစိုက်ပြီး တယ်မဖတ်မိပါဘူး။ တစ်နေ့တစ်နေ့မှာ ဟိုဒင်း ဖတ်ရ ဒီဒင်းဖတ်ရနဲ့ တစ်နေ့လုံး အားတယ်မရှိဘူး။ နေပါဦး ... ခင်ဗျားက ဘာဖြစ်လို့ ဒီဆောင်းပါးကို ဒီလောက်စိတ်ဝင်စားနေရတာလဲ၊ ခင်ဗျား ဆေးတိုက်နားမှာ ဖြစ်တဲ့ လူသတ်မှုနှင့် ပတ်သက်လို့လား"

"မသိပါဘူးဗျာ ... ဖတ်ကောင်းကောင်းရှိတာနဲ့ ဖတ်နေတာပါပဲ။ အလို ... ငါးနာရီတောင် ခွဲပြီးသွားပါသကော"

"ဟုတ်ပါရဲ့... စကားပြောကောင်းနေလိုက်ကြတာ"

ထို့နောက် ... ကျွန်ုပ်တို့သည် ပျော်ပွဲစားရုံမှ ထွက်ခဲ့ကြပြီးလျှင် လူချင်းခွဲကြလေသည်။

►

နောက်တစ်နေ့ နံနက်လင်း၍ အိပ်ရာမှထပြီးနောက် အိမ်စေမိန်းကလေး လာပို့သော လက်ဖက်ရည်ကိုသောက်၍ စားပွဲပေါ်၌ အဆင်သင့်ပြင်ထားသည့် ထိုနေ့သတင်းစာကို လှန်လှောကြည့်နေမိ၏။ သို့သော် ကျွန်တော်၏စိတ်များမှာ သတင်းစာသို့မရောက်ဘဲ ကျွန်တော် တွေ့ကြုံခဲ့သည့် လူသတ်မှုကိုလည်းကောင်း ယမန်နေ့က သတင်းစာတွင် ပါရှိသည့် လက်နက်နှင့်ပတ်သက်သော

သုတေသီတစ်ဦး၏ ဆောင်းပါးအကြောင်းလည်းကောင်း တွေး၍နေမိ၏။ ထိုမှ တစ်ဖန် ဆက်လက်၍ ကျွန်တော်၏လူနာဖြစ်သူ လုပသော မိန်းမပျိုကလေး အကြောင်းကို အထက်ပါအကြောင်းအရာများနှင့် ဆက်စပ်၍ တွေးတောနေမိ၏။

ဤသို့ဖြင့် စိတ်မပါဘဲ သတင်းစာရွက်များကို တစ်ရွက်ပြီးတစ်ရွက် လှန်လှောကြည့်ရှုပြီးနောက် စားပွဲပေါ်သို့ ပစ်ချလိုက်တော့မည့်အပြုတွင် ကြော်ငြာပိုင်းစာမျက်နှာ လက်ယာဘက်ထောင့်စွန်းတစ်နေရာတွင် "ဆုငွေငါးရာကျပ်" ဟု အတော်အတန် ထင်ရှားသည့်စာလုံးများဖြင့် ပုံနှိပ်ထားသည့် ကြော်ငြာတစ်ခုကို တွေ့မြင်ရသဖြင့် အမှတ်မထင်လျှောက်၍ ဖတ်မိ၏။ ထိုကြော်ငြာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## ဆုငွေငါးရာကျပ်ပေးမည်

*လွန်ခဲ့သည့် စနေနေ့လောက်က မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် အနီးတွင် အလျား ခုနစ်လက်မ တစ်မတ်၊ အနံလေးလက်မ ခန့်ရှိသောငွေကို အပြားခတ်ထားပြီးလျှင် အပေါက်ကလေးများ ဖောက်ထားသော သုံးထောင့်ပုံ ငွေပြားတစ်ချပ် ပျောက်ဆုံးသွားသည်။ ရရှိသူများသည် ဤသတင်းစာတိုက်မှ တစ်ဆင့် (T.9) တီ-၉ ထံသို့ လူကိုယ်တိုင် လာရောက်ပေးပို့သောအခါ အထက်ပါ ဆုငွေကို ပေးမည်ဖြစ်ကြောင်း။*

အထက်ပါ ကြော်ငြာကို ဖတ်ရသောအခါ ကျွန်တော်သည် မျက်လုံးများပြူးကာ အံ့အားသင့်လျက်ရှိနေမိ၏။ အဘယ်ကြောင့်ဆိုသော် ကြော်ငြာ၌ ပါရှိသောနေရာမှာ ကျွန်တော် တွေ့ကြုံခဲ့သည့် လူသတ်မှုဖြစ်ပွားသောနေရာနှင့် တစ်ထပ်ထဲကျနေရုံမျှမက ပစ္စည်းမှာလည်း ကျွန်တော်၏ မီးခံသေတ္တာထဲတွင် သိမ်းဆည်းထားသော ကျွန်တော် ကောက်ရခဲ့သည့် ပစ္စည်းဖြစ်သဖြင့် ယခင်က အရှုပ်အရှင်းများသည် ရှင်းလင်းသွားမည့်အစား ပို၍ရှုပ်ထွေးလာကြောင်း တွေ့ရှိရသောကြောင့်ပေတည်း။

အချိန်နှစ်ကျပ်သားခန့်သာရှိ၍ ကလေးကစားစရာတစ်ခုကဲ့သို့ မညီမညာ ဖောက်ချင်ရာနေရာတွင် အပေါက်ကလေးကိုးပေါက် ဖောက်၍ထားသော ငွေပြားကလေးတစ်ခုကို ဆုငွေငါးရာကျပ်ထုတ်၍ ကြော်ငြာခြင်းမှာ ထူးဆန်းလှ၏။ ထိုငွေပြားကလေး ကောက်ရသူအား ဆုငွေပေး၍ ခေါ်ခြင်းမှာ နက်ရှိုင်းသော အဓိပ္ပာယ်တစ်ခုရှိပေလိမ့်မည်။

ကြော်ငြာရှင် (T .9) တီ - ၉ ဆိုသူမှာ မည်သူပေနည်း။ အရပ်မြင့်သောသူပင် ဖြစ်လေသလော။ သို့နှင့် နောက်ဆုံး ကျွန်တော်စဉ်းစားမိသော မေးခွန်းတစ်ခုမှာ ထိုဆုငွေကို သွား၍ယူချေက ကြော်ငြာရှင်သည် ကျွန်တော်အား လူသတ်မှုနှင့် ပင် စွပ်စွဲချေမည်လောဟူသော မေးခွန်းပင် ဖြစ်လေသည်။ သို့ဖြင့်၍ လက်တွင် ညှပ်ထားသော ဆေးပြင်းလိပ်ကြီးမှာ တစ်ဝက်ကျိုး၍ ကျသွားသည့်တိုင်အောင် စိတ်ကူးထုတ်၍နေမိ၏။

"ဒီပစ္စည်းကလေးဟာ ငါနဲ့ ထိုက်လို့ ငါရတာပဲ ငါသွားယူမယ်။ တကယ်လို့ ဆုငွေမရတောင် ငါ တွေ့ချင်တဲ့ မိန်းမပျိုကလေးကို တွေ့ဖို့လမ်းစတော့ နီးမှာပဲ" ဟု တွေးမိ၏။

နောက်တစ်နေ့၌ ကျွန်တော်သည် နံနက်စာစားပြီးနောက် ဆေးတိုက်သို့ လာခဲ့၏။ ထို့နောက် သတင်းစာတိုက်သို့ သွားတော့မည်ပြုစဉ် ချိန်းဆိုထားသော လူနာတစ်ဦး ရုတ်တရက် ရောက်လာသဖြင့် ကျွန်တော့်မှာ အဝတ်အစားများကို ပြန်၍လဲရတော့၏။ လူနာမှာ လက်ညှိုး၌ပေါက်သော စူနာကို ခွဲစိတ်ပေးရသဖြင့် တစ်နာရီမျှ အချိန်ကုန်၍သွားတော့သည်။ သို့နှင့် သတင်းစာတိုက်သို့ ရောက်သောအခါ (၁၂) နာရီပင် ထိုးခဲ့လေပြီ။ သတင်းစာတိုက်သို့ ရောက်၍ ကြော်ငြာဘက်ဆိုင်ရာ မန်နေဂျာနှင့် ခေတ္တတွေ့လိုကြောင်း ပြောသောအခါ ရုံးလုလင် လူငယ်လေးတစ်ယောက်က ကျွန်တော့်အား လိုက်လံပြသလေသည်။ ကြော်ငြာဘက်ဆိုင်ရာ မန်နေဂျာသည် ကျွန်တော်ပေးသော နာမည်ကတ်ပြားကလေးကို ကြည့်ပြီးနောက် ကုလားထိုင်တစ်လုံးကို ညွှန်ပြကာ "ထိုင်ပါ ... ဒေါက်တာကျော်မြင့် ... ထိုင်ပါ" ဟုပြောပြီးလျှင် "ကျွန်တော် ဘယ်လိုများ ကူညီနိုင်ပါသလဲ ခင်ဗျာ" ဟု တစ်ဆက်တည်း ပြောလိုက်လေသည်။

"ကြော်ငြာကလေး တစ်ခုအကြောင်းနဲ့ ပတ်သတ်လို့ မေးစရာ နည်းနည်း ရှိလို့ပါ ခင်ဗျာ"

"ဘယ်ကြော်ငြာပါလဲ ... ခင်ဗျာ၊ သတင်းစာက ဘယ်နေ့ထုတ် သတင်းစာ ပါလဲ"

"ကျွန်တော် တွေ့တာဖြင့် ဒီကနေ့ ထုတ်ရက်စွဲပဲ ခင်ဗျာ"

မန်နေဂျာသည် သတင်းစာဖိုင်တွဲကြီးကို ကျွန်တော်အား လှမ်းပေးလိုက် ပြီးနောက် ...

"ရှာပါခင်ဗျာ ... ဘယ်ကြော်ငြာပါလဲ"

ကျွန်တော်က ကြော်ငြာကို လက်ထောက်၍ပြပြီးနောက် ...

"ဒီကြော်ငြာပါပဲ ... ခင်ဗျာ"

"ဩော် ... ဟုတ်လား၊ ကြော်ငြာကတော့ ပစ္စည်းပျောက်တဲ့ ကြော်ငြာ ကလေးပေါ့ ခင်ဗျာ၊ ပျောက်တဲ့ပစ္စည်းကလည်း အတော်ထူးထူးဆန်းဆန်း ကလေးပဲ ခင်ဗျ"

"အဲဒီလို နည်းနည်းထူးလို့လည်း ကျွန်တော် သိချင်တာနဲ့ လာပြီး စုံစမ်းတာ ပါပဲ ခင်ဗျာ၊ ကြော်ငြာရှင်ရဲ့..."

"ကြော်ငြာရှင်ရဲ့ အမည်နဲ့ နေရပ်လိပ်စာကိုတော့ ကျွန်တော်တို့မှာ ပြောဖို့ ဝတ္တရားမရှိပါဘူး ခင်ဗျာ။ ဝမ်းနည်းပါတယ်။ ကြော်ငြာကိုတော့ ကျွန်တော် ကိုယ် တိုင် လက်ခံတာပါပဲ။ သူ့ကြော်ငြာက ကြော်ငြာရှင်ရဲ့နာမည်ကို လျှို့ဝှက်ထား ချင်တဲ့ သဘောရှိလေတော့ ကျွန်တော်ကလည်း မေးဖို့ဝတ္တရားမရှိဘူး ခင်ဗျ။ သူ့နာမည်ကို "တီ-၉" လို့သာ မှတ်ထားပါလို့ ပြောသွားပါတယ်"

"လူပုံလူပန်းလောက်တော့ နောင်ကြီး ပြောခွင့်ရှိပါလိမ့်မယ် ထင်တယ်"

"ဒီလောက်တော့ ပြောဖို့တာဝန်မလေးလှပါဘူး ခင်ဗျာ၊ ဒီလူက အရပ် ခပ်မြင့်မြင့် နာယောင်ကောက်ကောက် အသားကဖြူစပ်စပ်၊ တစ်ခုဆန်းတာက ဒီကြော်ငြာကို စုံစမ်းရအောင် မနေ့ကရော ဒီနေ့ရော လာတဲ့ လူလေးငါးယောက် ရှိသွားပြီ ခင်ဗျ။ ခင်ဗျားကလွဲလို့ ဘယ်သူမှ သူတို့နာမည်ကို ပြောမသွားကြဘူး။ အဲဒါလည်း ဆန်းတာပဲ"

"လာတဲ့လူတွေက ဘယ်လိုလူမျိုးတွေလဲဆိုတာကော မပြောနိုင်ဘူးလား ခင်ဗျာ"

"ဒီလောက်တော့ ပြောဖို့ ဝန်မလေးပါဘူးလေ။ မနေ့က ( )လိုလို၊ တရုတ်လိုလို လူနှစ်ယောက်လာတယ် ခင်ဗျ။ ဒီကနေ့ မနက်စောစောတော့ သူငယ်မလေးတစ်ယောက်လာပြီး စုံစမ်းတယ်ခင်ဗျ"

"ဩော် ... သူငယ်မကလေးတစ်ယောက် ဟုတ်လား ခင်ဗျာ"

"ဟုတ်ပါတယ်၊ တော်တော် ခန့်ခန့်ညားညား ဝတ်လို့ စားလို့ပါပဲ။ စကား ပြောတဲ့အခါ ခပ်ဝဲဝဲပြောတာ ကျွန်တော် သတိပြုလိုက်မိပါတယ်"

"မေးလက်စနဲ့ မေးရဦးမယ်၊ နောင်ကြီးအချိန်ကို ကျွန်တော် လာပြီး ဖြုန်းနေသလို ဖြစ်နေပါပြီ၊ အားနာစရာပါပဲ"

"ကိစ္စမရှိပါဘူး ... ခင်ဗျား။ ကျွန်တော် ထိန်းသိမ်းရမယ့် ဝတ္တရားက လွဲပြီး ကျွန်တော် သိသမျှ ပြောနိုင်ပါတယ်"

"ဒီသူငယ်မကလေးကကော ကြော်ငြာတဲ့ လူအကြောင်း မေးသေးသလား ခင်ဗျ"

"မေးပါတယ် ... ခင်ဗျာ၊ ကြော်ငြာရှင်ရဲ့နေရပ်လိပ်စာကိုလည်း မေးပါတယ်။ ဒါပေမဲ့ ... ကျွန်တော့်မှာ ကြော်ငြာရှင်ရဲ့ လိပ်စာကို လျှို့ဝှက်ထိန်းသိမ်းထားရမယ့် တာဝန်ရှိနေတဲ့အတွက် မပြောလိုက်ပါဘူး"

"သူငယ်မကလေးက ရုပ်ရည်သနားကမားလား"

"သနားကမား မကပါဘူး ခင်ဗျာ၊ အတော့်ကို ချောတဲ့ မိန်းကလေးပါ။ လက်ဝတ်လက်စား အပြည့်အစုံနဲ့ အတော်ပဲ ခန့်ညားထည်ဝါ ပါတယ်"

"နောင်ကြီးက ကြော်ငြာရှင်ရဲ့လိပ်စာကို မပေးတော့ သူက ဘာပြောသေး သလဲ ခင်ဗျ"

"သူနဲ့ အတူပါလာတဲ့ အဒေါ်ကြီးဘက်ကို လှည့်ပြီး ဒီလိုဆိုရင် ကျွန်မတို့ မန္တလေး ချက်ချင်းလိုက်မှပဲလို့ ပြောပြီး ပြန်သွားကြတာပဲ ခင်ဗျာ"

"ဩော် ..."

"နေပါဦး ... ဒီကိစ္စတွေက ဒေါက်တာနဲ့ ဘယ်လိုပတ်သက်ပါသလဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူး ... ခင်ဗျာ၊ ဒါပေမဲ့ ... ကျွန်တော်က ထူးထူးဆန်းဆန်းဆိုရင် သိချင်တဲ့ ဝါသနာရှိလို့ပါ။ ပြီးတော့ ဘာမှ အဖိုးမတန်တဲ့ ငွေပြားကလေးတစ်ခုကို ဆုငွေ (၅၀၀) ကျပ် ပေးတယ်ဆိုလို့ ဘယ်လိုအဖိုးတန်တဲ့ ပစ္စည်းမျိုးမို့ ဒီလောက်ဆုငွေ ပေးသလဲဆိုတာ သိချင်လို့ပါ"

"ဒါကတော့ ကျွန်တော်တို့အလုပ် မဟုတ်ပေဘူးပေါ့ဗျာ၊ အကယ်၍ ဒီပစ္စည်း အစစ်အမှန်ကို တွေ့တဲ့လူရှိလို့ ကျွန်တော်တို့ဆီ လာပြောရင် ကျွန်တော်တို့က ကြော်ငြာရှင်ကို အကြောင်းကြားပေးရုံပဲ ခင်ဗျ၊ ဆုငွေရဖို့မရဖို့ ဆိုတာကတော့ သူတို့ချင်း ကျေနပ်သလိုပေါ့ ဒေါက်တာ၊ ကြော်ငြာထည့်တဲ့ ကိစ္စကတော့ အစိုးရဥပဒေနဲ့ လွတ်ကင်းရင် ကျွန်တော်တို့က ထည့်ပေးတာပါပဲ"

"ဟုတ်တာပေါ့ ... ခင်ဗျာ၊ ဒါထက် စကားမစပ် အဲဒီမိန်းကလေးအမည်ကိုကော မသိရဘူးလား ခင်ဗျာ"

"ကျွန်တော် မေးသေးတယ် ခင်ဗျ၊ မပြောဘူး"

"ကျေးဇူးတင်ပါတယ် ခင်ဗျ၊ အချိန်တောင် တော်တော်ကြာသွားပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ထို့နောက် ကျွန်တော်သည် သတင်းစာတိုက်မှထွက်၍ နေအိမ်သို့ ပြန်ခဲ့၏။ ထိုညတွင် သေတ္တာထဲ၌ သိမ်း၍ထားသော ကျွန်တော် ကောက်ရခဲ့သည့် အပေါက်ကိုးပေါက်ပါရှိသော ငွေပြားကလေးကို ထပ်မံကြည့်ရှုရင်း ၎င်းနှင့် ပတ်သက်သည့် ထူးဆန်းထွေလာ အကြောင်းအရာများကို အပြန်ပြန်အလှန်လှန် စဉ်းစားရင်း အချိန်ကုန်ခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော် အလွန်တွေ့လိုသော မိန်းမပျိုကလေးမှာ မန္တလေးသို့ လိုက်သွားပြီဖြစ်ကြောင်း သိရသဖြင့် ကျွန်တော်လည်း မည်သည့်နည်းနှင့်မဆို ၎င်း၏နောက်သို့လိုက်ရန် သန္နိဋ္ဌာန်ချလိုက်မိတော့၏။

ဆရာဝန်တစ်ယောက်သည် လူနာတစ်ယောက်အပေါ်တွင် ဤကဲ့သို့သော စိတ်မျိုးမထားသင့်ကြောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ ဆရာဝန်တို့ စောင့်စည်းသော ဂုဏ်သိက္ခာအရသော်လည်းကောင်း မပြုထိုက်သော်လည်း ကျွန်တော်၏ရင်ထဲတွင် စွဲကပ်လျက်ရှိသော ဥပါဒါန်ကို ဖျောက်ဖျက်၍ မရနိုင်တော့ပြီတကား။

ကျွန်တော်သည် မန္တလေးသို့ လိုက်သွားရန် စိတ်ပိုင်းဖြတ်ပြီးပြီဖြစ်၍ နောက်တစ်နေ့၌ မိတ်ဆွေဆရာဝန် ကိုဝင်းတင်ဆိုသူအား ဆေးဆိုင်အတွက် တာဝန်များ ပေးအပ်ပြီးလျှင် သင့်လျော်ရုံမျှ အဝတ်အစားကလေးများကို လက်ဆွဲ သားရေအိတ်၌ထည့်ကာ အိမ်တွင်လည်း တပည့်ကလေးတစ်ယောက်အား အစောင့်ထားခဲ့ပြီးနောက် နံပါတ် (၁) အဆန်စာပို့ရထားနှင့် မန္တလေးသို့ လိုက်ပါသွားခဲ့လေ၏။

နောက်တစ်နေ့ နံနက် (၅) နာရီ (၃၂) မိနစ်တွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့၍ မြင်းရထားတစ်စီး ငှားပြီးလျှင် မြင်းရထားကို အာဠဝီလမ်းရှိ ဂရင်းဟိုတယ်သို့ မောင်းစေ၏။ ကျွန်တော်၏အကြံမှာ ဆုငွေ ၅၀၀ ကျပ်ကို အလိုရှိ၍မဟုတ်၊ ကြော်ငြာသောသူမှာ အရပ်မြင့်သောသူပင် ဖြစ်တန်ရာ၏ဟု မှတ်ယူကာ ၎င်းအား ပထမဦးစွာ တွေ့အောင် ရှာဖွေ၍တွေ့သောအခါမှ ကျွန်တော်၏ စိတ်ထဲတွင် မည်သည့်အခါမျှ မေ့ပျောက်မရနိုင်သည့် လှပသောမိန်းမပျိုကလေးကို ခြေရာခံ၍ လိုက်တော့အံ့ဟု ရည်ရွယ်ချင်း ဖြစ်လေသည်။

ဟိုတယ်သို့ရောက်၍ကျွန်တော်သည်အခန်းနံပါတ် (၆) တွင်နေရာထိုင်ခင်း ရရှိခဲ့၏။ ဤဟိုတယ်၌ တည်းခိုခြင်းမှာ အရပ်မြင့်သောသူသည်လည်းကောင်း၊ တစ်ကြိမ်က ကျွန်တော်၏ လူနာဖြစ်ခဲ့ဖူးသူ (     ) ကပြား မိန်းမချောကလေး သည်လည်းကောင်း အထက်တန်းလွှာများဖြစ်ကြသည်အတိုင်း လူသိမခံစေချင်သူများဖြစ်ကြသဖြင့် အကယ်၍ မန္တလေး၌ တည်းခိုနေထိုင်ကြလျှင် အရပ်ထဲ၌

မတည်းခိုဘဲ ဤဟိုတယ်မှာ အလုံခြုံဆုံး ဖြစ်သောကြောင့် ဤဟိုတယ်၌သာ တည်းခိုကြလိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်၏။

သို့နှင့် ကျွန်တော်သည် ဟိုတယ်တွင် တည်းခိုလျက်ရှိသော လူများ အကြောင်း ဧည့်ခန်း၌လည်းကောင်း၊ ညစာထမင်းစားခန်း၌လည်းကောင်း မသိ မသာ အကဲခတ်စုံစမ်းလျက်ရှိနေခဲ့၏။ ထို့အပြင် အရပ်မြင့်သောသူနှင့်သော် လည်းကောင်း၊ မိန်းမပျိုကလေးနှင့်သော်လည်းကောင်း ပတ်ပင်းတွေ့စေကာမူ ကျွန်တော့်အား မမှတ်မိစေရန် သားရေအိတ်တွင်ထည့်၍ ရန်ကုန်မှ အသင့်ယူ ဆောင်လာသောခဲ့သော ဆံပင်ပုံ မုတ်ဆိတ်မွေးနှင့် ပါးမြိုင်းမွေးအတုတို့ကို မီးရထားမှာ ဆင်းလာစဉ်ကပင် တပ်ဆင်ခဲ့၍ နေရောင်ကာ မျက်မှန်အနက်ကြီး ကို လည်း အမြဲတပ်ဆင်ထား၏။ အနောက်တိုင်းဝတ်စုံ တစ်စုံကိုလည်း ဝတ်ဆင် ထားသဖြင့် ဟိုတယ်ဆိုင်မှ လူများပင် ကျွန်တော့်အား ဘိုကပြားကြီးတစ်ယောက် ဟု မှတ်ထင်ခဲ့ကြ၏။ ကျွန်တော်၏ အမည်မှာလည်း မစ္စတာစမစ်ဟု ပေးထား၏။

ဤသို့ဖြင့် ကျွန်တော်သည် ဟိုတယ်သို့ ရောက်ရှိချိန်မှစ၍ အရပ်မြင့်သော သူကို တွေ့လိမ့်နိုးနိုးအထင်ဖြင့် ယခုကဲ့သို့ ရုပ်ဖျက်ရှာဖွေလျက်ရှိရာ အရိပ်အငွေ့ ကိုမျှ မတွေ့ရဘဲ ရှိနေ၏။ သို့သော် ဟိုတယ်သို့ရောက်ပြီး နောက်နှစ်ရက်အကြာ တွင် ၎င်းအား အောက်ပါအတိုင်း ခြေရာခံမိလေသည်။

ထိုနေ့၌ ကျွန်တော်သည် နံနက်စာစားသောက်ပြီးနောက် ကျွန်တော် ခေါ်၍ ထားသော ဟိုတယ် ထမင်းစားခန်းမှ ချာပရာစီ ကုလားကလေးအား စောင့်ဆိုင်း လျက်ရှိရာ မကြာမီ ကုလားကလေးသည် ကျွန်တော်၏အခန်းတွင်သို့ အရှိ အသေပေး၍ ဝင်လာလေသည်။ ကုလားကလေးမှာ အသက်အစိတ်အရွယ်ရှိ မဒရာစီလူမျိုးဖြစ်၍ မြန်မာစကားကို လည်လည်ပတ်ပတ် တတ်မြောက်သူ ဖြစ် လေသည်။

"ဘယ့်နယ်လဲဟေ့ ... ချာပရာစီ၊ အခန်းနံပါတ် (၁၇) ဟာ အမြဲလိုလို ပိတ်ထားပါကလားကွယ့်။ ဧည့်သည်မရှိဘူးလား"

"ရှိတယ်ခင်ဗျ၊ သူ အခန်းကို တစ်လလုံးအတွက် ငှားထားပြီး မကြာမကြာ ခရီးထွက်နေတယ်"

"ဒီလူက မြန်မာပဲလား"

"အသေအချာတော့ မသိဘူး ... ဆပ်၊ တရုတ်ကပြားလိုလို၊ ( )ကပြားလိုလိုပဲ၊ အသားဖြူဖြူ အရပ်မြင့်မြင့်၊ နှာခေါင်းကောက်ကောက်"

"ဒါဖြင့် အခု သူမရှိဘူးပေါ့"

"မရှိဘူး ... ဆပ်၊ ခရီးထွက်နေတယ်"

"သူ ဘယ်တုံးက ထွက်သွားလဲ"

"ဆပ် မရောက်ခင် တစ်ရက်ကပဲ၊ သူ့ကို လာမေးတာ လူနှစ်ယောက် သုံးယောက်ရှိပြီ၊ မနေ့ကပဲ အပျိုကလေးတစ်ယောက် လာမေးသေးတယ်"

"ဟေ ... ဟုတ်လား"

"ကောင်မလေးက ဘယ်အရွယ်လဲကွယ်"

"အသက် မသိဘူးခင်ဗျ၊ နှစ်ဆယ်ထက် နည်းနည်းပိုမလား မသိဘူး"

"သူတစ်ယောက်တည်းပဲလား"

"မဟုတ်ဘူး ... ဆပ်၊ သူ့နောက်က မိန်းမကြီးတစ်ယောက်ပါတယ်။ (၁၃) နှစ် (၁၄) နှစ် ငယ်ငယ်ကောင်မလေး နှစ်ယောက်လည်း ပါတယ်"

"ဘာနဲ့ လာကြသလဲ"

"မော်တော်ကားနဲ့ လာတယ် ဆပ်"

"ဟိုလူနဲ့တော့ မတွေ့ဘူးပေါ့"

"ဟုတ်ကဲ့ ... မတွေ့ဘူး"

"မတွေ့တော့ ဘယ်ကိုသွားကြသလဲ"

"ပြင်ဦးလွင်သွားမလိုလို၊ သီပေါသွားမလိုလို သူတို့ချင်းချင်း ပြောသံကြားရတာပဲ။ သေသေချာချာတော့ မကြားရပါဘူး ဆပ်"

"မိန်းကလေးက သူ့နာမည်တွေ ဘာတွေ မန်နေဂျာကို ပြောခဲ့သေးလား"

"ဒါလည်း ကျွန်တော် မသိဘူး ဆပ်"

"ဒါနဲ့ အခန်းနံပါတ် (၁၇) က လူအကြောင်း၊ ပြောစမ်းပါဦးကွယ့်"

"မကြာမကြာ ခရီးထွက်တတ်တယ်၊ မကြာမကြာ ပြန်လာတတ်တယ်"

"သူ့ဆီကို မကြာမကြာ စာတွေလာတတ်သလား"

"ဒီဟာလည်း ကျွန်တော်မသိဘူး ဆပ်၊ မန်နေဂျာမှ သိတယ်"

"အေးကွယ် ... မင်းကို အများကြီး ကျေးဇူးတင်ပါတယ်၊ ရော့ပော့"

ကျွန်တော်သည် (၁၀) ကျပ်တန် စက္ကူတစ်ချပ်ကို ချာပရာစီကလေး၏ လက်ထဲသို့ ထည့်လိုက်ရာ ကုလားလေးသည် ကျွန်တော့်အား ရိုသေစွာ ဆလံပေး၍ အခန်းတွင်းမှ ထွက်သွားလေသည်။

ထို့နောက် ကျွန်တော်သည် အခန်းတံခါးကိုပိတ်ပြီးလျှင် ပက်လက်ကုလားထိုင် တစ်လုံးပေါ်၌ထိုင်ကာ ဆေးတံတွင် ဆေးတစ်ဆုံထည့်၍ သောက်ရင်းအရပ်မြင့်သောသူ အကြောင်းကိုလည်းကောင်း မိန်းမပျိုကလေး၏ အကြောင်းကိုလည်းကောင်း စဉ်းစားလျက် ရှိနေခဲ့၏။

ကျွန်တော့်မှာ ယခုအသက်အရွယ်သို့တိုင်အောင် ဤမျှလောက် စွဲလမ်းခြင်း မရှိခဲ့ဖူးချေ။ ကျွန်တော် လိုက်ခဲ့သော ဇာတ်လမ်းမှာ တစ်ဝက်တစ်ပျက် မိန်းမပျို၏ ဖြူဝင်းရွှန်းပသော မျက်နှာကလေးကို မြင်လိုသော ဆန္ဒရမ္မက်သည် ပြေပျောက်၍သွားမည့်အစား တစ်နေ့ထက်တစ်နေ့ တစ်နာရီထက် တစ်နာရီ တိုး၍သာ လာတော့၏။

လူတို့မည်သည် လွတ်လင့်တကူ မကြာခဏ တွေ့ကြုံကြရသော အရာများထက် ခက်ခက်ခဲခဲ နက်နဲစွာ ရှာဖွေ၍ရအပ်သော ပစ္စည်းကိုသာ တပ်မက်တတ်၏။ သို့နှင့် ကျွန်တော်သည် ဖြစ်လိုရာဖြစ်စေ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းမြို့ကြီးများတွင် ၎င်းတို့အား မတွေ့မချင်း လိုက်လံရှာဖွေတော့မည်ဟု စိတ်နှလုံးကို တုံးတုံးချလိုက်တော့၏။

ထို့နောက် ကျွန်တော်လည်း ဤအကြောင်းကို ဆက်လက်စဉ်းစားလျက် ရှိရာမှ ရုတ်တရက် အကြံတစ်ခုပေါ်လာ၏။ ယင်းသည် အခြားမဟုတ်၊ ရှမ်းပြည်နယ်တွင် အလုပ်လုပ်နေသော ကိုသန်းဖေဆိုသူအကြောင်းကို စဉ်းစားမိခြင်း

ဖြစ်သည်။ ကိုသန်းဖေဆိုသူသည် ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်၍ သီပေါမြို့တွင် ယစ်မျိုးအင်စပက်တော်ရာထူးနှင့် ရှိနေသူဖြစ်၏။ ကိုသန်းဖေမှာ ကျွန်တော်နှင့် ရန်ကုန်ကောလိပ်ဘော်ဒါဆောင် တစ်ဆောင်တွင် တစ်ခန်းတည်း နေခဲ့ဖူးသည့်အပြင် ကျွန်တော်နှင့် ရင်းနှီးသူတစ်ယောက်လည်း ဖြစ်၍ ကျွန်တော် ရှာဖွေရာတွင် ကောင်းစွာကူညီနိုင်မည့်သူ ဖြစ်ပေလိမ့်မည်။ ထိုအကြောင်းကို စဉ်းစားမိသောအခါ ကျွန်တော်လည်း များစွာအားတက်မိ၏။ သီပေါမြို့သို့ ကျွန်တော် သွားမည့်အကြောင်းကို ရန်ကုန်ဆေးဆိုင်၌ ခေတ္တထားခဲ့သော ဒေါက်တာကိုဝင်းတင်ထံ စာတစ်စောင်ရေး၍ အကြောင်းကြားလိုက်ရ၏။ ကျွန်တော့်ထံ စာများပေးလျှင် ဂရင်းဟော်တယ်၊ အခန်းနံပါတ် (၆) မန္တလေး စမစ်ဟူ၍ လိပ်စာတပ်ရန် အကြောင်းကိုပါ ထည့်သွင်းရေးသားလိုက်လေသည်။

## မန္တလေးမှ သီပေါသို့လိုက်ခြင်း

သို့နှင့် ကျွန်တော်သည် သီပေါမြို့ရှိ ယစ်မျိုးအင်စပက်တော် ကိုသန်းဖေထံ နောက်တစ်နေ့ နေ့လယ် အဆန်ရထားဆိုက်ချိန်တွင် ဘူတာရုံသို့ လာရောက်ကြိုဆိုရန် ကြေးနန်းတစ်စောင် ရိုက်လိုက်ပြီးလျှင် နောက်တစ်နေ့ နံနက် (၆) နာရီ (၁၅) မိနစ်ထွက် အဆန်ရထားနှင့် သီပေါမြို့သို့ လိုက်ပါသွားလေသည်။

ကျွန်တော် လိုက်ပါလာခဲ့သော ရထားမှာ ရန်ကုန်မြို့မှဆိုက်သော စာပို့ရထားနှင့် ဆက်သွယ်ထားသည့် ရထားဖြစ်၍ မန္တလေးမြို့ဘူတာကြီးမှ (၆) နာရီ (၁၅) မိနစ်တွင်ထွက်ခဲ့ရာ သီပေါမြို့သို့ ညနေ (၃) နာရီ (၅၃) မိနစ်တွင် ဆိုက်ရောက်ခဲ့၏။

ကျွန်တော်လည်း မန္တလေးမြို့ ဟိုတယ်တွင် နေခဲ့သည့်အတိုင်း မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နေကာမျက်မှန် စသည်တို့ဖြင့် ရုပ်ဖျက်ထားရာ ဘူတာရုံသို့ လာ၍ကြိုဆိုသော အင်စပက်တော် ကိုသန်းဖေအား တမင်ပြောင်လှောင်လို

သည်ဖြစ်၍ ရထားပေါ်မှ ရုတ်တရက် မဆင်းသေးဘဲ ဒုတိယတန်းတွဲထဲတွင် ကြာမြင့်စွာ ထိုင်နေလိုက်၏။ ကိုသန်းဖေမှာ မီးရထားစကြံတွင် ကျွန်တော့်အား လိုက်လံရှာဖွေသည့်ဟန်ဖြင့် ရထား အစမှအဆုံးသို့ လူးလာတုံ့ပြန် ကြည့်ရှုရှာဖွေလျက်ရှိ၏။ ကျွန်တော်သည် ရထားဆိုက်ပြီးနောက် သုံးမိနစ်ခန့် ရှိသောအခါ "ဟေ့ ... ကိုသန်းဖေ ... ဒီမှာဗျ" ဟု လှမ်း၍ ခေါ်လိုက်၏။ ကိုသန်းဖေလည်း တစ်ခဏမျှ အံ့အားသင့်သွားပြီးနောက် တွဲပေါ်တက်၍လာ၏။

"တယ် ... မျက်စိလျှမ်းပါကလားဗျ"

"ခင်ဗျား တယ်နောက်တဲ့လူပဲ၊ နေပါဦး ... ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ"

"ဘယ်လိုဖြစ်ရမလဲဗျ၊ ခင်ဗျားဆီကို အလည်လာတာပေါ့"

"အလည်လာတာတော့ ဟုတ်ပါတယ်လေ၊ ကျုပ်က ဆရာဝန် အလုပ်မကောင်းတာနဲ့ စုံထောက်ဘက်များ ကူးပြီး လုပ်နေပြီလားလို့၊ ကျုပ်ဖြင့် ခင်ဗျားရုပ်ကို နည်းနည်းလေးမှ မဖမ်းမိဘူး"

"စုံထောက်ဆိုရင်လည်း မမှားဘူးဗျာ၊ အမှန်တော့ စုံထောက်စရာ တစ်ခုရှိလို့ လာခဲ့တာပဲ"

"နောက်မနေစမ်းပါနဲ့ဗျာ၊ အိမ်ကျမှ ကျုပ်လာတဲ့ ကိစ္စ အေးအေးဆေးဆေး ပြောပြပါ့မယ်"

ထို့နောက် ကျွန်တော်တို့သည် စကားတပြောပြောနှင့်ပင် ဘူတာရုံမှနေ၍ မြင်းလှည်းကလေးတစ်စီးဖြင့် ကိုသန်းဖေ၏ အိမ်သို့ လာခဲ့ကြ၏။ ကိုသန်းဖေမှာ ကျွန်တော်ကဲ့သို့ပင် လူပျိုကြီးဖြစ်ပြီးလျှင် အိမ်တစ်လုံးကို ငှားရမ်းကာ အိမ်ဖော်လူငယ်တစ်ယောက်နှင့်အတူ လွတ်လပ်စွာ နေထိုင်ခဲ့သူဖြစ်၍ ကျွန်တော့်မှာ သက်သာချောင်ချိစွာ တည်းခိုနေထိုင်ခွင့် ရရှိခဲ့၏။

ကျွန်တော်နှင့် ကိုသန်းဖေတို့မှာ ကျောင်းမှ ထွက်ခဲ့ကြပြီးနောက် ကျွန်တော်က ဆရာဝန်ဖြစ်၍ ရန်ကုန်၌ ဆေးဆိုင်ဖွင့်လှစ်နေထိုင်ခဲ့ရပြီးလျှင် ကိုသန်းဖေမှာမူ ယစ်မျိုးဘက်တွင် အမှုထမ်းရင်း ရှမ်းပြည်နယ်ရှိ မြို့ကြီးများတွင် ဟိုမှ ဤမှ ပြောင်းရွှေ့နေထိုင်လျက် ရှိသူဖြစ်၏။ ဤသို့ဖြင့် တစ်ယောက်နှင့် တစ်

ယောက် ကွဲကွာခဲ့ကြသည်မှာ ခုနစ်နှစ်ကျော်ကျော်မျှပင် ရှိခဲ့လေပြီ။ သို့နှင့် ကျွန်တော့်မှာ မိမိကိစ္စကိုပင် မပြောရသေးပဲ ငယ်စဉ်က ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းပြောဆိုလျက် ရှိကြ၏။

ညနေခင်းတွင် ကျွန်တော်၏ ဇာတ်လမ်းကို ကိုသန်းဖေအား တစ်ပိုင်း တစ်စ နိဒါန်းပျိုးခဲ့ပြီဖြစ်၍ ညစာ စားသောက်ပြီးနောက် ကျွန်တော်တို့သည် မီးဖိုတစ်ခု အနီးတွင် ရွက်ဖျင်ကုလားထိုင်တစ်လုံးစီနှင့် ထိုင်ကာ စကားပြောဆိုလျက် ရှိရာမှ ကျွန်တော်က စ၍ ...

"ကဲ ... ကျွန်တော် လိုက်လာတဲ့ကိစ္စ ပြောပါရစေဦး။ ညနေခင်းက ကျွန်တော် ပြောခဲ့တဲ့ ဇာတ်လမ်းထဲက မိန်းကလေးကိုလည်းရှာရင်း မန္တလေးကနေပြီး ဆုငွေ (၅၀၀) ကျပ်ပေးမယ်ဆိုတဲ့ ကြော်ငြာကို ထည့်လိုက်တဲ့လူကိုလည်း ရှာရင်း ကျွန်တော် လိုက်လာတာပါပဲဗျာ"

သို့ ပြောပြီးနောက် ကျွန်တော်သည် ကြော်ငြာပါသော သတင်းစာကို ကိုသန်းဖေအား လှမ်း၍ ပေးလိုက်လေသည်။

"ဆန်းတော့ ဆန်းတာပဲဗျို့ ဒီဟာကလေးအတွက် ငွေ (၅၀၀) တောင် ပေးမယ်လို့ ကြော်ငြာတယ်ဆိုတော့ ဒါကလေးက အင်မတန် လျှို့ဝှက်တဲ့ ကိစ္စတစ်ခုနဲ့ ပတ်သက်တာ ဖြစ်ရမယ်၊ ဘယ်မှာလဲ ပြစမ်းပါဦး"

ထိုအခါ ကျွန်တော်လည်း သေတ္တာ၏အောက်ဆုံး အဝတ်အစားများ အောက်၌ ထည့်၍ယူခဲ့သော ငွေပြားကလေးကို ကိုသန်းဖေအား ပြလိုက်ရာ ကိုသန်းဖေသည် ငွေပြားကလေးကို အထပ်ထပ် ကြည့်ရှုစစ်ဆေးလျက်ရှိ၏။

"ပန်းထိမ်သမားတစ်ယောက် ဖောက်ထားတာနဲ့ မတူဘူးလားဗျ ကိုသန်းဖေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ နို့ပေမဲ့ ... ဒီလူက ငွေ ၅၀၀ ကျပ် ပေးမယ်ဆိုပြီး ကြော်ငြာထားတာ ထောက်တော့ အင်မတန် အရေးကြီးပြီး အဖိုးတန်တဲ့ ပစ္စည်းတစ်ခု ဖြစ်ရမယ်ဗျ"

ကျွန်တော်သည် ကိုသန်းဖေအား အလွန်လျှို့ဝှက်အပ်သော အချက်များမှ တစ်ပါး ကျွန်တော်၏ဇာတ်လမ်းကို ပြောပြရာ ကိုသန်းဖေမှာ အချို့နေရာတွင် အံ့ဩလျက် အချို့နေရာများတွင် ပြောင်လှောင်ပြုံးရယ်လျက်၊ အချို့နေရာများ တွင်လည်း အကြံဉာဏ်ပေးလျက် စိတ်အားထက်သန်စွာ နားထောင်ပေးလျက် ရှိလေသည်။

"ခင်ဗျား ပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီငွေပြားကလေးဟာ ဘာစာမှ မပါဘူး။ ထောင့်စွန်းမှာ ၁-၂-၃ အပြင်က လွဲလို့ ဘာအက္ခရာ အမှတ် အသားမှလဲ မရှိဘူး။ အထဲမှာ မြေပုံတို့ ဘာတို့ထည့်ပြီး ထားနိုင်လောက်အောင် အထပ်လဲမပါဘူး။ ဒီတော့ ဒါကို ဘယ်နေရာမှာ သွားအသုံးချနိုင်မှာလဲဗျ"

"အင်း ... ခင်ဗျားပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ သတင်းစာထဲမှာ ကြော်ငြာတဲ့ တီ-၉ ဆိုတဲ့ လူက ဘာဖြစ်လို့ ငွေ (၅၀၀) ကျပ် ပေးကြော်ငြာ ရတာလဲ"

"လူနောက်လူပြောင်များကော မဖြစ်နိုင်ဘူးလားဗျာ"

"နောက်တဲ့လူက ငွေကုန်ကြေးကျခံပြီး နောက်မတဲ့လားဗျ။ ပြီးတော့ ... ပစ္စည်းပျောက်တာလည်း အမှန်၊ ဒီပစ္စည်း ကျုပ်လက်ထဲ ရောက်ပြီးနေတာလည်း အမှန်၊ နောက်ပြီး သူပျောက်တယ်ဆိုတဲ့ နေရာနဲ့ ကျုပ်ကောက်ရတဲ့ နေရာနဲ့ လည်း ကိုက်နေတယ်ဗျာ။ ဒီတော့ ကြော်ငြာရှင်ဟာ ဒီပစ္စည်းကို အင်မတန် လိုချင်လွန်းလို့ ထည့်တာပေါ့ဗျ"

"ကိုင်းလေ ... ဒီဟာတွေ ထားလိုက်ပါဦး၊ ခင်ဗျာ့ မြာကလေးအကြောင်း ဆက်စမ်းပါဦး၊ ဘယ်လောက်များလှလို့ ခင်ဗျားက ဒီလောက် စွဲနေရတာလဲ"

"ပြောရမှာတောင် ရှက်ပါရဲ့ ... ကိုသန်းဖေ၊ ကျုပ်လည်း ရန်ကုန်မှာ အချော အလှတွေ နေ့စဉ်နဲ့အမျှ တွေ့နေရပါတယ်။ သူ့ကျမှ ဘာဖြစ်လို့ ဒါလောက်တောင် ဥပါဒါန်ကပ်ပြီး နေတယ်ဆိုတာ မပြောတတ်ပါဘူး"

"ဒါလောက်တောင်ပဲ လှလို့လား ကိုကျော်မြင့်ရဲ့"

"လှတာလည်း တခြား၊ စွဲတာလည်း တခြားပေါ့ဗျာ"

"ရန်ကုန်မှာ မိန်းမရှားလွန်းလို့လား"

"မရှားတော့ မရှားဘူးပေါ့ဗျ၊ ဒါပေမဲ့ ... ကိုယ်စွဲလမ်းတာကို ကိုယ်လိုက်ရမှ ကိုယ်ကျေနပ်တာပဲ။ ကျောင်းနေတုန်းကလည်း ကျွန်တော့်အကြောင်း ခင်ဗျား အသိသားနဲ့၊ ကျွန်တော့်ဝါသနာက ကိုယ်လိုချင်တာ ကိုယ်ရမှ ကျေနပ်တဲ့ အကောင် မဟုတ်လား"

"ရှာတာကတော့ ဟုတ်ပါရဲ့ ဘယ်လိုက်ပြီး ရှာရမှန်း မသိတာက ခက်တယ်။ ဒါဖြင့်ရင်လည်း သတင်းစာထဲထည့်ပြီး ကြော်ငြာရင် မကောင်းဘူးလား"

"ကြော်ငြာသင့်ရင် ကြော်ငြာရလိမ့်မယ် ဆရာရေ့၊ ဒါပေမဲ့ ကျွန်တော် မျှော်လင့်ထားတာကတော့ ကျွန်တော့်မေတ္တာကသာ သူ့အပေါ် ဒီလောက် စူးရှပြီး စွဲစွဲမြဲမြဲဖြစ်နေရင် တစ်နေ့နေ့တော့ သူ့ကို ဘယ်နည်းနဲ့မဆို တွေ့ရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"ဒါလည်း ဟုတ်ပါရဲ့ ကျွန်တော် ယုံကြည်ပါတယ်၊ ဩော် ... ဒါထက် ဒီကနေ့ အင်္ဂါနေ့ မဟုတ်လား"

"ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ"

"သောကြာနေ့မှာ ကျွန်တော် "တာဖလေး"ကို သွားစရာ ရှိတယ်ဗျ၊ အင်မတန် ပျော်စရာကောင်းတဲ့ ရွာကလေးပေါ့ဗျာ။ ခင်ဗျားလည်း စိတ်ပြေလက် ပျောက် ဆိုသလို လိုက်ခဲ့ပေါ့"

"လိုက်ပေါ့ဗျာ ... ခရီးသွားရရင် ကျွန်တော်က ဘယ်ပဲဖြစ်ဖြစ် သွားချင်နေတယ်။ ဩော် ... ဒါထက် အဲဒီဘက်တွေမှာ လူဆိုးအသင်းအပင်းတွေ ရှိတယ် ဆိုတာကော ဟုတ်ရဲ့လား။ ခင်ဗျားက ဒီနယ်တွေမှာ အတော်ကြာနေဖူးလို့ မေးကြည့်ရတာကိုးဗျ"

"ကျုပ်လည်း ဒီလိုပဲ ကြားဖူးတာပဲဗျာ။ ဒါပေမဲ့ ... ကိုယ်တိုင်တော့ဖြင့် မတွေ့ဖူးဘူး၊ အင်း ... ခင်ဗျားပြောမှပဲ ကျုပ်သတိရတယ်ဗျို့ လားရှိုးမှာ ရာဇဝတ်အုပ် အလုပ်နဲ့နေတုန်းက "ဆယ်အင်း"ဆိုတဲ့ ရွာမှာ (      ) တစ်ယောက်ကို ည အိမ်ပေါ်တက်ပြီး သတ်သွားသတဲ့ဗျ။ ပြီးတော့ ... အိမ်နံရံမှာ ထုံးနဲ့ စာရေးပစ်ခဲ့သတဲ့"

"ဘယ်လိုရေးခဲ့သလဲ ... ကိုသန်းဖေ"

"ကျွန်တော်လည်း မေ့တေ့တေ့ ဖြစ်နေပါပြီဗျာ။ သုံးပွင့်ဆိုင်ဆိုလား၊ ကိုးပွင့်ဆိုင်ဆိုလား၊ နာမည်ကတော့ လျှို့ဝှက်တဲ့ အသင်းတစ်ခုရဲ့ နာမည်ပဲ။ ကြာလည်းကြာလို့ ကျွန်တော်ဖြင့် အမှတ်မရတော့ပါဘူး"

"ဒီဆယ်အင်းဆိုတဲ့ ရွာက ဘယ်မှာလဲ"

"ကျွန်တော်တို့ သောကြာနေ့သွားမယ့် "တာဖလေး" ဘူတာရဲ့ မြောက်ဘက်ကပ်နေတဲ့ ရွာပေါ့"

"သတ်သွားပုံက ဘယ်လိုသတ်သွားသတဲ့လဲ"

"ဓားမြှောင်နဲ့ ထိုးပြီး သတ်သွားတယ်လို့ ထင်ပါရဲ့ဗျာ။ ကျွန်တော်လည်း သတိမထားမိပါဘူး။ ဒါပေမဲ့ ... ဒီအမှုမှာ လက်သည်မပေါ်ဘူး ဆိုတာကတော့ ကျွန်တော် မှတ်မိတယ်"

"ဟုတ်ပြီဗျို့... "ကိုးပွင့်ဆိုင်" ဆိုတာ ဖေကွ သူတို့ လျှို့ဝှက်တဲ့အသင်း နာမည်နဲ့ တူတယ်"

"အင်း ... ဒီလိုအသင်းတွေလည်း ရှိချင်ရှိမှာပေါ့ဗျာ၊ ဘယ်ပြောနိုင်မလဲ။ ဒါဖြင့် ... ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် ခင်ဗျားလိုက်ပြီး ရှာဖွေနေတဲ့ သူငယ်မကလေးဟာ ဒီအသင်းထဲကများ ဖြစ်လေရော့သလားဗျာ"

"အသင်းသား ဖြစ်ချင်လည်း ဖြစ်မှာပဲ ကိုသန်းဖေ။ ဒါပေမဲ့ ... သူ့မျက်နှာကလေး ကြည့်ရတာကဖြင့် မကောင်းမှုကို ဘယ်နည်းနဲ့မှ လုပ်မယ့်လက္ခဏာ မရှိရှာပါဘူးဗျာ"

"ကိုင်းလေ ... ရောက်တဲ့နေရာကျမှ နည်းနည်းပါးပါး စုံစမ်းကြည့်ကြသေးတာပေါ့"

အအေးမှ ကာကွယ်စေရန် ကျွန်တော်တို့သည် ကော်ဖီပူပူ တစ်ခွက်စီ သောက်ကြပြီးနောက် ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော လူသတ်မှု အကြောင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်တွင် ကိုသန်းဖေ ကြားခဲ့ဖူးသော လူသတ်မှုအကြောင်းကိုလည်းကောင်း၊ လူသတ်မှုနှင့် ပတ်သက်၍ သတင်းစာ

တွင် ရေးသားသော ဆောင်းပါးအကြောင်းကိုလည်းကောင်း၊ ကျွန်တော့်လက်ထဲတွင် ရှိနေသည့် အပေါက်ကလေး ကိုးပေါက်ဖောက်ထားသော ငွေပြားကလေးအကြောင်းကိုလည်းကောင်း၊ တစ်ခုနှင့်တစ်ခု အဆက်အသွယ် မည်ကဲ့သို့ ရှိနိုင်သည်ကို သဘာဝတ္ထုပညာအရ အမျိုးမျိုးထင်ကြေးပေးလျက် ရှိနေကြရာ (၁၂) နာရီထိုးသောအခါမှ အိပ်ရာသို့ ဝင်ကြလေသည်။

ကျွန်တော့်မှာ အိပ်ရာသို့ ဝင်ခဲ့သော်လည်း ရုတ်တရက် အိပ်မပျော်သေးဘဲ အထက်ပါအကြောင်းများမှ ဆက်ကာ ကျွန်တော်၏လူနာ မိန်းမပျိုကလေးအကြောင်းကို စဉ်းစား၍နေမိပြန်၏။ သူ့အား ဆေးဝါးကုသစဉ်က ပြုံးရွှင်ရိပ်သာသော မျက်နှာကလေးဖြင့် "ကျေးဇူးအများကြီး ကျေးဇူးတင်ပါတယ် ဆရာဝန်ကြီးရယ်" ဟူသော ကြည်လင်အေးမြသည့် အသံကလေးကို နားထဲတွင် ကြားယောင်၍ နေမိပြန်လေသည်။

သီပေါမြို့သို့ရောက်၍ နှစ်ရက်မျှအကြာ ကြာသာပတေးနေ့ထုတ် မြန်မာသတင်းစာတစ်စောင်တွင် လူသတ်မှုတစ်မှုအကြောင်း အောက်ပါအတိုင်း တွေ့ရလေသည်။

## ဟိုတယ်ဆိုင်လူသတ်မှု

မန္တလေးမြို့အာဠဝီလမ်းရှိ ဂရင်းဟိုတယ် အခန်းနံပါတ် (၁၇) တွင် ယမန်နေ့ညက လူသတ်မှုတစ်မှု ဖြစ်ပွားကြောင်း၊ သေသူမှာ ( ) လူမျိုးဟု ထင်ရသော ဦးစောတင်ဆိုသူဖြစ်၍ ထိုဟိုတယ်ဆိုင်သို့ လာရောက်တည်းခို နေထိုင်ခဲ့သည်မှာ တစ်လကျော်ကျော်မျှ ရှိပြီဖြစ်ရာ ဟိုတယ်ဆိုင်၌ အမြဲမနေဘဲ မကြာခဏ ခရီးထွက်လေ့ရှိသည် ဆိုကြောင်း၊ နောက်ဆုံးအကြိမ်ငါးရက် ခြောက်ရက်မျှ ခရီးထွက်ခဲ့ပြီးနောက် လွန်ခဲ့သော အင်္ဂါနေ့ နံနက်က ဟိုတယ်သို့ပြန်ရောက်ရှိလာရာ ထိုညဉ့်ပင် ၎င်း၏အခန်းထဲ၌ အသတ်ခံရကြောင်း၊ ၎င်းနေသော အခန်း (၁၇) မှာ

ဟိုတယ်ဆိုင်အပေါ်ထပ် ထောင့်စွန်းခန်းဖြစ်၍ ပြတင်းပေါက်တစ်ခုမှာ မှန်များ ကွဲပြီးလျှင် ပွင့်နေသည်ကို တွေ့ရှိရသည်ဆိုကြောင်း။

ဟိုတယ်ကို ဆေးသုတ်သည့်ဝါးလှေကားတစ်ခုမှာ ထိုအခန်းနှင့် ယှဉ်လျက် ရှိသော အခန်းအနီးတွင် ရှိနေသဖြင့် သတ်သောသူသည် ထိုလှေကားကို ရွှေ့ယူ ပြီးလျှင်အပေါ်ထပ်သို့တက်၍မှန်ကိုခွဲကာပြတင်းပေါက်ကိုဖွင့်ပြီးနောက်သေသူ ၏ အခန်းတွင်းသို့ ဝင်ဟန်လက္ခဏာရှိကြောင်း၊ အလောင်းမှာ ၎င်း၏ အိပ်ရာ ပေါ်တွင် ရှိနေ၍လည်မျိုတွင် စူးကဲ့သို့ ချွန်ထက်သော လက်နက်မျိုးဖြင့် ထုတ် ချင်းခတ်ထိုးထားသည်ကို တွေ့ရကြောင်း။ သို့သော် လက်နက်ကိုမူ မတွေ့ ရကြောင်း၊ ထူးဆန်းသည်မှာ အလောင်းအနီးတွင် စက္ကူကတ်ပြားအဖြူကလေး တစ်ချပ်ကို တွေ့ရ၍၊ ယင်းကတ်ပြားကလေးပေါ်၌ "ကိုးပွင့်ဆိုင်"ဟူသော စာလုံး ကို မင်နက်ဖြင့် သပ်ရပ်စွာရေးထားသည်ကို တွေ့ရကြောင်း။ ထို့ပြင် ကြမ်းပေါ်၌ လည်း သီပေါမှ မန္တလေးသို့လာသော တတိယတန်း မီးရထားလက် မှတ်တစ် စောင်တွေ့ရကြောင်း၊ အခြားခြေရာများ မကျန်ရစ်သည့်အပြင် သတ်သူသည် အခန်းတွင်း၌ သေသူပိုင်ပစ္စည်းများကို အနှံ့အပြား မွှေနှောက်ရှာဖွေသွားဟန် လက္ခဏာဖြင့် ပစ္စည်းများ ဖရိုဖရဲပြန့်ကြဲနေသည်ကို တွေ့ရကြောင်း။

သေသူမှာ အရပ် (၅) ပေ (၁၀) လက်မရှိ၍ ခွန်အားဗလနှင့် ပြည့်စုံပြီးလျှင် ၎င်း၏ လက်သူကြွယ်၌ ဝတ်လျက်တွေ့ရသော လက်စွပ် STM ဟု အင်္ဂလိပ် ဘာသာဖြင့် ရေးထိုးထားသဖြင့် ဟိုတယ်ဆိုင်၌ ၎င်းပေး၍ထားသော ဦးစောတင် ဟူသော အမည်နှင့် ကွဲလွဲလျက်ရှိသဖြင့် စုံထောက်ဘက်မှ ထိုသူ၏အမည်မှာ ဦးစောတင် မဟုတ်ဟု ယူဆသည်ဆိုကြောင်း။ ယခုအခါအမှုကို ပုဒ်မ ၃၀၅ အရ အရေးပိုင်ယူစုံစမ်း စစ်ဆေးလျက်ရှိကြောင်း။

အထက်ပါသတင်းကို ဖတ်ရသောအခါ သေသူသည် ကျွန်တော် လိုက်လံ ရှာဖွေနေသည့် အရပ်မြင့်သောသူပင် ဖြစ်တန်ရာ၏ဟု တွေးထင်မှတ်ယူမိ၏။ ၎င်းအသတ်ခံရပုံမှာလည်း ရန်ကုန်တွင် ကျွန်တော့် မျက်စိအောက်၌ ဖြစ်ပွားခဲ့ သော လူသတ်မှုနှင့် တစ်သဝေမတိမ်း တူညီလှ၏။ ရန်ကုန်တွင် ဖြစ်ပွားခဲ့သည့်

အမှု၌ အသတ်ခံရသူ၏ အနီးတွင် အရပ်မြင့်သော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ထိုသူပင် သတ်သည်ဟု ကျွန်တော်ယူဆခဲ့သည်။ အကယ်၍ ထိုအရပ်မြင့်သောသူသည် လျှို့ဝှက်သော အသင်းသားတစ်ယောက် ဖြစ်ခဲ့ပါမူ ၎င်းအား ယခု မည်သူလာ၍ သတ်လေသနည်း။ အသင်းသားအချင်းချင်းပင် နစ်စုကွဲတာ တစ်ဖက်နှင့်တစ်ဖက် သတ်ဖြတ်နေကြသလော။

ထို့အပြင် ကျွန်တော့်လက်တွင် ရှိနေသည့် ငွေပြားကလေးအကြောင်းကလည်း ရှိနေသေး၏။ ထိုငွေပြားကလေးကို ပိုင်ဆိုင်သူမှာ ယခုသေသူပင် ဖြစ်လေသလော။ ထိုသူ သေသွားပြီးဖြစ်၍ ယင်းပစ္စည်းကလေးမှာ တန်ဖိုးရှိပါဦးမည်လော။ သေသူနှင့် တွေ့မှသာ ကျွန်တော်သည့် ၎င်းမှတစ်ဆင့် ကျွန်တော် စွဲမက်သူ မိန်းမပျိုကလေးနှင့်တွေ့ရန် အခွင့်အရေးရှိမည်ဖြစ်ရာ ယခုသော် ကျွန်တော်တွင် လုံးဝ မျှော်လင့်ချက် မရှိတော့ပါ။ ကိုသန်းဖေသည်ပင် ကျွန်တော့်အတွက် ထိုသတင်းကို အထပ်ထပ် ဖတ်လျက်ရှိ၏။

"ဘယ့်နယ်လဲဗျ … ကိုသန်းဖေ အခုအသတ်ခံရတဲ့ လူဟာ မုချ ကျွန်တော် လိုက်ရာတဲ့လူ ဖြစ်ရမယ်"

"ဟုတ်တာပေါ့ဗျာ။ ဟိုတယ်မှာ ခင်ဗျား တိတ်တဆိတ် စုံစမ်းတီးခေါက်ကြည့်တော့လည်း ဒီအခန်းနံပါတ် (၁၇) က လူဟာ အတော်အရပ်မြင့်တယ်ဆို"

"ဟုတ်ပါတယ်ဗျာ … ကေန္ဒသူပါပဲ၊ သူလည်း မုချအသင်းသားတစ်ယောက် ဖြစ်ရမယ်ဗျ"

"ခင်ဗျား ပြောတဲ့အတိုင်း သူငယ်မကလေးအတွက် အရပ်မြင့်တဲ့လူက ရန်ကုန်မှာ ဟိုလူကို သတ်တယ်ဆိုရင် သူ့ကို အခု မန္တလေးမှာ ဘယ်သူကလာပြီး သတ်တာလဲဗျာ"

"ဒါက သူတို့အသင်းသား အချင်းချင်း ပြန်သတ်တာ ဖြစ်ချင်ဖြစ်မှာပေါ့ဗျ"

"နို့ … အခု ဟိုတယ်မှာ အသတ်ခံရတဲ့ လူနဲ့ ခင်ဗျား အချစ်တော် သူငယ်မကလေးနဲ့ မောင်နှမတော်တယ်ဆို"

"ဒါကတော့ မိန်းကလေးက သူ့ကို မောင်တော်ကြီးလို့ ခေါ်လို့ မောင်နမ တော်တယ် ထင်ရတာပါပဲဗျာ"

"ရုပ်ချင်းကကော တူလိုလား"

"ဘယ်ကလာ တူရမှာလည်းဗျာ၊ ဆီနဲ့ရေလောက် ကွာပါတယ်"

"ဒါကတော့ ကိုယ်ထင်ရင် ခုတင်သစ်သားပေ့ါဗျာ"

"အရေးထဲ ခင်ဗျားက နောက်နေပြန်ပါပြီ၊ ကွာလို့တယ် ပြောတာပေါ်ဗျ။ သူ့ ရုပ်ရည်နဲ့ အမူအရာဟာ တကယ်မဟာဆန်ပါတယ်ဗျာ။ ကျွန်တော်ဟာ တော်တော့ မိန်းမကို မချီးမွမ်းပါဘူး။ ကိုင်းလေ ... ဒီဟာတွေ ထားလိုက်ပါဦး။ အခု သေတဲ့ လူရဲ့ အခန်းထဲမှာ ပစ္စည်းတွေကို မွှေနှောက်ရှာသွားတဲ့ လက္ခဏာ ထောက်တော့ ကျွန်တော့်လက်ထဲမှာ ရှိနေတဲ့ ငွေပြားကလေးဟာ အသတ်ခံ ရတဲ့ လူရဲ့လက်ထဲမှာ ရှိတယ်ထင်လို့ ရှာတာဖြစ်မယ်ဗျ"

"ဟုတ်ချင်လည်း ဟုတ်မှာပေ့ါဗျာ၊ ဒါပေမဲ့ ပစ္စည်းအပြောက်အမြား ရှိတယ် ထင်လို့ ရှာတာကော မဖြစ်နိုင်ဘူးလား"

"ဒီလိုလည်း ဖြစ်နိုင်ပါတယ်။ နို့ပေမဲ့ ... သတ်တဲ့လူက သူ ကြော်ငြာထည့် ထားတာ မတွေ့ဘဲနေပါမလားဗျ။ အဲဒီလို ဆက်တွေးရင်း ကျွန်တော် ပြောတာ မှန်လောက်ပါတယ်။ ပြီးတော့လည်း သီပေါကနေပြီး မန္တလေးအထိ ယူလာတဲ့ မီးရထားလက်မှတ် အကြောင်းကကော ခင်ဗျား ဘယ်လို သဘောရသလဲ"

"ဟုတ်ပါတာပေ့ါဗျာ ... ဒါကတော့ မလွဲပါဘူး။ ပြီးတော့ ဒီလူရဲ့ နာမည် အမှန်ဟာ ဘယ်နည်းနဲ့မှ ဦးစောတင် ဟုတ်မယ် မထင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့လက်စွပ်က အတိုကောက် ထိုးထားတဲ့နာမည်နဲ့ ဟိုတယ်မှာ သူ ပေးထားတဲ့ နာမည်နဲ့ တခြားစီပဲ"

"ဒါကတော့ နာမည်ဆိုတာ လျှို့ဝှက်ချင်သလို လျှို့ဝှက်လို့ရတာပဲ၊ ကျွန် တော်တို့ စဉ်းစားစရာတစ်ခုကတော့ သူဟာ အသင်းသားဖြစ်ရင် ဘေးက လူ တစ်ယောက်က သူ့ကို အသင်းနာမည်နဲ့ ဘာကြောင့်သတ်ရတာလဲဆိုတာ စဉ်းစားဖို့ပဲ"

"ဟုတ်တာပေါ့ ... ကိုသန်းဖေ၊ ဒါပေမဲ့ ... အခြားတွေးစရာ အချက်တစ်ခုက အသင်းသားဖြစ်ပေမဲ့ တစ်ခါတစ်ရံ အသင်းစည်းကမ်းကို မလိုက်နာလို့ တစ်ခါ တလေလည်း သစ္စာဖောက်လို့ သတ်ချင်လည်း သတ်နိုင်တယ် မဟုတ်လားဗျ။ ပြီးတော့ ... ကျွန်တော်တို့ အထောက်အထားတစ်ခုရတာက သေတဲ့လူရဲ့အခန်း မှာတွေ့တဲ့ မီးရထားလက်မှတ်ကို ထောက်ခြင်းအားဖြင့် သူတို့အသင်းဟာ သီပေါ နယ်တစ်ဝိုက် ရှိတယ်လို့ ယူဆစရာပဲ"

"ရှိချင်လည်း ရှိမှာပဲလေ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကိုယ်တိုင် တွေ့ခဲ့ ရတဲ့ လူသတ်မှုရယ်၊ အခုမန္တလေးဟိုတယ်မှာ ဖြစ်သွားတဲ့ လူသတ်မှုရယ်၊ ပြီးတော့ မြန်မာ့အလင်းထဲမှာ ဆောင်းပါးရှင်တစ်ဦးက ရေးလိုက်တဲ့ဆောင်းပါး ရယ်၊ ဒီသုံးခုကို ဆက်စပ်ကြည့်လိုက်ရင် သီပေါနယ်နဲ့ တစ်နည်းနည်း ဆက် သွယ်ရင်း ရှိတယ်ဆိုတာ ထင်ရှားတာပဲ"

"ကျွန်တော် လိုက်တာလဲ တရားမှန်ကန်ရာရောက်ဖို့ တဖြည်းဖြည်း နီးလာ ပြီ ထင်တာပဲ။ ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ စွဲလမ်းနေတဲ့ ကျွန်တော်ရဲ့ လူနာ ဖြစ်ခဲ့ဖူးတဲ့ မိန်းမပျိုကလေးကို တွေ့ဖို့လည်း ဝေးမယ် မဟုတ်တော့ဘူး ထင် တယ်"

"ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် ဒီသူငယ်မလည်း အသင်းသားတစ်ယောက် မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်မယ် မထင်ပါဘူး ... ကိုသန်းဖေ"

ကျွန်တော့်မှာ မိတ်ဆွေ ကိုသန်းဖေ၏ နောက်ဆုံးတွေးထင်ချက်ကို မျက်စိ မှိတ်၍ ငြင်းပယ်လိုက်ရသော်လည်း စိတ်ထဲ၌မူ ကျွန်တော် စွဲလမ်းနေသည့် မိန်းမပျိုကလေးမှာ လူဆိုးများနှင့် တစ်နည်းနည်းအားဖြင့် အဆက်အသွယ် ရှိမည်ဟု သံသယဖြစ်မိ၏။ ကျွန်တော် သံသယဖြစ်မိသည်ကို ပို၍ပင် တိုးတက် လာစေလောက်သည့် အကြောင်းခြင်းရာသစ်များလည်း ထပ်မံဖြစ်ပေါ်၍ လာ ပြန်တော့သည်။

►

အထက်ပါအချက်များကို ကျွန်တော်တို့သာလျှင် ဂရုစိုက်သဖြင့် အကျိုးအကြောင်း အဆက်အသွယ်ကို ကြည့်ခြင်းဖြစ်ရာ ပုလိပ်ဘက်ကမူ ထိုလူသတ်မှုဖြစ်ပွားသည့် နေရာများအနီး "ကိုးပွင့်ဆိုင်"အမည်ပါသည့် ကတ်ပြားကလေးများ တွေ့ရသည့်အချက်ကို များစွာဂရုစိုက်ဟန် မတူချေ။ ယခင်က လူသတ်မှုအတွက် ယခင်က တရားခံကို ရှာဖွေလျက်ရှိကြပြီးလျှင် ယခု လူသတ်မှုအတွက် ယခုတရားခံကို ရှာဖွေလျက်ရှိကြ၏။ အကြောင်းခြင်းရာချင်းတူညီသော လူသတ်မှုတစ်ခုနှင့်တစ်ခုကို ဆက်သွယ်ကြည့်ကြဟန် မတူချေ။ တူညီသော လူသတ်ခံရသူများမှာလည်း ထင်ရှားသော လူကုံထံများ မဟုတ်ဘဲ သာမန်လူများဖြစ်သဖြင့် အချိန်ကြာမြင့်၍လာလေလေ ပေါ့လျော့၍ လာလေလေ ဖြစ်သကဲ့သို့ရှိနေတော့၏။

ဤအတွင်း ကိုသန်းဖေမှာ တာဖလေးရွာသို့ သောကြာနေ့တွင် သွားရန်ဖြစ်သော်လည်း ကံအားလျော်စွာ ထိုနေ့တွင် မသွားရတော့ဘဲ တနင်္လာနေ့မှ သွားရန် အထက်မှ အမိန့်စာထပ်မံရရှိသဖြင့် ကျွန်တော်တို့လည်း ထိုနေ့သို့တိုင်အောင် စောင့်ဆိုင်းလျက် ရှိနေကြ၏။ သို့ရှိစဉ် စနေနေ့ နံနက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာတစ်ခုပါရှိလာပြန်ရာ ကျွန်တော်မှာ သာ၍ပင် အံ့ဩမိပြန်၏။ ရှုပ်နေသော အရာများကို ပိုမိုရှုပ်ထွေးစေဘိသကဲ့သို့ ရှိတော့၏။ ကြော်ငြာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

## ဆုငွေ ၁၀၀၀ ကျပ်ပေးမည်

လွန်ခဲ့သော ဇန်နဝါရီလ (၁၈) ရက် စနေနေ့က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်အနီးတွင်အလျားခုနစ်လက်မခွဲ၊ အနံလေးလက်မခန့်ရှိ အလယ်တွင် အပေါက်များ ဖောက်၍ထားသော သုံးထောင့်ပုံငွေပြားတစ်ချပ် ပျောက်ဆုံးသွားသည်။ ထိုပစ္စည်းရရှိသော သူများကိုလည်းကောင်း တွေ့အောင် သတင်းပေးနိုင်သူများကိုလည်းကောင်း အထက်ပါဆုငွေကို ပေးပါမည်။

သို့သော် ... ပထမဦးစွာ အောက်ပါလိပ်စာအတိုင်း စာဖြင့် ရေး၍အကြောင်း ကြား ရမည်။

(ပုံ) ဦးနဝင်း
သီပေါမြို့ စာတိုက်ဗိုလ်မှတစ်ဆင့်
သီပေါမြို့

အထက်ပါကြောငြာကို နစ်ယောက်သား ဖတ်ကြပြီးနောက် ကျွန်တော်က "ဘယ့်နယ်လဲဗျ ... ကိုသန်းဖေ၊ ဘာမှ စဉ်းစားစရာ မလိုတော့ဘူးဗျို့ ဦးနဝင်း ဆိုတဲ့ လူဆီသွားပြီး ငွေ (၁၀၀၀) ကျပ်ယူရုံပဲ ရှိတော့တယ်။ ဒါထက် ဒီလူက ဘယ်အနားမှာ နေသလဲ မသိဘူး၊ ခင်ဗျား မသိဘူးလား"

"မသိပါဘူးဗျာ ... ဒီနာမည်မျိုးကြားလည်း မကြားဖူးဘူး။ ကျွန်တော် သီပေါ ရောက်တာ ခြောက်လလောက်ကြာပါပြီ၊ ဒီနာမည်မျိုး တစ်ခါမှ မကြားဖူးပါဘူး"

"ခင်ဗျားသိတာက လူကုံထံတွေသာ အများအားဖြင့် သိတာကိုးဗျ၊ ကုန် သည် လယ်လုပ်ထဲမှာ ရှိချင်ရှိမှာပေါ့"

"မရှိပါဘူးဗျာ၊ ဒီနာမည်မျိုး ကြားလည်း မကြားဖူးပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဒီနာမည် ထည့်ရတာလဲဗျာ"

"နာမည်ရင်း မဟုတ်ဘဲ လျှို့ဝှက်ပြီး ထည့်တာဖြစ်မှာပေါ့"

"စာတိုက်ဗိုလ်ကတစ်ဆင့် ဆိုတာလည်း ခြေရာဖျောက်ထားတာပဲ"

"ကိုင်း ... ဒါဖြင့် စာတိုက်ကို သွားပြီး အကျိုးအကြောင်းမေးရင် သိတန် သလောက် သိမှာပေါ့ဗျ"

သို့နှင့် ကျွန်တော်တို့သည် စာတိုက်သို့လာခဲ့ရာ စာတိုက်ဗိုလ်နှင့် အခန့်သင့် ပင် တွေ့ရ၏။ စာတိုက်ဗိုလ်သည် ကုလားလူမျိုးဖြစ်သော်လည်း ကိုသန်းဖေနှင့် သိပေါင်းကျွမ်းပေါင်းဖြစ်သဖြင့် ကျွန်တော်တို့အား ကွမ်း၊ ဆေးလိပ် စသည် တို့ဖြင့် ဧည့်ခံလေသည်။ ကျွန်တော်တို့က သတင်းစာကြော်ငြာကို ပြ၍ အကျိုး အကြောင်း မေးမြန်းကြည့်ရှုရာ စာတိုက်ဗိုလ်က အင်္ဂလိပ်ဘာသာဖြင့် ...

"ဟုတ်တယ်ဗျို့ ... ခင်ဗျားတို့ ပြောမှပဲ သတိရတယ်။ ဒီလိပ်စာအတိုင်း စာများ ရောက်ရင် သူ့ကိုပေးပါ။ သူ လာယူပါ့မယ်လို့ သူငယ်မလေးတစ်ယောက် လာပြီး မှာသွားတယ်ဗျ"

"ဩော် ... သူငယ်မလေးတစ်ယောက် ဟုတ်လား"

"မှန်ပါတယ်"

"နို့ ... ကြော်ငြာမှာ ပါတဲ့နာမည်က ယောက်ျားနာမည်ပါကလား"

"ဒီဟာတော့ ကျွန်တော်လဲ မသိပါဘူးခင်ဗျာ"

"မိန်းကလေးက အရွယ်ဘယ်လောက်ရှိပါပြီလဲ"

"ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ် ခင်ဗျာ၊ ကျွန်တော့်စိတ်ထင် အသက် နှစ်ဆယ်လောက်ပဲ ရှိပါလိမ့်ဦးမယ်"

"ဘယ်တုန်းက လာပြောသလဲ"

"လေးငါးရက်လောက် ရှိသွားပြီ မှတ်ပါတယ်"

"ဒီ့ပြင်ကော ဘာများ မှာခဲ့ပါသေးသလဲ ခင်ဗျာ"

"ဘာမှ မမှာခဲ့ပါဘူး မိတ်ဆွေ"

"နို့ ... သူမှာတဲ့အတိုင်း စာများကော ရောက်သလား"

"တစ်စောင်မှ မရောက်သေးပါဘူး ခင်ဗျာ"

"ဒါထက် ဘယ်တော့လောက် သူလာမယ်လို့များ ပြောသွားပါသလဲ"

"ဒါလည်း မပြောသွားဘူး ခင်ဗျ၊ ကျွန်တော်ကလည်း မမေးလိုက်မိဘူး"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကျွန်တော်တို့သည် စာတိုက်မှ ထွက်ခဲ့ကြ၍ အိမ်သို့ရောက်သောအခါ ထိုအရှုပ်အထွေးကြီးကို ရှင်းလင်းနိုင်ရန် အမျိုးမျိုးတွေးတောကြံဆလျက် ရှိကြကုန်၏။

တနင်္ဂနွေနေ့တွင် ကိုသန်းဖေမှာ အားလပ်သဖြင့် ကျွန်တော်တို့သည် မြို့ပေါ်နှင့်တကွ ရွာနီးချုပ်စပ်များပါမကျန် လည်ပတ်လျက်ရှိကြ၏။ ထိုနေ့ ညနေခင်း၌ကား သီပေါစော်ဘွားကြီးရှိစဉ်က ပြုပြင်စီမံခဲ့သော "ရေနန်းဥယျာဉ်"၌ လှည့်လည်ကာ အချိန်ကို ကုန်လွန်စေခဲ့၏။

နောက်တစ်နေ့ နံနက်၌ ကိုသန်းဖေမှာ ညနေရထားနှင့် လိုက်ပါရမည် ဖြစ်သောကြောင့် ယူရန်ပစ္စည်းကလေးများကို အနည်းငယ်မျှထုပ်ပိုး၍ အဝတ်အစားများကိုလည်း သားရေသေတ္တာတစ်လုံးတွင် ထည့်၏။ ကျွန်တော်ကလည်း ကိုသန်းဖေကဲ့သို့ပင် အဝတ်အစားအနည်းငယ်ကို သားရေသေတ္တာတွင် ထည့်ပြီး နောက် အထုပ်အပိုးအားလုံးကို ကိုသန်းဖေ၏ တပည့်ဖြစ်သူ သာဝအားယူစေပြီးလျှင် ကျွန်တော်တို့သည် ညနေ (၄) နာရီ (၈) မိနစ်ရထားနှင့် တာဖလေးဘူတာသို့ လိုက်ခဲ့ရာ (၄) နာရီ (၄၉) မိနစ် အချိန်တွင် ထိုဘူတာသို့ ဆိုက်ရောက်ခဲ့ကြ၏။ ကျွန်တော်တို့ တည်းခိုမည်ဖြစ်သော ပိုလ်တဲမှာ ဘူတာမှ ခရီးတစ်မိုင်ကျော် ကျော်မျှ ဝေး၏။ တဖြည်းဖြည်းနှင့် ခြေကျင်လျှောက်၍ လာခဲ့ကြရာ တပည့် သာဝက အထုပ်အပိုးများနှင့် နောက်မှလိုက်၍ လာခဲ့၏။

ပိုလ်တဲမှာ ဘူတာ၏အရှေ့ဘက်တွင် ရှိသဖြင့် ကျွန်တော်တို့လည်း စကားတပြောပြောနှင့် လာခဲ့ကြ၏။ ထိုနေရာများ၌ကား ထင်းရှူးပင်ကလေးများ အစီအရီ ပေါက်ရောက်လျက်ရှိရာ ဝင်လုဆဲနေရောင်၌ ၎င်းတို့၏ အရိပ်များသည် စိမ်းလဲ့သော မြက်ခင်းများပေါ်တွင် မထင်မရှား ကျရောက်လျက်ရှိပေ၏။ အရှေ့ဘက် တောင်တန်းပေါ်များမှ တိုက်ခတ်၍လာသော လေပြည်သည် ကျွန်တော်တို့အား အမောအပန်းကို ပြေစေ၏။ ဤကဲ့သို့သော သာယာသောရှုခင်းများကို မြင်ရသောအခါ အမည်မသိသူ ကျွန်တော်၏ အချစ်ဦးအား ယခင်ကထက် ပို၍ သတိရမိတော့၏။ ကိုသန်းဖေကိုပင် စကားမပြောမိဘဲ ငြိမ်သက်၍နေမိ၏။

"ဘယ့်နှယ်လဲဗျ ဆရာကြီး၊ ဘာတွေစဉ်းစားနေတာလဲ"

"နေရာကလေးက သာယာလို့ စိတ်ကူးပေါက်ရာ လျှောက်ပြီးစဉ်းစားနေမိတာပါဗျာ"

"ခင်ဗျားတို့ မြို့ကြီးမှာဆိုတော့ တောတောင်စိမ့်စမ်းနဲ့ အင်မတန် စခန်းဝေးပြီး မော်တော်ကားကလေး ဘာကလေး စီးရရင် အလိုလို စိတ်ကြီးဝင်လာပြီး ပျော်နေတာကိုးဗျ"

"ခင်ဗျားပြောတာ အမှန်ပဲ ကိုသန်းဖေ။ ဒါနဲ့ စိမ့်စမ်းနဲ့ တောတောင်တွေဟာ အမောပြေအောင် ဖန်ဆင်းနိုင်တဲ့ သတ္တိရှိတယ်ထင်တယ်"

"ဟုတ်တာပေါ့ဗျာ ... ဒီထက် သာယာတဲ့နေရာတွေ အများကြီး ရှိသေးတယ်ဗျ။ ခင်ဗျား ဒီမှာ ကြာကြာနေရင် ရောက်ကောင်းရောက်ပါလိမ့်ဦးမယ်။ ဩော် ... ဒါထက် စကားမစပ်မေးရဦးမယ်၊ ခင်ဗျား တစ္ဆေများ ကြောက်တတ်သလား""

"မဆီမဆိုင် ဘာဖြစ်လို့ မေးရတာလဲဗျ၊ ကျွန်တော် မကြောက်တတ်ပါဘူး"

"ကျွန်တော်လည်း ခင်ဗျား မကြောက်တတ်ဘူးထင်လို့ မေးတာပဲဗျို့၊ ဒီလိုဗျ ... ကျုပ်တို့ တည်းမယ့်ဗိုလ်တဲရဲ့ အရှေ့ဘက်နားမှာ "ကိုးနဝင်း" ဆိုတဲ့ တောင်တန်းကလေးတစ်ခု ရှိတယ်ဗျ။ ဗိုလ်တဲနဲ့ နှစ်ဖာလုံသာသာလောက် ဝေးတယ်။ တောင်ပူစာကလေးပေါ့ဗျာ။ တောင်ပေါ်မှာလည်း စေတီပျက်တစ်ဆူ ရှိတယ်။ တောင်ဆိုပေမဲ့ ရုတ်တရက် ကြည့်လိုက်ရင် ဂူပျက်ကြီးလိုလို၊ အုတ်တိုက်ကြီးလိုလို ထင်ရတယ်။ အဲဒီတောင်ဟာ အင်မတန် တစ္ဆေခြောက်သတဲ့ဗျ"

"သူ့ဘာသာသူ ခြောက်တာပဲဗျ၊ ကျုပ်တို့ ဗိုလ်တဲမှာ နေတာနဲ့ ဘာဆိုင်သလဲ"

"ညမှာ ဒီတောင်ခြေရင်းကို ဘယ်သူမှ မသွားဝံ့ဘူးတဲ့ဗျ။ အနီးအနားမှာလည်း လူနေအိမ်ခြေ မရှိဘူး။ ကျုပ်တို့အိပ်မယ့် ဗိုလ်တဲဟာ အနီးဆုံးပဲ။ ဟော ... ပြောရင်းဆိုရင်း ဗိုလ်တဲရောက်လာပြီဗျို့၊ ဟိုမှာ ကြည့်ပါလားဗျ။ အရှေ့ဘက်က မြင်ရတဲ့ တောင်ပူစာရှည်ရှည်ကြီးပေါ့"

"အင်း ... ဟုတ်ပါရဲ့ဗျို့၊ တောင်က ကျောက်တောင်ထင်တယ်။ သစ်ပင်တွေဘာတွေလည်း တယ်မရှိဘူး။ နက်ဖြန်မနက်မှပဲ သေသေချာချာ သွားပြီး ကြည့်ရဦးမယ်"

"ကျွန်တော်တော့ မလိုက်ပါရစေနဲ့ဗျာ။ ခင်ဗျားတစ်ယောက်တည်းသာ ကြွတော်မူပါ"

"နေ့ခင်းကြီး သွားတာပဲဗျ၊ ဘာကြောက်စရာရှိသလဲ။ ကိုသန်းဖေကလည်း အစိုးရအရာရှိလုပ်နေပြီး ဒီလောက်ပဲ ကြောက်ရသလား"

"အစိုးရအရာရှိ လုပ်တာက တခြား၊ တစ္ဆေကြောက်တာက တခြား ဆရာရေ့"

ဗိုလ်တဲသို့ ကျွန်တော်တို့ ရောက်သည့်အချိန်၌ကား နေဝင်စပြုလေပြီ။ ဗိုလ်တဲစောင့် ဒရဝမ်ကုလားသည် ကျွန်တော်တို့အား ခရီးဦးကြိုပြုပြီးလျှင် အိပ်ရာအိပ်ခင်းများကိုလည်း ကျွန်တော်တို့အတွက် ရှင်းလင်းသုတ်သင်ပေးရာ ကိုသန်းဖေ၏တပည့် သာဝကလည်း အားလုံးနေသားတကျဖြစ်အောင် ကူညီလျက်ရှိ၏။ အတန်ကြာလတ်သော် တပည့်မောင်သာဝသည် ညစာအဖြစ် ပေါင်မုန့်၊ ကြက်ဥကြော်၊ ငါးသေတ္တာနှင့် လက်ဖက်ရည်တို့ကိုယူခဲ့ရာ ကျွန်တော်တို့လည်း ညစာကို မြိန်ရှက်စွာ စားသောက်ကြသည်။

ညစာ စားသောက်ပြီးသည့် အချိန်၌ကား ရှမ်းပြည်နယ်တောင်တန်းများကို ကျော်ဖြတ်ကာ တဖြူးဖြူးတိုက်ခတ်လျက်ရှိသော လေပြည်သည် ရိုးတွင်းခြင်ဆီသို့တိုင်အောင် ဖောက်ထွင်း၍ သွားဘိသကဲ့သို့ မှတ်ထင်ရ၏။ ကျွန်တော်တို့မှာ မောင်သာဝအား မီးဖိုတစ်ခု ပြင်ဆင်စေပြီးလျှင် မီးဖိုကိုဝိုင်းကာ ဆေးတံများ အသီးသီး သောက်ရှူလျက် ရှိနေကြ၏။ လူနေအိမ်ခြေနှင့် အတော်ဝေးသော အရပ်ဖြစ်သည်မို့ ပတ်ဝန်းကျင်မှာ လွန်စွာဆိတ်ငြိမ်လျက်ရှိနေ၏။

"ဘယ့်နယ်လဲဗျ … ကိုသန်းဖေ၊ ကိုးနဝင်းတောင်တန်းမှာ တစ္ဆေခြောက်တယ်ဆိုတာ ဘယ်လိုများ ခြောက်သတဲ့လဲဗျ"

"သူတို့တွေ ပြောသံ ကြားဖူးတာပါပဲဗျာ။ ကျွန်တော် ဒီဗိုလ်တဲရောက်တာ သုံးလေးခေါက်ရှိပါပြီ။ တောင်ဆီကိုလည်း မသွားဖူးပါဘူး။ တစ်ခါမှလည်း မတွေ့ဖူးပါဘူး"

"မဟုတ်ပါဘူးဗျ၊ ဘယ်လိုခြောက်သလဲဆိုတာ ခင်ဗျား ကြားတောင် မကြားဖူးဘူးလား"

"ခြောက်ပုံက ညသန်းခေါင်လောက်ကျရင် တောင်ခြေရင်းနားဆီမှာ လူမည်းမည်းကြီးတစ်ယောက် လျှောက်နေတာ ကျွန်တော်တို့ ဗိုလ်တဲက ဒရဝမ်ကုလားက တစ်ခါနှစ်ခါမြင်ဖူးသတဲ့ဗျ။ ဟိုဘက်နားက ယာတောက တစ်ယောက်

နှစ်ယောက်ကလည်း ဒီလိုပဲ နှစ်ခါ သုံးခါ မြင်ဖူးတယ်လို့ ပြောတာပဲ။ တစ်ခါ တလေလည်း တောင်ဟည်းသလိုလို တောင်ခေါင်းထဲက လူတွေ အော်သလိုလို လူနာတွေ ညည်းသလိုလို ကြားကြရသတဲ့၊ ဒါပါပဲဗျာ။ ကဲ ... အိပ်ကြပါစို့ရဲ့၊ အိပ်ခါနီးမှာ တစ္ဆေသရဲအကြောင်းတွေ မပြောကောင်းပါဘူး"

ဤကဲ့သို့ စကားဖြတ်လိုက်သဖြင့် ကျွန်တော်လည်း စကားဆက်လက်၍ မပြောတော့ဘဲ ဆေးတံကိုသာ မှိန်း၍သောက်နေမိတော့၏။ ကိုသန်းဖေမှာ အိပ်ရာသို့ဝင်ခဲ့ပြီဖြစ်ရာ မောင်သာဝမှာလည်း မီးဖို၏အနီးတွင် စောင်တစ်ထည်ကို ခေါင်းမြီးခြုံကာ ပုစွန်ထုပ်ကဲ့သို့ ကွေးလျက် ရှိနေ၏။

အချိန်မှာ (၁၁) နာရီကျော်ကျော်ရှိပြီဖြစ်၍ ဗိုလ်တဲစောင့်သော ဒရဝမ်ကုလားမှာ ခပ်စောစော၌ ၎င်း၏အိမ်ကလေးရှေ့တွင် တမာကူ သောက်၍ ရှိနေခဲ့သော်လည်း ယခုအချိန်၌ကား ၎င်း၏အသံကိုပင် မကြားရတော့ချေ။ ဗိုလ်တဲတစ်ခုလုံးသည် ယခင်ကထက် တိတ်ဆိတ်ငြိမ်သက် လျက်ရှိနေ၏။

သို့သော် ကျွန်တော့်မှာမူ အကြံနှင့် စိတ်ကူးထုတ်နေသူတစ်ယောက်ဖြစ်ရကား ရုတ်တရက် အိပ်မပျော်သေးပါ။ ဆေးတံကိုသာ တစ်ဆုံပြီးတစ်ဆုံ ထည့်၍သောက်ရင်း စိတ်ကူးဖြင့် ရူး၍နေသော ကျွန်တော်၏ အဖြစ်အပျက်များကိုလည်းကောင်း၊ ချိုသာသော အသံကလေးဖြင့် ကျွန်တော့်အား မထိတထိ ပြောလိုက်သော ဒဏ်ရာရခဲ့ရှာသူ မိန်းမပျိုကလေးကိုလည်းကောင်း၊ ဆုငွေ ၁၀၀၀ ကျပ်မျှပေး၍ကြော်ငြာသည့် ထူးဆန်းသော ငွေပြားကလေးအကြောင်းကိုလည်းကောင်း စဉ်းစားကာ အချိန်သည် ကုန်မှန်းမသိ ကုန်လွန်၍ သွားခဲ့၏။

လူတို့မည်သည် အဖိုးထိုက်တန်သော ပစ္စည်းတစ်ခုကို သိမ်းဆည်း၍ ထားရသောအခါ စိတ်မချနိုင်ဘဲ ရှိတတ်သည့်အတိုင်း ကျွန်တော်၏ ဆွယ်တာအင်္ကျီကို သေတ္တာထဲမှ ထုတ်ယူသောအခါ သေတ္တာ၏ အောက်ဆုံးတွင်ထားသော ငွေပြားကလေးကို ထုတ်ယူမိ၏။ ထို့နောက် ကျွန်တော်သည် ချမ်းအေးလှသဖြင့် ဆွယ်တာအင်္ကျီပေါ်တွင် ဘလေဇာထပ်၍ ဝတ်ပြီးလျှင် အိပ်ခန်းထဲသို့ ဝင်ခဲ့၏။ ငွေပြားကလေးကို မီးရောင်အောက်တွင် ကြည့်ရှုရင်း အကျိုးအကြောင်းကို စဉ်း

စားလျက်နေမိစဉ် ပြတင်းပေါက်မှ လေဝင်လျက်ရှိသည်ကို သတိပြုမိသဖြင့် မှန်ပြတင်းကို ပိတ်ရန် ထလိုက်သည်။

ထိုမှန်ပြတင်းပေါက်မှာ အခန်း၏ အရှေ့ဘက်တွင် ရှိနေသဖြင့် လေဝင်၍လာသောပြတင်းပေါက်ကို ပိတ်မည်ဟု တံခါးရွက်ကို ဆွဲလိုက်သောအခါ ဗိုလ်တဲ၏ အရှေ့ဘက် ဝါးလေးငါးရိုက်ခန့် အကွာတွင် လူမည်းမည်းကြီးတစ်ယောက်သည် ကိုးနဝင်းတောင်တန်းဆီသို့ တဖြည်းဖြည်းလျှောက်သွားလေသည်ကို မြင်လိုက်ရ၏။ ကျွန်တော်သည်ကြက်သေသေကာလူမည်းမည်းကြီးအားစိုက်ကြည့်နေမိ၏။ အနည်းငယ်တုန်လှုပ်မိသည် မှန်သော်လည်း ကြောက်ရွံ့သော စိတ်က အလျင်းမရှိချေ။ သို့နှင့် ကျွန်တော်လည်း ကုလားထိုင်ပေါ်တွင် တင်ထားသော လည်စည်းမာဖလာကို ယူ၍ ဦးခေါင်း၌ ရစ်ပတ်လျက် ကိုသန်းဖေနှင့် မောင်သာဝတို့အား မနှိုးဘဲ ခြေဖျားထောက်ကာ ဗိုလ်တဲပေါ်မှ ဆင်းခဲ့ပြီးလျှင် လူမည်းကြီးသွားရာသို့ လိုက်ခဲ့၏။

လူမည်းကြီးသည် ခပ်ဖြည်းဖြည်းပင် ရှေ့မှလျှောက်သွားသဖြင့် တစ်ခဏအကြာ၌ ကျွန်တော် မီ၍လာပြီးလျှင် ရှေ့ဝါးတစ်ရိုက်ခန့်မျှသာ ဝေးသောနေရာသို့ ရောက်သောအခါ ၎င်း၏ခြေသံကိုပင် သဲ့သဲ့ကြားရ၏။ ဤသို့ အသံကြားရသဖြင့်လည်း ၎င်းမှာ တစ္ဆေသရဲ မဖြစ်နိုင်ချေ။ ကျွန်တော်သည် ရှေ့သို့ တိုး၍လိုက်၏။ (၁၀) ပေသာသာမျှ ဝေးသောနေရာသို့ ရောက်သောအခါ ကျွန်တော်၏ ခြေသံများကိုကြားဟန် လက္ခဏာဖြင့် ၎င်းသည် နောက်သို့ တစ်ချက်မျှ လှည့်ကြည့်ပြီးနောက် ခပ်သုတ်သုတ်ပြေးသွားလေရာ ကျွန်တော်လည်း ပြေး၍လိုက်၏။

ထိုနေရာသည်ကား တောင်ခြေနှင့် နီးကပ်လျက် ရှိပြီဖြစ်၍ ကျောက်တုံးကျောက်ခဲများ ထူထပ်လျက် ရှိရကား တစ်ခဏမျှ ပြေးသွားမိသောအခါ လူမည်းကြီးသည် ကျောက်တုံးတစ်ခုကို တိုက်မိပြီးလျှင် ခြေချော်၍ လဲကျသွား၏။ ထိုအခါ ကျွန်တော်မှာ ၎င်းအား မိလုမိခင် ရှိနေပြီဖြစ်၍ လျင်မြန်စွာ ပြေးသွားပြီးနောက် မြေပေါ်မှ ထမည်ပြုလျက်ရှိသော လူမည်းကြီးကို တအားကုန် ဖမ်းချုပ်

ဖက်ထားလိုက်ရာ လေကို ဖမ်းရဘိသကဲ့သို့ ပျောက်၍မသွားဘဲ လူတစ်ယောက်၏ ကိုယ်လုံးအစိုင်အခဲကို တွေ့လိုက်ရ၏။

ကျွန်တော်သည် ၎င်း၏လက်များကို ကိုင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ခက်တရော်ကြမ်းတမ်းသော ယောက်ျားကြီးတစ်ယောက်၏ အတွေ့မဟုတ်ဘဲ နွဲ့နှောင်းပျောင်းအိသည့် မိန်းမတစ်ယောက်၏ အတွေ့အထိဖြစ်ကြောင်း ကောင်းကောင်းကြီး သိရှိလိုက်ရ၏။ ပျော့ပျောင်း နူးညံ့သော အတွေ့ခံစားမှုသည် ကျွန်တော်၏ တစ်ကိုယ်လုံးကို ပျံ့နှံ့၍ သွားလေသည်။

သို့ရှိနေစဉ် ၎င်း၏ဦးခေါင်း၌ လွှမ်းခြုံရစ်ပတ်ထားသည့် အဝတ်နက်ကြီးသည် အောက်သို့လျှောကျသွားသဖြင့် လရောင်ကို မျက်နှာမူလျက်ရှိသော ၎င်း၏ မျက်နှာကို ထင်ရှားစွာ မြင်လိုက်ရ၏။ ယင်းမျက်နှာလေးသည်ကား အခြားမဟုတ်၊ ဤမျှလောက် ကျွန်တော် အပင်ပန်းခံ၍ လိုက်လံရှာဖွေခဲ့ရသော ကျွန်တော်၏အချစ် မိန်းမပျိုလေးပင် ဖြစ်နေတော့၏။ မမျှော်လင့်သောအရာများသည် အံ့သြဖွယ်ကောင်းလောက်အောင် ဖြစ်ပေါ်၍ လာခဲ့လေပြီ။

မိန်းမပျိုကလေး၏ ကိုယ်ကို ထိတွေ့ရသော အတွေ့ခံစားမှုကြောင့် တအားကုန် ဖမ်းဆီးဖျစ်ညှစ်၍ထားသော ကျွန်တော်၏လက်များသည် အံ့သြခြင်းဖြင့် ရုတ်တရက် အသက်ကုန်သွားဘိသကဲ့သို့ လျော့၍ သွားတော့၏။

"အို ... လွှတ် ... ဖယ်ပါ၊ ဆုတ်နော် ဖယ် ... ဘာမှတ်လို့လဲ ...ဟင်း"

မိန်းကလေးသည် ပြောပြောဆိုဆို အတင်းရုန်းကန်ရင်း ကျွန်တော် လက်တွင်းမှ လျှောထွက် လွတ်မြောက်သွားပြီးနောက် ချုံတစ်ခု၏ နောက်တွင် ဖျတ်ခနဲ ပျောက်ကွယ်သွား၏။ ကျွန်တော်သည် ကြက်သေသေလျက် ရှိရာမှ သတိရလာပြီးလျှင် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းကာ မြေပေါ်၌ ဒူးထောက် ကျသွား၏။ ထိုခဏ၌ ကျွန်တော်၏ဦးခေါင်းကို နောက်မှနေ၍ ပြင်းထန်စွာ ရိုက်လိုက်သဖြင့် မျက်လုံးအိမ်ထဲ၌ မီးပွင့်ကလေးများ ဖြာထွက်သွားပြီးနောက် သတိမေ့ကာ မြေပေါ်သို့ လဲကျသွားလေသည်။

အချိန်မည်မျှ ကြာသည်မသိ၊ သတိလစ်၍ သွားပြီးနောက် ရုတ်တရက် သတိရလာသဖြင့် မျက်လုံးများကို ဖွင့်၍ကြည့်လိုက်ရာ အတော်အတန်နက်သော တွင်းကြီးတစ်တွင်းထဲသို့ မျက်နှာမူကာ ကျွန်တော်၏ကိုယ်မှာ ဝမ်းလျားမှောက်လျက် လက်နှစ်ဖက်ကို ကြိုးဖြင့် လက်ပြန်တုပ်နှောင်ထားသည်ကို တွေ့ရ၏။ ဦးခေါင်းမှလည်း ပြင်းစွာနာကျင်လျက်ရှိ၏။ ကျွန်တော်၏ကိုယ်မှာ သစ်တုံးကဲ့သို့ မာကျောသော အရာဝတ္ထုတစ်ခုပေါ်တွင် မှောက်လျက်သားရှိနေရာ ဦးခေါင်းမှာမူ ထိုနေရာနှင့် လွတ်၍တည်ရှိနေ၏။ ကိုယ်၌လည်းကောင်း၊ ခြေလက်များ၌လည်းကောင်း ကြိုးများဖြင့် တင်းကျပ်စွာ ချည်နှောင်ထားသည်ကိုလည်း တွေ့ရ၏။ ဤသို့ဖြင့် ကျွန်တော့်မှာ မျက်နှာကို အပေါ်သို့မော်၍ပင် မကြည့်နိုင်သော်လည်း အနီးအနား၌ကား အဝတ်နက်များကို တစ်ကိုယ်လုံးဝတ်၍ထားသော လူမည်းကြီး လေးငါးယောက်တို့အား အလွန်မှေးမှိန်သော မီးရောင်တွင် မထင်မရှား လှုပ်ရှားသွားလာလျက် ရှိသည်ကို တွေ့မြင်ရ၏။

၎င်းတို့သည် အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုလျက်ရှိကြ၏။ ပြောသောစကားများမှာ မြန်မာဘာသာမဟုတ်ဘဲ၊ ရှမ်းဘာသာဖြစ်သဖြင့် ကျွန်တော် နားမလည်ချေ။ ၎င်းတို့အထဲမှ သဲကွဲစွာ ကြားရသောအသံတစ်ခုမှာ မိန်းမတစ်ယောက်၏အသံဖြစ်၍ ကျွန်တော် ဖမ်းဆီးရန် ကြိုးစားခဲ့သော မိန်းမပျိုကလေးပင် ဖြစ်ဟန်တူ၏။

ဦးခေါင်းတွင် ပြင်းထန်စွာ ရရှိသော ဒဏ်ရာမှာ သည်းမခံနိုင်လောက်အောင် ကိုက်ခဲနာကျင်လျက် ဒဏ်ရာမှ စီးကျလာသည့် သွေးများမှာလည်း ကျွန်တော်၏ နှာခေါင်း၊ ပါးစပ်၊ မျက်စိများထဲသို့ စီးဝင်လျက်ရှိ၏။ ဦးခေါင်းမှာ သစ်တုံးမှ လွတ်ပြီးလျှင် အောက်သို့ ငိုက်စိုက်ကျနေသဖြင့် ဇက်ကြောများ တဖြည်းဖြည်း တောင့်တင်း၍လာပြီးလျှင် ကိုက်ခဲခြင်း ညောင်းညာခြင်း၊ နာကျင်ခြင်း၊ စသော ဝေဒနာများ ရောပြွန်းစုပေါင်းကာ ပြင်းထန်သည်ထက် ပြင်းထန်၍ လာတော့၏။ ထိုအချိန်၌ ကျွန်တော့်မှာ သတိရလာသည်ဟု ဆိုရသော်လည်း လုံးလုံး သတိကောင်းစွာ ရခဲ့သည်မဟုတ်သေးဘဲ မူးမိုက်တွေဝေလျက်ပင် ရှိနေသေး၏။

ကျွန်တော်သည် မိန်းမပျိုလေးအား လှမ်း၍စကားပြောရန် ကြိုးစားသော်လည်း အိပ်မက်ထဲတွင် အော်၍မရနိုင်ဘိသကဲ့သို့ ပါးကြော မေးကြောများသည်လည်း ကျောက်ကဲ့သို့ ခိုင်မာတောင့်တင်းလျက် ရှိနေသည်ကို တွေ့ရ၏။ ကျွန်တော်၏ ဒုက္ခဝေဒနာများမှာ စာဖြင့် ရေး၍ပင် မပြနိုင်လောက်အောင် ရှိပါ၏။ ကျွန်တော့်အား မည်ကဲ့သို့ပြုလုပ်ကြရချေဦးမည်နည်း။

သို့ရှိစဉ် လူတစ်ယောက်သည်ကျွန်တော်၏အနီးသို့ချဉ်းကပ်လာပြီးနောက် မြန်မာဘာသာဖြင့် စတင်ပြောလေရာ ထိုအသံမှာ မိန်းမပျိုကလေး၏ အသံပင် ဖြစ်၍ တည်ငြိမ်အေးမြလှပေ၏။

"သေရမှာကို ကြောက်သလားဟင်၊ သူလျှိုလုပ်တဲ့သူဟာ အသက်ကို မနှမြောရဘူး။ အောက်က တွင်းထဲကို သေသေချာချာ ငုံ့ကြည့်စမ်း ဘာတွေမြင်ရသလဲ"

ဝင်းခနဲ လက်နှိပ်ဓာတ်မီးရောင် တစ်ခုသည် တွင်းအောက်သို့ ကျဆင်းသွား၍ ကျွန်တော့်မှာ စကားပင် ပြန်၍မပြောနိုင်သေးသော်လည်း မိန်းမပျိုလေးပြောသော စကားများကိုမူ ကောင်းစွာကြားရသဖြင့် မျက်လုံးများကို အတန်ငယ် ဖွင့်ကြည့်လိုက်မိ၏။

ကျွန်တော့်အား ဝမ်းလျားမှောက်လျက် ကြိုးများဖြင့်တုပ်ကာ ချည်နှောင်ထားသည့်နေရာမှာ ခွေးခြေကဲ့သို့ ပျဉ်ချပ်တစ်ခုပေါ်တွင်ဖြစ်၍ ပျဉ်ချပ်မှာ တွင်းနှုတ်ခမ်းပေါ်တွင် မေးတင်လျက် ရှိလေသည်။ တွင်း၏အနက်မှာ ခန့်မှန်းခြေအားဖြင့် ၁၀ တောင်ခန့်ရှိ၍ အောက်ခြေ၌ကား လူ၏ ဦးခေါင်းခွံသုံးလေးခုသည် ဖွေးဖွေးဖြူသော သွားများကိုဖြီးကာ ကျွန်တော့်အား ပြောင်လှောင်ရယ်မောနေသကဲ့သို့ရှိ၏။ ကျွန်တော်သည် မိန်းမပျိုအသံကို ထပ်မံကြားရပြန်၏။

"မြင်ရဲ့မဟုတ်လား ခေါင်းခွံတွေကို"

"ဒီလူတွေဟာ ဘယ်သူတွေလဲ သိရဲ့လား"

"ကိုးပွင့်ဆိုင်အသင်းကို နှောင့်ယှက်တဲ့လူ"

"အသင်းအကြောင်းကို စုံထောက်တဲ့ သူလျှိုတွေချည်းပဲ"

"ကဲ ... ပြောနေကြာတယ်၊ ဒီလူတွေရဲ့နောက်ကို လိုက်ဖို့သာ ပြင်ပေတော့"

တစ်ပိုဒ်ချင်းပြောသော အသံကလေးမှာ ကြည်လင်လှတော့၏။ သို့သော် ခက်ထန်သော ဒေါသအရှိန်ဖြင့် တုန်ယင်လျက်ရှိနေ၏။ ကျွန်တော့်မှာမူ မနည်း ကြိုးစားနားထောင်နေရ၏။

မိန်းမပျိုသည် ကြည်လင်ပြတ်သားသော အသံဖြင့် ဆက်လက်၍ "အင်း ... လူကတော့ဖြင့် သတိရပုံမပေါ်သေးဘူး၊ သို့ပေမဲ့ ... တွင်းထဲကို ခေါင်းပြတ်ပြီး မကျခင် အကျိုးအကြောင်းသိပြီးသွားရအောင် မြန်မာလို ပြောရတော့တာပဲ။ အဲလေ ... အကြောင်းမထူးတော့ပါဘူး။ ကိုင်း ... ကိုင်း ... ဓားစက်ကိုသာ လှည့်ပေတော့"

ထို့နောက် ... မိန်းမပျိုသည် ရှမ်းဘာသာဖြင့် တစ်စုံတစ်ရာ ပြောလိုက်ရာ တဂျုန်းဂျုန်းမြည်သော အသံများကို ကျွန်တော်၏ဦးခေါင်းပေါ် တည့်တည့်မှ ကြားရ၏။ ကျွန်တော်၏ အသက်သွေးမှာ နီးကပ်သည်ထက် နီးကပ်လာပြီဖြစ်၍ အကြောအခြင်များထဲတွင် အနည်းငယ်မျှ ရှိနေသေးသော ခွန်အားကလေးများ ကို ညှစ်ထုတ်စုဆောင်းကာ "မသတ်ပါနဲ့၊ ငွေပြားကလေးကို ပေးပါ့မယ်" ဟု ကယောင်ကတမ်း ကြိုးစား၍ ဟစ်အော်လိုက်၏။ သို့သော် ပထမအကြိမ်တွင် အသံမထွက်သေးဘဲ ဒုတိယအကြိမ်ရောက်မှ အသံထွက်၍ သွားလေသည်။ အပေါ်မှ ကျဆင်းလာသော အသံမှာလည်း ကျွန်တော်၏လည်ပင်းနှင့် နီးကပ်သည်ထက် နီးကပ်၍ လာချေပြီ။

လူတို့သည် သေရမည့်ဘေးနှင့် ပက်ပင်းပါ တွေ့ကြုံကြသောအခါ ညှိုးခွေနွမ်းရိသော အင်အားကလေးများသည်ပင်လျှင် "ကိုယ်ရေးကြုံက သက်လုံကောင်းရသည်" ဆိုဘိသကဲ့သို့ တောင့်တင်းပြည့်ဝ၍ လာတတ်ရာ ကျွန်တော်လည်း ကျန်ရှိသမျှသော အင်အားတို့ကို အစွမ်းကုန်ညှစ်ထုတ်၍ အော်ဟစ်လိုက်ခြင်းဖြစ်၏။

ဤသို့ ဟစ်အော်လိုက်သည်နှင့် တစ်ပြိုင်နက် မိန်းမပျို၏အသံဖြင့် တစ်စုံတစ်ရာကို စူးရှစွာအော်လိုက်ရာ ထိုခဏ၌ပင် တဂျုန်းဂျုန်း မြည်သောအသံများ

ရုတ်တရက် ရပ်သွားလေသည်။ ထို့နောက် မိန်းမပျိုသည် အနီးရှိ လူမည်းကြီးများအား ကျွန်တော်၏ နှောင်ကြိုးများကို ဖြေစေပြီးလျှင် ကျွန်တော်၏ မျက်နှာအနီးသို့ကပ်ကာ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ကြည့်၏။

လူမည်းကြီးနှစ်ယောက်က တစ်ဖက်တစ်ချပ်စီညှပ်၍ ကျွန်တော့်အား ထူပေးသောအခါ ကျွန်တော် ခံစားနေရသော ဒုက္ခဝေဒနာမှာ အတန်ငယ် သက်သာရာရ၍ တောင့်တင်းမာကျောလျက်ရှိသော အကြောင်းအခြင်းတို့သည်လည်း ပျော့ပျောင်းသွားသကဲ့သို့ ထင်မှတ်ရ၏။ ကျွန်တော်ကား အတန်ငယ် စကားပြောနိုင်လာလေပြီ။

"ကျွန်တော်ဟာ ရန်ကုန်က ဆရာဝန်ဒေါက်တာကျော်မြင့်ပါ။ လက်မောင်းကို သံချွန်နဲ့ ထိုးတဲ့ဒဏ်ရာရတုန်းက ဆေးကုသပေးတဲ့ ဆရာဝန်ဟာ ကျွန်တော်ပါပဲ"

"ဩော် ... ဟုတ်လား၊ ဖြစ်မှဖြစ်ရလေရှင်"

ကျွန်တော်၏ အမည်နှင့်တကွ ယခင်ဖြစ်ပျက်ခဲ့သည့်အကြောင်း အချို့ကို ပြန်၍ပြောပြလိုက်သည်နှင့် တစ်ပြိုင်နက် မိန်းမပျိုက တုန်ယင်သော အသံဖြင့် ...

"အို ... များကုန်ပြီ၊ ဘယ်လိုဖြစ်လာတာလဲ ဒေါက်တာ။ ဩော် ... ဒါထက် အစုတင်ကပြောတာ ဘာလဲ၊ ငွေပြားကလေး ... ဟုတ်လား"

"ဟုတ်ပါတယ် ... ခင်ဗျာ၊ သတင်းစာထဲမှာ လူတစ်ယောက်က ဆုငွေ ၁၀၀၀ ကျပ်ပေးမယ် ကြော်ငြာတဲ့ ငွေပြားကလေးကို ကျွန်တော် ရထားပါတယ်"

"အလို ... ဘုရားရေ ... အဟုတ်ပြောတာလား၊ ဒီလူ ..."

ဗိုလ်တဲမှ ထွက်လာစဉ်အချိန်က ကျွန်တော်သည် ငွေပြားကလေးကို ဘာလေဇာ အင်္ကျီအတွင်းအိတ်ထဲသို့ အမှတ်မဲ့ ထည့်ထားခဲ့မိသဖြင့် ယခု ကျွန်တော့်အိတ်ထဲတွင် ပါလာသည်ကို သတိရမိ၏။

"အမှန်ပြောတာပါ ... ခင်ဗျာ၊ ကျွန်တော့်အင်္ကျီအတွင်းအိတ်ထဲမှာ နှိုက်ယူပါ။ ကျွန်တော်တော့ အားကုန်နေလို့ လက်တောင်မမြှောက်နိုင်တော့ပါဘူး"

မိန်းမပျိုသည် ကျွန်တော်၏ ဘလေဇာအင်္ကျီအတွင်းအိတ်ထဲသို့ ၎င်းကိုယ်တိုင် စမ်းသပ်ရှာဖွေ၏။ ငွေပြားကလေးကို တွေ့ရသောအခါ လျင်မြန်စွာ ဆွဲထုတ်ပြီးနောက် အချိန်ကြာမြင့်စွာ ကွဲကွာနေသော မိခင်သည် သားငယ်ကို တစ်ဖန်ပြန်၍ တွေ့ရသည့်အခါ ယုယနမ်းရှုပ်ပြီးလျှင် ရင်ခွင်တွင် ပွေ့ဖက်ထားသကဲ့သို့ ငွေပြားကလေးကို အကြိမ်ကြိမ် နမ်းရှုပ်ပြီးလျှင် ရင်ခွင်၌ အပ်၍ထားလိုက်၏။ ထို့နောက် ငွေပြားကလေးကို အပေါ်သို့ မြှောက်ကိုင်ကာ ... ဘာသာဖြင့် တစ်စုံတစ်ရာ ရေရွတ်လိုက်ရာ လူမည်းကြီးများသည်လည်း ထိုအသံအတိုင်း လိုက်၍ ဟစ်အော်ကြလေသည်။

ကျွန်တော် ရောက်ရှိနေသော နေရာမှာ ဂူကြီးတစ်ခုအတွင်း ဖြစ်ဟန်တူ၍ မြေပေါ်တွင်စိုက်ထူထားသော ရေနံဆီမီးခွက်ကြီးတစ်ခွက်မှ မီးရောင်သည် ခပ်မှိန်မှိန်မျှသာလင်းလျက်ရှိနေ၏။လူမည်းကြီးလေးယောက်၏အရိပ်များသည် မညီညာသော ဂူကြီး၏ ကျောက်နံရံပေါ်တွင် ထိုမှဤမှ လှုပ်ရှားလျက် ရှိလေရာ မကောင်းဆိုးဝါးများနှင့်ပင် သဏ္ဍာန်တူလေသည်။

မိန်းမပျိုသည် ကျွန်တော့်အား အံ့ဩခြင်း၊ ကျေးဇူးတင်ခြင်း၊ မသင်္ကာ ဖြစ်ခြင်းတို့ ပေါင်းစပ်သည့် အဓိပ္ပာယ်ပါရှိသော မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိရာမှ "ဒီနေရာမှာ သူ့ကို ထားလို့မဖြစ်သေးဘူး၊ ခေါင်းက ဒဏ်ရာကို ဆေးထည့်ပေးပြီး စစ်ဆေးစရာရှိတာ စစ်ဆေးရဦးမယ်"

မိန်းမပျိုသည် မိမိကိုယ်ကို မိမိ ပြောသကဲ့သို့ ကြည်လင်ပြတ်သားသော အသံဖြင့် ပြောလိုက်ပြီးနောက် လူမည်းကြီးများအား (       ) ဘာသာဖြင့် တစ်စုံတစ်ရာ အမိန့်ပေးလိုက်တော့၏။

လူမည်းကြီးလေးယောက်တို့သည် ကျွန်တော့်အား ပွေ့ချီခေါ်သွားပြီးနောက် အလွန်ကျဉ်းမြောင်းသော အပေါက်တစ်ခုမှ အပြင်သို့ ထုတ်ခဲ့ကြ၏။ ကိုက် (၅၀) ခန့်မျှ သွားမိသောအခါ တသွင်သွင် စီးဆင်းလျက်ရှိသော ချောင်းငယ်တစ်ခု နံဘေးသို့ ရောက်လာကြ၏။ လဆုတ် (၇) ရက် လမင်းသည် ကောင်းကင်တွင် မှုန်ရီမှုန်ဝါး သာလျက်ရှိ၏။

ထိုနေရာသို့ ရောက်သောအခါ လှေတစ်စီးသည် အသင့်စောင့်ဆိုင်း နေသဖြင့် ကျွန်တော့်အား လှေပေါ်သို့ ပွေ့ချီတင်ကြပြီးနောက် အထက်သို့ ဆန်တက်ကြလေ၏။ ထိုအခါ ကျွန်တော်၏ ဦးခေါင်းမှ ဒဏ်ရာမှာ သက်သာရာရသကဲ့သို့ ရှိပြီးလျှင် အကြောအခြင်များဆန့်လျက် အညောင်းအညာများလည်း အတော်ပင် ပြေသွားပြီဖြစ်၏။ လှေကလေးသည် အထက်သို့ ဆန်တက်လျက်ရှိစဉ် မြောက်ဘက်မှ တိုက်ခတ်လျက်ရှိသော လေပြည်ကလေး၏ အရသာကိုလည်း ခံစားရသဖြင့် ကျွန်တော့်မှာ မေ့ခနဲ အိပ်ပျော်သွား၏။

အိပ်ရာမှနိုး၍ မျက်လုံးများ ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်မှာ တဲငယ်တစ်ခုအတွင်းရှိ ကွပ်ပျစ်တစ်ခုပေါ်တွင် ရောက်နေသည်ကို တွေ့ရ၏။ ကွပ်ပျစ်ပေါ်၌ကား ကျားသစ်ရေကို ခင်းထားပြီးလျှင် ခေါင်းအုံးတစ်လုံးနှင့် ဝါဂွမ်းစောင်တစ်ထည်ရှိ၏။ ကျွန်တော့်အနီးရှိ ထိုင်ခုံတစ်ခုပေါ်၌ကား မိန်းမပျိုကလေးသည် ကြင်နာသောအမူအရာဖြင့် ကျွန်တော့်အား စောင့်ဆိုင်းကြည့်ရှုနေသည်ကို တွေ့ရ၏။ အချိန်မှာ မိုးစင်စင်လင်းနေပြီ ဖြစ်၍ နေရောင်ခြည်သည် တဲငယ်၏ အပေါက်များမှ အတွင်းသို့ ထိုးဝင်လျက်ရှိ၏။ မနီးမဝေးတွင် အသက်ငါးဆယ်ကျော်ခန့်ရှိ မိန်းမကြီးတစ်ယောက်ကို လည်းကောင်း၊ ခပ်လှမ်းလှမ်းတွင် အိမ်မှုကိစ္စ ဗာဟီရများကို လုပ်ကိုင်ဆောင်ရွက်နေသည့်အသက် (၁၁) နှစ်ခန့်ရှိ မိန်းမကလေးတစ်ယောက်ကိုလည်းကောင်း တွေ့မြင်ရ၏။

"ဘယ့်နယ်လဲ … သတိကောင်းကောင်းရပြီလား ဆရာ၊ ခေါင်းက ဒဏ်ရာကကော နာသေးသလား"

"နည်းနည်းတော့ သက်သာနေပါပြီ၊ သိပ်မနာတော့ပါဘူး။ ဒါနဲ့ ကျွန်တော်အခု ဘယ်ကို ရောက်နေပါသလဲ ခင်ဗျာ"

"ကျွန်မနေတဲ့ ယာယီတဲစခန်း ဆိုပါတော့"

"ဪ …"

"ဒါထက် … နေပါဦး၊ ဒီငွေပြားကလေးကို ဆရာ ဘယ်လိုလုပ် ရလာပြီး ကျွန်မတို့အသင်း စည်းဝေးတဲ့နေရာကို ဘာကြောင့်ရောက်လာတယ်ဆိုတာ ပြောပါဦး"

"အို … ပြောချင်လှပါတယ်ဗျာ။ သတိရရင် ရချင်း ကျွန်တော် ပြောဖို့ အသင့်ပါပဲ"

ထို့နောက် ကျွန်တော်၏ အဖြစ်အပျက်များကို အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အစမှအဆုံးတိုင် အကျဉ်းချုပ်ပြောပြလေရာ မိန်းမပျိုကလေးမှာ အချို့နေရာတွင် ငေးမောတွေဝေလျက် အချို့နေရာများတွင်လည်း အံ့အားသင့်လျက် ကျွန်တော်ပြောသမျှ စကားများကို တစ်လုံးမကျန် နားစိုက်ထောင်လျက်ရှိ၏။ စကားအဆုံး၌ မိန်းမပျိုကလေးသည် သက်ပြင်းတစ်ချက်ချလိုက်သဖြင့် ကျွန်တော်လည်း အလားတူ သက်ပြင်းချလိုက်ရင်း ၎င်း၏ အရိပ်အကဲကို စောင့်ကြည့်နေမိလေသည်။

မိန်းမပျိုက စတင်၍ …

"ငွေငါးရာတစ်ထောင်ရဖို့ကိစ္စကို ဒီလောက်တောင် အပင်ပန်းခံပြီး လိုက်လာရတာ ဆရာ့မှာ ဆင်းဆင်းရဲရဲမို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး ခင်ဗျာ။ ရန်ကုန်မှာ ဆေးကုဖို့ ရွှေဒင်္ဂါး (၁၀) ပြားပေးပြီး ကျွန်တော့်ကို ခေါ်သွားတဲ့ အချိန်ကစပြီး ဘုရင်မပန်းခြံနားမှာ ပက်ပင်းတွေ့ရတဲ့ လူသတ်မှုရယ်၊ ကျွန်တော်ကောက်ရတဲ့ ပစ္စည်းကလေးကို ကြော်ငြာပုံ ထူးဆန်းတာရယ် ဒီဟာတွေ ဆက်စပ်ပြီး ကြည့်ရတာ စိတ်ဝင်စားစရာကောင်းလွန်းလို့ လိုက်ခဲ့တာပါ ခင်ဗျာ။ ဒို့ပြင်လဲ …"

"ဒို့ပြင်လဲ ဘာပြုတုန်း"

"ဒို့ပြင်ဆိုတာက အမှန်ပြောရမယ်ဆိုရင် ကိုယ်ကျသတဲ့ လူနာတစ်ယောက်အပေါ်မှာ ဆရာဝန်များ စောင့်စည်းအပ်တဲ့ ဝတ္တရားကို ကျွန်တော် ချိုးဖောက်မိလို့ပါပဲ"

"ဆရာ နောက်ဆုံးပြောလိုက်တဲ့စကား ကျွန်မ နားမလည်ပါဘူး"

"ဆရာဝန်များဟာ ကိုယ်ကုသတဲ့ လူနာကို အဖိုရယ် အမရယ် ခွဲလမ်းမှု မရှိစေရဘူး။ လူနာဟာ လူနာပဲ၊ ဒါပေမဲ့ ကျွန်တော်ကတော့ …"

"ကျွန်တော်ဟာ ဘာဖြစ်သလဲ"

"ကျွန်တော်က သံချွန်စူးတဲ့ဒဏ်ရာကို ဆေးကုတဲ့အချိန်ကစပြီး ခင်ဗျားရဲ့ ရုပ်ရည်ကိုရော၊ ကျေးဇူးတင်စကားပြောလိုက်တဲ့ ခင်ဗျားရဲ့အသံကလေးကိုရော စွဲလမ်းနေမိပါတယ်။ ဒါဟာ ဆရာဝန်များရဲ့ ဝတ္တရား၊ ဆရာဝန်များရဲ့ စည်းကမ်းကို ကျွန်တော် ဖောက်ဖျက်တာပါပဲ"

"စကားပြောရင် သတိထားပြောနော်၊ အပြင်မှာ အစောင့်တွေရှိတယ်။ နားလည်လား"

"ကျွန်တော် အမှန်ကိုပြောတာပါ ခင်ဗျာ။ ကျွန်တော့်ကို သတ်ချင် သတ်ပါ။ ဒီစကားပြောပြီးတဲ့နောက် ကျွန်တော်သေရမယ်ဆိုရင် သေဝံ့ပါပြီ"

မိန်းမပျို၏မျက်နှာမှာ အတန်ငယ် မာကျောလျက်ရှိရာမှ မသိမသာ ပြုံးယောင်ယောင် ဖြစ်သွားသည်ကို မြင်လိုက်ရ၏။ ဦးခေါင်းကိုလည်း ငုံ့လိုက်၏။ သို့နှင့် ကျွန်တော်က အရဲစွန့်၍ "နာမည်က ဘယ်လို ခေါ်ပါသလဲ ခင်ဗျာ" ဟု တစ်ဆက်တည်းလိုလို မေးလိုက်လေသည်။

"နန်းကေသီလို့ ခေါ်ပါတယ်"

"ဆန်းသစ်တဲ့ နာမည်ကလေးပဲ၊ ဒါပေမဲ့ ... ရုပ်လက္ခဏာက နာမည်ထက် တောင် ပိုပြီး ..."

"ဒါလောက်တောင်ပဲလား ဆရာရဲ့၊ အမှန်တော့ ကျွန်မဟာ တောသူအရိုင်းအစိုင်းပါ ဆရာရယ်။ ဆိုးသွမ်းတဲ့လူတွေနဲ့ပေါင်းပြီး လျှို့ဝှက်တဲ့ အကြံအစည်တစ်ခုကို ကြံစည်နေတဲ့ဂိုဏ်းက ခေါင်းဆောင်ပါ။ မြို့နဲ့မတန် တောဆန်တဲ့ မိန်းကလေးတစ်ယောက်လို့ ယူဆစေချင်ပါတယ်"

"ဒီလိုမပြောနဲ့လေ၊ ဆရာဟာ အသက်သေချင်သေပါစေဆိုပြီး စွန့်စွန့်စားစားလာခဲ့လို့ အခုတွေ့တာပါ။ ဆရာ့ရဲ့မေတ္တာကို ရဲရဲဝံ့ဝံ့ ပြောပြီးပါပြီ။ သတ်ချင်လည်း သတ်ပါတော့"

ကျွန်တော်သည် ခေတ္တမျှ ဦးခေါင်းကို ငုံ့နေလိုက်၏။

"ကဲ ... ကဲ ... ဒီဟာတွေ အသာထားလိုက်စမ်းပါဦး၊ အလုပ်ရှိတာ ပြောပါရစေဦး။ ဆရာကောက်ရတဲ့ အပေါက်ကိုးပေါက်နဲ့ ငွေပြားကလေးဟာ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ ဆရာသိရဲ့လား"

"မသိပါဘူး မနန်းကေသီရယ်"

နန်းကေသီသည် နေရာမှထ၍သွားကာ အခန်းထောင့်တစ်ခုတွင် ရှိသော အလွန်ဟောင်းနွမ်းသည့် သေတ္တာကြီးတစ်လုံးအတွင်းမှ ငွေပြားကလေးတစ်ခုကို ထုတ်ယူခဲ့ပြီးလျှင် ကျွန်တော့်အား ပြသ၏။ ထိုငွေပြားကလေးမှာ ကျွန်တော် ကောက်ရခဲ့သော အပေါက်ကိုးပေါက်ပါသည့် ငွေပြားအရွယ် အချိုးအစားအားဖြင့် ထပ်တူထပ်မျှ တူညီလှ၏။ သို့သော် အပေါက်တူ၍ တစ်စုံတစ်ရာမပါဘဲ မြန်မာဘာသာဖြင့် ရေးထားသည့်စာများ ပါရှိရာ ဤစာမျက်နှာတွင် ပါသည့်ပုံအတိုင်း ဖြစ်လေသည်။

"ဘယ့်နယ်လဲ ... ဆရာ၊ ဒါဟာ ဘာလဲ သိရဲ့လား"

"မသိပါဘူး ခင်ဗျာ"

"စာတွေကို မြင်ရတယ် မဟုတ်လား"

"မြင်ရပါတယ်"

"ကဲ ... ဒါဖြင့် ဖတ်စမ်းပါ"

ကျွန်ုပ်၏ နောင်လာနောက်သားများ ကျွန်ုပ်၏ဘဏ္ဍာများကို လှို့ဝှက်၍ရသော ကျွန်ုပ်၏ ရွှေငွေစိန်သေတ္တာနစ်လုံးနှင့် ဘဏ္ဍာများ ထားရာအရပ်...

လက်ခုပ်ပင်ကြီးနစ်ပင်၏ အောက်ခြေရင်း တည့်တည့် ...

ထားရာမရှိ အရပ်ကားရှိ၏။ ညီတူညီမျှခွဲယူကြလေ ...

ဘုရားပျက်တောင် ချေးတစ်ဟောင်းမရှိ၊ အနောက်မြောက် အရှေ့ရှူးစူး လမွန်းတည့်သောအချိန် သွား၍ယူပါ။ မြောက်ဘက်ကို မလာခင် တောင်ဘက်စူးစူးကို သွား၊ ရှမ်းပြည်နယ်တောင် ညောင်ရွှေစော်ဘွား၊ မြောက်ပိုင်းနှင့် ပင်တိုင်စံနှင့်အခေါင်းမရှိသော ဝါးပင်ပိတ်နေပြီ၊ ချောင်း၏ တောင်ဘက်က ..."

နစ်ဦးစပ်မိသောအခါမှ ၎င်းပစ္စည်းကို ခွဲယူပါရမည်။ ဉာဏ်ကောင်းလျှင် ပေါင်းစပ်ယူ၊ ထိုက်သူယူ ကိုးပွင့်ဆိုင်စာများကို ဖတ်ပြီးနောက် ကျွန်တော်က ...

"ဘယ်လို စာတွေလဲဗျာ။ ဖတ်လို့တော့ရပါရဲ့ ဘာအဓိပ္ပာယ်မှ မရှိဘူး။ ရေးထားတာကတော့ဖြင့် သိုက်စာလိုလို စာဝှက်တွေပဲ"

"မှန်ပါတယ် ... ဆရာ စာဝှက်ပါပဲ။ ကျွန်မတို့ ခမည်းတော်ဘုရားက စီမံပြီး ထားခဲ့တာပါ။ သူ့ ဥစ္စာပစ္စည်းတွေကို တစ်နေရာမှာ ဝှက်ထားပြီး ငွေပြားပေါ်မှာ ဒီစာတွေကို ရေးထားခဲ့ပါတယ်"

"အဓိပ္ပာယ်မရှိဘဲနဲ့ ဒီစာကို ဘယ်လိုလုပ်ပြီး အဓိပ္ပာယ်ပေါ်အောင် ဖတ်ရမှာလဲ မနန်းကေသီ"

ထိုအခါ နန်းကေသီသည် ကျွန်တော့်ထံမှ ရရှိသော အပေါက်ကိုးပေါက်ပါသည့် ငွေပြားကလေးကို ယူလာပြီးနောက် ...

"ကဲ ... ဆရာ၊ စာပါတဲ့ ငွေပြားကို အောက်ကထားပြီး ဆရာကောက်ရတဲ့ အပေါက်ကလေးတွေပါတဲ့ ငွေပြားကို အပေါ်ကထပ်လိုက်စမ်းပါ။ ဘာစာတွေ ပေါ်လာသလဲ။ အို ... ဒီလိုမဟုတ်သေးဘူး၊ ၁-၂-၃ ဂဏန်းလေးတွေ ပါတယ် မဟုတ်လား။ အဲဒီအတိုင်း အံကျအောင် အပေါ်ကထပ်မှပေါ့။ အဲ ... ဟုတ်ပြီ"

ကျွန်တော်သည် မနန်းကေသီပြောသည့်အတိုင်း ငွေပြားကလေး နှစ်ချပ်ကို တိတိကျကျညီအောင် ပြုလုပ်၍ ထပ်ကြည့်လိုက်၏။ ထိုအခါ၌ကား အထက်မှ စ၍ အောက်အထိအပေါက်ကလေး ကိုးပေါက်အတွင်းမှ ပေါ်လာသောစာများကို တွေ့မြင်ဖတ်ရှုရလေရာ အထက်မှ အောက်သို့ အစဉ်လိုက်ဖတ်သောအခါ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ကျွန်ုပ်၏ ဘဏ္ဍာများကို
(၂) ထားရာအရပ်ကား
(၃) ဘုရားပျက်၏
(၄) မြောက်ဘက်စူးစူး
(၅) ညောင်ပင်
(၆) အခေါင်းပိတ်
(၇) နေပြီး တောင်ဘက်က
(၈) ခွဲယူပါ
(၉) ဉာဏ်ကောင်းလျှင် ပေါင်းစပ်ယူ

"ဘယ့်နယ်လဲ ဆရာ"

"ဟာ ... ဒီလိုတော့ အဓိပ္ပာယ်ပေါ်လာတာပဲ။ နေရာကိုတော့ မနန်းကေသီ သိရဲ့မဟုတ်လား"

"သိပါတယ် ... ဆရာ၊ ယူရုံပဲ ရှိပါတော့တယ်"

ထို့နောက် တစ်ခါတည်း ဆက်လက်၍ ...

"ဪ ... စောဒွေး ... စောဒွေး၊ ဒီဟာအတွက် အသက်ကို အသေခံသွားရရှာတယ်။ ရန်ကုန်မှာ အသတ်ခံရတာဟာ နန်းကေသီရဲ့မောင်ဝမ်းကွဲ စောဒွေးတဲ့ ဆရာရဲ့။ သူနဲ့ ကျွန်မတစ်ဝက်စီ မျှမျှတတရအောင်ဆိုပြီး ခမည်းတော်ဘုရားက ဒီငွေပြားကလေးပေါ် စာဖွဲ့ရေးပြီး အဲဒီငွေပြားကို ကျွန်မလက်ထဲ ပေးခဲ့တယ်။ အဖြေထွက်မယ့် အပေါက်ကိုးပေါက်ပါတဲ့ ကိုးပွင့်ဆိုင်ငွေပြားကိုတော့ သူ့ကို ပေးခဲ့တယ်။ သို့ပေမဲ့ ... သူက လောဘကြီးပြီး ခမည်းတော်ဘုရားရဲ့ပစ္စည်းတွေ အားလုံးကို အကုန်လိုချင်တဲ့အတွက် မန္တလေးဟိုတယ်မှာ အသတ်ခံရတဲ့ စောထွန်းမောင်ဆိုတဲ့ လူဆိုးနဲ့ပေါင်းပြီး ကျွန်မကို မကောင်းကြံကြတာပေါ့ ဆရာရယ်"

"ဪ ... အရပ်မြင့်မြင့်နဲ့ ဦးစောတင်ဆိုတဲ့ လူဟာလား"

"ဘယ်ကလာ ဦးစောတင် ဟုတ်ရမှာလဲ၊ သူ့နာမည်က စောထွန်းမောင်တဲ့။ ကျွန်မမောင်ကို ရန်ကုန်မှာ သတ်လိုက်တဲ့လူပေါ့။ ပြီးတော့ ... ရှင် ကောက်ရတဲ့ ငွေပြားကလေးကိုငွေတစ်ထောင်ပေးမယ်လို့ကြော်ငြာတာလည်းသူပဲ။ ဒီပစ္စည်းကလေးကို သူ ရအောင် ရှာပြီး ပစ္စည်းရောလူပါ ရအောင်ဆိုပါတော့ ဆရာရယ်။ ဒီလောက်ပြောရင် ဆရာနားလည်လောက်ပါပြီ"

"နေပါဦး ခမည်းတော်ဘုရားက ဘယ်လိုစုဆောင်းပြီး ဘယ်လိုဝှက်ထားခဲ့ပုံလဲ"

"သူ့တာပည့်တပန်းတွေနဲ့ စုဆောင်းရှာဖွေခဲ့တဲ့ ပစ္စည်းတွေပေါ့ ဆရာရယ်။ ဒီလောက်ပဲ ပြောပါရစေတော့။ ဟိုရှေးက အကြောင်းတွေ ပြန်ပြောင်းပြောရမှာ ရင်ထဲမှာ ဆို့လွန်းလို့ပါ"

ဤသို့ စကားလက်စကို ဖြတ်လိုက်သဖြင့် ကျွန်တော်လည်း တိတ်ဆိတ်နေလိုက်ရ၏။

"ရန်ကုန်မှာ ဆေးကုတုန်းက ဒီစောထွန်းမောင်ဆိုတဲ့ အရပ်မြင့်မြင့် လူကို မနန်းကေသီက မောင်တော်ကြီးလို့ ခေါ်နေတော့ မောင်နှမလို့ ဆရာက ထင်နေတာပေါ့"

"မဟုတ်ပါဘူး ... ဆရာ၊ အိမ်မှာ ယောကျ်ားဆိုလို့ ကြီးကြီးမားမား သူ တစ်ယောက်တည်း ရှိတာကြောင့် ကျွန်မက မောင်တော်ကြီးလို့ ခေါ်တာပါ။ စောဒွေးဆီက ငွေပြားကို သူ ပထမရအောင် ကြံပြီးမှ ကျွန်မဆီက ပစ္စည်းကို တစ်နည်းနည်းနဲ့ ပြန်ယူဖို့ အတွင်းကျိတ် ကျိတ်ကြံနေတဲ့လူပေါ့"

"နောက်ဆုံးတော့ သူလည်း သေရတာပဲ မဟုတ်လား"

"သူတစ်ပါးကို မကောင်းကြံတဲ့လူဟာ ကိုယ့်မကောင်းမှုကို ကိုယ်ပဲ ပြန်ခံရတတ်တာပဲ မဟုတ်လားဆရာ"

"မှန်လိုက်လေဗျာ ... ဒါထက် ကိုးပွင့်ဆိုင်ဆိုတဲ့ အသင်းမှာ မနန်းကေသီက ခေါင်းဆောင်ဆိုပါတော့"

"ပြီးပြီးသားကိစ္စတွေ ပြောမနေပါနဲ့တော့ ... ဆရာရယ်။ ကျွန်မရဲ့ အလုပ်လည်း ပြီးလို့ ဒီအသင်းကိုလည်း ဒီကနေ့ပဲ ဖျက်လိုက်ပါပြီ။ ဖျက်ရုံမကဘူး၊ ကျွန်မတို့ အသင်းပိုင်တဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကိုလည်း လျှို့ဝှက်တဲ့ နည်းနဲ့ အစိုးရကို တစ်ခါတည်း အပ်လိုက်တော့မယ်လို့ စိတ်ကူးထားပါတယ်"

"ဒါ အကောင်းဆုံးပဲ မနန်းကေသီ။ ဒါထက် ဂူထဲက စက်တွေ ..."

စကားမဆုံးမီ နန်းကေသီက ...

"ဒီစက်က ခမည်းတော်ရှိစဉ်က နိုင်ငံခြားက လျှို့ဝှက်ပြီးမှာခဲ့တဲ့စက်ပဲ ဒေါက်တာရဲ့။ (၄၇) ခုနှစ် အရေးတော်ပုံမှာ လူစုလူဝေးနဲ့ အင်္ဂလိပ်မျက်နှာဖြူတွေကို တော်လှန်ခဲ့တယ်။ ဒီအချိန်တုန်းက မျက်နှာဖြူတွေကို မျက်နှာလို မျက်နှာရလုပ်ပြီး သစ္စာဖောက်တဲ့ လူတွေကို ကွပ်မျက်ခဲ့တဲ့စက်ပဲ ဒေါက်တာ။

သို့ပေမဲ့ ဘာပဲဖြစ်ဖြစ် အခုတော့ ဖျက်စီးပစ်ရမှာပဲ။ ဖျက်ဆီးဖို့ကလည်း လွယ်ပါတယ်။ ဂူရဲ့မြောက်ဘက်ပိုင်းကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲလိုက်ရုံပါပဲ"

"ကောင်းပါတယ် ... မနန်းကေသီ"

"ကျွန်မတို့လုပ်နေရတဲ့ကိစ္စကနိုင်ငံရေးလည်းမဟုတ်ဘူး။စီးပွားရေးလည်းမဟုတ်ဘူး၊ သူတစ်ပါးပစ္စည်းကို တိုက်ဖို့ခိုက်ဖို့လည်း မဟုတ်ဘူး၊ ခမည်းတော်ဘုရားရဲ့ ပစ္စည်းဘဏ္ဍာတွေဟာ မတရားတဲ့သူတွေလက်ထဲ မရောက်အောင်ကာကွယ်တဲ့အနေနဲ့ လုပ်ရတာပါ။ ကျွန်မဟာ ဘယ်လောက်ပဲ ပညာဉာဏ် ရှိပေမဲ့ မိန်းမသားတစ်ယောက် ဖြစ်တဲ့အတွက် ကိုယ်ယုံကြည်စိတ်ချရတဲ့ လူတွေကိုဖွဲ့စည်းပြီး တည်ထောင်ရတာပါ ဆရာရယ်"

"ဟုတ်တာပေါ့လေ ... လောကကြီးမှာ ကိုယ်က တရားပေမဲ့ ကိုယ့်အပေါ်မှာမဟုတ်တရားကြံတဲ့ ဘေးအန္တရာယ်ကိုတော့ ကာကွယ်ရပေမပေါ့"

ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ဗိုလ်တဲတွင် ကျွန်တော့်အတွက် စိုးရိမ်မကင်းဖြစ်ကာ စောင့်မျှော်ပူပန်နေရှာမည့် ကိုသန်းဖေကို သတိရသည်နှင့် ...

"ဩော် ... ဒါထက် ဗိုလ်တဲမှာ ရှိနေတဲ့ ကျွန်တော့်မိတ်ဆွေ ကိုသန်းဖေကတော့ ကျွန်တော် ထွက်လာတာလည်း မသိ၊ ပြန်လည်းမလာလို့ ကျွန်တော့်အတွက် အင်မတန် စိတ်ပူနေရှာရော့မယ်"

"ဒါအတွက်တော့ မပူပါနဲ့ ... ဆရာ၊ မကြာခင် ဆရာ ပြန်ရောက်ပါလိမ့်မယ်ဆိုတဲ့အကြောင်း စာတစ်စောင်ရေးပြီး ဆရာ့မိတ်ဆွေဆီကို လူတစ်ယောက်အပို့လွှတ်လိုက်ပါပြီ"

"ကျေးဇူးပါပဲ ... ခင်ဗျာ၊ ကျွန်တော် ဘယ်မှာ တည်းခိုတယ်ဆိုတာတောင်သိနေမှကိုး"

"ဒီနယ်မှာကျွန်မတို့သူလျှိုတွေက အနှံ့အပြားရှိတာပဲ။ အထူးသဖြင့် မျက်နှာဖြူအစိုးရလူတွေရဲ့အသွားအလာကို စောင့်ကြည့်နေရပါတယ်"

"အင်း ... ကြုံကြုံဖန်ဖန် ဒီငွေပြားကလေး အကြောင်းပြုပြီး မနန်းကေသီနဲ့ မမျှော်လင့်တဲ့နေရာမှာ မမျှော်လင့်ဘဲ လာတွေ့ရတာ အံ့ဩစရာပဲနော်"

"ဒါထက် ပြောရဦးမယ်၊ ရန်ကုန်မှာ ဆရာကောက်ရခဲ့တဲ့ ငွေပြားကလေး မရှိရင် ဘယ်နည်းနဲ့မှ ဒီစာကို ဖတ်လို့ရမှာ မဟုတ်ဘူး။ ဆရာဆီကရတဲ့ အပေါက်ကလေးကိုးပေါက်ပါတဲ့ ငွေပြားဟာ ဒီဘဏ္ဍာသိုက်ရဲ့ သော့ချက်ပဲ မဟုတ်လား ဆရာရဲ့"

"ဟုတ်တာပေါ့ နန်းကေသီ"

"ကဲ ... ဒီတော့ ဒီပစ္စည်းတွေရတဲ့အခါ ဆရာ တစ်ဝက်မဆိုင်ပေဘူးလား"

"မဟုတ်တာဗျာ ... ဆရာ ဒီလိုသဘောမထားပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဆရာ ဒီကိုလိုက်လာသေးသလဲ။ ပြီးတော့ ... ဆရာ့မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရပြီး ခေါင်းမှာလည်း ဒဏ်ရာရနေပြီ။ ဒီဟာတွေ အတွက် ဆရာ့ကို ကျွန်မက လျော်ကြေးပေးထိုက်တယ် မဟုတ်လား"

"ရွှေတွေ ငွေတွေ ဆရာ မလိုချင်ပါဘူး"

"ဒါဖြင့် ဘာလိုချင်သလဲ ပြောပါဦး"

"မနန်းကေသီရဲ့ မေတ္တာနဲ့ စေတနာ"

"အို ... ဆရာကလည်း ဒါကတော့ တဖြည်းဖြည်းရစေ့မယ်ပေါ့"

# သစ်သုံးပင်ဂူကြီး

အချိန်မှာ ၁၉၅ ---- ခုနှစ် ကုန်ဆုံးခါနီး အချိန်ဖြစ်၍ မြန်မာ့ဆောက်လုပ်ရေး ကုမ္ပဏီတွင် ကျွန်တော်သည် အဖွဲ့ဝင်တစ်ဦး၊ လက်သမားခေါင်း၏ ဒုတိယခေါင်း ဆောင် လက်ထောက်အဖြစ်ဖြင့် လုပ်ကိုင်ခဲ့ပါသည်။ လက်သမားခေါင်း ကျွန် တော်နှင့်တကွ ကျွန်တော်တို့ အလုပ်သမားများအား တင်ဆောင်လာသည့် သုံးတန်ထရပ်ကားကြီးသည် မြန်မာပြည်အရှေ့မြောက်ပိုင်းရှိ တောတောင်ဒေသ များမှ ထူထဲသော တောကြီးအထပ်ထပ် တောင်အသွယ်သွယ်တို့ကို ကျော်ဖြတ် ကာ ပင်ပန်းခက်ခဲစွာနှင့် မိုင်းယောင်းမြို့ကလေးသို့ ဆိုက်ရောက်ခဲ့ရာ အချိန်မှာ ညနေ နစ်နာရီကျော် သုံးနာရီထိုးနီးပါးပင် ရှိနေခဲ့လေပြီ။

ကျွန်တော်သည် ကားပေါ်မှ ဆင်းလျှင်ဆင်းခြင်း ကျွန်တော်တို့ထက် အလျင်စော၍ ပထမဦးစွာ ရောက်ရှိနေသော လက်သမားအဖွဲ့မှ သူငယ်ချင်း ဖြစ်သူ မောင်ညိုကြီးအား လိုက်လံရှာဖွေရပါတော့သည်။ အခြားနေရာများတွင် မေးမြန်းစုံစမ်းသော်လည်း မရသဖြင့် အလုပ်သမားရုံးသို့ နောက်ဆုံးသွားရောက် မေးမြန်းသောအခါမှ ၎င်းအလုပ်လုပ်နေသည့် သစ်စက်ကို သိရတော့သဖြင့် ထိုသစ်စက်သို့ သွားရောက်ရှာဖွေရာ မောင်ညိုကြီးအား ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပါတော့၏။

မောင်ညိုကြီးသည် ကျွန်တော့်ကို မြင်သောအခါ ပထမတွင် အတန်ငယ် အံ့အားသင့်နေပြီးနောက် ကျွန်တော်ရှိရာသို့ ပြေးလာကာ ဖက်လဲတကင်း ပွေ့ဖက် နှုတ်ဆက်ပါတော့သည်။ မြန်မာလူမျိုးများ တွေ့ကြရသဖြင့် ကျွန်တော်တို့မှာ ပျော်ရွှင်၍မဆုံးနိုင်အောင် ရှိပါတော့သည်။

ညိုကြီးသည် ကျွန်တော်၏ပခုံးကို အတင်းဖက်လျက် ...

"ဘယ့်နယ်လဲ ... မိုးအောင်၊ ငါဖြင့်ကွာ ဒီအထိ မင်းလိုက်လာလိမ့်မယ် မထင်မိဘူး၊ တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲ သူငယ်ချင်း၊ ဘာလဲ မင်း ဟိုမှာ အလုပ်အကိုင် မပြေလည်ဘူးလား"

"မဟုတ်ပါဘူးကွာ၊ စရိတ်မကုန်ဘဲနဲ့ နယ်နှံ့အောင်ရောက်ရင်ပြီးရောဆိုပြီး အဆင်သင့်တာနဲ့ လိုက်လာတာပါကွ"

"အေးကွယ် ... ကောင်းပါတယ်၊ ငါတော့ မင်းရောက်လာတာ သိပ်ဝမ်းသာတာပဲ"

"ငါလည်း ဝမ်းသာတာပေါ့ကွာ၊ အသိဆိုလို့ ဒီမှာ မင်းတစ်ယောက်ပဲ ရှိတယ် မဟုတ်လားကွ"

စရိတ်စကမကုန်ကျဘဲ ဤနေရာသို့ ရောက်ခဲ့သည်မှာအမှန်ပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တောင်ကြီးမြို့ရှိ မြန်မာ့ဆောက်လုပ်ရေး ကုမ္ပဏီ (ရှောပီကုမ္ပဏီ) မှ မိုင်းယောင်းမြို့ တပ်ရင်း ၃ အခြေစိုက်လျက် ရှိသောနေရာတွင် တိုးချဲ့၍ စစ်တန်းလျား(လိုင်း)များ ဆောက်လုပ်ရန် လက်သမားအဖွဲ့ စုဆောင်းလျက်ရှိရာ ခရီးစရိတ်အတွက် ကုမ္ပဏီကအကုန် အကျခံပြီးလျှင် စားသောက်စရိတ်အတွက်ကိုမူ လက်သမားခေါင်းက အကုန်အကျခံရမည်ဟူသော နစ်ဦးနစ်ဖက် နားလည်မှုဖြင့် ဤနေရာသို့ ကျွန်တော် ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ ကျွန်တော့်မှာ သားမယား မရှိသေးသော လူလွတ်တစ်ယောက်ဖြစ်သည့်အပြင် နဂိုကလည်း တောလည်ခြင်း၊ ခရီးသွားခြင်း၊ စွန့်စားခြင်း စသည်တို့ကို ဝါသနာပါသူ တစ်ယောက်ဖြစ်သည့်အလျောက် နေ့တွက်မှန်မှန်စီ၍ စရိတ်စကမကုန်ဘဲ

နေရာအနှံ့အပြား ခရီးသွားရသည့်အလုပ်ကို သဘောတူလက်ခံကာ လက်မှတ်ရေးထိုးလိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။

"ဟော့ ... ဖိုးညို ... စီစဉ်စရာ ပြောစရာရှိတာတွေ နောက်မှလုပ်ကြတာပေါ့ကွာ။ အခုလောလောဆယ် ခါနာဆာတယ်ကွ။ အဲဒါ ... မင်းကြည့်လုပ်ဦး"

"ဒီအတွက် ကိစ္စမရှိပါဘူးကွာ။ တို့ အလုပ်သမားတွေအတွက် "ကင်တင်း" ဖွင့်ထားတယ်ကွ၊ ထမင်းလည်း ရတယ်"

မောင်ညိုကြီးမှာ ပထမဆုံးအဖွဲ့နှင့်အတူ ရောက်နှင့်သူဖြစ်သဖြင့် စခန်း၏အနေအထားနှင့်တကွ နယ်မြေရပ်ရွာဒေသကိုပါ ကောင်းစွာ ကျွမ်းကျင်ပြီး ဖြစ်လေသည်။

နောက်မှ "မိုင်းယောင်း" မြို့အကြောင်းကို ကျွန်တော် သိရှိရသည်မှာ မြို့ကလေးသည် ပေ ၃၀၀ ကျော် ၄၀၀ ခန့်မြင့်သည့် တောင်ကုန်းကလေးတစ်ခု၏ဆင်ခြေလျှော၌ တည်ရှိပြီးလျှင် တရုတ်-မြန်မာ နယ်စပ်နှင့် (၁၅) မိုင် ကျော်ကျော်ခန့်သာ ကွာဝေး၏။ ထိုမြို့ကလေးမှာ တရုတ်ပြည်ကြီးသို့ (၂၆) မိုင်သာဝေးသည်ဟု သိရ၏။ တောင်ကုန်း၏ ဆင်ခြေလျှောကို နောက်ခံထား၍ တည်ဆောက်ထားသော မြို့ကလေးမှာ တစ်မျိုးတစ်ဖုံ စိတ်ဝင်စားဖွယ် ကောင်းပြီးလျှင် ထိုတောင်ကုန်းပေါ်မှ ခရစ်ယာန်ဘုရား ရှိခိုးကျောင်းကြီးတစ်ဆောင် တည်ရှိရာယခင်က တရုတ်ဖြူတို့ သိမ်းဆည်းအသုံးပြုခဲ့ဖူး၍ ယခုအချိန်၌မူ တပ်မတော်က အပြီးအပိုင် သိမ်းပိုက်ထားခဲ့လေပြီ။

ကျွန်တော်တို့ ကုမ္ပဏီအဖွဲ့ ရောက်သည့်အချိန်မှစ၍ နံနက်ပိုင်း "ဈေး" ဖြစ်ပြီးလျှင် ငါးရက် တစ်ကြိမ်ကျ ဈေးကြီးတည်ခင်းကြ၏။ ကျွန်တော်တို့ တည်ဆောက်လျက်ရှိသော "လိုင်း"များမှာ မိုင်းယောင်းမြို့နှင့် နှစ်မိုင်ခန့်ကွာဝေး၍ နက်ရှိုင်းထူထပ်သော ဝါးရုံအုပ်ကြီးများကို "ဘူဒိုဇာ" များနှင့် ရှင်းလင်းပြီးနောက် မြေညှိ၍ စခန်းဆောက်ခြင်းဖြစ်ပါသည်။

ပထမရောက်စက ကျွန်တော့်မှာ အခက်အခဲရှိသော်လည်း နောက် တဖြည်းဖြည်း နေသားထိုင်သားကျ၍ သွားသောအခါ မည်သည့်အရာမဆို အဆင်ပြေ၍

သွားပါတော့၏။ နောက်ရက်များ မကြာမီအတွင်း၌လည်း ကျွန်တော်တို့အဖွဲ့ နေထိုင်ရန် ယာယီတဲစခန်းများ စတင်ဆောက်လုပ်ကြရပြီးလျှင် အပြီးသတ်သောအခါ အခန်းများဖွဲ့၍ တစ်ခန်းလျှင် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ အလျဉ်းသင့်သလို နေကြရပါသည်။ ယခင်က တထိတ်ထိတ် တလန့်လန့်နေကြရသော ဒေသဖြစ်သော်လည်း ယခုအချိန်၌မူ တပ်မတော်၏ ထိုးစစ်ဒဏ်ကြောင့် မြန်မာ့မြေပေါ်တွင် ကျူးကျော်ခဲ့သော တရုတ်ဖြူတို့၏ ရန်ကို လုံးဝကြောက်ရွံ့ရန်မလိုတော့ပါ။ တစ်ချိန်က ထိုဒေသတွင် တရုတ်ဖြူတို့သည် အလုံးအရင်းနှင့် တပ်စွဲနေထိုင်ကာ ပဒေသရာဇ်ဆန်စွာ အုပ်ချုပ်ခဲ့သော်လည်း တပ်မတော်က ၎င်းတို့အား အောင်မြင်စွာ တိုက်ထုတ်နိုင်ပြီးလျှင် ထိုဒေသကို သိမ်းယူထားပြီးဖြစ်သဖြင့် ကျွန်တော်တို့ ရောက်ရှိသွားသောအခါ၌မူ အေးချမ်းသာယာစွာ ရှိနေပါတော့သည်။ ပထမ၌ ရွာသူရွာသားတို့မှာ မြန်မာ့တပ်မတော်အား ကြောက်ရွံ့ရတော့မည်ကဲ့သို့ ရှိနေခဲ့သော်လည်း နောင်တဖြည်းဖြည်း နားလည်မှု ရရှိလာသောအခါ တပ်မတော်အား ကြည်ညိုအားကိုး၍ လာခဲ့ကြသည်မှာ ယခုအချိန်အထိပင် ဖြစ်ပါတော့သည်။ သို့သော် တရုတ်ဖြူ ငပုကောင်တို့၏ လက်ပါးစေ အကြွင်းအကျန်တို့ကား အနည်းငယ် ကျန်ရှိသေး၏။

အလုပ်အားလပ်သောရက်များ၌ ကျွန်တော်သည် မောင်ညိုကြီးနှင့်အတူ အနီးပတ်ဝန်းကျင်ရှိ ရှမ်းရွာကလေးများသို့ သွားရောက်လည်ပတ်ရသည်မှာ ကျွန်တော့်အတွက် အမြတ်တစ်ခုပင်ဖြစ်သည်ဟု ထင်မိ၏။ သို့နှင့် အချိန်တဖြည်းဖြည်းကြာမြင့်လာသောအခါထိုအရပ်သုံး "လီ" ရှမ်းဘာသာစကားကိုပင် ထမင်းစားရေသောက်မှစ၍ တဖြည်းဖြည်း ကောင်းစွာပြောဆိုတတ်သည့် အချေသို့ပင် ရောက်ရှိလာခဲ့လေပြီ။

အလုပ်အားလပ်သော နေ့တစ်နေ့၌ ကျွန်တော်သည် မောင်ညိုကြီး နှင့်အတူ အခြားသူငယ်ချင်းတစ်ယောက်ပါ သုံးယောက်သားတို့သည် ကျွန်တော်တို့စခန်းနှင့် ၃-၄ မိုင်ခန့်ဝေးသော "နမ်းလိမ်းခံ" ခေါ် ရွာကလေးသို့ သွားရောက်ကြ၏။ ရွာထဲသို့ ဝင်လိုက်လျှင်ပင် ရွာသူရွာသားများသည် ကျွန်တော်တို့အား လူထူး

လူဆန်းများသဖွယ် ကြည့်ရှုလျက်ရှိကြရာ ၎င်းတို့မှာ "လီ"ဘာသာစကားပြော သည့် ရှမ်းလူမျိုးများ ဖြစ်ကြ၏။ ၃-၄ အိမ်ခန့် ရွာထဲသို့ ဝင်မိသောအခါ အသက် ၄၀ ခန့်ဟု ခန့်မှန်းရသည့် တစ်ကိုယ်လုံး ဆေးများ အပြည့်ထိုးထားသော ရှမ်း အမျိုးသားကြီးတစ်ယောက်သည် ၎င်းတို့ အရပ်သုံးဘာသာစကားဖြင့် ကျွန် တော်တို့အား စတင်နှုတ်ဆက်ပါတော့၏။

"ဝေ့ ... နောင်စိုင်းကွာဆောင်လဲဟား"

"မကြှိုက်ပီနောင် မတ်မခိုင်ဟား"

ဆိုလိုသည်မှာ ...

"လူပျိုလှည့် လာကြသလားဟေ့ ညီလေးတို့" ဟုမေးခြင်းဖြစ်၏။ သို့နှင့် ကျွန်တော်က လူပျိုလှည့်လာခြင်းမဟုတ်၊ အုန်းသီးဝယ်ရအောင် လာခြင်း ဖြစ်ကြောင်း၊

"မတ် ... ဟား မတ်လိုက်ယောက်ခ မလယ်ကြင်နမ် မနိတ်ဆောင်တီ နိက် မမည်ယောက်ဝေ" ဟုပြန်ပြောလိုက်၏။

ထိုအခါ ရှမ်းကြီးက ...

"အုန်းသီးလား၊ အုန်းသီးတော့ရမယ်။ အပျိုတော့ ဒီမှာမရှိဘူးဟေ့၊ လာကြ လေကွယ်၊ လက်ဖက်ရည်သောက်ကြရအောင်" ဟု ရယ်ရယ်မောမောနှင့် ဖော် ရွေစွာ ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့သုံးယောက်သည် ဝါးဖြင့် ဆောက်လုပ်ထား သော အိမ်ကလေးပေါ်သို့ တက်ခဲ့ကြရလေသည်။ ရှမ်းကြီးအနီးတွင် ထိုင်၍နေ သော လူငယ်နှစ်ယောက်ကလည်း ကျွန်တော်တို့အား ရှိသေလေးစားသော အမူ အရာဖြင့် နေရာဖယ်၍ ပေးကြ၏။

(ထိုနေရာမှစ၍ စာဖတ်သူများအလွယ်တကူ နားလည်နိုင်စေရန် ကျွန် တော်တို့ပြောသော ရှမ်းဘာသာစကားများကို မြန်မာဘာသာဖြင့် ရေးသားပါအံ့)

"ကုမ္ပဏီက အလုပ်သမားတွေပဲလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက အလုပ်သမားတွေပါပဲ"

"အေး ... အေး ... အခုလိုတွေ့ရတာ ဝမ်းသာသကွယ်၊ နောက်လည်း အချိန်မရွေး ဝင်ကြထွက်ကြပေါ့"

ရှမ်းကြီးမှာ အလွန်သဘောကောင်းပုံပေါ်၏။ အသက် (၄၀) ခန့်ဟု ထင်ရသော်လည်း ၎င်း၏ ဖြူဖွေးသော အသားအရေမှာ နုပျိုသောအသွင်ကို ဆောင်လျက် လည်ကုပ်ပေါ်သို့ ဝဲကျလျက်ရှိသော သူ၏ ဆံပင်များမှာလည်း ကားရားရှိနေသည့် ၎င်း၏နှုတ်ခမ်းမွေးနှင့် အလွန်ပင် ပနံရလှပေ၏။ ဥပမိရုပ်တစ်ခုလုံးကို ခြုံ၍ကြည့်သော် ခန့်ညားထည်ဝါသော အသွင်အပြင်ကို ဆောင်လျက်ရှိလေသည်။

ကျွန်တော် တစ်ခုသတိပြုမိသည်မှာ ထိုအိမ်တွင် အမျိုးသမီးဟူ၍ လုံးဝမတွေ့ရခြင်းပင် ဖြစ်လေသည်။ သို့နှင့် ကျွန်တော်က ...

"အမေတို့ကော ဘယ်သွားကြသလဲ၊ ဈေးသွားကြသလား"

"အင်း ... သူသေသွားရှာတာ အတော်ကြာပြီကောကွယ်၊ အခုလာမယ့်သကြန်မှာဆိုရင် (၅) နှစ်ပြည့်ပြီကွယ့်၊ ဟောဒီသားကလေးတစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်"

ရှမ်းကြီးသည် သူ့အနီးတွင် ထိုင်၍နေသော လူရွယ်နှစ်ယောက်အနက် တစ်ယောက်ကို လက်ညှိုးထိုး၍ ညွှန်ပြရင်း တစ်လုံးချင်း ကျွန်တော့်အား ပြောပြလေသည်။ ထိုအခါ ကျွန်တော်က ...

"ဒီလိုပေါ့ ... ဦးလေးရယ်၊ ဘဝဆိုတာ ဒီလိုအဖြစ်မျိုးနဲ့ တွေ့ကြရတာချည်းပေါ့၊ သေခြင်းတရားဆိုတာ သူသူငါငါ ဘယ်သူမှ လွန်ဆန်နိုင်ကြတာမှ မဟုတ်ဘဲ"

ကျွန်တော်သည် ရှမ်းကြီးအပေါ်၌ အကယ်ပင် ကရုဏာစိတ်ဖြစ်ကာ ၎င်းအား နှစ်သိမ့်စေသည့် အနေဖြင့် ပြောပြလိုက်လေသည်။

"ကဲ ... မင်းတို့ အုန်းသီးလိုချင်ကြရော့မယ်၊ သွားကွယ် အိုက်ခွန်၊ အုန်းပင်ကို လူကလေးတက်ပြီး ဆွတ်ပေးလိုက်စမ်း"

ထိုအခါ လှုငယ်နှစ်ယောက်အနက် အိုက်ခွန်ဆိုသော လူငယ်သည် ကျွန်တော်တို့အား အထူးအဆန်းသဖွယ် ဂရုတစိုက် ကြည့်ရှုလျက်ရှိရာမှ အိမ်ရှေ့ အုန်းပင်များရှိရာသို့ ခပ်သုတ်သုတ် ဆင်းသွားလေ၏။ အခြားလူငယ်သည်လည်း အိုက်ခွန်နှင့်အတူလိုက်၍ သွားပြီးလျှင် ရှဉ့်ကလေးများကဲ့သို့သော ကျင်လည်ခြင်းဖြင့် တစ်ယောက်တစ်ပင်စီတက်၍ သွားကြလေသည်။ ဤကဲ့သို့ တက်သွားစဉ် အိုက်ခွန်က လှမ်း၍ "ဘယ်နလုံးလဲ အစ်ကိုရေ့" ဟု မေးလိုက်ရာ မောင်ညိုကြီးက "ခြောက်လုံး ခူးခဲ့ကွာ" ဟု အော်၍ပြောလိုက်လေသည်။ မကြာမီ အချိန်အတွင်း၌ပင် သူတို့နှစ်ယောက်သည် အုန်းသီးခြောက်လုံးကိုပိုက်ကာ အိမ်ပေါ်သို့ တက်လာကြတော့၏။ ထိုအခါ ကျွန်တော်က ...

"ဘယ်လောက်ကျသလဲ ... ညီလေး"

"တစ်မတ်"

"ဟေ ..."

ကျွန်တော်မှာ အံ့အားသင့်ကာ အသံများပင် ထွက်၍သွားမိ၏။ သို့နှင့် ... မောင်ညိုကြီးက...

"ဟေမနေနဲ့ သူငယ်ချင်း၊ မင်းသိတဲ့အတိုင်း ဒီရွာတွေမှာ အုန်းပင်တွေက မှိုလိုပေါက်နေတာကွ၊ ဘယ်သူမှ စားတာ မဟုတ်ဘူး။ အရင်ကဆိုရင် ဘယ်ရှမ်းအိမ်ကိုပဲ တက်သွားသွား၊ မင်းတောင်းရင် အုန်းသီးနှစ်လုံး သုံးလုံးလောက်တော့ အလကားပေးလိုက်တာပဲ၊ နို့ပေမဲ့ ... အခုတော့ အလုပ်သမားတွေက ရလေလိုလေ အိုတစ္ဆေဖြစ်လာတော့ ပိုက်ဆံနဲ့မှ ရောင်းကြတာပေါ့ကွာ။ အေး ... မင်းနောက်ကို ဒီထက် အံ့ဩရဦးမယ်"

မောင်ညိုကြီး ပြောသည့်အတိုင်းလည်း မှန်ပေ၏။ အဘယ်ကြောင့်ဆိုသော် မိုင်းယောင်းနယ်မြေသည် အုန်းပင်များများစွာပေါက်ရောက်လျက်ရှိသော ဒေသဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် မိမိတို့ဆန္ဒအတိုင်း အုန်းသီးများရပြီဖြစ်ရာ အချိန်ကလည်း ညနေစောင်းလာပြီဖြစ်သဖြင့် ရှမ်းကြီးအားကျေးဇူးတင်စကားပြောပြီး

လျှင် စခန်းသို့ပြန်ခဲ့ကြတော့၏။ ရုမ်းကြီးကလည်း အိမ်သို့ မကြာခဏလာရောက် လည်ပတ်ရန် အထပ်ထပ် မှာကြားလိုက်သေး၏။ ရွာထဲတွင် လျှောက်ကြည့်ရင်း တစ်နေရာတွင် "ခေါက်ညို" ခေါ် ကောက်ညှင်းဆန်များကို လက်ဆုံနှင့်ထည့်၍ ထောင်းနေသော အဘွားကြီးတစ်ယောက်ကို တွေ့ရသဖြင့် မောင်ညိုကြီးသည် ထိုအဘွားကြီးထံသွားရောက်ကာ "ကြက်ဥများ ရောင်းဖို့ရှိသလား" ဟု မေးလိုက်သည်တွင် အဘွားကြီးက ရှိကြောင်းပြောသဖြင့် မောင်ညိုကြီးသည် အဘွားကြီးနှင့်အတူ အိမ်ပေါ်သို့တက်၍ သွားကြ၏။ တစ်ခဏမျှကြာသောအခါ မောင်ညိုကြီးသည် ကြက်ဥအတော်များများ ပိုက်၍ပြန်လာသဖြင့် ကျွန်တော်က ...

"ဟ ... ကောင်ကြီးရ၊ များလှချည့်ကလားကွ။ ဆယ့်နှစ်လုံးတောင်မှပဲ၊ ဘယ်လောက်ပေးခဲ့ရသလဲ"

"ငါးမူးဖိုးလေကွာ"

"ဟော..."

ကျွန်တော့်မှာ ဒုတိယမွှ အံ့အားသင့်၍ သွားရပြန်၏။ အဘယ်ကြောင့်ဆိုသော် တောင်ကြီးတွင် တစ်ကျပ်ဖိုးဝယ်လျှင် သုံးလုံးသာ အနိုင်နိုင်ရသော ကြက်ဥကို ဤနေရာတွင် (၁၂) လုံးကိုမှ ပြားငါးဆယ်သာ ပေးရသည်မှာ အကယ်ပင် အံ့ဩစရာဖြစ်ပါတော့၏။

"ငါပြောတယ် မဟုတ်လား ... မိုးအောင်ရ၊ မင်း အံ့ဩသွားလိမ့်မယ်လို့၊ ဒီမယ်ကွ သူတို့အရပ်မှာ ဒီလောက်ရောင်းရရင် သူတို့အတွက် အမြတ်ထွက်နေပြီကွ။ တို့ဆီမှာလို မဟုတ်ဘူး။ ကြက်ဥတောင် အစိမ်းသောက်ရမှန်း မသိအောင် ရှိးသားရှာကြတယ်"

မောင်ညိုကြီးသည် ဤနေရာဒေသ မိုင်းယောင်းနယ် တစ်ပိုက်တွင် အုန်းသီး၊ ငှက်ပျောသီး၊ ကြက်၊ ကြက်ဥနှင့် ကနစိုးသီးများ အလွန်ပေါ်များသော ဒေသဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောပြလျက်ရှိလေ၏။ ကျွန်တော်တို့ဆီတွင် ၄၊ ၅၊ ၆ ကျပ် ထက်မနည်းပေးရမည်ဖြစ်သော အုန်းသီးခြောက်လုံးနှင့် ကြက်ဥ ၁၂ လုံးတို့ကို ၇၅ ပြားမျှနှင့် ဝယ်ယူရရှိခဲ့၏။

ကျွန်တော်တို့သည် စခန်းသို့ ၅ နာရီကျော်ကျော် ခြောက်နာရီမှ ပြန်ရောက်ခဲ့ကြရာ ထိုညဉ့်အဖို့ ကျွန်တော်တို့၏ ညစာမှာ အုန်းထမင်းနှင့် ကြက်ဥကြော်ပင် ဖြစ်တော့၏။

အားလပ်သော အချိန်များ၌ ကျွန်တော်တို့သည် ဒေသန္တရ ဗဟုသုတအတွက်လည်းကောင်း၊ လူမှုဆက်ဆံရေးအတွက် လည်းကောင်း၊ ရှမ်းရွာကလေးများသို့ သွားရောက်လည်ပတ်ကြရသည်မှာ အလွန်ပင်ပျော်ရွှင်ဖွယ်ကောင်းလှတော့၏။

တစ်နေ့သ၌ နမ်းလိမ်းခံရွာကလေးသို့ ကျွန်တော်တစ်ယောက်တည်း အလည်ထွက်ခဲ့ရာ ယခင်က ကျွန်တော်တို့ အုန်းသီးဝယ်ခဲ့သော ရှမ်းကြီး ကိုနန္ဒ အိမ်တွင် စကားလက်ဆုံကျလျက်ရှိတော့၏။ မကြာမီ သွားဖန်များသဖြင့်လည်း တစ်စတစ်စ ခင်မင်ရင်းနှီး၍ လာတော့၏။ သူ၏ အိမ်ကလေးပေါ်တွင် လက်ဖက်ရည်ခါးခါးကလေးကို သောက်ရင်း စကားစမြည် ပြောဆိုလျက်ရှိကြရာမှ အောက်တွင် ရေးသားအံ့သော ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုနှင့် ကျွန်တော် တွေ့ဆုံခဲ့ရပါသည်။

"ဘယ့်နယ်လဲ ... ကိုနန္ဒ၊ ခင်ဗျား မြန်မာလို ကောင်းကောင်းတတ်သလား"

"အင်း ... မောင်မိုးအောင်ကို အခါအခွင့်သင့်တုန်းမို့ ပြောရဦးမယ်။ ကျုပ် မြန်မာလိုတတ်ရုံတွင် ဘယ်ကမလည်း မြန်မာအစစ်တစ်ယောက်လို့ဆိုရင် မောင်မိုးအောင် ယုံမလား"

"ဗျာ"

ကျွန်တော်သည် ယခင်ကထက်ပို၍ အံ့ဩသွားမိပြန်၏။ ကိုနန္ဒက ဆက်လက်၍ ...

"နားရှုပ်သွားသလား မောင်မိုးအောင်၊ ဘဝက ကုသိုလ်ကြောင့် မင်းကို ကျုပ် အတော်ခင်မင်မိတယ်။ အဲဒါ အခုမှမဟုတ်ဘူး၊ မင်းကိုစပြီး တွေ့တဲ့နေ့ ကတည်း

ကပဲ။ အင်း ... အချိန်ရမယ်ဆိုရင်တော့ ကျုပ်ရဲ့ဇာတ်လမ်းကလေးကို ပြောပြရဦးမှာပေါ့လေ။ ကျုပ် ဒီအရပ်ကို ရောက်ကတည်းက မြန်မာစကားဆိုလို့ ဒီတစ်ခါပဲ ပြောရသေးတယ်"

ကျွန်တော်သည် ကိုနန္ဒပြောမည့်ဇာတ်လမ်းကို နားထောင်ရန် အသင့်ဖြစ်ကာ အတော်ကလေးဝမ်းမြောက်၍နေမိ၏။

"ကျုပ်ဒီတစ်သက်မှာတော့ မြန်မာတွေကို ရင်းရင်းနှီးနှီး မတွေ့ရတော့ဘူးလို့တောင် အောက်မေ့နေမိတယ်၊ အခုတော့ မြန်မာအချင်းချင်း လာတွေ့ရလို့ ဘယ်လောက်များ ဝမ်းသာသလဲဆိုတာ ကျုပ်ပြောတောင် မပြနိုင်ဘူး မောင်မိုးအောင်၊ ကျုပ်ပြောတာယုံပါ"

"ယုံပါတယ်ဗျာ ကိုနန္ဒ၊ ပြောသာပြောပါ"

ကိုနန္ဒသည် သူ၏ ဘဝဇာတ်လမ်း အဖြစ်အပျက်ကလေးကို အောက်ပါအတိုင်းပြောပြလေရာ ဤကဲ့သို့ပြောပြရင်း သူ၏ အသံများမှာ တစ်ခါတစ်ရံ တုန်တုန်ယင်ယင်ဖြစ်၍ လာပြီးလျှင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်မျိုးလည်း တစ်ချက်တစ်ချက်တွင် သူ၏မျက်နှာ၌ ပေါ်၍လာတော့၏။

"ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) လောက်က အောက်မြန်မာပြည် ပုသိမ်နယ် တောရွာကလေးတစ်ရွာမှာ ကျုပ်နေခဲ့တယ်။ ကျုပ်တို့မိသားစုဟာ ရိုးရာတောင်သူလယ်သမားများဖြစ်ပြီး ရိုးရိုးသားသား လယ်ကိုပဲ လုပ်ကိုင်စားသောက်ခဲ့ကြတယ်။ အဲဒီအချိန်မှာ အင်္ဂလိပ်မျက်နှာဖြူတွေဟာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ သူတို့ရဲ့အာဏာစက်ဖုံးပြီး သူတို့ရဲ့ကပ်ပါးရပ်ပါးလက်ပါးစေတွေကလည်းတန်ခိုးအာဏာ အင်မတန်ထခဲ့ကြတဲ့အချိန်ပဲပေါ့ မောင်မိုးအောင်။ ကျုပ်တို့ရွာဟာ ဆင်းရဲသားရွာဖြစ်ပေမဲ့ အလှူအတန်းနဲ့၊ ပွဲနဲ့၊ လမ်းနဲ့ အလွန်စည်ကား သာယာခဲ့တယ်။ ဒီအခါ ကျုပ်တို့ရွာမှာ ကွမ်းတောင်ကိုင် "မြခက်" ဆိုတဲ့ မိန်းကလေးဟာ တောနဲ့ မလိုက်အောင် လှပပြီး တခြားရွာကတောင် လာပြီးပိုးပန်းခံရတဲ့ မိန်း

ကလေးပဲ။ တိုတိုပြောရမယ်ဆိုရင် သူဟာ ကျုပ်နဲ့လူငယ်တို့ဘာဝ ချစ်ကြိုက် ခဲ့ကြတယ်။ အဲဒီလို သူနဲ့ကျုပ်နဲ့ ချစ်ကြိုက်ကြတာကို တစ်ရွာလုံးက အသိပဲ၊ အားလုံးကလည်း သဘောတူကြတယ်။ မြခက်ဟာ ရုပ်ချောသလောက် သဘော သကာယကောင်းပြီး မိတဆိုးကလေးပဲ မောင်မိုးအောင်ရဲ့ မျိုးရိုးက ဆင်းရဲသူ ဆင်းရဲသားထဲကပဲပေါ့။ လယ်လုပ်ချိန်မှာဆိုရင် ကောက်စိုက် ပျိုးနုတ် လုပ်ရ တယ်။ လယ်သိမ်းချိန်မှာလည်း ကောက်ရိတ်ရရှာတယ်၊ ထွန်တုံးပိတ်ချိန် ရောက် ရင်လည်း ဟင်းရွက်ကန်စွန်းတွေ ခူးပြီး ရွာနဲ့ ၅ မိုင်ကျော်ကျော်ဝေးတဲ့ ပုသိမ်မြို့ ကို အဖော်တွေနဲ့သွားပြီး ရောင်းချစားသောက်ရရှာတယ်။ အဲဒီလို ဆင်းဆင်းရဲရဲ နဲ့ပဲ အသက်ကြီးလှုပြီဖြစ်တဲ့ ဖခင်အိုကြီးကို ကျွေးမွေးပြုစုခဲ့ရတယ်။ ကျုပ်မှာ ရိုးသားဖြောင့်မတ်တဲ့စိတ်၊ သူတစ်ပါးကို ကူညီရိုင်းပင်းချင်တဲ့စိတ်နဲ့ ရပ်ထဲရွာထဲ မှာ သာရေးနာရေးရှိရင် ကျုပ်ဟာ ရှေ့က ခေါင်းဆောင်ပြီး မားမားမတ်မတ်လုပ်တဲ့ အကျင့်ရှိတယ်။ မြခက်ကလဲ ကျုပ်လိုပဲ သူတစ်ပါးကို ကူညီချင်တဲ့စိတ်တွေ ရှိ တယ်။ ဒါနဲ့ ကျုပ်တို့ချင်း တစ်ယောက်နဲ့တစ်ယောက် မျက်စိကျပြီး ချစ်လာကြ တာ တစ်ရွာလုံးကအသိပဲ မောင်မိုးအောင်၊ တစ်ရွာလုံးကလည်း ကျုပ်တို့ချင်း ချစ်ကြတာ သဘောတူပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ကို သဘောမတူတဲ့ လူတစ် ယောက်တော့ ရှိနေတယ် မောင်မိုးအောင်ရဲ့ သူ့နာမည်က ဘမောင်တဲ့၊ ကျုပ် တို့ ရွာက ရွာသူကြီးရဲ့သားပဲ၊ အဲဒီခေတ်က မောင်မိုးအောင် သိတဲ့အတိုင်း အင်္ဂလိပ်ရဲ့လက်ပါးစေတွေ တန်ခိုးအာဏာပြတယ်ဆိုတာ ဒါပဲ။ အဲဒီ ဘမောင်ရဲ့ အဖေသူကြီးကလည်း အင်္ဂလိပ်ရဲ့လက်ပါးစေ၊ "မှန်ပါ့ --- ဘုရားထဲကပေါ့"၊ ဒါ ကြောင့် ဘမောင်ကလည်း ကျုပ်တို့ ရွာမှာ မင်းမူချင်သလို မင်းမူပြီး ဆိုးသွမ်း ပေ့ာရမ်းခဲ့တယ်။ ရွာနီးချုပ်စပ်က တရှိုမိန်းကလေးတွေကို သူကြီးသားဆိုတဲ့ ဂုဏ်နဲ့ လှည့်ပတ်ဖြားယောင်းပြီး မတော်မတရားကျင့်ခဲ့တယ်။ နို့ပေမဲ့ သိလျက်နဲ့ ဘယ်သူမှ မပြောရဲကြဘူး၊ ခေါင်းငုံ့ပြီး ခံခဲ့ကြရတယ်။ သူဟာ ကျုပ်တို့လို ရိုးသားတဲ့ တောင်သူလယ်သမား ရပ်သူရွာသားတွေအပေါ်မှာ ဘုရင်တစ်ဆူပဲ။ ပြီးတော့ ဒီအကောင်ဟာ ကျုပ်ရည်းစားမြခက်ကို တစ်ဘီးလိုမ့်ချစ်ကြိုက်နေတာ

အတော်ကြာပြီကိုး မောင်မိုးအောင်ရဲ့၊ ဒီတော့ ရွာထဲမှာ ထစ်ခနဲရှိရင် ကျုပ်ကို မေးလားမြန်းလား လုပ်တော့တာပဲ။ တစ်ခါလည်း ရွာအရှေ့ပိုင်းက မုဆိုးမအဘွား ကြီးတစ်ယောက်မှာ ကြက်နှစ်ကောင် ပျောက်သွားတာနဲ့ သူကြီးကိုတိုင်တော့ ကျုပ်ကို မသင်္ကာဘူးဆိုပြီး သူကြီးက တော်တော်ရယ်၊ သူ့သားက ကျုပ်ကို ထိပ်တုံးထဲ ထည့်ခတ်ထားတယ်။ မြင်းကြိမ်လုံးနဲ့ ရိုက်စစ်တယ်။ ဘယ်လောက် များ မတရားသလဲ မောင်မိုးအောင်ရယ်။ စဉ်းစားပဲကြည့်ပေတော့"

"အင်း … ဒါကတော့ အင်္ဂလိပ်မျက်နှာဖြူတွေ လက်အောက်မှာ ရွာသူကြီး တွေကို အာဏာပေးထားတဲ့အခါဆိုတော့ သူတို့ထင်သလို လုပ်နိုင်တာပေါ့ ကိုနန္ဒရယ်"

ထို့နောက် ကိုနန္ဒက သူ၏ဇာတ်လမ်းကို ဆက်ပြန်လေသည်။

"အမှန်ကတော့ ဒီကြက်ပျောက်တာဟာ အေးလုံးတို့ လူစုလက်ချက်ပဲ။ အေးလုံးဆိုတာက သူကြီးသားဘမောင်ရဲ့ မိုက်ဖော်မိုက်ဖက် လက်ရုံးကြီးပေါ့။ ဒါနဲ့ ကျုပ်ကို ရိုက်စစ်နေတဲ့အခါ ကြက်ပျောက်တဲ့ အရီးဘွားညို ရောက်လာပြီး ကျုပ်ကို ဘယ်နည်းနဲ့မှ မထင်တဲ့အကြောင်း၊ တကယ်လို့ ဟုတ်စေကာမူ ခွင့် လွှတ်တဲ့အကြောင်း မနည်းတောင်းပန်တော့မှ ကျုပ်ကို ထိပ်တုံးကလွှတ်လိုက် တာကိုး။ ကျုပ်လည်း အိပ်ရာထဲမှာ ကြိမ်ရိုက်ခံရတဲ့ ဒဏ်ရာတွေကြောင့်ရော၊ တစ်ညလုံး ထိပ်တုံးထဲမှာ ခတ်ထားလို့ တစ်ကိုယ်လုံး ကိုက်ခဲညောင်းညာနေတဲ့ အတွက်ကြောင့်ရော မထနိုင်အောင် လဲနေခဲ့တယ်။ ဒီအခါ မြခက်ဟာ ကျုပ်ဆီ ခဏခဏလာပြီး ပြုစုစောင့်ရှောက်ရှာတယ်"

"တစ်နေ့တော့ ကျုပ်တို့ ရွာမှာ ရွာဦးကျောင်းဘုန်းတော်ကြီး ပျံတော်မူလို့ ရွာအပြင်ဘက် ဘုန်းကြီးပျံလုပ်တဲ့အခါ အရပ်ဇာတ်ကလေးတစ်ခု ကတယ်။ ပွဲဆိုတာ ကျုပ်တို့ရွာက တစ်နှစ်တောင် တစ်ခါ မကြုံဖူးလို့ ရွာသူရွာသားတွေဟာ ဒီညတော့ ပွဲကြည့်လိုက်ဦးမယ်ဆိုပြီး ဝတ်ကောင်းစားလှတွေနဲ့ ပျော်လို့ရွှင်လို့ လမ်းသလားနေကြတာပေါ့။ အဲဒီအထဲမှာ ကျုပ်လည်း ပါတယ်။ နို့ပေမဲ့ ကျုပ် ပျော်တာက တခြားမဟုတ်ပါဘူး။ ပွဲထွက်တဲ့အချိန် ကျောင်းမြောက်ဘက်က

သရက်ပင်ကြီးမှာ မြခက်နဲ့တွေ့ဖို့ ချိန်းထားတဲ့အတွက် ပျော်နေတာကိုး မောင်မိုးအောင်ရဲ့၊ ကျုပ်လည်း တစ်ညနေလုံး နွားစာစဉ်းရင်း၊ နွားကျွေးရင်းနဲ့ ဒီအကြောင်းတွေချည်း စဉ်းစားနေမိတယ်။ ဒါနဲ့ ပွဲထွက်ပြီး ခဏလေးအကြာမှာ သရက်ပင်ကြီးဆီကို ကျုပ်ရောက်သွားတော့ ယောကျ်ားတစ်ယောက်က မိန်းမ တစ်ယောက်ကို အတင်းတရကြမ်း ဆွဲလားလွဲလား လုပ်နေတာမြင်ရရုံမကဘူး။ မိန်းကလေးက "လွှတ်နော် ... လွှတ်၊ တော် ... ကျုပ်ကို ခွေးကျင့်ခွေးကြံ မကြံနဲ့ လွှတ်" ဆိုတဲ့ အသံကြားရပြီး ယောကျ်ားလက်က အတင်းရုန်းကန်ထွက်နေတာ မြင်ရတာကိုး မောင်မိုးအောင်ရဲ့၊ တခြားသူ ဟုတ်ပါရိုးလား မြခက်ကို ဘမောင်က အတင်းဆွဲနေတာကိုး။ ကျုပ်ရဲ့ နားထဲမှာ မိုးကြိုးခုနစ်ကြိမ် ပစ်ထည့်လိုက်သလို အောက်မေ့လိုက်တယ်၊ သူတို့နဲ့ အတော်နီးနီး ရောက်လာတာတောင် ဘမောင် ဟာ မ,စိတ်မွှန်နေလို့ ကျုပ်လာတာ မသိဘူး။ ကျုပ်ကလည်း နည်းနည်းကလေး အရောက်နောက်ကျသွားတာကိုး။ ပွဲထဲက မြခက် ထွက်အလာမှာ ဒီအကောင် က နောက်ယောင်ခံပြီး လိုက်တာနဲ့တူတယ်"

"ဒီလိုတွေ့လိုက်တယ်ဆိုရင်ပဲ ကျုပ်ကို တစ်ခါတုန်းက အပြစ်မရှိ အပြစ်ရှာ ပြီး ထိပ်တုံးခတ်၊ မြင်းကြိမ်လုံးနဲ့ ရိုက်ညှဉ်းခဲ့တာတွေ မျက်စိထဲမှာ ဘွားခနဲ ပြန် ပေါ်လာတော့တာပဲ။ ဟော ... အခုလည်း ကျုပ်ရည်းစားကို သူက မတရားသဖြင့် ဗလက္ကာရကြံစည်နေပြန်ပြီ၊ အို ... ကျုပ် ဘာမှစဉ်းစားမနေနိုင်ဘူး မောင်မိုး အောင်။ ငါ့ကို တစ်ခါက ညှဉ်းဖူးတဲ့ ခွေးကောင်၊ ဒီတစ်ခါတော့ ကိစ္စတုံးစေရော့ ဆိုပြီး ကျုပ်မှာပါတဲ့ ဓားမြှောင်နဲ့ နောက်ကနေ ကျောကို တအားစိုက်လိုက်တော့ တာပဲ၊ ဘမောင်ဟာ "အောင်မယ်လေး" လို့ တစ်ခွန်းတည်း အသံကုန်အော်ပြီး တစ်ခါတည်း လဲသွားတယ်။ သူအော်လိုက်တဲ့အသံကို သရက်ပင်ကြီးနဲ့ မနီး မဝေး လူသွားလမ်းကလေးမှာ လျှောက်သွားတဲ့ ရွာသားနှစ်ယောက် သုံးယောက် က ကြားပြီး သူတို့ကတစ်ဆင့် အော်လိုက်တော့ ပွဲကြည့်တဲ့ပရိသတ်ဆီကို ရောက်သွားပြီး လူတွေဟာ သရက်ပင်ကြီးဆီကို စုရုံးပြေးလာကြတာကိုးဗျ။

"နန္ဒဟာ ကျုပ်ကို ဓားနဲ့ ထိုးပါတယ်" လို့ နောက်တစ်ချက် အော်လိုက်မှာ ကျုပ်လည်း ပေါက်တဲ့နဖူး မထူးဘူးဆိုပြီး နောက်ကျောမှာ စိုက်နေတဲ့ ဓားမြှောင်ကို ဆွဲနုတ် ရှေ့ကနေပြီး ရင်ဝကို တစ်ချက်စိုက်လိုက်တာ တစ်ခါတည်း ဒီနေရာမှာတွင်ပဲ ဇီဝိန်ချုပ်တော့တာပါပဲ။ မြခက်ကတော့ ကြက်သေသေပြီး ကျုပ် နောက်နားမှာ ထိုင်ငိုနေရှာတယ်။ လူအုပ်ကြီးက တဖြည်းဖြည်းနီးလာပြီး ဘမောင်ရဲ့အဖေ သူကြီးဟာ ကျုပ်တို့ဆီကို ပြေးလာတယ်၊ ဒီတော့ ကျုပ်လည်း မြခက်လက်ကို ဆွဲပြီး မှောင်ထဲကို စွတ်ပြေးတော့တာပဲ။ နောက်က သူကြီးနဲ့ သူ့လူစုကလည်း "ဟေ့ ... နန္ဒ မပြေးနဲ့ မပြေးနဲ့" လို့ ညာသံပေးပြီး လိုက်ကြတာပေါ့လေ။ ကျုပ်တို့ နှစ်ယောက်ဟာ ဒီလိုပြေးရင်းလွှားရင်းနဲ့ ရွာမြောက်ဘက် တစ်ခေါ်သာသာလောက်မှာရှိတဲ့ သရက်တောကြီးထဲမှာ ဝင်သွားမိကြတာပဲ။ မြခက်ဟာ မိန်းမသားဖြစ်တဲ့အတွက် သူကြီးလူစုဟာ ကျုပ်တို့ကို မီလုမီခင် ဖြစ်နေပြီ၊ သူကြီးကလည်း မပြေးနဲ့ မပြေးနဲ့ ပစ်လိုက်ရမလားဆိုပြီး ကျုပ်တို့ ကြောက်အောင် သေနတ်ကို လေထဲထောင်ပြီး တစ်ချက်ဖောက်လိုက်သေးတယ်။ ရုတ်တရက်တော့ ကျုပ်လည်း လန့်သွားသေးတာပေါ့။ ဒါပေမဲ့ သင်းတို့ရဲ့အမိတော့ မခံတော့ဘူး။ သေခါမှ သေပစေ၊ သေရင်လည်း ပြီးရောဆိုပြီး လက်ဝဲဘက်ကို သွားနေရာက လက်ယာဘက်ကိုလှည့်ပြီး တစ်ခါပြေးပြန်တာကိုး။ ဒီနေရာမှာ သစ်ပင်တွေကလည်း ပါးလာပြီး ကွက်လပ်တစ်ခု ဖြတ်အပြေးမှာ ကံဆိုးချင်တော့ မြခက်ဟာ သစ်ငုတ်တိုတစ်ခုတိုက်မိပြီး ခွေခနဲ လဲကျသွားတယ်၊ သူကြီးနဲ့ သူ့လူတွေကတော့ နောက်က ထက်ကြပ်လိုက်နေကြတာပဲ၊ လူချင်းကလည်း တဖြည်းဖြည်း နီးလာလို့မြင်နေရတယ်။ သူ့ပါးစပ်ကတော့လည်း မပြေးနဲ့ မပြေးနဲ့ ပစ်လိုက်မယ်ဟေ့လို့ တရစပ်အော်နေတာပဲ။

"ဒါနဲ့ ... ကျုပ်လည်းပဲ မြေကြီးပေါ် အခွေလိုက်လဲနေတဲ့ မြခက်ကို ပခုံးက ပွေ့ပြီး မတ်တတ်အရပ်လိုက်မှာ သူကြီးရဲ့လူအုပ်ဆီက ဒိန်းခနဲ အသံနဲ့အတူ မီးတစ်ချက် ပွင့်သွားတာ မြင်လိုက်ရတယ်။ အဲဒီလိုမြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် ကျုပ်ကိုယ်ကို နံဘေးချင်းယှဉ်ပြီး မှေးထားတဲ့ မြခက်ဟာ "အမယ်လေး သေပါပြီ"

လို့ တစ်ချက်တည်းသာ အော်နိုင်ပြီး တစ်ခါတည်း ခွေကျသွားတော့တာပါပဲ မောင်မိုးအောင်ရယ်၊ ကျုပ်ကံဟာ ဒါလောက်ပဲ ဆိုးပါတယ်"

"ဖြစ်မှဖြစ်ရလေ ခင်ဗျာ"

ကျွန်တော်သည် တစ်ချက်စုတ်သပ်လိုက်မိ၏။ ကိုနန္ဒလည်း အတိတ်ကို တွေးတောစဉ်းစားနေဘိသကဲ့သို့ မျက်လုံးများတွင်လည်း မျက်ရည်များ လည်ကာ ငေးမောတွေဝေလျက်ရှိလေသည်။

"ကျုပ်ဘဝတော့ ဒီကတည်းက ဆုံးပြီလို့ တွက်တာပဲ၊ ကျုပ်ကိုယ်ကို မှန်ပြီး ဒီနေရာမှာပဲ သေသွားရင် အကောင်းသားပဲ မောင်မိုးအောင်ရေ့။ ဒါနဲ့ ကံဆိုးမ လေးဟာ ကျုပ်မျက်စိအောက်တွင်ပဲ ခွေခွေကလေး အသက်ပျောက်သွားရှာ တယ်။ ကျုပ်မျက်လုံးတွေဟာတော့ ဒီအခါတုန်းက ဒေါသဖြစ်လွန်းလို့ မီးတောက် လုမတတ်ဘဲ၊ အသားတွေကလည်း နတ်ကျသလို တဆတ်ဆတ် တုန်နေတော့ တာပဲ။ ဒီအချိန်မှာ သူကြီးနဲ့ သူတပည့်တပန်းတွေဟာ အတော်ခပ်နီးနီး ရောက် လာပြီး ကျုပ်လက်ထဲမှာလည်း ဘာလက်နက်မှမမြင်တော့ ကျုပ်ကို လက်ရ ဖမ်းမယ်အကြံနဲ့ အနားကပ်အလာမှာ အခုမှတော့ မထူးဘူးလို့ သူချိန်ထားတဲ့ သေနတ်ပြောင်းကို ဖျတ်ခနဲ လွတ်အောင်ရှောင်လိုက်ပြီး ဘေးကနေ လူချင်းဝင် ကပ်လိုက်တာကိုး မောင်မိုးအောင်ရဲ့၊ သေနတ်ပြောင်းကို ကျုပ်ကိုယ်နဲ့ လွတ် အောင် ဘယ်ဘက်လက်နဲ့ ဆုပ်ကိုင်ထားလိုက်ပြီး ညာဘက်လက်နဲ့ မျက်နှာဆီ ကို တစ်ချက်ခပ်ပြင်းပြင်း လက်ဝါးစောင်းခုတ်ချလိုက်တာ သူကြီးဟာ တစ်ခါ တည်း နေရာမှာ ပုံကျသွားတာပါပဲ။ ကျုပ်က အသက်နှစ်ဆယ်ကျော် သန်တုန်း မြန်တုန်း၊ ဗလကလည်း ကောင်းကောင်း သိုင်းကလေး ဘာကလေးလည်း နည်း နည်း တတ်ထားတော့ ကျုပ်ကိုဘာရမလဲ မောင်မိုးအောင်၊ သူက အသက် ငါးဆယ် ကျော်နေပြီ။ လူကောင်ချင်းကလည်း ဆင်နဲ့ ဆိတ်လောက် ကွာခြားနေ တယ်။ သူလည်း အဲဒီလိုယိုင်လည်းသွားရော သေနတ်ကြီးဟာ ကျုပ်လက်ထဲ ပါလာတော့တာပဲ။ ဒီတော့ သေနတ်ပြောင်းကို လက်နှစ်ဖက်နဲ့ အားရပါးရ စုံကိုင် ပြီး သေနတ်ဒင်နဲ့ ခေါင်းကို တစ်ချက်ရိုက်ခွဲလိုက်တာ တစ်ချက်တည်းနဲ့ ကိစ္စ

တုံးပါလေရော။ ဓားမြှောင်ကိုကိုင်ပြီး သူကြီးကို ကူရအောင် ပြေးလာတဲ့ အေးလုံး ကိုပါ လက်စနဲ့ ဆက်ပြီး တစ်ချက်ချလိုက်တာ သေမလား ရှင်မလား မသိဘူး။ သည့်နောက်က အကောင်တွေကတော့ သူကြီးကို ပထမတစ်ချက် နှံလိုက် ကတည်းက ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတာပါပဲ။

"ကျုပ်ဟာ အရင်က တစ်ခါမှ ရာဇဝတ်မှုဆိုလို့ မကျူးလွန်ခဲ့ပါဘူး မောင်မိုး အောင်ရယ်။ လူတစ်ဖက်သားကို လက်နက်နဲ့မပြောနဲ့ ရိုးရိုးလက်ဝါးနဲ့တောင် မရိုက်ခဲ့ဖူးပါဘူး"

"ဟုတ်တာပေါ့ ခင်ဗျာ ... ဒီလိုဖြစ်ရတာလည်း ကံအကြောင်းမကောင်းလို့ ဖြစ်ရတာပါ ကိုနန္ဒရယ်"

"ဒါနဲ့ ကျုပ်လည်း တောထဲမှာ တစ်ညလောက် ပုန်းနေပြီး မြို့ရောက်တဲ့အခါ ကုန်းတစ်တန် ရေတစ်တန်လမ်းမှာ ဖြစ်သလို နေထိုင်စားသောက်ပြီး ပုသိမ်က သာရဝေါရောက်၊ သာရဝေါက လက်ပံတန်း၊ အင်းစိန်၊မှော်ဘီ၊ ရန်ကုန်။ တချို့ နေရာမှာလည်း ထင်းပေါက်တဲ့အလုပ်၊ ရေခပ်တဲ့အလုပ်ကစ တွေ့ရာလုပ်၊ ရောက်ရာနေ၊ တွေ့ရာစား၊ တွေ့ရာအိပ်နဲ့ ရန်ကုန်ကနေပြီး အထက်အညာ ပြေးခဲ့တာ မန္တလေးရောက်လာတယ်။ အခုလိုအခါမှာသာဆိုရင် ပုလိပ်လက်ထဲ ကွိခနဲမိမှာပေါ့။ နို့ပေမဲ့ ... ဟိုအခါတုန်းကတော့ ပုလိပ်က အခုလူတွေလောက် မျက်စိလည်း မစူးဘူး။ ဒုက္ခခံပြီး ပင်ပင်ပန်းပန်းလည်း မလိုက်ဘူး။ ဝတ်ကျေတမ်း ကျေ တစ်မြို့နဲ့တစ်မြို့ လူပုံစံကို သတင်းပေးပြီး တော်စွလျော်စွ လိုက်တာကိုး မောင်မိုးအောင်ရဲ့"

"ဟုတ်တာပေါ့ ... ကိုနန္ဒရယ်၊ အခုခေတ်မှာသာဆိုရင် နှစ်ရက်မကြာဘူး ခင်ဗျားကို မိမှာ"

"မန္တလေးကိုရောက်တော့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ခိုကပ်နေ၊ အလုပ်ကြမ်းမှန်သမျှ အကုန်လိုက်လုပ်၊ ပိုက်ဆံစု အတော်ကလေးကြာလို့ ငွေ ကလေးဘာလေး နည်းနည်းပါးပါး စုဆောင်းမိတဲ့အခါ ကိုယ့်စိတ် ကိုယ်မလုံတာ နဲ့ ရှမ်းပြည်နယ်တက်ခဲ့တာ တောင်ပိုင်းရော၊ မြောက်ပိုင်းရော နေရာတကာ နှံ့နေ

တာပဲ မောင်မိုးအောင်။ ရှမ်းပြည်နယ်မှာ ကျုပ်မရောက်ခဲ့ဖူးတဲ့ နေရာဆိုလို့ မရှိသလောက်ဘဲ။ ဒါနဲ့ အတိုချုပ်ပြောရမယ်ဆိုရင် နောက်ဆုံး ဟောဒီ နမ်းလိမ်ခံ ရွာကလေးရောက်လာပြီး အိမ်တစ်အိမ်မှာ သူရင်းငှား (စာရင်းငှား) ဝင်လုပ်တာ၊ အဲဒီမှာ တစ်ခါတည်း အခုထက်ထိ မြဲနေတော့တာပဲ မောင်မိုးအောင်ရယ်။ ကျုပ်အလုပ်လုပ်တဲ့ လယ်ရှင်ကတော့ ဦးဝဏ္ဏဆိုတဲ့ ရှမ်းကြီးပဲ။ အင်မတန် သဘောကောင်းပြီး ကျုပ်ကို ကူလီတစ်ယောက်၊ စာရင်းငှားတစ်ယောက်ရယ်လို့ သဘောမထားဘူး။ သူက သဘောကောင်းတော့ ကျုပ်ကလည်း သူ့အပေါ်မှာ အဖေလို၊ ဦးလေးလို အောက်မေ့ပြီး လယ်ထဲမှာရော၊ အိမ်မှာရော နေရာမရွေး လုပ်စရာရှိတဲ့ အလုပ်ကို ကျုံးလုပ်တာပဲ။

"ဦးဝဏ္ဏမှာ "ခမ်းမူ" ဆိုတဲ့ သမီးတစ်ယောက် ရှိတယ်။ ကျုပ် ရောက်စတုန်းကတော့ သူဟာ ၁၄-၁၅-၁၆ နှစ် အပျိုလောက်ပဲရှိဦးမယ်။ ဒါနဲ့ နောက်သုံးလေးမိုးလောက် အလုပ်လုပ်ပြီးတဲ့အခါ လက်ထဲမှာ ငွေကလေး၊ ကြေးကလေး လည်းအတော်စုဆောင်းမိတော့ အထက်မိုးကုတ်ကိုတောင် ကျုပ် သွားဦးမယ် ကြံမိသေးတယ်။ နို့ပေမဲ့ ... ဦးဝဏ္ဏက "ငါလည်း အသက်ကြီးပါပြီ ... မောင်နန္ဒရယ်၊ ငါ့မှာလည်း ဆွေမျိုးညာတိနည်းပြီး တူရင်းသားရင်းဆိုလို့ တစ်ယောက်တလေမှ မရှိတော့ မင်းကို ငါ့တူရင်းသားရင်းလို အောက်မေ့ပါတယ်။ ဒီအပေါ် ခမ်းမူလည်း အရွယ်ရောက်လာတော့ တို့သားအဖနှစ်ယောက်ကို မင်းကလွဲပြီး ဘယ်သူမှ စောင့်ရှောက်မယ့်လူ ရှိတာ မဟုတ်ဘူး။ ဒီတော့ တို့နဲ့အတူ လက်ရေတစ်ပြင်တည်း စားသောက်နေပါကွယ်။ ငါလည်း အသက်ကြီးပြီ" လို့ပြောတော့ ကျုပ်လည်း မိုးကုတ်ကို သွားမယ့်အကြံ လက်လျှော့ပြီး သူတို့သားအဖနှစ်ယောက်နဲ့ အတူ လုပ်ကိုင်စားသောက်နေခဲ့ရတယ်။ အတိုချုပ်ပြောရမယ်ဆိုရင် ဦးဝဏ္ဏဟာ ကျုပ် အင်မတန် ရိုးသားတာသိတော့ မင့်နမလေးကို မင်းပဲ တစ်သက်လုံးစောင့်ရှောက်ပါတော့ ဆိုပြီး သူ့မှာရှိတဲ့ ပစ္စည်းပစ္စယငွေကြေးပါ ကျုပ်တို့နှစ်ယောက်လက်ထဲ အားလုံးလွှဲပေးတာပဲ"

"ဒါနဲ့ ကျုပ်လည်း ခမ်းမူနဲ့ အကြောင်းပါပြီး သားကလေးတစ်ယောက် "အိုက်ခွန်" ကို မွေးခဲ့တယ်"

"ဪ"

"ဒါနဲ့ ... ကျုပ်ယောကျ်ားမ ဦးဝဏ္ဏအကြောင်း နည်းနည်းပြောရဦးမယ်။ သူက ရှေးမြန်မာဘုရင်များ လက်ထက်က သူတို့ရဲ့ ဆွေစဉ်မျိုးဆက်ဟာ ဟိုအလောင်းမင်းတရားကြီး လက်ထက်ကတည်းကစပြီး ကုန်းဘောင်ဆက် (၁၁) ဆက်တိုင်တိုင် မျိုးရိုးမပျက် ဆင်းသက်လာခဲ့တဲ့ မြန်မာစစ်သားမျိုးတွေဆိုပဲ မောင်မိုးအောင်ရဲ့"

"ကျုပ်ဟာ ဘယ်မှ မသွားတော့ဘဲ ဒီရွာကလေးမှာပဲ အခြေစိုက်ပြီး ခမ်းမူနဲ့ နေခဲ့တာ။ ဟောဟိုက လာနေတဲ့ အိုက်ခွန်ကို မွေးခဲ့တာပဲ"

ထိုအချိန်တွင် အိုက်ခွန်မှာ ရွာထဲတွင် အလည်အပတ်သွားနေရာမှ ပြန်လာပြီးလျှင် အိမ်ပေါ်သို့ တက်လာသဖြင့် ကိုနန္ဒသည် အိုက်ခွန်အား လက်ညှိုးထိုး၍ ပြရင်း ပြောလိုက်လေသည်။ ထို့နောက် ကိုနန္ဒက ဆက်၍ ...

"ကျုပ်ဟာ အချစ်နဲ့ပတ်သက်ရင် အင်မတန် ကံဆိုးချင်တဲ့ လူတစ်ယောက်ပါ မောင်မိုးအောင်ရယ်။ ခမ်းမူဟာ အိုက်ခွန် (၁၃) နှစ်ပြည့်တဲ့နှစ်မှာပဲ သေမင်းနောက် ကောက်ကောက်ပါအောင်လိုက်သွားရှာတယ်။ ဪ ... ဒါနဲ့ မောင်မိုးအောင်မှာ မိဘများကော ရှိသေးသလား။ ဇာတိကော ဘယ်ကာလဲ၊ မောင်မိုးအောင်က အိမ်ထောင်နဲ့လား"

"အိမ်ထောင်မရှိပါဘူး ... ကိုနန္ဒ။ ကျွန်တော့်မှာ အိမ်ထောင်လည်း မရှိသေးဘူး။ မိဘတွေကလည်း ကျွန်တော် ခပ်ငယ်ငယ် ဂျပန်ခေတ်ထဲမှာပဲ နှစ်ယောက်စလုံး ကွယ်လွန်သွားရှာကြတယ်။ ဒါကြောင့် တစ်ကိုယ်တည်းသမားပဲ ဆိုပါတော့။ အဒေါ်လုပ်သူက မွေးစားလို့ ကျွန်တော်ဒီအထိ ကြီးပြင်းလာခဲ့ရတယ်။ အခုတော့ အဒေါ်လည်း မရှိရှာတော့ပါဘူး ကိုနန္ဒရယ်"

"အေးကွယ် ... ဘဝဆိုတာ ဒီလိုပဲ၊ လူတိုင်း တွေ့ကြုံခံစားရတယ် သဘောတရားပါ"

ဤသို့ဖြင့် ကျွန်တော်နှင့် ကိုနန္ဒမှာ ရင်းနှီးသည်ထက် ရင်းနှီး၍ လာခဲ့ကြတော့၏။ သူ၏ ရင်နာစဖွယ်ကောင်းသော ဘဝကို ကျွန်တော်က သနားမိသည်နှင့်အမျှ သူကလည်း ကျွန်တော့်အား ကရုဏာသက်မိရှာ၏။ သူ၏ သားဖြစ်သူ အိုက်ခွန်သည် ဖခင်ဖြစ်သူကဲ့သို့ပင် သန်မာထွားကျိုင်းပြီးလျှင် ကောင်းစွာ လူလားမြောက်၍လာပြီ ဖြစ်သည့်အတိုင်း ၎င်းအား ကျွန်တော်တို့ လက်သမားအဖွဲ့၌ တစ်နေ့လျှင် လေးကျပ်စားနှုန်းဖြင့် အလုပ်သွင်းပေးခဲ့ရာ သားအဖနှစ်ယောက်တို့မှာ ကျွန်တော့်အား အထူးကျေးဇူးတင်ပြီးလျှင် အလွန်ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြတော့၏။

တစ်နေ့သ၌ ကျွန်တော်သည် ကိုနန္ဒတို့အိမ်တွင် ညစာထမင်းစား၍ နောက်နေ့မှာ နေ့အားဖြစ်သည့်အတိုင်း ထိုည၌ ကိုနန္ဒတို့အိမ်တွင် အိပ်စက်ရန် လာရောက်ခဲ့လေ၏။

ညစာ စားသောက်ပြီးနောက် အိမ်ရှေ့ခန်းတွင် လက်ဖက်ရည်ကြမ်းအိုး တစ်အိုးဖြင့် နှစ်ယောက်သားထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက်ရှိရာမှ ကိုနန္ဒသည် ကျွန်တော်၏မျက်နှာကို အကဲခတ်သကဲ့သို့ စေ့စေ့မျှ ကြည့်ရှုပြီးနောက် ...

"ဩော် ... ဒါထက် မောင်မိုးအောင်ကို ကျုပ်က သားအရင်းလိုခင်မင်လို့ တစ်ခုတိုင်ပင်ရဦးမယ်"

"ဟုတ်ကဲ့ ... ပြောပါ ... ကိုနန္ဒ၊ ကျွန်တော့်ကိုဘာမှ ကွယ်ဝှက်နေစရာ မလိုပါဘူး။ အခုလောက်ရှိရင် ကျွန်တော့်စိတ်ကို ကိုနန္ဒတို့သားအဖ သိလောက်ရောပေါ့။ ပြီးတော့ မြေခြားရေခြားမှာ မြန်မာအချင်းချင်း လာတွေ့ကြတာ ကျွန်တော်ကလည်း ခင်ဗျားကို မိဖအရင်းလို ခင်မင်ပါတယ်ဗျာ"

"အေးပါကွယ် ... ယုံလို့လည်း တိုင်ပင်တာပေါ့။ ကျုပ်ယောက္ခမ ဦးဝဏ္ဏအကြောင်းကို ဆက်ပြောရဦးမယ်။ ဒီလိုကိုးကွယ့် ... အလောင်းမင်းတရားကြီး

ဦးအောင်ဇေယျဟာ ယိုးဒယားဘက်ကို စစ်ချီတက်တဲ့အခါ ဒီလမ်းတွေက ဖြတ်ပြီးချီတက်လို့ ကျိုင်းတုံမှာတောင် စားရေးရိက္ခာအတွက် လုံလောက်အောင်ဆိုပြီး လယ်တွေယာတွေတောင် လုပ်ခဲ့သေးတယ်ဆို မဟုတ်လား"

"ဟုတ်ကဲ့ ... ကျွန်တော် နည်းနည်းပါးပါး ကြားဖူးပါတယ်"

"ပြီးတော့ ဒီနေရာမှာ အဓိဋ္ဌာန်နဲ့ စိုက်ပျိုးခဲ့တဲ့ အဓိကရ သစ်ပင်ကြီးတစ်ပင်ရှိတယ် မောင်မိုးအောင်ရဲ့၊ အဲဒီသစ်ပင်ကြီးဟာ ဘယ်လောက်ကြီးသလဲဆိုရင် လူခုနစ်ယောက် လက်ချင်းဆက်ပြီး သစ်ပင်လုံးပတ်ကို ဖက်တာတောင် မမီသေးဘူး။ ဘာကြောင့် ဒီသစ်ပင်ကြီးကို စိုက်ခဲ့ရတယ်ဆိုတဲ့အကြောင်း ကျုပ်ကြားဖူးသလောက် ပြောရဦးမယ်။ ဟုတ်တာ မဟုတ်တာတော့ ကျုပ်ကေန် မသိဘူးပေါ့"

"ပြောစမ်းပါဦး ... ကိုနန္ဒရယ်၊ ကျုပ်ကလည်း ဒီလို ဆန်းဆန်းပြားပြားဆိုရင် ကြားချင်လွန်းလို့ပါ"

"အဲဒီအချိန်က ဒီနယ်က လူမျိုးပေါင်းစုံကို အုပ်ချုပ်နေတဲ့ စော်ဘွားတစ်ဦးဟာ အလောင်းမင်းတရားကြီးကို မချေမငံ့ဆက်ဆံခဲ့တယ်။ သူ့လူတွေဟာ မြန်မာစကားတတ်လျက်နဲ့ မြန်မာစကားမပြောဘဲ တုဏှိဘာဝေ နေခဲ့ကြတယ်။ ဒီအကြောင်း အလောင်းမင်းတရားကြီးက သိတဲ့အခါ သူ့ကို မထေမဲ့မြင် ပြုရမလားဆိုပြီး အခု "သစ်တစ်ပင်တောင်" လို့ ခေါ်တဲ့ တောင်ပေါ်မှာ ကားစင်ကြီးတစ်ခုဆောက်ပြီး တစ်နေ့ကို လူခုနစ်ယောက် ကားစင်တင် သတ်ခဲ့တယ်။ ပြီးတော့ ဒီလူတွေရဲ့အသွေးအသားနဲ့ ဒီသစ်ပင်ကြီးကို အဓိဋ္ဌာန်ပြုပြီး စိုက်ခဲ့တယ်ဆိုတဲ့ မောင်မိုးအောင်ရဲ့"

"အတော်ထူးဆန်းတာပဲ ... ခင်ဗျာ၊ ဟုတ်ကော ဟုတ်နိုင်ပါ့မလား"

"ဟုတ်တာ မဟုတ်တာတော့၊ ကျုပ်လည်း မပြောနိုင်ဘူး မောင်မိုးအောင်။ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဒီဒေသက သက်ကြီးတွေရဲ့ စကားကို ကျုပ်မှတ်သားရသလောက် ပြောရတာပဲ။ နို့ပေမဲ့ ... ဒီသစ်တစ်ပင်တောင်ဆိုတာရယ်၊ ဒီသစ်ပင်ကြီးရယ်ကတော့၊ အထင်အရှားရှိတာပဲ မောင်မိုးအောင်ရဲ့"

(မှတ်ချက်။ ထိုသစ်ပင်ကြီးမှာ ယခုအခါတွင် အရှေ့ပိုင်း ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်ပင်တောင်တွင်ရှိ၍ လူခုနစ်ယောက်ဖက်မိသည်အထိ ပင်စည်ကြီးမှာ ထုထည်ကြီးမားလှ၏။ အမြင့်မှာ ထန်းနှစ်ဖျားသာသာခန့်ရှိ၍ မည်သည့်သစ်ပင်မျိုးဟူ၍ မသိရပေ။ တောင်ပေါ်ရှိ ထိုလူ့သတ်ကုန်းတွင် ထီး တည်းကြီးပေါက်လျက်ရှိရာ အတော်အဝေးမှပင် မြင်နိုင်လေသည်။

"ယိုးဒယားပြည်ကို တိုက်ခိုက်အောင်မြင်ပြီး အလောင်းမင်းတရားကြီး လည်း နတ်ရွာစံ ကံတော်ကုန်ရှာတယ်။ စစ်အောင်လို့ မြန်မာ့တပ်သားတွေ တပ် ခေါက်ပြီး မြန်မာပြည်အပြန်မှာ စစ်ဗိုလ်သုံးယောက်ဟာ ယိုးဒယား နန်းတွင်း ပစ္စည်းတချို့ကို တိတ်တဆိတ်ရလို့ ရွှေမြို့တော်ကို ပြန်မလိုက်တော့ဘဲ နယ်စပ် မှာပဲ ရှောင်တိမ်းနေရစ်ခဲ့ကြတာကိုး မောင်မိုးအောင်ရဲ့"

"အင်း ... ပြောပါဦး ကိုနန္ဒ၊ အတော်စိတ်ဝင်စားစရာ ကောင်းတာပဲဗျ"

"အဲဒီ စစ်ဗိုလ်သုံးယောက် ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏနဲ့ မြန်မာစစ်ဗိုလ် ဗိုလ်ထင်၊ ဗိုလ်ကျော်သူ တို့သုံးယောက်ပဲ။ အဲ ... သူတို့သုံးယောက်ဟာ ဒီပစ္စည်းတွေကို ယိုးဒယားဘုရင်ရဲ့ လျှို့ဝှက်တဲ့ ဘဏ္ဍာတော်တိုက်တစ်တိုက်ထဲက အတော်ခဲခဲ ယဉ်းယဉ်း တိုက်ခိုက်ထုတ်ယူခဲ့ကြရတယ်။ ပစ္စည်းတွေကလည်း ရှေးဘုရင် လက်ထက်ကတည်းက နန်းတော်ထဲမှာ သိုမှီးစုဆောင်းလာခဲ့တဲ့ ကျောက်သံ ပတ္တမြားတွေဖြစ်လို့ အတော်ပဲ အဖိုးထိုက်တန်တဲ့ လက္ခဏာ ရှိတယ်။ အဲဒီသုံး ယောက်ထဲမှာ ခေါင်းဆောင်လုပ်တဲ့ ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏဆိုတာက ကျုပ် ယောက္ခမဦးဝဏ္ဏရဲ့ အဆက်အနွယ်ပဲ မောင်မိုးအောင်ရဲ့။ ဒီလိုနဲ့ အဲဒီလို ရှမ်း စစ်ဗိုလ် ဗိုလ်ဝဏ္ဏရဲ့အဆက်အနွယ်တွေဟာ ဒီ "နမ်းလိမ်ခံ" ရွာကလေးနဲ့ ဒေသ တစ်ဝိုက်မှာပဲ တောင်သူလယ်သမားအလုပ်နဲ့ ကြီးပြင်းပြီး အစဉ်အဆက် နေ ထိုင်လာခဲ့ကြတယ်။ တချို့လည်း တောင်သူလယ်သမား၊ တချို့လည်း လက်လုပ် လက်စား အလုပ်နဲ့ပဲ ဆိုပါတော့။ ရွှေဘိုမင်းလက်ထက်နဲ့ ပုဂံမင်းလက်ထက် တုန်းကတော့ ကျုပ်တို့ အဆက်အနွယ်ထဲက ရွှေမြို့တော်ကိုသွားပြီး စစ်ဘက်က အမှုတော်ကို နှစ်ယောက်၊ သုံးယောက် ထမ်းခဲ့ကြဖူးပါတယ်။ နို့ပေမဲ့ သူတို့လည်း

ဒီရွာကိုပြန်ပြီး ခေါင်းချကြတာပါပဲ။ ဒါကြောင့် ကျုပ်ယောက္ခမအမျိုးအနွယ်ဟာ စစ်ဗိုလ် စစ်သားမျိုးဆိုပေမဲ့ အများအားဖြင့်တော့ တောင်သူလယ်သမားအလုပ်နဲ့ ဒီရွာမှာပဲ အဆက်မပြတ် နေထိုင်လာခဲ့ကြတာ ကျုပ်ယောက္ခမ ဦးဝဏ္ဏလက်ထက်သာ တိုင်ပါရော"

"အင်း ... ဒါဖြင့် ဗိုလ်ဝဏ္ဏရဲ့အဆက်အနွယ်တွေဟာ ဒီရွာမှာချည်း စုနေမှာပေါ့"

"ဟုတ်တာပေါ့ ... မောင်မိုးအောင်၊ ဒီရွာတစ်ရွာလုံးဟာ အားလုံး ကျုပ်နဲ့ဆွေမျိုးသားချင်းတွေချည်းပဲ။ တစ်အိမ်မှဆွေမျိုးကင်းတဲ့ အိမ်မရှိဘူး"

"ကဲ ... ဒါနဲ့ မြေပုံအကြောင်း တစ်ဆိတ်ဆက်စမ်းပါဦး"

"အဆုံးမတော့ ဒီအဖိုးတန်ရတနာတွေကို ရတာနဲ့ တပ်ထဲကို ပြန်မဝင်တော့ဘဲ ထွက်ပြေးကြတာလားတော့ မပြောတတ်ဘူး။ အဲလေ ... ဘာပဲဖြစ်ဖြစ်သူတို့သုံးယောက်ဟာ ဒီပစ္စည်းတွေကို ရပြီးအပြန်မှာ မြန်မာစစ်တပ်တွေနဲ့ ပြန်တွေ့မှာစိုးလို့ မဲခေါင်မြစ်ရဲ့ တစ်ဘက်ကမ်းကဂူကြီး တစ်ခုထဲမှာ ဝှက်ထားခဲ့ကြသတဲ့ မောင်မိုးအောင်ရဲ့။ သူတို့အကြံက နောင်တိုင်းပြည် အေးအေးချမ်းချမ်းရှိတဲ့အခါကျမှ ဒီပစ္စည်းတွေကို ပြန်ယူမယ်လို့ စိတ်ကူးတဲ့ လက္ခဏာပဲ။ တကယ်လို့ သူတို့အပေါ်မှာ စွပ်စွဲဦး၊ သူတို့ လက်ထဲမှာ ပစ္စည်းမတွေ့ရင် ဘာမှမတတ်နိုင်ဘူး မဟုတ်လား။ နို့ပေမဲ့ ဒီနေရာကိုရောက်အောင် နောက်တစ်ခေါက်သွားဖို့ကလည်း မလွယ်လှဘူး။ ပြီးတော့ သူတို့မြှုပ်ထားတဲ့နေရာကို နောက်တစ်ခေါက် ပြန်လာရင် ရုတ်တရက် မှတ်သားမိဖို့ကလည်း အတော်ခဲယဉ်းတယ်။ ဒါကြောင့် မြန်မာ့စစ်ဗိုလ် ဗိုလ်ထင်က အကြံပေးတဲ့အတိုင်း ပုရပိုက်တစ်ချပ်ပေါ်မှာ သူတို့ ရတနာတွေဝှက်ထားခဲ့တဲ့ ဂူကြီးရှိတဲ့နေရာနဲ့ အနီးအနားတစ်ဝိုက်က အမှတ်အသားတွေ ပတ်ဝန်းကျင် တောတောင် ရေမြေတွေပါအောင် မြေပုံအကြမ်းတစ်ခု ရေးကြတယ်။ ပြီးမှ အဲဒီမြေပုံကို သုံးပိုင်းပိုင်းပြီး တစ်ယောက်တစ်ပိုင်းစီ ယူထားကြသတဲ့ မောင်မိုးအောင်ရဲ့"

"အတော်ဉာဏ်သွားတဲ့ လူကြီးတွေပဲနော်"

"ဥဏ်က်သွားဆို သူတို့က စစ်ဗိုလ်တွေလည်းဖြစ်နေတော့ တောတောင်ရေမြေတွေကိုလည်း ကျွမ်းတယ်၊ ပညာဗဟုသုတနဲ့လည်း ပြည့်စုံတယ်၊ သူရသတ္တိလည်း ရှိတာပေါ့ ... မောင်မိုးအောင်ရယ်။ ဪ ... ဒါထက် မိုင်းပါလီယိုနဲ့ တာချီလိတ်ကို သွားတဲ့ တောကြီးကိုတော့ မောင်မိုးအောင် သိမှာပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် ကားသမားဘဝတုန်းက ရောက်ဖူးပါတယ် ကိုနန္ဒ"

"အေး ... အဲဒီတောကြီးက အရင်က ဒီလိုဘယ်ဟုတ်မလဲ။ အခုမှ ကားလမ်းဖောက်ထားပြီး လမ်းဘေးမှာ ရွာကလေးတွေတည်ထားလို့ လူနေအိမ်ခြေ ရှိလာတာကိုး။ အရင်ကဆိုရင် အင်မတန် တောနက်ပြီး ကြောက်စရာကောင်းတဲ့ နေရာတွေပေါ့။ အဲဒီတောထဲမှာ ဗိုလ်ဝဏ္ဏရယ်၊ ဗိုလ်ထင်ရယ်၊ ဗိုလ်ကျော်သူရယ် သူတို့သုံးယောက်ဟာ နေ့အချိန်မှာ ခရီးသွားပြီး ညရောက်တော့ အနားမှာရှိတဲ့ သစ်ပင်ကြီးတွေကို ရွေးပြီး တစ်ညလုံးအိပ်ကြသတဲ့။ တောကောင်တွေကလည်း ပေါလို့၊ သူတို့ရဲ့ဘေးအန္တရာယ်ကိုလည်း လုံခြုံအောင် သစ်ပင်ခြေရင်းမှာ တစ်ညလုံး မီးဖိုကြီးဖိုထားရတယ်ဆိုပဲ"

"တစ်ညတော့ သူတို့သုံးယောက်ဟာ တစ်နေ့လုံး မနားမနေလာခဲ့လို့ ခရီးကလည်း ပန်း၊ စားရေရိက္ခာကလည်း ဝဝလင်လင်မရှိလေတော့ နေဝင်ဝင်ချင်းပဲ စခန်းချပြီး ကျောက်ကမ်းပါးယံတစ်ခုမှာ ဂူလိုဖြစ်နေတဲ့ အပေါက်ကြီး တစ်ပေါက်ထဲ ဝင်အိပ်ကြရတာကိုး။ တောတိရစ္ဆာန်တွေရဲ့ဘေးရန်ကြောင့် ဂူဝမှာတော့ မီးဖိုကြီးတစ်ဖို ဖိုထားတယ်။ ဒါနဲ့ အဲဒီညမှာပဲ တုံးတင်းသရော အိပ်မောကျနေတဲ့အခါ သူတို့အထဲမှာ လမ်းပြခေါင်းဆောင်ဖြစ်တဲ့ မြန်မာစစ်ဗိုလ်ကျော်သူဟာ သစ္စာဖောက်ပြီး ဗိုလ်ဝဏ္ဏနဲ့ ဗိုလ်ထင်တို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်း သူတို့ဆီက မြေပုံပုရပိုက်နှစ်စကို ခိုးယူထွက်ပြေးတော့တာပဲတဲ့ မောင်မိုးအောင်ရယ်။ ဒီအချိန်မှာ ဗိုလ်ဝဏ္ဏက သူတို့ရဲ့ရတနာတွေကို လူခိုးခံရသလိုလို အိပ်မက်မက်ရာက လန့်နိုးပြီး အိပ်ရာက ထကြည့်လိုက်တဲ့အခါမှာ ကျော်သူဟာ အိပ်ရာမှာ မရှိတော့ဘူး။ ပြီးတော့ သူတို့ အိတ်ထဲမှာ ထည့်ထားတဲ့ မြေပုံပုရပိုက်ရွက်တွေလည်း မရှိတော့ဘူးဆိုတာ သိရတာကိုး။ ဒီတော့မှ သူနဲ့ ကပ်အိပ်နေတဲ့

ဗိုလ်ထင်ကိုနှိုးပြီး ကျော်သူဟာ သစ္စာဖောက်ပြီပေါ့လို့ ပြောလိုက်တာကိုး။ ဒီအခါကျမှ သူတို့လည်း ကမန်းကတန်း အိပ်ရာကထပြီး ဓားလွတ်ကို လက်က ကိုယ်စီကိုင်လိုက်ကြတာကိုး။ ဒီအခါအချိန်ကလည်း မိုးလင်းလုနီးနေပြီ။ ဒီတော့ ကျော်သူဟာ ပြေးခြင်းပြေးရင်း ယိုးဒယားဘက်ကိုတော့ မပြေးဘူး။ မြန်မာပြည်ဘက်ကို ပြေးမှာပဲဆိုပြီး အရှေ့ဘက်ကို စွပ်လိုက်ကြတာ ဒါနဲ့ တစ်နာရီလောက်လိုက်မိတော့ အလင်းရောင်ကလေးကလည်း သမ်းလာလို့ ရှေ့ကို တော်တော်ခပ်ဝေးဝေး မြင်နိုင်တဲ့အချိန်မှာ ကျော်သူဟာ သူတို့ရှေ့တစ်ခေါ်လောက်မှာရှိတဲ့ တောင်ကုန်းကလေးပေါ် တက်ပြေးနေတာ မြင်ရသတဲ့ မောင်မိုးအောင်ရဲ့။ ဒီအခါ ဗိုလ်ဝဏ္ဏနဲ့ ဗိုလ်ထင်တို့လည်း သစ္စာဖောက်တဲ့အကောင်ကို မျက်ခြည်ပြတ်မခံဘဲ နောက်က တရကြမ်းလိုက်ကြတာ၊ နောက်တောင်ကုန်းတစ်ခုက တောင်နာမောင်းကို လျှောက်ပြေးတဲ့အခါ ကျော်သူဟာ နောက်က ရန်သူနီးလာတဲ့အကြောင်း သိရလို့ ရှေ့မှာ ဘာရှိတယ်ဆိုတာ မမြင်မိဘဲ "မိုင်းလုံ"ချောင်းရဲ့ ကမ်းပါးစောင်းက အောက်ကို တစ်ခါတည်း ထိုးကျသွားတော့တာကိုး မောင်မိုးအောင်ရဲ့"

"ဟုတ်တာပေါ့ ... ကိုနန္ဒရယ်၊ သစ္စာဖောက်တဲ့လူဟာ ဒီလမ်းအပြင် ဘယ်လမ်းသွားစရာရှိသေးသလဲ"

"ဒီတော့မှ ဗိုလ်ဝဏ္ဏနဲ့ ဗိုလ်ထင်တို့ဟာ ခဲခဲယဉ်းယဉ်းနဲ့ ချောက်ထဲကို ဆင်းပြီး သူတို့ဆီက ခိုးသွားတဲ့မြေပုံနှစ်ချပ်ရော၊ သူ့မြေပုံတစ်ချပ်ရော ပြန်ပြီး ယူခဲ့ကြရတာကိုး။ ဒီနောက် သူတို့နှစ်ယောက်ဟာ တစ်နေ့လုံးအစာရေစာဆိုလို့ တစ်စေ့မှ မစားရဘဲ ရှေ့ကိုဆက်ပြီး လာခဲ့ကြတာ ညနေစောင်း နေဝင်ရီသရောမှာ ဒီ "နမ်းလိမ်ခံ" ရွာကလေးကို ရောက်လာခဲ့ကြတယ်"

"ဒီနောက် သူတို့ဘယ်လိုဖြစ်သလဲ ကိုနန္ဒရဲ့"

"ဗိုလ်ထင်ဟာ အသက်လည်း ဗိုလ်ဝဏ္ဏထက် နည်းနည်းကြီးလေတော့ ရွာကို ရောက်လို့ ရွာဦးဘုန်းကြီးကျောင်းထဲကို ဝင်မိတယ်ဆိုရင်ပဲ တစ်ခါတည်း အပြင်းဖျားပြီး နောက်တစ်နေ့ညနေမှာပဲ ဆုံးရှာသတဲ့ မောင်မိုးအောင်ရယ်"

"အင်း ... ကိုယ်တိုင်စွန့်စားပြီး ရှာဖွေရတဲ့ ပစ္စည်းကိုတောင် မခံစားလိုက်ရရှာပဲကိုး"

"ဟုတ်တာပေါ့ ... မောင်မိုးအောင်၊ နောက်ဆုံးမတော့ ဒီပစ္စည်းဟာ ဗိုလ်ဝဏ္ဏတစ်ယောက်ထဲ လက်ထဲကိုရောက်ဖို့ ကြုံဖန်ဖြစ်လာတာပေါ့။ နို့ပေမဲ့ ... သူလည်း လက်ထဲမှာသာ မြေပုံရထားတယ်။ ဒီပစ္စည်းတွေကို မြင်မသွားရရှာပါဘူး မောင်မိုးအောင်ရယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"သူဟာ ဒီရွာရောက်လာလို့ ဘုန်းကြီးကျောင်းမှာပဲ တစ်လကိုးသီတင်း မှီခိုကပ်ရပ်နေပြီး အိမ်တစ်အိမ်မှာ သူ စာရင်းငှားဝင်လုပ်ပြီး နောက်တစ်နှစ်လောက်ကြာလို့ လက်ထဲမှာ ပိုက်ဆံကလေး နည်းနည်းပါးပါး ရှိလာတဲ့အခါ ရွာထဲကရှမ်းမတစ်ယောက်နဲ့ ချစ်ကြိုက်အကြောင်းပါပြီး အဲဒီကတည်းက ကျုပ်တို့ရဲ့ဘေးဘိုးဘီဘင်ဆွေစဉ်မျိုးဆက် စခဲ့တာပဲ မောင်မိုးအောင်ရေ"

"ဦးဝဏ္ဏအကြောင်း ဆက်ပြောစမ်းပါဦး ... ကိုနန္ဒရဲ့"

" သူဟာ အဲဒီလိုရွာထဲက ရှမ်းမတစ်ယောက်နဲ့ အကြောင်းပါပြီးသားယောကျ်ားကလေး တစ်ယောက် နောက်တစ်နှစ်မှာ ရခဲ့တယ်၊ ဒီအချိန် သူ့အကြောင်း ရွှေမြို့တော်ကို သတင်းပေါက်ကြားပြီး မြို့ဝန်နဲ့ စစ်သားတွေ လာဖမ်းသွားတာ တစ်ခါတည်း အဲဒီကတည်းကစပြီး ပြန်မလာတော့ဘူးတဲ့"

"နို့ ... မြေပုံအကြောင်းကကော ကိုနန္ဒရယ်"

"ဒီလိုကွယ့် ... မောင်မိုးအောင်ရဲ့ သူအဖမ်းခံရတဲ့ အချိန်ကလေးမှာပဲ အဝတ်အစားထည့်တဲ့ သေတ္တာအောက်ဆုံးမှာ ထားတဲ့ ပုရပိုက်စုတ်ကလေးဟာ သူ့ပစ္စည်းဝှက်ထားခဲ့တဲ့ နေရာဖြစ်တဲ့အကြောင်း၊ သူဟာ ရာဇဝတ်သားအဖြစ်ကို ရောက်နေလို့ ပြန်လာချင်မှ လာနိုင်မယ့်အကြောင်း။ ဒါကြောင့် သူ့သားကြီးပြင်းလာတဲ့အခါ မိခင်လုပ်တဲ့လူက အကျိုးအကြောင်း ပြောပြပြီး ဒီပုရပိုက်ထဲမှာပါတဲ့ အညွှန်းအတိုင်း လိုက်ဖို့အကြောင်း။ တကယ်လို့ မလိုက်ဖြစ်ဘဲနေသည်ဖြစ်စေ၊ ဒါမှမဟုတ် မယုံကြည်လို့ မလိုက်သည်ဖြစ်စေ၊ သူ့ရဲ့ သားအကြီး

ဆုံးကို ပေးရစ်ခဲ့ဖို့အကြောင်း သူ့ဇနီးသည်ကို မှာခဲ့တာကိုး။ မောင်မိုးအောင်ရဲ့ အဲဒီကတည်းကစပြီး ဒီပုရပိုက်ကလေးဟာ အဖေကသား၊ သားကမြေး၊ မြေးက မြစ်၊ မြစ်ကတီ ဆိုပါတော့လေ တစ်ဆင့်ကတစ်ဆင့် သားစဉ်မြေးဆက် လက် ပြောင်းပြီးလာခဲ့တာ၊ နောက်ဆုံး ကျုပ်ယောက္ခမ ဦးဝဏ္ဏလက်ကို ရောက်လာ ခဲ့တာပဲ။ တချို့လည်း မယုံကြည်လို့ မလိုက်ကြဘူး။ တချို့လည်း လိုက်ရဲ့ မအောင်မြင်ဘူး။ တချို့လည်း မြေပုံအညွှန်းကို ကောင်းကောင်း နားမလည်လို့ ရှာမတွေ့ဘဲပြန်ခဲ့ကြရတာ ဦးဝဏ္ဏလက်ထက်သာတိုင်ရောပဲ။ ဦးဝဏ္ဏကိုယ်တိုင် ကလည်း မယုံတစ်ဝက် ယုံတစ်ဝက်နဲ့၊ တကယ်လို့ ဒီပစ္စည်း အမှန်ရှိတောင်ပဲ အခုအချိန်ထိ နှစ်ပေါင်း (၂၀၀) ရှိနေပြီဟာ တောတောင်သဘာဝက ဖုံးလွှမ်းပြီး ရှာတွေ့တော့မယ် မဟုတ်ပါဘူးတဲ့။ ဒါဟာ သိုက်တစ်ခုလို ဖြစ်နေပြီတဲ့၊ ဒီတော့ ဒီလိုမရေရာတဲ့ ပစ္စည်းနောက်ကို လူပင်ပန်း စိတ်ပင်ပန်း ငွေကုန်ကြေးကျခံပြီး လိုက်မယ့်အစား ရှာမှာပဲ အေးအေးဆေးဆေး လုပ်ကိုင်စားသောက်နေတာက ကောင်းပါသေးတယ်လို့ ဒီမြေပုံကလေး ကျုပ် လက်ထဲကို ပေးတဲ့အခါတုန်းက ပြောဖူးတယ်"

"နို့ … ကိုနန္ဒကကော ဘယ်လိုသဘောရသလဲ ပြောစမ်းပါဦး"

"ကျုပ်ကတော့ ကျုပ်သားကလေး အိုက်ခွန်အရွယ် ရောက်လာတဲ့အခါ သွားစမ်းကြည့်မလားလို့ စိတ်ကူးမိတယ်။ မောင်မိုးအောင်တို့လို အရွယ်ကောင်း သတ္တိကောင်း ခွန်အားဗလနဲ့ပြည့်စုံပြီး စွန့်စွန့်စားစားလုပ်ဖို့ ဝါသနာပါတဲ့ အဖော် ကောင်းတစ်ယောက် တွေ့ရင်တော့ သွားဖြစ်ကောင်း သွားဖြစ်ပါလိမ့်မယ်"

"မြေပုံကတော့ ကိုနန္ဒလက်ထဲမှာ အခုရှိတယ်နော် "

"ရှိပါတယ် … မောင်မိုးအောင် ကျုပ်ပြပေ့ါမယ် "

"ကဲ … ဒါဖြင့် ပြစမ်းဗျာ၊ လိုက်ဖို့ မလိုက်ဖို့ ဆိုတာကတော့ နောက် တဖြည်း ဖြည်းမှ ကျွန်တော်တို့ စဉ်းစားကြတာပေါ့ "

ကိုနန္ဒသည် နေရာမှထ၍သွားပြီးလျှင် သူ၏သေတ္တာအတွင်း အောက်ဆုံးထပ်ရှိ ကျမ်းစာအုပ်ကြီးတစ်အုပ်ကြား၌ သေချာစွာ ဖိညှပ်ထားသော ပုရပိုက်ချပ်ကလေးများကို ထုတ်ယူပြီးလျှင် သေတ္တာစပ်ပြားပြား တစ်ခုပေါ်တွင်ချ၍ ပြလာရာ ယင်းတို့မှာ ပုရပိုက်အဖြူချပ်ကလေး သုံးချပ်ဖြစ်၍ ၎င်းတို့အား အလိုက်သင့်ဆက်စပ်ကြည့်သောအခါမှ မြေပုံကဲ့သို့ ပေါ်လာလေသည်။ ထိုပုရပိုက်ပေါ်တွင် ဟင်္သပဒါးကဲ့သို့ နီရဲသောအရောင်ဖြင့် ရေးထားသည့် "မြေပုံ" ကို တွေ့ရှိရလေသည်။

"မြေပုံ"ဟု ဆိုသော်လည်း ယခုခေတ်မြေပုံများကဲ့သို့ အရှေ့အနောက်၊ တောင်မြောက်လည်းမပါ။ နေရာအကွာအဝေး မိုင်နှုန်းများလည်း မပါဘဲ မြစ်တစ်သွယ်နှင့် မြစ်လက်တက်ကြီးနှစ်ခုသာ ပါရှိပြီးလျှင် အချို့နေရာ၌လည်း ရွာ၏အမည်ကို မဖော်ပြဘဲ "ပထမရွာ"၊ "ဒုတိယရွာ"ဟုသာ သာမန်အားဖြင့် ပါရှိ၏။ အရှေ့ဘက်ဟု ထင်ရသော တစ်နေရာတွင် အစက်ခပ်ကြီးကြီးဖြင့် "အယုဒ္ဓယမြို့တော်" ဟု ပါရှိ၏။

ကိုနန္ဒ၏ပြောပြချက်အရ ထိုဆက်စပ်ထားသည့် ပုရပိုက်ဖြူချပ် ကလေးသုံးခုပေါ်၌ ရေးထားသည့် ဆေးနီများမှာ ထိုအရပ်ဒေသတွင် ပေါက်ရောက်သော သစ်ပင်တစ်မျိုးမှရရှိသည့် သစ်စေးနီတစ်မျိုးဖြစ်ကြောင်း သိရ၏။

ထိုပုရပိုက်ချပ်ကလေး သုံးချပ်ကို ကျွန်တော်သည် အသေအချာ ကြည့်ရှုသောအခါ တစ်ပိုင်း၏ ထိပ်တွင် "ဝ"အက္ခရာကိုလည်းကောင်း၊ အလယ်ပိုင်းအချပ်တွင် "က" အက္ခရာကိုလည်းကောင်း၊ ကျန်အချပ်တွင် "ထ"အက္ခရာကိုလည်းကောင်း အမှတ်မထင် တွေ့ရှိရ၏။ ကျွန်တော်၏ အယူအဆအတိုင်း ဆိုသော် "ဝ"အက္ခရာမှာ ဗိုလ်ဝဏ္ဏသိမ်းဆည်းထားသည့် အပိုင်း၊ "က"အက္ခရာမှာ ဗိုလ်ကျော်သူ သိမ်းဆည်းထားသည့်အပိုင်း၊ "ထ" အက္ခရာမှာ ဗိုလ်ထင်၏အပိုင်းဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် မြေပုံကို စိမ်ပြေနပြေ ကြည့်ရှုလျက်ရှိရာ တဖြည်းဖြည်းတွင်မှ သဘောပေါက်၍ လာတော့၏။ ယိုးဒယားပြည်၏ အယုဒ္ဓယမြို့တော်မှာ

မြန်မာပြည်၏ အနောက်ဘက်တွင်ရှိသည့်အတိုင်း အယုဒ္ဓယမြို့တော်မှ လက်ဝဲဘက်သို့ တည့်တည့်မြားဦးပြထားသော "မဲခေါင်"မြစ် စီးဆင်းနေသည့် နေရာအထိ "အနောက်တည့်တည့်သုံးညခရီး"ဟု ရေးသားထား၏။ ထိုလမ်းကြောင်း၌ ရွာကလေးနှစ်ရွာကို ပထမရွာ ဒုတိယရွာဟု သာမန်ခန့်မှန်းပြသထားဟန် တူ၏။ ဒုတိယရွာကို ကျော်လွန်မိသောအခါ မဲခေါင်မြစ်ကို ရောက်လာ၏။ ထိုနေရာမှ တစ်ဆင့် မဲခေါင်မြစ်ညာအတိုင်း တစ်ညဥ့်အိပ်ဆန်တက်သော် "လွယ်နော"တောင်သို့ ရောက်ပေမည်။ ထိုလွယ်နောတောင်နှင့် မဲခေါင်မြစ်စပ်ကြား အလယ်ဗဟို မရှိတရှိလောက်၌ အချောင်းကလေး သုံးချောင်းကို တွေ့ရပြီးလျှင် ၎င်းနှင့် ကပ်လျက် မြောက်ဘက်တွင် ဆေးနီဖြင့် ထင်ထင်ရှားရှား ကြက်ခြေခတ် ခတ်၍ ပြထား၏။ ယင်းသည်ကား ဗိုလ်ဝဏ္ဏ၏ ရတနာများမြှုပ်ထားသည့်နေရာပင် ဖြစ်ပေမည်။ ယင်းကြက်ခြေခတ်အောက်တွင် ကပ်လျက် "သစ်သုံးပင်ဂူ"ဟု ရေးထားပြန်လေသည်။ ကျွန်တော့်စိတ်ထင်အားဖြင့် ၎င်းတို့၏ ရတနာများ သိုဝှက်မြှုပ်နှံထားသည့် ဂူရှေ့မနီးမဝေးတွင် ပြထားသည့် အချောင်းကလေး သုံးချောင်းမှာ ထိုဂူကို "သစ်သုံးပင်ဂူ"ဟု အမည်ပေးထားသည့်အတိုင်း ဂူနှင့် မလှမ်းမကမ်း ပေါက်ရောက်နေသည့် အဓိကရ သစ်ပင်ကြီးများပင် ဖြစ်ရပေမည်။

ထို့နောက် ကျွန်တော်တို့သည် မြေပုံပေါ်တွင်ပါရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ နာရီဝက်ခန့်မျှ ဆွေးနွေးတိုင်ပင်လျက် ရှိကြလေ၏။ ထို့နောက် ကျွန်တော်က ...

"ဘယ်နယ့်လဲ ... ကိုနန္ဒ၊ သွားမလား၊ မသွားဘူးလားဆိုတာ အခု ဆုံးဖြတ်ပေတော့ဗျာ"

"မောင်မိုးအောင် အဖော်လိုက်ရင် ကျုပ်သွားမယ်။ နို့ပေမဲ့ ... ကျုပ် စဉ်းစားနေတာက မောင်မိုးအောင် လိုက်နိုင်မလိုက်နိုင်ကို စဉ်းစားနေတာပဲ။ မောင်မိုးအောင်က လခစားတစ်ယောက် မဟုတ်လား"

"ကိစ္စမရှိပါဘူး ... ကိုနန္ဒ၊ ကျွန်တော့်အတွက် မပူပါနဲ့ဗျာ။ ကျွန်တော် လက်သမားခေါင်းဆီမှာ အခွင့်ယူပြီး လိုက်နိုင်ပါတယ်"

"ကဲ ... ဒါဖြင့် သွားဖြစ်ပြီ မောင်မိုးအောင်ရေ"

"သွားတာကတော့ ဟုတ်ပါပြီ။ ကျွန်တော်တို့မှာ လက်နက်လည်း မရှိဘူး။ တောနက်ထဲကို ညဥ့်အိပ်ညဥ့်နေ ရက်ရှည်သွားတယ်ဆိုတာ ဘေးအန္တရာယ်များတယ်ဗျ၊ ဒီတော့ လက်နက်လိုတယ်"

ကိုနန္ဒသည် တစ်စုံတစ်ရာ ပြောမည်ပြုပြီးလျှင် ပြောသင့်မပြောသင့်ကို စဉ်းစားနေသည့်ဟန်ဖြင့် ကျွန်တော်၏ မျက်နှာကို တစေ့တစောင်း အကဲခတ်နေသည်ကို ကျွန်တော် သတိပြုလိုက်မိ၏။

"အင်း ... လက်နက်ကတော့"

"ပြောစရာရှိရင် ပြောသာပြောပါ။ အခုအခြေ ရောက်လာမှ ပြောစရာရှိတာကို တစ်ယောက်နဲ့တစ်ယောက် ဘာမှထိမ်ချန်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောချရုံပဲရှိတယ် ကိုနန္ဒ။ လူသတ်မှုဖြစ်ပါစေ၊ ဘာအရေးကြီးသလဲဗျာ။ ကျုပ်တို့ဟာ ယောကျာ်းကြီးတွေ မဟုတ်လား"

"ဒီလို ... မောင်မိုးအောင်ရဲ့ တရုတ်ဖြူလက်ထက်တုန်းက တရုတ်ဖြူစစ်သား တစ်ယောက်ကိုသတ်ပြီး လုယူထားလိုက်တဲ့ လက်နက်ပုန်းကလေးတွေ ကျုပ်မှာ နည်းနည်းရှိတယ်"

"အမယ်လေး ... ဒါများ စဉ်းစားနေရသေးသလားဗျာ။ ဒီလက်နက်ကို အစိုးရအပ်ရင် ခင်ဗျား ဆုတောင်ရဦးမယ်။ ဘယ်မှာလဲဗျ ကျွန်တော် ကြည့်ပါရစေ"

"ဒီကနေ့ညတော့ နည်းနည်းညဥ့်နက်ပြီ မဟုတ်လား။ နက်ဖြန်ည ခပ်စောစော လာခဲ့လေ"

နောက်တစ်နေ့ ညနေ နေဝင်ရီသရောအချိန်တွင် ကျွန်တော်သည် ကိုနန္ဒအိမ်သို့ ရောက်ရှိသွားရာ သားအဖနှစ်ယောက်တို့သည် ကျွန်တော့်အား အားရဝမ်းသာ ဆီးကြိုလျက်ရှိသည်ကို တွေ့ရလေသည်။

ညစာစားသောက်ကြပြီးနောက် ကိုနန္ဒက ကျွန်တော့်အား ...

"ကဲလာ ... မောင်မိုးအောင်ကို ကျုပ်ပြရဦးမယ်" ဟု ကျွန်တော့်အား နောက်ဖေးဘက်သို့ ခေါ်သွားရာ ခြံဝင်းတစ်ခုအတွင်းသို့ ရောက်ခဲ့ကြလေ၏။ အိမ်နှင့်ကိုက် (၃၀) ခန့်အကွာ ချုံစပ်တစ်ခုသို့ ရောက်သောအခါ ကိုနန္ဒသည် ခေတ္တမျှရပ်ပြီးလျှင် တောင်မြောက်လေးပါးနှင့် နံဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် လူစလူနဟူ၍ အလျှင်းမတွေ့ရသဖြင့် ကွမ်းသီးပင်များ အုပ်ဆိုင်းလျက်ရှိသော နေရာတစ်နေရာမှ နှစ်တောင်ပတ်လည်ခန့်ရှိ ပျဉ်ချပ်ကြီးတစ်ခုကိုမ၍ ရွှေ့လိုက်ရာ တွင်းတစ်ခုကို တွေ့မြင်ရလေ၏။ တွင်းမှာ လှေကားထစ်များနှင့် အောက်သို့ ဆင်ခြေလျှောပြုလုပ်ထားရာကို နန္ဒသည် ဖယောင်းတိုင်တစ်တိုင်ကို မီးညှိပြီးလျှင် အောက်သို့ဆင်းသွားသဖြင့် ကျွန်တော်လည်း ၎င်းနောက်မှ ကပ်၍ လိုက်ပါသွားလေ၏။ နောက်မှ သိရှိရသည်မှာ တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်ခဲ့သည့်အချိန်က ၎င်းတို့၏ဘေးရန်ကို ကြောက်ရွံ့သဖြင့် သားအဖနှစ်ယောက်တို့ ဝင်ရောက်ပုန်းနေရန် ပုန်းကျင်းသဖွယ် ဆောက်လုပ်ထားခဲ့သည့်မြေအောက်လိုဏ်ခေါင်းကလေးတစ်ခု ဖြစ်လေသည်။

ကိုနန္ဒသည် လိုဏ်ခေါင်းအဆုံးကို ရောက်အောင်သွားပြီးနောက် လိုဏ်ခေါင်းထိပ်တစ်နေရာသို့ ရောက်သောအခါ မြေပေါ်တွင် တစ်စုံတစ်ရာကို လက်ဖြင့် စမ်းသပ်ရှာဖွေပြီးနောက် မိမိအလိုရှိသည့်အရာကို တွေ့သည့်လက္ခဏာဖြင့် သူ့ခါးတွင်ပါသည့် ရှမ်းဓားမြှောင်ကြီးကို ချွတ်ပြီးလျှင် ထိုနေရာမှ မြေကို တူးဆွလျက်ရှိလေ၏။ ကျွန်တော်က ဖယောင်းတိုင်ဖြင့် မီးပြလျက်ရှိလေရာ ငါးမိနစ်ခန့်အကြာတွင် အလျား ၆ ပေ၊ အနံ ၁ ပေခန့်ရှိ သေတ္တာရှည်ကလေး တစ်လုံးပေါ်လာတော့၏။ သေတ္တာမှ သံပြားများမှာ သံချေးများ ကိုက်နေသောကြောင့် ကျွန်တော်တို့နှစ်ယောက်မှာ ချွေးများ ပြန်လာသည့်တိုင်အောင် မိနစ်နှစ်ဆယ်ခန့် ဖွင့်သောအခါမှ သေတ္တာကလေး၏အတွင်းမှ ပစ္စည်းများကို မြင်လိုက်ရသောအခါ ကျွန်တော့်အဖို့ ဝမ်းသာလွန်းလှသောကြောင့် ထ၍ မခုန်မိအောင်ပင် မနည်းသတိထား၍ နေလိုက်ရတော့၏။

သံသေတ္တာရှည်ကလေးထဲတွင် ကျွန်တော် တွေ့လိုက်ရသော ပစ္စည်း များမှာ အခြားမဟုတ်ပေ။ အမေရိကန်ပြည်လုပ် "ဝင်ဗလီ"အမျိုးအစား အော်တိုမစ်တစ် ခြောက်လုံးပြူးသေနတ်တစ်လက်၊ အနောက်ဂျာမနီလုပ် ၁၂ ချက်ထွက် "မော်ဇာ"ပစ္စတိုနှစ်လက်တို့ပင် ဖြစ်လေသည်။ ထို့ပြင် ၄-၅-၆၀ ထက် မနည်းသော ယမ်းတောင့်များလည်း သေတ္တာကလေးနှင့် ပြည့်လုမတတ် ဖြစ်နေ၏။

"ဟာ ... ကျွန်တော်တို့ အတွက်တော့ ကောင်းကောင်းကြီး ဖူလုံပြီဗျို့ ဒီလိုလုပ်လေဗျာ ကိုနန္ဒ၊ ခင်ဗျား အိမ်ပြန်ပြီး ရေနံနည်းနည်းသွားယူချေ။ မုန့်ညှင်းဆီရှိရင်လည်း နည်းနည်းယူခဲ့ဗျာ။ အဝတ်စုတ်တွေလည်း ဆွဲခဲ့ဗျို့ ဆီထည့်ပြီး တိုက်ဖို့ ကျွန်တော် ဖြုတ်ထားလိုက်မယ်"

ကိုနန္ဒသည် ကျွန်တော် ပြောသည့်အတိုင်း ပစ္စည်းများကို သွားရောက်ယူငင်ရန် အပေါ်သို့ တက်သွားလေ၏။

ကျွန်တော့်မှာ စစ်မှုထမ်းခဲ့ဖူးသူ တစ်ယောက်ဖြစ်သဖြင့် သေနတ်များကို ဖြုတ်ရန်၊ တိုက်ချွတ်ရန်၊ ပြန်လည်တပ်ဆင်ရန် ကောင်းစွာနားလည်ပြီး ဖြစ်၏။ တစ်ခဏမျှ ကြာသောအခါ ကိုနန္ဒသည် သူ့သား အိုက်ခွန်နှင့်အတူ ရေနံဆီတစ်ပုလင်း၊ မုန့်ညှင်းဆီတစ်ပန်းကန်ကိုကိုင်ကာ အိုက်ခွန်က အဝတ်စုတ်များကို ပွေ့လျက် တွင်းထဲသို့ ဆင်းလာကြ၏။ ထို့နောက် ကျွန်တော်တို့လည်း အသင့်ချွတ်ထားပြီးသော သေနတ်သုံးလက်မှ အစိတ်အပိုင်းများ သုတ်သင်တိုက်ချွတ်လျက် ရှိကြရာ သေနတ်သုံးလက်တို့မှာ အသစ်ပကတိကဲ့သို့ ချောမွေ့ ပြောင်လက်လျက် ရှိလေတော့၏။

ကျွန်တော်လည်း ကျည်ဆန်များကို ရေတွက်စစ်ဆေးကြည့်သောအခါ အမျိုးတူ "မော်ဇာ"နှစ်လက်အတွက် ယမ်းတောင့် (၃၇) တောင့်၊ "ဝင်ဗလီ" အမျိုးအစား (၂၄) တောင့်ဖြစ်၍ စုစုပေါင်း (၆၁) တောင့်ဖြစ်သဖြင့် ကျွန်တော်တို့ သွားရောက်မည့် ခရီးတွက် ကောင်းစွာဖူလုံလျက် ရှိနေလေပြီ။

လက်နက်အတွက်ကား ပြည့်စုံပေပြီ။ အဝတ်အထည် စားရေးရိက္ခာနှင့် ဆေးဝါးပစ္စည်းများသာ လိုတော့၏။

သို့နှင့် ကျွန်တော်လည်း လက်သမားခေါင်းထံ (၁၅) ရက် ခွင့်ယူပြီးလျှင် ကုမ္ပဏီအလုပ်သမားဆေးခန်းမှ ကွီနိုင်၊ ဆာလဖိတ်၊ ပရုတ်ဆီ၊ ကာဘော်လစ်ဆီအနည်းငယ်၊ အဝတ်ပတ်တီးနှင့် ဝွမ်းစအချို့ကို လက်ထောက်ဆေးမှူးထံမှ နားလည်မှုဖြင့် တောင်းယူရရှိခဲ့၏။ စားရေရိက္ခာအတွက်မှာမူ ကျွန်တော်တို့ အလုပ်သမားစခန်း "ကင်တင်း"မှ စည်သွတ်ဘူးများကို (၁၅) ရက်စာ ခန့်မှန်း၍ ဝယ်ယူခဲ့၏။ ကျွန်တော့်တွင် သားရေဂျာကင်တစ်ခု၊ "ဂျင်း" ဘောင်းဘီတစ်ထည်၊ ကာကီရှည်အင်္ကျီတစ်ထည်ရှိသဖြင့် လုံလောက်ပေပြီ။

နောက်နှစ်ရက်ခန့် ကြာရှိသောအခါ မြေပုံပိုင်ရှင် ကိုနန္ဒ၊ ၎င်း၏သား အိုက်ခွန်နှင့် ကမ္ဘာပေါ်တွင် ဆွေမရှိ၊ မျိုးမရှိ တစ်ယောက်တည်းရှိနေသူ ကျွန်တော် လူပေါင်းသုံးယောက်တို့သည် မိုင်းယောင်းနယ်မြေကို ကျော်ဖြတ်ကာ ယိုးဒယားနှင့် တရုတ်နယ်စပ်တွင် ရောက်၍နေကြလေပြီ။ ကျွန်တော်သည် ဂျင်းဘောင်းဘီရှည်နှင့် ဂျာကင်အင်္ကျီကို ဝတ်ထားပြီးလျှင် ရှမ်းခမောက်ကို ဆောင်းထား၏။ ခါးတွင်လည်း ကိုနန္ဒ ရှာပေးသော သားရေစစ်ခါးပတ်နှင့် ရွက်ဖျင်ခြောက်လုံးပြူး အိတ်တွင် ဝင်ဗလီခြောက်လုံးပြူးတစ်လက်ကိုလည်းကောင်း ကျွန်တော်ပိုင် "ကွတ်ကရီး"ခေါ် ဂေါ်ရခါး ဓားကောက်ကြီးကိုလည်းကောင်း လွယ်ထား၏။ ကိုနန္ဒမှာ ရှမ်းဘောင်းဘီပွကြီးနှင့် မိုင်းယောင်းဖြစ် ဝွမ်းအနွေးထည်အင်္ကျီကို ဝတ်ထား၏။ လက်ထဲတွင် ရှမ်းတူမီး သေနတ်တစ်လက်၊ ခါးတွင် ရှမ်းဓားမြှောင်တစ်ချောင်းနှင့် မော်ဇာပစ္စတိုတစ်လက် ရှိ၏။ သူ၏သား အိုက်ခွန်မှာလည်း ကျွန်တော်ပေးထားသော ဂျင်းဘောင်းဘီ တစ်ပတ်ရစ်တစ်ထည်ကို ဝတ်ထားပြီးလျှင် ဝွမ်းအနွေးထည် ရှပ်အင်္ကျီတစ်ထည်ကို ဝတ်ထား၏။ ခါးတွင် တစ်ပေခန့်ရှိ ရှမ်းဓားမြှောင်တစ်ချောင်း၊ ပစ္စတိုတစ်လက် ဆွဲချိတ်ထားရာ အရွယ်နှင့် မလိုက်အောင် သန်မာထွားကျိုင်းသူဖြစ်သဖြင့် ၎င်း၏ ကိုယ်လုံးကိုယ်ပေါက်နှင့် အဝတ်အစားတို့မှာ လွန်စွာပင် ပန်ရလျက် ကြည့်၍ကောင်းလှပေသည်။

ကျွန်တော်သည် မိမိကိုယ်နှင့်တကွ သူတို့သားအဖကိုကြည့်ကာ အတန်ငယ် ပြုံးလိုက်မိ၏။ ထိုအခါ ကိုနန္ဒက...

"ဘာပြုံးတာလဲ မောင်မိုးအောင်ရဲ့"

"ဩော် ... ကျွန်တော်တို့ရဲ့ လူပုံလူပန်းတွေကြည့်ပြီး ကျွန်တော်တို့ မြို့မှာ ပြတဲ့ အမေရိကန်ဇာတ်ကားတွေထဲက ကောင်းဘွိုင်တွေနဲ့ တူလွန်းလို့ ပြုံးမိတာပါ"

"ကောင်းဘွိုင်ဆိုတာ ဘာလဲ ... အစ်ကိုရဲ့"

အိုက်ခွန်သည် ချောင်းကလေးတစ်ခုကို ခုန်၍ကျော်ရင် ကျွန်တော့်အား မေးလိုက်လေသည်။

"ကောင်းဘွိုင်ဆိုတာက အင်္ဂလိပ်စကားနဲ့ နွားကျောင်းသားကို ခေါ်တာပေါ့ကွာ။ ဩော် ... ဒါထက် ခင်ဗျားတို့ ရုပ်ရှင်ကြည့်ဖူးကြသလား ကိုနန္ဒ"

"အေးကွယ့် ... မင်းတို့မရောက်ခင် ကုမ္ပဏီက အလုပ်သမားတွေကို လာပြတုန်းက ကြည့်ဖူးပါတယ်။ ဒီတစ်ခါတည်းပါ"

အိုက်ခွန်က တအံ့တဩဖြင့် ...

"တယ်လည်း ဆန်းတာပဲနော်။ ပိတ်ဖြူကြီးပေါ်မှာ လူတွေရောက်နေတာ"

"အေးကွ ... တို့ရန်ကုန်မှာဆိုရင် ဒါတွေဟာ အဆန်းမဟုတ်သေးဘူး။ ဒီထက်ဆန်းတာတွေတောင် ရှိသေးတယ်။ ဒီထက် အံ့ဩစရာတွေလည်း အများကြီးပဲ အိုက်ခွန်"

ကျွန်တော်သည် ကိုနန္ဒ၏နောက်မှ တောင်ပူစာကလေးတစ်ခုကို တက်ရင်း အိုက်ခွန်အား လှမ်း၍ပြောပြလိုက်၏။

ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောကြဘဲ အပေါ်သို့ ရောက်အောင်သာ တောင်ကို အားခဲတက်နေကြ၏။ မကြာမီ တောင်ထိပ်သို့ ရောက်သွား၍ အတော်ပင်မောပန်း၍ နေကြပြီဖြစ်ရာ ချွေးများဖြင့် ရွှဲရွှဲစိုလျက် ရှိကြ၏။ ခရီးကလည်း အတော်ပေါက်ခဲ့ပြီဖြစ်ရာ ဝမ်းတွင်းကလည်း ဆာလောင်လာကြပြီဖြစ်သဖြင့် အိုက်ခွန်၏ ကျောပိုးလွယ်အိတ်ထဲမှ စည်သွတ်အမဲဘူး တစ်ဘူးကို ဖွင့်ပြီးလျှင် "ခေါက်ညှို"(ကောက်ညှင်းပေါင်း)နှင့် မြိန်ရှက်စွာ စားကြရ၏။ ကိုနန္ဒက တစ်စုံတစ်ရာမစားမီ စားဦးစားဖျားကို တောစောင့်နတ် တောင်စောင့်နတ်တို့

အား တင်မြှောက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ အခြားတစ်ဘက်သို့ လှည့်၍ပြုံးမိသေး၏။

ရှမ်းတောင်တန်းကြီးများကို ဖြတ်ကျော်တိုက်ခိုက်၍လာသော လေအေး ကလေးများသည် အုန်းဆီနှင့်ရက်ပေါင်းများစွာ ကင်းကွာ၍နေသော ကျွန်တော့် ၏ ဆံပင်နကလေးများကို တလူလူတိုက်ခတ်ကစားလျက် ရှိနေ၏။ ထိုအခါမှ ကျွန်တော်သည် သာယာလှပသော တောတောင်၏ သဘာဝကို သတိထား၍ ကြည့်ရှုမိရာ ညို့ညို့မှိုင်းမှိုင်းရှိနေသည့် ရှမ်းပြည်နယ်တောင်တန်းကြီးများသည် အုပ်ဆိုင်းလျက်ရှိသော သစ်ပင်၊ ဝါးပင်တို့ဖြင့် ဖုံးအုပ်လျက်ရှိနေသည်ကိုလည်း ကောင်း၊ ထွားကျိုင်းသော ထင်းရှူးပင်ကြီးများ၊ ယူကလစ်ပင်ကြီးများနှင့် အခြား အမျိုးအမည်မသိရသော သစ်ပင်ကြီးငယ်တို့ကလည်း နေရာအနှံ့အပြား ပေါက် ရောက်လျက် ကြည်လင်အေးမြသည့် စမ်းချောင်းကလေးများကလည်း ကျွန် တော်တို့ လမ်းကို ဖြတ်သန်းကာ ရှိနေကြသည်ကိုလည်းကောင်း၊ တသွင်သွင် စီးဆင်းလျက် ရှိနေကြသည်ကိုလည်းကောင်း၊ ကျွန်တော် တွေ့မြင်ရသောအခါ လက်ရာမြောက်လှသော အနုပညာသည် ပန်းချီကျော်တစ်ဦး၏ ရောင်စုံဆီဆေး ကားတစ်ချပ်ကို ကြည့်နေရဘိသကဲ့သို့ ထင်မိတော့၏။ ကျွန်တော့်မှာ ယခင်က စစ်သားဟောင်းတစ်ယောက်။ ထို့နောက် အလုပ်ကြမ်းသမားနှင့် လက်သမား တစ်ယောက်ဖြစ်သော်လည်း အနုပညာကို ဝါသနာထုံသူတစ်ဦး ဖြစ်သည့် အတိုင်း ထိုသဘာဝအလှများကို နှိုက်နှိုက်ချွတ်ချွတ် မြင်မိခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် ... ရှေ့သို့ဆက်၍ လုပ်ကိုင်ရမည့် အလုပ်သည်ကား အနုပညာသည် တစ်ယောက်အနေဖြင့် ကြမ်းတမ်းကောင်း ကြမ်းတမ်းပေလိမ့်မည်။

အစားအစာများ စားသောက်ပြီးနောက် ကျွန်တော်တို့သည် တစ်နာရီခန့်မျှ လဲလျောင်းအနားယူပြီးလျှင် ရှေ့သို့ ခရီးဆက်ကြရပြန်တော့၏။

ကျွန်တော်တို့သည် သစ်တောကြီးများ၊ မနိမ့်မမြင့်ရှိနေသော တောင်ပူစာနှင့် တောင်နှာမောင်းများ၊ မြင့်မားသော တောင်တန်းကြီးများကို တဖြည်းဖြည်းဖြတ်လျက် ရှိတော့၏။ တစ်ခါတစ်ရံ လက်ဆတ်သော ဆင်ချေးပုံများကို တွေ့ရပြီးလျှင် တစ်ခါတစ်ရံလည်း ကျားဟိန်းသံတို့ကိုပင် ကြားရ၏။ ကျွန်တော်သည် ကုမ္ပဏီလက်သမားစခန်းတွင် အေးချမ်းစွာနေထိုင်လျက် အစားကောင်းကောင်းစားကာ တစ်နေ့လျှင် ခုနစ်ကျပ်ရသော အလုပ်ကို အပျက်ခံပြီးလျှင် ဤမရေရာသော စွန့်စားရှာဖွေမှုနောက်သို့ လိုက်ခဲ့သည်မှာ မှားလေပြီလောဟု တစ်ခါတစ်ရံ စိတ်ကူးမိသကဲ့သို့ ပျော့ညံ့သော စိတ်ဓာတ်ကလေးများ ပေါ်လာတတ်၏။ သို့သော် ယောက်ျားဆိုသည်မှာ မိမိကိုယ်ကျိုးအတွက်သော်လည်းကောင်း၊ တိုင်းပြည်၏ ကောင်းကျိုးအတွက်သော်လည်းကောင်း စွန့်စားလုပ်ကိုင်ရမည့် အလုပ်မျိုးကို လူတိုင်းလူတိုင်း လုပ်ကိုင်အပ်သည့်အပြင် ကျွန်တော့်အနေနှင့်လည်း မည်သည့်အတွက်မျှ ပူပင်စရာမရှိ၊ တစ်ကိုယ်တည်းသမား တစ်ယောက်ဖြစ်သည့်အတိုင်း "သေလျှင် မြေကြီး ရှင်လျှင်ရွှေထီး" ဟူသော စိတ်ဓာတ်များ ဝင်လာပြီးလျှင် မှုလပျော့ညံ့သော စိတ်ကလေးကို အပြီးတိုင် ချေမှုန်းပစ်လိုက်လေသည်။ သို့နှင့် ကျွန်တော်တို့သုံးယောက်တို့သည် ခရီးကြမ်းခြင်းနှင့် ပင်ပန်းခြင်းကို ပဓာနမထားဘဲ ရှေ့သို့ ခရီးဆက်ကြပြန်လေသည်။

သုံးရက်ကျော် လေးရက်မြောက်သောနေ့ ညနေစောင်း ၂ နာရီကျော်အချိန်လောက်၌ ကိုနန္ဒ ညွှန်ပြသည့်အတိုင်း မှိုင်းမှိုင်းညို့ညို့ ရှိနေသည့် "လွယ်နော"တောင်ကြီးကို ကောင်းစွာမြင်ရလေ၏။ သို့နှင့် ကျွန်တော်တို့ သုံးဦးသားတို့မှာ ယခင်ကထက် ခြေလှမ်းများသွက်ကာ ရှေ့သို့ ဆက်လက်လာကြရာ ညနေ (၅) နာရီခွဲခန့်တွင် လွယ်နောတောင်ခြေရှိ မဲခေါင်မြစ်ကမ်းသို့ ချောမောစွာ ရောက်ရှိလာကြတော့သည်။

အချိန်မှာ မှဲ့နေပြီဖြစ်၍ ကျွန်တော်တို့လည်း မြစ်ကမ်းနှင့် မနီးမဝေးတစ်နေရာမှ ခွဆုံကြီးမားလှသော ညံဖိုပင်ကြီးတစ်ပင်ကို ရွေးချယ်ပြီးလျှင် ထိုအပင်ပေါ်သို့ နွယ်ကြိုးများဖြင့် တက်ရောက်အိပ်စက်ကြရ၏။ နွယ်ကြိုးများမှာ သစ်ပင်ရင်းမှ

ပင်လုံးကို ရစ်ပတ်ပြီးလျှင် ၎င်းမှတစ်ဆင့် သစ်ကိုင်းများပေါ်သို့ ရောက်ကာ အောက်သို့ အများအပြားကျရောက်နေကြသည်။ အိပ်ခါနီးတွင် ကျွန်တော်တို့သည် သစ်ပင်ကြီး၏ အောက်ခြေရင်းနှင့် မလှမ်းမကမ်းတွင် မီးဖိုကြီးတစ်ဖိုကိုလည်း ဖို၍ထားသဖြင့် တောကောင်များ၏ ဘေးအန္တရာယ်ကို ကြောက်ရန် မလိုတော့ပေ။ ထို့ပြင် ကျွန်တော်တို့သည် ပင်ခွဆုံသို့ ရောက်အောင် နွယ်ကြိုးများကို အားပြုကိုင်ဆွဲကာ ခဲခဲယဉ်းယဉ်းတက်ခဲ့ရသဖြင့်လည်း ကျွန်တော်တို့ အိပ်စက်ရာ ခွဆုံသို့ မည်သည့်တောကောင်မျှ ရောက်လာနိုင်မည် မဟုတ်သောကြောင့် ပို၍ပင်စိတ်ချရတော့၏။

(၇) နာရီဟူသောအချိန် မြို့ကြီးပြကြီးများတွင် ဆူညံစည်ကားလျက် ရှိသော အချိန် ဖြစ်သော်လည်း ယခုကဲ့သို့ တောကြီးမျက်မည်းတွင်မူကား တစ်ခါတစ်ရံ ကျားဟိန်းသံနှင့် ချေဟောက်သံမှတစ်ပါး တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။ ကျွန်တော်သည် အောက်ခွဆုံကြီးတွင် အိပ်၍ ကိုနန္ဒတို့ သားအဖမှာ ကျွန်တော့် အထက် (၈)တောင်ခန့်မြင့်သည့် လက်ဝဲဘက်သို့ ထိုးထွက်လျက်ရှိသော အခြား ခွဆုံတစ်ခုတွင် အိပ်ကြ၏။ ၎င်းတို့မှာ ထိုအချိန်တွင် တရှူးရှူး ဟောက်ကာ အိပ်မောကျလျက် ရှိနေကြလေပြီ။ ကျွန်တော်မှာမူ လူကပင် ကြမ်းတမ်းသော်လည်း စိတ်ကူးယဉ်သမားတစ်ယောက်ဖြစ်သောကြောင့် မန္တလေးတွင် ကျန်ရစ်ခဲ့သော ကျွန်တော်နှင့် ကျောင်းနေစဉ်ကပင် ချစ်ခင်ခဲ့သူ "..."အား လူငယ်တို့ဘာဝ လွမ်းဆွတ်သတိရလျက် ရှိတော့၏။

သစ်ပင်အောက်တွင် ဖိုထားခဲ့သည့် မီးပုံကြီးမှာ တဖောက်ဖောက် တောက်လောင်လျက်ရှိရာမှ တဖြည်းဖြည်း အရှိန်သေသွားခြင်းနှင့် နောက်ဆုံး ငြိမ်း၍ သွားလေတော့၏။ ထိုအချိန်တွင် မဲခေါင်မြစ်အတွင်းသို့ ရေသောက်ရန် ဆင်းလာကြဟန်တူသော သတ္တဝါများကို ခပ်လှမ်းလှမ်းမှ မြင်ရလေရာ အချို့မှာ ကျား၊ အချို့မှာ ဝက်၊ အချို့မှာ သမင် ဒရယ်များ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။ သို့သော် ထိုသတ္တဝါများ၏ ဘေးရန်ကို မည်သည့်နည်းနှင့်မျှ ကြောက်ရွံ့ရန် မရှိတော့

ကြောင်း စိတ်နလုံးကို ဒုန်းဒုန်းကြီးချထားပြီဖြစ်သဖြင့် ကျွန်တော်လည်း မကြာမီ အိပ်ပျော်၍ သွားလေတော့၏။

ကျွန်တော်၏နားတွင် မောင်မိုးအောင် "ဟေ့ ... မောင်မိုးအောင်၊ ထဟေ့ ... ထထ"ဟု ကိုနန္ဒ၏ အသံကို ကြားလိုက်ရပြီးလျှင် ကျွန်တော်၏လက်မောင်းကို ဆွဲ၍ လှုပ်နိုးနေသော ကိုနန္ဒကို တွေ့လိုက်ရ၏။ ကျွန်တော့်မှာ ခရီးပန်း၍လည်း လာပြန်၊ ပျံ့ပျူးသောနေရာတွင်လည်း မအိပ်ရပြန်ဖြစ်သဖြင့် တစ်ကိုယ်လုံးမှာ ရိုက်နက်ထားဘိသကဲ့သို့ နာကျင်လျက်ရှိလေ၏။

"အား ... ကျွတ် ... ကျွတ်၊ ကိုယ်တွေ နာလိုက်တာဗျာ"

"ဟုတ်တယ် ... အစ်ကိုရဲ့ ကျွန်တော်လည်း နာတာပဲ"

အိုက်ခွန်သည် အပေါ်ခွဆုံမှ မဆင်းသေးဘဲ ကျွန်တော်အား လှမ်း၍ပြော လိုက်၏။ ကျွန်တော်သည် ခေါင်းမှီ၍ ထားသော ကျောပိုးအိတ်ကို လွယ်ပိုးလိုက် ပြီးလျှင် လက်လှမ်းမီတွင် ရှိနေသည့် နွယ်ကြိုးကြီးတစ်ချောင်းကို ဆုပ်ကိုင်ကာ အောက်သို့ လျှောဆင်းခဲ့လေ၏။ မြေပေါ်သို့ အရောက်တွင် ကိုယ်လက်သန့်စင် ရန် မဲခေါင်မြစ်ဆီသို့ သွားမည်ဟု ဟန်ပြင်လိုက်၏။ သို့ရှိစဉ် ...

"မိုးအောင် ... မိုးအောင် ... သတိထား၊ နောက်မှာ ... နောက်မှာ"ဟု သစ်ပင် ပေါ်က ကိုနန္ဒ၏ အလန့်တကြား အော်လိုက်သံကို ကြားရသဖြင့် ဖျတ်ခနဲ နောက် သို့ လှည့်ကြည့်လိုက်ရာ ဝင်းဝင်းတောက်လျက်ရှိသော မျက်လုံးအစုံမှ နီဝါရောင် ဦးခေါင်းကြီးဖြင့် ဆောင့်ကြောင့်ထိုင်လျက်ရှိသော ကျားတစ်ကောင်ကို ရုတ် တရက် တွေ့မြင်လိုက်ရ၏။ ပထမတွင် ကျွန်တော်သည် မည်သို့လုပ်ရမည် မသိ ဘဲ ခေတ္တမျှ ကြက်သေသေလျက် ကျား၏ မျက်လုံးကို စေ့စေ့ကြည့်၍ နေမိ၏။ ခါးထဲ၌ ခြောက်လုံးပြူးသေနတ်ကိုလည်းကောင်း၊ လက်ယာဘက်တွင် ချိတ်၍ လွယ်ထားသော ကွတ်ကရီ ဓားကောက်ကြီးကိုလည်းကောင်း လုံးဝသတိမရ ချေ။

"သတိထားဟေ့ ... သတိထား၊ မင်းကို အုပ်တော့မယ်"

ကိုနန္ဒသည် သစ်ပင်ပေါ်မှနေ၍ ကျွန်တော်အား အော်ဟစ်သတိပေးလျက် ရှိလေ၏။ ကျားသည် ကျွန်တော်အား မာန်ဖီကာ ကျွန်တော်အား ခုန်အုပ်ရန် အလစ်ကို စောင့်ဆိုင်းလျက် ရှိလေ၏။ ထိုင်နေရာမှ အမြီးကို တစ်ချက်ပုတ်လိုက် ၏။ ကျွန်တော်သည် ထိုအချိန်တွင် လူကြီးများ ပြောဖူးသော စကားတစ်ခုကို သွား၍ သတိရလိုက်၏။ ကျားသည် အမြီးသုံးခါ ပုတ်ပြီးမှ လူကို ခုန်၍အုပ်သည် ဟူသော စကားပင် ဖြစ်လေသည်။ ဒုတိယအကြိမ် အမြီးပုတ်ပြီးနောက် တတိယ အကြိမ် ပုတ်လိုက်သည့် စက္ကန့်ပိုင်းအတွင်း၌ပင် ကျားသည် ထိုင်နေရာမှ အတန် ငယ် နေရာပြင်ပြီးနောက် ကျွန်တော်ရှိရာသို့ လွှားခနဲ ခုန်လိုက်သည်ကို နောက် ဆုံး ကျွန်တော် တွေ့လိုက်ရ၏။ ကျွန်တော်မှာ အလစ်တိုက်ခိုက်ခြင်း မခံရဘဲ သတိကြီးစွာဖြင့် စောင့်ကြည့်နေသောကြောင့် လက်ယာဘက်သို့ ခြေလှမ်း လေးလှမ်းခန့် ဝပ်၍ လှဲချလိုက်မိ၏။

ထိုအချိန်နှင့် တစ်ပြိုင်တည်းပင် ဒိုင်းခနဲ သေနတ်သံကို ကြားရပြီးလျှင် ကိုနန္ဒ၏ တူမီးသေနတ်မှ မီးပွင့်သွားသည်ကို မြင်လိုက်ရ၏။ ထို့နောက် တစ်ချက် တည်းပင် အိုက်ခွန်၏ ပစ္စတိုသေနတ်သံများ ထွက်ပေါ်လာပြီးလျှင် ကျားသည် ကိုနန္ဒ၏ ပထမကျည်ဆန်ကပင် အချက်ကောင်းကို ထိမှန်ထားပြီ ဖြစ်သဖြင့် တစ်ချက်မျှ ခုန်ပြီးလျှင် လက်ယာဘက်သို့စောင်းကာ ယိမ်းထိုးလျက်ရှိစဉ် အိုက် ခွန်၏ သေနတ်မှ ပစ်လိုက်သော ကျည်ဆန်များသည်လည်း ဦးခေါင်းတွင် နှစ် ချက်၊ လက်ပံ့တွင် တစ်ချက်၊ ဝမ်းဗိုက်တွင် နှစ်ချက်၊ ထိမှန်သွားသည်ကို နောင် အခါ တွေ့ရှိကြရလေသည်။ ကိုနန္ဒမှာ ငယ်စဉ်က မုဆိုးလုပ်ခဲ့ဖူးသဖြင့် လက် ဖြောင့်သော်လည်း အိုက်ခွန်မှာ တရုတ်ဖြူများလက်ထက်သို့ ရောက်သောအခါ မှ သေနတ်များကိုပစ်ရန် ပုန်းလျှိုးကွယ်လျှိုး သင်ခဲ့ရသူ ဖြစ်၏။ သို့သော် ... ကံကောင်းထောက်မသဖြင့် ၎င်း၏ ကျည်ဆန်နှစ်ဆန်မှာ ဦးခေါင်းကို မိမိကြီး ထိမှန်သွားခဲ့လေသည်။ ဤသို့နှင့် ကျွန်တော့်မှာ ကျား၏ဘေးရန်မှ သီသီ ကလေး လွတ်မြောက်ခဲ့လေသည်။

ကိုနန္ဒနှင့် အိုက်ခွန်တို့သည် ကျွန်တော် ဆင်းခဲ့သော နွယ်ကြိုးမှပင် ဆင်း သက်၍ လာကြ၏။

"ကံကောင်းလို့သာပေါ့ ... မောင်မိုးအောင်"

"ကံကောင်းလို့ချည်း မဟုတ်ပါဘူး ... ကိုနန္ဒ၊ ခင်ဗျာ့သေနတ်က မထိရင် ကျုပ်ခေါင်းကို ဝါးပြီးသားပဲ"

ထိုအချိန်ထိ ကျွန်တော်မှာ ကျား၏ခံတွင်းမှ သီသီကလေး လွတ်မြောက်လာခဲ့ရသဖြင့် အတော်ပင် တုန်လှုပ်ချောက်ချားလျက် ရှိနေသေး၏။ အတန်ငယ်သက်သာရာ ရသွားသောအခါမှ သုံးဦးသားတို့သည် ကျားသေရှိရာသို့ သွားရောက်ကြည့်ရှုကြရာ ကိုနန္ဒ၏ ရှမ်းတူမီးသေနတ် ကျည်ဆန်သည် ကျား၏ လက်ယာဘက် နားရွက်မှ မျက်လုံးအထိ ထိုးဖောက်သွားသည်ကို ကောင်းစွာတွေ့မြင်ရလေသည်။ ကျားကြီးမှာ ခြောက်တောင်ပြည့် ရှိ၏။ ကျွန် တော်တို့သည် ခရီးဖင့်မည်စိုးသောကြောင့် ကျားရေကိုပင် မယူနိုင်ခဲ့ဘဲ ထားခဲ့ရ၏။ ထို့နောက်ဘေးအန္တရာယ် ကင်းရှင်းမည်ထင်ရသော မဲခေါင်မြစ် ကမ်းခြေတစ်နေရာတွင် ကျွန်တော်တို့သည် ပေါင်မုန့်ခြောက်များနှင့် အသားခြောက် အနည်းငယ်ကို စားကြပြီးလျှင် ရှေ့သို့ ခရီးဆက်ရန် ခေတ္တမျှ အပန်းဖြေလျက် ရှိကြလေသည်။

"ကဲ ... ကိုနန္ဒ၊ မြေပုံကို ကျုပ်တို့ ကြည့်ကြစို့ဗျာ"

ကိုနန္ဒသည် သူ၏ ကျောပိုးလွယ်အိတ်ထဲမှ ပုရပိုက်ဖြူချပ်ကလေး သုံးချပ်ကို ထုတ်၍ယူပြီးနောက် ကျွန်တော်တို့လည်း အလိုက်သင့်ဆက်စပ်ကာ ကြည့်ရှုလေ့လာလျက် ရှိလေ၏။

"ကြက်ခြေခတ်ပြထားသော နေရာကတော့ ဂူနေရာပဲ။ နေပါဦး ... ဒီဂူကို "သစ်သုံးပင်ဂူ" လို့ နာမည်ပေးထားတာကတော့ ဒီဂူပေါ်မှာဖြစ်စေ၊ ဂူရဲ့ အနီးပတ်ဝန်းကျင်မှာဖြစ်စေ အဓိကရ သစ်ပင်ကြီးသုံးပင်ရှိမယ်။ သေသေချာချာကြည့်စမ်းဗျို့ ကိုနန္ဒ၊ ဂူရဲ့ အနောက်တောင်ဘက် ခပ်ယွန်းယွန်း အစက်ပြောက်ကလေးတွေထဲမှာ ပောဒီအစက်ကလေး သုံးစက်က ထင်ရှားတယ်ဗျ။ ဒါဟာ တခြားသစ်ပင်တွေထက် ထင်ရှားတဲ့ သစ်ပင်သုံးပင်ပဲလို့ ကျုပ်ထင်တယ်"

"ဟုတ်ပါလိမ့်မယ်ကွယ် ... မောင်မိုးအောင်"

အိုက်ခွန်က ကြားဖြတ်၍ ...

"ထူးဆန်းတဲ့ သစ်ပင်ဆိုတာ ဘာသစ်ပင်များပါလိမ့် အစ်ကို"

"ဘာသစ်ပင်ဆိုတာ သိဖို့ မလိုပါဘူးကွယ်။ တခြားသစ်ပင်တွေထက် ကြီးရင်လည်း ကြီးရမယ်၊ မြင့်ရင်လည်း မြင့်ရမယ်၊ အရောင်အသွေး ကွဲရင်လည်း ကွဲရမယ်၊ ဒါကို ဆိုလိုတာပေါ့ အိုက်ခွန်ရဲ့"

"မောင်မိုးအောင် ပြောတာမှန်တာပေါ့ လူကလေးရယ်"

"ကဲ ... ဒါဖြင့် ဒီမြစ်ကမ်းပါးကနေပြီး မြေပုံထဲမှာ ပါတဲ့အတိုင်း အနောက်မြောက်ယွန်းယွန်းကို ကျွန်တော်တို့ တက်ကြရလိမ့်မယ်။ ကွယ်နောတောင်ခြေနဲ့ ဒီမြစ်ကြားထဲမှာ တစ်မိုင်ထက် ပိုဝေးမယ် မထင်ပါဘူး။ ကျွန်တော်တို့ သတိထားရမှာက တောင်ခြေနဲ့ နီးလာတဲ့အခါမှာ ဒီထူးထူးခြားခြား သစ်ပင်ကြီးသုံးပင်ကို ရှာဖို့ပဲ။ အဓိပ္ပာယ်က ဒီသစ်ပင်သုံးပင်ကို ရောက်ရင် ဂူကို ရောက်မှာပဲ"

"မင်းပြောတာ မှန်တယ်ဟေ့ ... မောင်မိုးအောင်၊ ငါလည်း ဒီလိုထင်တာပဲ။ တောင်ခြေနဲ့ မဲခေါင်မြစ်ကြားထဲမှာ ရှိတဲ့ တောကို တို့များ ရှာဖို့ပဲ"

ကျွန်တော်တို့သည် ယခုရောက်ရှိနေသော ကမ်းခြေမှ "အစက်သုံးစက်" ဖြင့် ကြက်ခြေခတ်ရှိရာသို့ ညွှန်ပြထားသည့် အနောက်မြောက် ခပ်ယွန်းယွန်းသို့ ဆက်လက်ထွက်ခဲ့ကြလေ၏။ သစ်တောအတွင်း ချောင်းငယ်တစ်ခု၏ နံဘေးသို့ ရောက်လာသောအခါ နေအတော်မြင့်နေပြီဖြစ်၍ ခရီးလည်း အတော်ပေါက်လာပြီဖြစ်သောကြောင့် နံနက်စာ စားသောက်ရန် စခန်းချကြလေ၏။ ကျွန်တော်တို့သည် နံနက်စာမှာ ဒရယ်သားခြောက် အနည်းငယ်နှင့် ဘီစကွက်မုန့်နှစ်ချပ်စီ ဖြစ်လေသည်။

ထို့နောက် ခရီးဆက်ခဲ့ပြန်ရာ နေ့လယ်နှစ်နာရီကျော်ကျော်လောက်တွင် အခြားနေရာများထက် ချုံပုတ်များ ထူထပ်သော နေရာတစ်ခုသို့ ရောက်လာ၍ ရွှံ့အိုင်ကလေးတစ်ခုအနီးရှိ ကျောက်တုံးများပေါ်တွင် ထိုင်ကာ ခေတ္တအပန်းဖြေလျက်ရှိစဉ် ကိုနန္ဒသည် အခင်းကြီးသွားမည်ဟုပြောကာ ကျွန်တော်တို့နှင့် ဝါးတစ်ရိုက်ခန့်ဝေးသည့် ချုံပုတ်ကြီးတစ်ခုနောက်သို့ ဝင်သွားလေ၏။ နှစ်မိနစ်မျှ

မကြာမီ "အား ... အာ ... အမယ်လေး"ဟု ကိုနန္ဒ၏အသံကို ကြားလိုက်ရပြီး နောက် ရုတ်တရက် အသံပျောက်၍ သွားသဖြင့် ကျွန်တော်လည်း တစ်စုံတစ်ရာ ဖြစ်လေပြီဟု "အိုက်ခွန် ... လာဟေ့ ... ဘာဖြစ်သလဲ မသိဘူး" ဟု ပြောကာ ကျွန်တော်တို့လည်း ကိုနန္ဒ၏အသံကြားရာ ချုံပုတ်နောက်သို့ လျင်မြန်စွာ ပြေးသွားကြလေ၏။ ချုံ၏နောက်တွင် တွေ့ရသော ရှုမြင်ကွင်းကား တုန်လှုပ် ချောက်ချား၍ အသည်းထိတ်ဖွယ် ကောင်းလှ၏။ ကျွန်တော်ရော အိုက်ခွန်ပါ သေနတ်နှင့် ဓားများကို ဆုပ်ကိုင်ရင်း တစ်ခဏမျှ ကြက်သေသေလျက် ရှိနေ မိ၏။ လုံးပတ်ထွာဆိုင်ခန့်ရှိ မြွေကြီးတစ်ကောင်သည် ကိုနန္ဒအား ရစ်ပတ်လျက် ရှိရာ ကိုနန္ဒကလည်း မြွေ၏ဦးခေါင်းကို လည်မျိုအထက်နားဆီမှကပ်၍ ဖျစ်ညှစ် ထား၏။ မြွေကြီးမှာ ဖြူညိုရောင်ပေါ်တွင် ညိုမှိုင်းသော အနက်ကွက်ကြီးများ ရှိနေပြီးလျှင် အလျားမှာလည်း အနည်းဆုံး ခြောက်တောင်ခန့်မျှ ရှိပေလိမ့်မည်။ မြွေကြီးသည် ကိုနန္ဒ၏ကိုယ်လုံးကို ဦးခေါင်းမှ အမြီးဖျားထိ ရစ်ပတ်လျက် ရှိနေ ၏။

အိုက်ခွန်မှာ သူ၏ ဖခင်အတွက် ဒေါ်သထွက်ကာ ပစ္စတိုသေနတ်ကိုထုတ်၍ ပစ်မည်တကဲကဲ ပြုလုပ်နေသဖြင့် ကျွန်တော်က မနည်းတားဆီး လိုက်ရ၏။

"ဟေ့ ... အိုက်ခွန်၊ မလုပ်နဲ့ ... မလုပ်နဲ့၊ မင်းအဖေ ထိသွားမယ်၊ ငါ လုပ်မယ်"

ကျွန်တော်သည် ခြောက်လုံးပြူးသေနတ်ကို အိတ်ထဲသို့ ပြန်၍ထည့်လိုက် ပြီးလျှင် အနီးသို့ ချဉ်းကပ်သွားပြီးနောက် ကိုနန္ဒဆုပ်၍ ထားသော နေရာအောက် မှကပ်၍ ဓားကောက်ကြီးဖြင့် လည်ပင်းကို ထုတ်ချင်းပေါက်ထိုးကာ အောက် သို့ တအားဖြဲချလိုက်လေ၏။ ဤသို့ ဖြဲချလိုက်သည်နှင့် တစ်ပြိုင်နက် သွေးများ ပန်းထွက်လာပြီးလျှင် မြွေကြီး၏ ကိုယ်လုံးသည် တဆတ်ဆတ်တုန်ကာ ကိုနန္ဒ အား ရစ်ပတ်ထားသည့် အခွေများသည်လည်း တဖြည်းဖြည်း လျော့ကျသွား လေ၏။ သို့သော် ကိုနန္ဒကား မြွေ၏ဦးခေါင်းကို မလွှတ်သေးချေ။

"အိုက်ခွန် ... အိုက်ခွန်၊ အမြီးကနေကိုင်ပြီး အခွေတွေကို ဖြုတ်ဟေ့၊ မြန်မြန်ဖြုတ်စမ်း၊ မြဲမြဲလည်း ဆုပ်ကိုင်ထားနော်"

သို့နှင့် အိုက်ခွန်သည် သူ၏ဖခင်အား ရစ်ပတ်ထားသည့် မြွေကြီး၏ အခွေများကို အမြီးဆီမှ ကိုင်၍ အလိုက်သင့် ဖြေလျက်ရှိလေ၏။ ဤသို့ မြွေကြီး၏ အခွေများ အတန်ငယ်ပြေသွားသောအခါမှ ကျွန်တော်လည်း လူနှင့် လွတ်လောက်သောနေရာကို ခန့်မှန်းကာ မြွေ၏ဝမ်းဗိုက်အတွင်းသို့ ကျည်ဆန်နှစ်တောင့် ပစ်ထည့်ပေးလိုက်၏။ ကိုနန္ဒမှာလည်း အခွေများ လုံးလုံးပြေသည်နှင့် တစ်ပြိုင်နက် မြေပေါ်သို့ ခွေ၍ကျသွားလေတော့၏။

ထိုအခါမှ ကျွန်တော်လည်း ကိုနန္ဒအား ဖေးမတွဲယူကာ ချုံ၏ အပြင်ဘက်သို့ ထုတ်ခဲ့ရလေသည်။

"ဘယ့်နယ့်နေသေးသလဲ ... ကိုနန္ဒ၊ အရိုးများ တစ်နေရာရာမှာ ကျိုးသွားသေးလား"

"ကျိုးမယ် မထင်ပါဘူးဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ လှုပ်ရှားနိုင်သေးသားပဲ။ ကျုပ်တော့ တစ်ခါတည်း သေရောအောက်မေ့တာ မောင်မိုးအောင်ရေ့"

"ဟုတ်တာပေ့ါ၊ ကံကောင်းပေလို့ပေါ့"

ထိုအချိန်၌ အိုက်ခွန်မှာ ကိုနန္ဒ၏ကိုယ်ပေါ်မှ ဖုန်များကို ခါပေးပြီးလျှင် သူ၏ဖခင်အား ပြုစုယုယလျက်ရှိလေရာ ကျွန်တော်က ကျောပိုးလွယ်အိတ်ထဲတွင် ပါသည့် ကျွန်တော် ဝှက်ယူလာသော ဘရန်ဒီအရက်ပုလင်းကလေးထဲမှ ဘရန်ဒီ အနည်းငယ်ကို ကိုနန္ဒ၏ ပါးစပ်ထဲသို့ လောင်းထည့်လိုက်၏။ ထိုအခါမှ ကိုနန္ဒမှာ ယခင်ကထက် လန်းဆန်းလတ်ဆတ်ဖြစ်လာတော့၏။

"ဘယ့်နယ်နေလဲ ... ကိုနန္ဒ"

"ဘာမှမဖြစ်တော့ပါဘူးဗျာ။ တစ်ကိုယ်လုံး ရိုက်ထားသလို နာနေတာ တစ်ခုပါပဲ"

မြွေကြီးမှာ အတန်ငယ် တွန့်လိမ်လှုပ်ရှားလျက် ရှိရာမှ တဖြည်းဖြည်း ငြိမ်သက်သွားလေတော့၏။ ထိုအခါ အိုက်ခွန်က သူ၏ ဖခင်အား ...

"ဘယ်လိုဖြစ်ရတာလဲပေ့ါ"

(ပေ့ါဆိုသည်မှာ ရှမ်းဘာသာဖြင့် ဖခင်ကို ဆိုလိုသည်။)

"ငါလည်း အခင်းကြီးသွားပြီးလို့ နေရာက အထလိုက်မှာ ချုံနဲ့ ကပ်ပေါက်နေတဲ့ သစ်ပင်ကြီးပေါ်ကနေ ငါ့လည်ပင်းကို စ,ပတ်လိုက်တာပဲဟေ့။ သည့်နောက်တော့ မင်းတို့မြင်တဲ့အတိုင်းပဲ အသက်ရှူကျပ်သလိုဖြစ်လာပြီး မင်းတို့ကြားအောင် မနည်းအော်ရတယ်"

ထို့နောက် ကျွန်တော်တို့လည်း ထိုနေရာမှ ထွက်ခဲ့ကြပြီးလျှင် ခရီးဆက်ကြပြန်လေ၏။ ရှေ့သို့သွားရင်း ထူးထူးခြားခြား ရှိနေမည့် သစ်ပင်ကြီးသုံးပင်ကို ဂရုတစိုက် ရှာဖွေကြည့်ရှုလျက် ရှိလေ၏။

တစ်နာရီခန့်မျှ ဆက်လက်သွားမိသောအခါ များစွာမမြင့်လှသော တောင်ကုန်းကလေးတစ်ခု၏ ဆင်ခြေလျှောတစ်လျှောက်သို့ တက်နေစဉ် အိုက်ခွန်က ကျွန်တော်တို့ တက်နေသော ကုန်းမြင့်ကလေး၏ လက်ယာဘက်သို့ လက်ညှိုးထိုးလျက် "ဟို ... ဟို ... ဟိုမှာ ပေ့ါရေ့သစ်ပင် သစ်ပင်" အလန့်တကြား အားရဝမ်းသာ ဟစ်အော်လိုက်သဖြင့် ကျွန်တော်တို့လည်း ၎င်းညွှန်ပြရာသို့ ကြည့်လိုက်ရာ အခြားသစ်ပင်ပေါ်တွင် မိုးလျက် အခြားသစ်ပင်များထက် မြင့်သည့် သစ်ပင်ကြီးသုံးပင်ကို တွေ့မြင်ရလေ၏။ ကျွန်တော်တို့မှာ မည်မျှလောက် ဝမ်းသာသည်ကို မဖော်ပြနိုင်အောင်ပင် ရှိတော့၏။

"သစ်ပင်ကြီးသုံးပင်ကတော့ တခြားသစ်ပင်တွေထက် မြင့်ပြီး အဓိကရ အပင်ကြီးတွေပဲဗျို့..."

"ဟုတ်မှာပဲ ... မောင်မိုးအောင်၊ ဒီသစ်ပင်သုံးပင်ပဲ ဖြစ်ရမယ်"

ကျွန်တော်တို့သည် အတန်ငယ် ချိုင့်ဝှမ်းသော လက်ယာဘက်သို့ ဆင်း၍ သစ်ပင်ကြီးများ ပေါက်နေသည့်နေရာသို့ လာခဲ့ကြရာ ယင်းသစ်ပင်ကြီးသုံးပင်မှာ သုံးပင်စလုံးပင် ထန်းနှစ်ဖျားခန့်စီမြင့်၍ လုံးပတ်ပင်စည်မှာ အရင်းတွင် လူ၏လက်နှစ်ဖက်ခန့်မျှ လုံးပတ်ရှိပြီးလျှင် အပေါ်သို့ တုတ်တစ်ချောင်းကို ထောင်ထားသည့်အလား တည့်တည့်မတ်မတ် ထိုးတက်လျက်ရှိနေသည်ကို တွေ့ရ၏။ သို့သော် ယင်းတို့မှာ ကျွန်းပင်မဟုတ်ဘဲ ဝါဖန့်ဖန့်အရောင်ရှိသည့် သစ်မာမျိုးတစ်မျိုးဖြစ်၏။ အမျိုးအမည်ကိုကား တောကျွမ်းသော ကိုနန္ဒပင် ခွဲခြား၍မသိ

ပေ။ သစ်ပင်သုံးပင်ပေါက်နေပုံမှာ အနောက်ဘက် အကျဆုံးအပင်နှင့် အရှေ့ဘက် အကျဆုံးအပင်ကို မျဉ်းဖြောင့်ဆွဲလျှင် အလယ်ပင်မှာ ၎င်းတို့၏ အရှေ့ဘက် ဒီဂရီ (၁၄၀) ခန့်ရှိမည်ဟု ခန့်မှန်းရ၏။ အရှေ့ဘက်အကျဆုံး အပင်၏ အရှေ့ဘက်၌ကား တောင်တန်းကလေးတစ်ခု၏ မတ်စောက်သော ကျောက်ကမ်းပါးယံ တစ်ခုရှိလေသည်။ ထိုကျောက်ကမ်းပါးယံမှာ ပေ (၂၀) ခန့်မြင့်၍ အရှေ့ဘက်ဆုံး သစ်ပင်နှင့် ကိုက် (၂၀) ကျော်ကျော်ခန့်မျှ ကွာဝေးလေသည်။ ထိုကျောက်ကမ်းပါး၏ ရှေ့၌ကား လူတစ်ရပ်ခန့်၊ လက်ခုပ်တစ်ဖောင်ခန့်၊ တစ်ဖောင် သာသာခန့်ရှိသော ကျောက်တုံးကြီးများရှိ၍ ၎င်းတို့မှာ ကျောက်ကမ်းပါးယံနှင့် ထိလုမတတ်ရှိ၏။

ကျွန်တော်တို့သည် အခြားသစ်ပင်များနှင့်မတူသော မြင့်မားသည့် သစ်ပင်ကြီးသုံးပင်ကိုလည်းကောင်း၊ အရှေ့ဘက်မနီးအဝေးတွင် တောင်နှင့်မြောက် တန်းလျက်ရှိသော ကျောက်တုံးများနှင့် မတ်စောက်သော ကျောက်ကမ်းပါးယံကြီးကိုလည်းကောင်း၊ ထူးဆန်းသော ရှုမြင်ကွင်းကို တအံ့တဩ ငေးမောကြည့်ရှု၍ နေမိကြ၏။ ထိုအချိန် အိုက်ခွန်၏ အသံဖြင့် "အစ်ကိုရေ ... လာ၊ ပေ့ါရေ ... လာလာ ... ဒီမှာကြည့်စမ်း" ဟု အလယ်တွင်ပေါက်သော သစ်ပင်ကြီး၏ ပင်စည်ကို ဓားနှင့် ထွင်းထုထားသကဲ့သို့ အမှတ်အသားတစ်ခုကို ပြလေသည်။ ကျွန်တော်တို့လည်း အိုက်ခွန်ပြသည့် အမှတ်အသားကို ကြည့်ရှုလျက်ရှိကြလေ၏။ ယင်းအမှတ်အသားသည်ကား မြေကြီးမှ လူတစ်ရပ်ခန့်တွင် ဓားဖြင့်သော်လည်းကောင်း၊ ဆောက်ဖြင့်သော်လည်းကောင်း ထွင်းထုထားသည့် "ဂ" အက္ခရာကဲ့သို့ စက်ဝိုင်းသဏ္ဍာန် အမှတ်အသားတစ်ခု ဖြစ်လေသည်။

ထို "ဂ" အက္ခရာမှာ လုံးပတ့်ထွာဆိုင်ခန့်မျှရှိ၍ နွယ်ပင်များ သစ်ရွက်ခြောက် အမှိုက်သရိုက်များကို ဖယ်ရှားကြည့်သောအခါ ထင်ရှားလာလေသည်။ အိုက်ခွန်သည် အနောက်ဘက်ဆုံးအပင်ဆီသို့ ပြေး၍ကြည့်ပြန်ရ "က" အက္ခရာကိုလည်းကောင်း၊ အရှေ့ဘက်အဆုံး အပင်တွင် "ခ" အက္ခရာကိုလည်းကောင်း၊ ကျွန်တော်တို့ တွေ့ရတော့၏။ အမှတ်အသား အက္ခရာများကား အလွန်ပင်ပီသ၍ ထင်ရှားလှပေ၏။ ထိုအခါ ကိုနန္ဒက ...

"ဟုတ်တယ် ... မောင်မိုးအောင်၊ ကျုပ်တို့ ပုရပိုက်ထဲမှာပါတဲ့ အညွှန်း အတိုင်းအက္ခရာတွေဟာ ကိုက်နေတာပဲ"

" ဟုတ်တာပေါ့ ... ကိုနန္ဒရယ်။ "ဝ"အက္ခရာက ကိုဝဏ္ဏ၊ "က"အက္ခရာက ဗိုလ်ကျော်သူ၊ "ထ"အက္ခရာက ဗိုလ်ထင် သူတို့ သုံးယောက်ပေါ့။ သူတို့ ဒီအက္ခရာကို ထွင်းထုထားတဲ့ အချိန်ကပဲ ဒီသစ်ပင်ကြီးတွေဟာ အတော်ကြီး နေပြီ ထင်တယ်။ အလောင်းမင်းတရားကြီးလက်ထက်ကစပြီး အခုအချိန်ထိ ဆိုရင် နှစ်ပေါင်းနှစ်ရာ ကျော်နေလေတော့ သစ်ပင်ကြီးတွေရဲ့ အသက်ဟာ အနည်းဆုံး နှစ်ပေါင်း ၂၅၀ - ၃၀၀ ရှိရမယ်"

"ဟုတ်တာပေါ့ ... မောင်မိုးအောင်"

"ပြီးတော့ ... ဒီသစ်သုံးပင် ဂူကြီးဆိုတာလည်း အရှေ့ဘက်က တောင်တန်း တစ်နေရာရာမှာ ရှိရမယ်။ နို့ပေမဲ့ ... အခုတော့ ဂူဆိုလို့ အစအနတောင် မတွေ့ရ သေးဘူး"

အချိန်မှာ အတော်ပင်စောင်းပြီဖြစ်၍ ကျွန်တော်တို့လည်း အရှေ့ဘက်တွင် စီတန်းလျက်ရှိနေသော ကျောက်တုံးကြီးများကြားတွင် တစ်နေရာ၌ သင့်လျော် မည်ထင်သော နေရာတစ်ခု ရွေးချယ်ပြီးလျှင် ထိုညဥ့်အဖို့ စခန်းချရန် ပြင်ဆင် ကြလေ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်တော်တို့သည် နောက်ခံတောင်တန်းကြီးပေါ် မှ ကျောက်ကမ်းပါးယံရှိသော တောင်တန်းကိုကွေ့ပတ်ကာ စီးဆင်းနေသည့် ချောင်းကလေးဆီသို့ သွားရောက်ကာ နံနက်စာကို မြိန်ရှက်စွာစားသောက်ကြ ပြီးနောက် သစ်ပင်ကြီး သုံးပင်ရှိရာသို့ ပြန်လာခဲ့ကြပြီးလျှင် ကျောက်တုံးကြီးများ ပေါ်သို့တက်ကာ "သစ်သုံးပင် ရတနာဂူကြီး"ကို ရှာဖွေလျက် ရှိကြလေသည်။ သို့သော် မည်သည့်ဂူကိုမျှ မတွေ့ရချေ။ ကျောက်ကမ်းပါးရှေ့တွင် စီတန်းလျက် ရှိသော ကျောက်တုံးပေါ်သို့တက်၍ တစ်တုံးမှ တစ်တုံးသို့ ကူးပြောင်းရှာဖွေကြ သော်လည်း မတွေ့ရဘဲ ဖြစ်လေ၏။ ကိုနန္ဒနှင့် အိုက်ခွန်တို့မှာလည်း ချွေးများ တပြိုက်ပြိုက် ကျနေပြီးလျှင် သစ်ပင်ရိပ်တစ်ခုအောက်သို့ သွား၍ထိုင်ကာ စိတ် ပျက်အားလျော့သည့်ဟန် ရှိနေကြကုန်၏။

ကျွန်တော်သည် သူတို့သားအဖ နှစ်ယောက်ဆီသို့ လိုက်သွားပြီးလျှင် ကျောပိုးအိတ်နှင့် လက်နက်များကို မြေပေါ်သို့ ပစ်ချလိုက်ပြီးနောက် ...

"ခက်တော့ ခက်တယ်ဗျာ၊ မြေပုံထဲမှာပါတဲ့ အချောင်းကလေးသုံးချောင်းနဲ့ ဒီသစ်ပင်ကြီးသုံးပင်နဲ့တော့ ကိုက်နေတာပဲ။ ကြက်ခြေခတ်ပြထားတဲ့ နေရာက အရှေ့ဆုံးသစ်ပင်ရဲ့ အရှေ့ဘက်မှာ ကပ်နေလေတော့ ဒီတောင်တန်းမှာပဲ မုချ ရှိရမယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမဲ့ ကျောက်ကမ်းပါးယံကြီး ရှေ့မှာ ကျောက်တုံးကြီးတွေက ကျောက်ဆောင်လိုစီတန်းနေလေတော့ ကမ်းပါးယံကို ရှာရင် အဲဒီကျောက်တုံးကြီးတွေပေါ် ကုပ်ကုပ်ကပ်ကပ်တက်ပြီး ရှာရမှာပဲ။ အခု လည်း ကျုပ်တို့ တောင်ဘက်ပိုင်းကိုတော့ ကိုက်တစ်ရာလောက် ရှာပြီးပြီ။ မတွေ့ဘူး။ ဒီတော့ ညနေချမ်းမှာ မြောက်ဘက်ပိုင်းကို ဆက်ပြီး ရှာရုံပဲ၊ ပေးစမ်း ပါဦးဗျာ ... ခင်ဗျား မြေပုံ"

ကိုနန္ဒသည် ကျောပိုးအိတ်အတွင်းမှ ပုရပိုက်ချပ် အပြတ်ကလေးသုံးခုကို ထုတ်ပေးသဖြင့် ကျွန်တော်လည်း ၎င်းတို့အား သူ့နေရာနှင့်သူ နေသားတကျ ဆက်စပ်ပြီးလျှင် မြေပုံကို အသေအချာ လေ့လာကြည့်ရှုလျက် ရှိလေ၏။ အတန် ကြာလတ်သော် အနောက်ဘက်ဆုံးသစ်ပင်၏ အနောက်ဘက် တစ်လက်မခန့် အကွာတွင် စက်ဝိုင်းကလေးတစ်ခုကို အမှတ်မထင် တွေ့လိုက်ရ၏။ စက်ဝိုင်း၏ အရှေ့ဘက်ခြမ်းတွင် နာရီလက်တံကလေးကဲ့သို့ စက်ဝိုင်းဖြင့် ကပ်လျက် အရှေ့ ဘက်သို့ ညွှန်ပြလျက်ရှိသည့် အချောင်းကလေးများကို တွေ့လိုက်ရ၏။

ရှာတွင် မြေပုံကို ပထမကြည့်စဉ်က ၎င်းမှာ တောင်ထိပ်ကလေးတစ်ခု ပေလောဟု အမှတ်မထင်နေခဲ့မိရာ ယခုစဉ်းစားလိုက်သောအခါမှ ၎င်းမှာ နေ၏ ပုံ ဖြစ်ကောင်းဖြစ်မည်လောဟု ကျွန်တော်၏ စိတ်တွင် အလင်းရောင်တစ်ခု ဝင်လာ၏။ စက်ဝိုင်းကလေးမှာ "နေ" ဖြစ်၍ လက်တံကလေးသုံးချောင်းမှာ အနောက်ဘက်မှ အရှေ့သို့ ထိုး၍နေသော ရောင်ခြည်တန်းကလေးများ၏ ပုံသဏ္ဍာန်ပင် ဖြစ်ပေလိမ့်မည်။ သို့နှင့် ကျွန်တော်က ...

"ဒီမှာ ကြည့်စမ်း ... ကိုနန္ဒ၊ ဒါ ဘာလဲဗျ"

ကျွန်တော်သည် စက်ဝိုင်းကလေးနှင့် လက်ယာဘက်သို့ ထွက်နေသည့် လက်တံကလေး သုံးချောင်းကို လက်ထောက်၍ ပြလိုက်၏။ သို့သော် သားအဖ နှစ်ယောက်တို့မှာ သဘောပေါက်ဟန် လက္ခဏာမရှိပေ။

"ဒီလို ... ကိုနန္ဒရဲ့ ဒီစက်ဝိုင်းကလေးကို လက်ယာဘက်က အတံကလေး သုံးချောင်း တပ်ထားတာက နေရောင်ဟာ အနောက်ဘက်ကနေပြီး အရှေ့ဘက်ကို ထိုးနေတဲ့ သဘောပြတာနဲ့တူတယ်။ ဒီတော့ ကျွန်တော့် အထင်ပြောရမယ် ဆိုရင် ဒီလက်တံ သုံးချောင်းစက်ဝိုင်းဟာ နေပဲ ဖြစ်ရမယ်။ ပြီးတော့ ဒီဟာလည်း အနောက်ဘက်မှာ ရှိနေတယ်ဆိုတော့ နေဟာ အနောက်ဘက်ကို စောင်းသွားတဲ့အခါ နေရောင်ဟာ သစ်ပင်ကြီးသုံးပင်ကို အရိပ်ထိုးတဲ့အကြောင်း ပြထားတဲ့ လက္ခဏာပဲ။ ဒါကြောင့် နေအကျမှာ ဒီသစ်ပင်ကြီးသုံးပင်ရဲ့ အရိပ်ဟာ ဘယ် နေရာကျသလဲဆိုတာ ကျွန်တော်တို့ ကြည့်ရလိမ့်မယ်။ သစ်ပင်သုံးပင်ရဲ့ အရိပ် တစ်ထပ်တည်းကျနေတဲ့ နေရာဟာတော့ ဒီဂူကြီးသော်လည်းကောင်း၊ ဂူကြီးကို ပြတဲ့ လမ်းပေါက်သော်လည်းကောင်း ဖြစ်ရမယ်လို့ ကျွန်တော် ထင်တယ်"

"ကျုပ်တို့တော့ ကောင်းကောင်းနားမလည်ပါဘူး မောင်မိုးအောင်ရယ်။ မောင်မိုးအောင်တို့က ခေတ်ပညာတတ် မြို့သားဆိုတော့ ကျုပ်ထက်ပိုပြီး သဘောပေါက်မှာပေါ့။ မောင်မိုးအောင်ပဲ ဉာဏ်ထုတ်ပါတော့"

ကျွန်တော် ထင်သည့်အတိုင်းလည်း ဖြစ်နိုင်လောက်ပေ၏။ အဘယ် ကြောင့်ဆိုသော် အနောက်ဘက်သို့ နေစောင်းသည့် အချိန်များတွင် သစ်ပင်ကြီး သုံးပင်ပေါက်ရောက်နေပုံ အနေအထားကို ကြည့်ရှုခန့်မှန်းခြင်းအားဖြင့် နေ စောင်းသည့် အချိန်တစ်ချိန်တွင် အရိပ်ချင်းထပ်၍ သွားနိုင်လောက်သည်ဟု ကျွန်တော် ထင်မိ၏။ အချိန်မှာ သုံးနာရီသာသာရှိနေပြီဖြစ်၍ နေသည် အနောက် ဘက်သို့ တဖြည်းဖြည်းကျဆင်းလျက် ရှိနေလေပြီ။ ကျွန်တော်သည် ထို အကြောင်းကို ကိုနန္ဒတို့သားအဖအား ပြောပြလျက်ရှိ၏။ သစ်ပင်ကြီးသုံးပင်မှာ အရှေ့နှင့် အနောက်တန်း၍ နေပြီးလျှင် အလယ်ပင် တစ်ပင်သာ မြောက်ဘက် သို့ ခပ်ယွန်းယွန်းရှိနေသဖြင့် ၄ နာရီ ၅ နာရီခန့် နေကျချိန်တွင် ကျွန်တော် ထင်

သည့်အတိုင်း ၎င်းတို့၏အရိပ်များ တစ်ထပ်တည်း ကျနိုင်ပေသည်။ သို့နှင့် ကျွန်တော်တို့သည် နေအကျကိုသာ စောင့်ကြည့်ရန် ရှိတော့၏။

"အင်း ... မောင်မိုးအောင်က သတ္တိတွင် မဟုတ်ဘူး၊ ဉာဏ်လည်း အင်မတန် ကောင်းတယ်ပော့"

ကျွန်တော်တို့သည် အနောက်ဘက်ဆုံးသစ်ပင်နှင့် မနီးမဝေးရှိ ချုံပုတ် တစ်ခု၏ အရိပ်တွင်ထိုင်ကာ နေအကျကို စောင့်ဆိုင်းလျက်ရှိလေ၏။ (၄) နာရီ ထိုးလျှင် ပထမသစ်ပင်၏ အရိပ်သည် ဒုတိယသစ်ပင်ရိပ်နှင့် ရောစပ်ကာရှိနေပြီး နောက် (၁၅) မိနစ်အကြာတွင် နစ်ပင်စလုံး၏အရိပ်သည် အရှေ့ဘက်ဆုံး ဖြစ် သော တတိယသစ်ပင်ခြေရင်းသို့ ကျရောက်လာပြီးနောက် ထိုအပင်ရိပ်နှင့် တစ်ပေါင်းတည်းရောစပ်ကာ တောင်ခြေဆီသို့ အရိပ်ရှည်ကြီးတစ်ခု ထိုးထွက် လျက် ရှိလေ၏။ သို့နှင့် ကျွန်တော်လည်း ထိုအရိပ်ရှည်ကြီး ထိုးထွက်ရာ အရိပ်၏ အစွန်ဆုံးနေရာသို့ တစ်ခါတည်း ပြေးသွားလေ၏။ ကျွန်တော် ပြေးသွားသည်ကို မြင်သဖြင့် အိုက်ခွန်လည်း ပြေးလိုက်လေရာ ၎င်း၏နောက်မှ ကိုနန္ဒလည်း လိုက်ပါလာလေသည်။

ကျွန်တော်သည် ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တက်၍နေစဉ် အိုက်ခွန် သည် အခြားကျောက်တုံးတစ်တုံးပေါ်သို့ လှမ်း၍ကူးလိုက်ရာ "အား ... အစ်ကို ... အစ်ကို ... လုပ်ပါဦး" ဟု ပြောပြောဆိုဆိုနှင့်ပင် သူတက်နေသော ကျောက်တုံး ရှေ့ရှိ တွင်းကြီးတစ်တွင်းထဲသို့ ကျသွားသည်ကို မြင်လိုက်ရ၏။ အိုက်ခွန် တက် သွားသော ကျောက်တုံးမှာ ကျွန်တော်တက်နေသည့် ကျောက်တုံးရှေ့တစ်တုံး ကျော်တွင် ရှိသဖြင့် အိုက်ခွန်သည် ကျွန်တော့်ရှေ့မှ ဖြတ်တက်ကာ ရှေ့ကျောက် တုံးသို့ ခုန်၍ကူးလိုက်စဉ် အမှတ်တမဲ့ကျသွားခြင်းဖြစ်လေသည်။

ထိုအချိန်တွင် ကိုနန္ဒ ရောက်လာပြီဖြစ်၍ ကျွန်တော်တို့လည်း ဒုတိယ ကျောက်တုံးသို့ခုန်၍ကူးလိုက်ပြီးလျှင် အခြားဘက်သို့ငုံ့ကြည့်လိုက်ရာ အိုက်ခွန် ကျသွားသော တွင်းမှာ ကျွန်တော်တို့ဘက်တွင် လှေကားထစ်များသဖွယ် ဖြစ် နေသည့် ကျောက်ထပ်များကို တွေ့ရ၏။ သို့နှင့် ကျွန်တော်တို့လည်း ထိုကျောက်

လှေကားထစ်များမှ အောက်သို့ဆင်းခဲ့ကြရာ အိုက်ခွန်မှာ ကံကောင်းထောက်မသဖြင့် အနည်းငယ်ပွန်းပဲ့သော ဒဏ်ရာမှတစ်ပါး တစ်စုံတစ်ရာ ကျိုးပဲ့ခြင်း မရှိသဖြင့် တော်ပေသေး၏ဟု အောက်မေ့ရ၏။ အိုက်ခွန်မှာ အတန်ငယ်မူးနေသည်ဆိုသဖြင့် ကျွန်တော်လည်း ၎င်းအား ရှုဆေးတစ်ခုပေးပြီးလျှင် ကိုနန္ဒကလည်း သူ၏ရှမ်းခမောက်ကြီးဖြင့် ယပ်ခတ်ပေးလျက် ရှိနေလေသည်။

(၁၀) မိနစ်ခန့်ကြာသောအခါ အိုက်ခွန်မှာ သက်သာရာ ရလာပြီဖြစ်သဖြင့် ကျွန်တော်တို့လည်း ယခင်လှေကားထစ်များအတိုင်း ဒုတိယ ကျောက်တုံးပေါ်သို့ ပြန်၍တက်မည်ပြုစဉ် ကျွန်တော်သည် တစ်စုံတစ်ခုကို စဉ်းစားမိပြန်၏။ သို့နှင့် ... ကျွန်တော်သည် ကိုနန္ဒတို့ သားအဖအား ဤနေရာတွင် ခေတ္တအပန်းဖြေ၍ နေရစ်ခဲ့ရန် ပြောခဲ့ပြီးလျှင် လှေကားကဲ့သို့ ဖြစ်နေသည့် ကျောက်ထစ်များအတိုင်း ဒုတိယကျောက်တုံးပေါ်သို့ ပြန်၍တက်ခဲ့လေ၏။ ထိုအချိန်၌ နေမှာ အတော်ကျနေပြီဖြစ်သော်လည်း သစ်ပင်ကြီးများမှ အရှေ့ဘက်သို့ ထိုးထွက်နေသည့် တစ်ခုတည်းသော အရိပ်ကြီးမှာ ကျောက်နံရံကို ကျော်တက်မသွားဘဲ အိုက်ခွန် ကျသွားသည့် တွင်းကြီးအဝတွင် တန့်လျက်ရှိနေသည်ကို တွေ့ရသဖြင့် ကျွန်တော် တွေးထင်သည့်အတိုင်း မှန်ချေပြီဟု ထ၍ခုန်မိလုမတတ် ဝမ်းမြောက်မိတော့၏။ သို့သော် သစ်ပင်ရိပ်ဖျားကျသောနေရာမှာ အိုက်ခွန် ကျသွားသောနေရာ၏ မြောက်ဘက် (၁၀) တောင်ခန့်ကွာသော နေရာတွင် ဖြစ်သဖြင့် ထိုနေရာမှာ ဂူကြီး၏အပေါက်ဝတွင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ထိုနေရာသို့ ရောက်ရန်မှာ အလယ်တွင် ခြားနေသည့် ကျောက်တုံးကြီးနှစ်တုံးကို ကျော်၍သွားမှသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ထိုသစ်ပင်ရိပ်ကျသည့်နေရာကို အတိအကျ ရှာဖွေရပေတော့မည်။ ဤအကြောင်းကို ကျွန်တော်လည်း သားအဖနှစ်ယောက်တို့အား ပြောပြရာ ၎င်းတို့လည်း ကျွန်တော်ပြောသည်ကို သဘောပေါက်၍ လာကြပြီးလျှင် ဤအတိုင်း ပြုလုပ်ရန် သဘောတူညီကြလေ၏။ သို့နှင့် ကျွန်တော်တို့လည်း လှေကားထစ်များအတိုင်း အပေါ်သို့ ပြန်၍တက်ခဲ့ကြပြီးလျှင် ပထမ ကျောက်တုံးဘက်သို့ ပြန်၍ကူးခဲ့ကြလေ၏။

သစ်ပင်ရိပ်၏ အဖျားကျရောက်ရာ ကျောက်တုံးကို ကျွန်တော်က ညွှန်ပြ လျက်ရှိရာ အိုက်ခွန်က ...

"အဲဒီ ကျောက်တုံးပေါ်ကို တက်ဖို့မလွယ်ဘူး အစ်ကို၊ ကျွန်တော်တို့ အခု ရပ်နေတဲ့နေရာက သွားဖို့ဟာလည်း အလယ်ကျောက်တုံးနှစ်တုံးက ထိပ်မှာ ချွန်ပြီးနေတော့ ဟိုဘက်ကျောက်တုံးကို ရောက်အောင်မသွားနိုင်ဘူး။ အစ်ကို ပြောတဲ့ ကျောက်တုံးကို အပြင်ကနေပြီး တက်ဖို့ဟာကလည်း တောင်ကလပ်လို ဖြစ်နေတယ်။ တက်လို့ရမှာ မဟုတ်ဘူး"

"အေး ... မင်းပြောတာ ဟုတ်တယ်။ နို့ပေမဲ့ ... သစ်ပင်ရိပ်ဖျားကျတာက အဲဒီကျောက်တုံးပေါ်မှာ ဖြစ်နေတော့ ဒီကျောက်တုံးရဲ့နောက်ဘက်ကို မရောက် ရောက်အောင် တို့ သွားရလိမ့်မယ် အိုက်ခွန်။ ဒီကျောက်တုံးရဲ့နောက်မှာ ဂူပေါက် ပဲဖြစ်ဖြစ်၊ ဂူထဲကို ရောက်အောင်သွားနိုင်တဲ့ လမ်းစဖြစ်ဖြစ် တို့တွေ့ရမယ်"

ထို့နောက် ကျွန်တော်တို့လည်း သစ်ပင်ရိပ်ကျရောက်သည့် ကျောက်တုံး ပေါ်သို့ရောက်ရန် အမျိုးမျိုးစဉ်းစားလျက် ရှိကြလေ၏။ နောက်ဆုံးတွင် ကိုနန္ဒ က ...

"ဒီမယ် ... မောင်မိုးအောင်၊ မင်းပြောတဲ့ ကျောက်တုံးကြီးရဲ့ နောက်မှာ အိုက်ခွန် ကျသွားတဲ့တွင်းကြီးများ ဖြစ်ချင်ဖြစ်နေမှာပဲကွယ့်" ဒီကတောင် ခပ်ရေးရေး မြင်ရတယ်၊ ကြည့်ပါလား"

"ဟုတ်တယ် ... ကိုနန္ဒ၊ ကျွန်တော်လည်း ဒီအတိုင်းထင်တာပဲ"

"ဒီတော့ အိုက်ခွန်ကျတဲ့ တွင်းထဲက မြောက်ဘက်ကို ပေါက်တဲ့လမ်း ရှိချင် ရှိမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်တုံးကြီးတွေဟာ ကျောက်နံရံကြီးနဲ့ ကပ် မနေဘူး။ နည်းနည်းကွာနေတယ် မဟုတ်လား မောင်မိုးအောင်ရဲ့၊ ပြီးတော့ ... အိုက်ခွန်ကျသွားတဲ့ တွင်းကြီးကိုလည်း တောင်ဘက်မြောက်ဘက်ကို သေသေ ချာချာ မကြည့်ရသေးဘူး။ မြောက်ဘက်မှာ အပေါက်ရှိမယ်ဆိုရင်တော့ အဲဒီ ကျောက်တုံးကြီးတွေကြားက ကျုပ်တို့သွားချင်သွားနိုင်လိမ့်မယ်"

"ကိုနန္ဒပြောတာ ဟုတ်လိမ့်မယ်ဗျို့၊ ကဲ ... ဒါဖြင့် ကျုပ်တို့ စမ်းကြည့်ကြစို့ လားဗျာ"

သို့နှင့် … ကျွန်တော်တို့လည်း အိုက်ခွန် ပထမ ကျသွားသည့်တွင်းထဲသို့ လှေကားထစ်များကဲ့သို့ ဖြစ်နေသည့် ကျောက်ထပ်များမှ ပြန်၍ဆင်းခဲ့ကြပြန်လေ၏။ အောက်သို့ ရောက်သောအခါ ကျွန်တော်လည်း ကျောပိုးလွယ်အိတ်ထဲမှ လိုရမယ်ရယူခဲ့ရသည့် ဖယောင်းတိုင်ကလေး နှစ်တိုင်အနက် တစ်တိုင်ကို ထွန်းညှိပြီးလျှင် တွင်းကြီး၏ မြောက်ဘက်နှုတ်ခမ်းကို ဖယောင်းတိုင်၏ အလင်းရောင်ဖြင့် စုံစမ်းရှာဖွေလျက်ရှိလေ၏။ ကျောက်တုံးကြီးမှာ ကျောက်ကမ်းပါးယံကြီးနှင့် ထိလုမတတ်ရှိနေသဖြင့် အပေါက်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရသော်လည်း လူ၏ လက်ခုပ်တစ်ဖောင်ခန့် မြင့်သောနေရာတွင် ကျောက်တုံးကြီးနှင့် ကျောက်နံရံတို့အကြားတွင် တစ်ထောင်ခန့်ကွာ၍ နေပြီးလျှင် လူတစ်ယောက် ဝင်နိုင်သည်ဆိုရုံမျှ အပေါက်တစ်ပေါက် ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့လည်း အတော်ပင် ဝမ်းမြောက်မိကြ၏။

သို့နှင့် ကျွန်တော်လည်း ကျောပိုးလွယ်အိတ်ကို အိုက်ခွန်အားပေးခဲ့ပြီးလျှင် ကျောက်စွန်းတစ်ခုကို ဆွဲကိုင်အားပြု၍ တက်သွားရာ အပေါက်ဆီသို့ ရောက်သွားလေ၏။ ထို့နောက် အပေါက်ကို ငုံ့၍ဝင်ပြီးလျှင် ရှေ့သို့ လေးဘက်ထောက်၍သွားရာ လေးပေခန့်သွားသောအခါ အပေါက်ဆုံးသဖြင့် အောက်သို့ ခုန်ချလိုက်သည်တွင် အခြားဘက်သို့ ချောမောစွာ ရောက်သွားလေ၏။ ကျွန်တော့်နောက်မှ ကိုနန္ဒ လိုက်လာပြီးလျှင် သူ၏လွယ်အိတ်နှင့် သေနတ်ကို လှမ်းပေးသဖြင့် ကျွန်တော်က ဆီးယူရ၏။ သူ၏နောက်မှ တစ်ဖန် အိုက်ခွန် လိုက်လာပြန်ရာ သူ၏ကျောပိုးအိတ်ကို ပထမပစ်ချလိုက်ပြီးနောက် အောက်သို့ ခုန်ဆင်းလိုက်လေသည်။ အခြားဘက်၌ကား တွင်းကြီးမှာမြောက်ဘက်သို့တိုးလျှိုးပေါက်ပေါက်နေသည်ကို မြင်ရသဖြင့် ကျွန်တော်တို့လည်း အလွန်အားတက်လာကြပြီးလျှင် သစ်ပင်ထိပ်ဖျား၏ အရိပ်ကျရောက်သော ကျောက်တုံး၏ နောက်သို့ အလွယ်တကူ ရောက်သွားကြလေသည်။

ထိုနေရာ၌ကား ကျောက်တုံးကြီးနှင့် ကမ်းပါးယံမှာ ခန့်မှန်းခြေအားဖြင့် ပေ (၃၀၀၀) ခန့်မျှ ကျယ်ပြီးလျှင် ကျောက်ကမ်းပါးယံမှာ မိုးအခါတွင် အပေါ်မှ

မိုးရေများ စီးကျသည့် လက္ခဏာဖြင့် ရေညှိပင်နှင့် ကျောက်ပန်းပင်များ အတော် အတန် ထူထပ်စွာပေါက်ရောက်လျက် ရှိနေ၏။ မူလမြေပုံအရအားဖြင့်လည်း ကောင်း၊ သစ်ပင်သုံးပင်၏တစ်ထပ်တည်းသော အရိပ်ကျရောက်သည့် ကျောက် တုံးနောက်ဘက် တည့်တည့်ဖြစ်သဖြင့်လည်းကောင်း သစ်သုံးပင်ဂူဆိုသည်မှာ ဤနေရာတစ်ဝိုက်၌ပင် ရှိရပေမည်။ သို့နှင့် ကျွန်တော်၏ ထင်မြင်ချက်ကို ကိုနန္ဒ အား ပြောပြသောအခါ ကိုနန္ဒကလည်း ကျွန်တော်၏ ထင်မြင်ယူဆချက်ကို သဘောတူလေသည်။

သို့နှင့် ကျွန်တော်တို့လည်း သစ်ပင်ရိပ်ဖျားကျသည့် ကျောက်တုံး၏ နောက် တည့်တည့် ဖျာနစ်ချပ် သုံးချပ်စာမျှ အဝန်းအဝိုင်းရှိသောနေရာကို ခန့်မှန်းပြီး လျှင် ကျောက်ကမ်းပါးယံ၌ ရှာဖွေလျက်ရှိကြလေ၏။

"မြေပုံအတိုင်းဆိုရင် ဒီရှေ့က ကျောက်တုံးပေါ်မှာ သစ်ပင်သုံးပင်ရဲ့ အရိပ် ဖျား နောက်ဆုံးကျတဲ့အတွက် ဒီဂူဟာ ကျောက်တုံးရဲ့နောက်နားမှာ မုချ ရှိရမယ် ကိုနန္ဒ"

"မောင်မိုးအောင် ပြောတာ ကျုပ်သဘောကျပါတယ်။ နို့ပေမဲ့ ... ကျောက် ကမ်းပါးယံပေါ်မှာ အပေါ်က ရေကျလို့ ရေညှိတွေရော၊ ကျောက်ပန်းပင်တွေရော ပေါက်နေတယ် မောင်မိုးအောင်ရဲ့။ ဒီတော့ အပေါ်ယံ မြေသားတွေကို ဓားမြှောင် နဲ့ခြစ်ပြီး ကျောက်ပန်းပင်တွေ ကော်ထုတ်ကြစို့လား"

"ကဲ ... ဒါဖြင့်လုပ် ဒီနေရာတစ်ဝိုက်မှာ မုချရှိမှာပဲ။ ကဲ ... အိုက်ခွန် လာဟေ့။ မင်းက အလယ်ကကျောက်ပန်းပင်တွေကို ဓားမြှောင်နဲ့ ထိုးချ၊ တို့နှစ်ယောက်က ဟိုဘက်ဘေးနဲ့ ဒီဘက်ဘေးနားမှာ ရှာမယ်"

သို့နှင့် ကျွန်တော်တို့ သုံးဦးသားတို့သည် မညီညာသော ကျောက်ကမ်းပါး ယံ၌ အချို့နေရာတွင် အပြင်သို့ ငေါထွက်လျက် အချို့နေရာ၌မူ အတွင်း သို့ ချိုင့် ဝင်လျက် ရှိနေသော ကျောက်ပန်းပင်အုပ်ကြီးများနှင့် ရေညှိများကို ဓားမြှောင် များဖြင့် ဖြတ်တောက်ဖော်ထုတ်လျက်ရှိကြလေ၏။ (၁၅) မိနစ်၊ မိနစ် (၂၀) ခန့် ကြာလတ်သော် အိုက်ခွန်သည် ကျွန်တော်ဘက်သို့ လှည့်၍ "အစ်ကိုရေ ...

အပေါက် … အပေါက်" ဟု အလန့်တကြား ဟစ်အော်လိုက်သဖြင့် ကျွန်တော်နှင့် ကိုနန္ဒလည်းအပြေးအလွှား သွားရောက်ကြည့်ရှုကြရာ အိုက်ခွန်သည် ဓားမြှောင်ဦးဖြင့် တဖြည်းဖြည်း ကော်၍နေရာမှ ကျောက်ပန်းပင်ကြီးတစ်ပင်၏ အမြစ်ကို မရအရ ဆွဲနုတ်ရာတွင် ဥသျှစ်သီးခန့်ရှိ ကျောက်ခဲကြီးတစ်လုံးအောက်မှ ကပ်၍ ပါလာလေသည်။ ထိုအခါ ကျောက်တုံးနေရာတွင် အပေါက်ငယ်တစ်ခု ဟင်းလင်းဖြစ်၍ ကျန်ရစ်ခဲ့သောကြောင့် အိုက်ခွန်က အားရဝမ်းသာ အလန့်တကြား အော်လိုက်ခြင်းဖြစ်လေသည်။ ကျောက်တုံး၏နေရာ၌ ကျန်ရစ်ခဲ့သောအပေါက်မှာ လူတစ်ရပ်သာသာခန့်တွင်ရှိ၍ အတွင်းသို့ကြည့်လျှင် မည်းမှောင်နေသဖြင့် တစ်စုံတစ်ရာ မမြင်ရသော်လည်း အတွင်းမှ လေများ တိုက်ခိုက်လာသည်ကို ထောက်ခြင်းအားဖြင့် အတွင်းတွင် ဟာလာဟင်းလင်း ဖြစ်နေသည့်အရာ၊ သို့မဟုတ် "ဂူ" တစ်ခု ရှိရမည်ဟု ကျွန်တော် ခန့်မှန်းမိ၏။

"ဟုတ်ပြီဗျို့ … ကိုနန္ဒ၊ အထဲမှာ ဂူပဲဗျ။ ခင်ဗျား လက်နဲ့ စံကြည့်စမ်း။ အတွင်းဘက်က လေနည်းနည်းတိုးလာတာကို တွေ့လိမ့်မယ်"

"ဟုတ်တယ် … မောင်မိုးအောင်၊ ဒီနံရံထဲမှာ အခေါင်းတစ်ခုရှိရမယ်"

"ရှိရုံတင် ဘယ်ကမလဲ၊ ဟိုတခြားဘက်ကိုတောင် တိုးလျှိုးပေါက် ပေါက်နေရမယ်။ ဒါကြောင့် … ဟိုဘက်က လေဟာ ဒီဘက်ကို အပေါက်ထဲက ဖြတ်တိုးထွက်တာပေါ့"

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်သားများ အသုံးပြုသည့် ပေါက်တူးလည်းဖြစ်၊ ဂေါ်ပြားလည်းဖြစ်သော အရှည်တစ်ထောင်ခန့်ရှိ ပေါက်တူးဂေါ်တစ်လက်ကို လိုရမယ်ရ ကျွန်တော် ယူခဲ့မိသဖြင့် ထိုနေရာတွင် များစွာအသုံးဝင်တော့၏။ အိုက်ခွန်သည် ပထမထွက်သွားသော ကျောက်တုံးနှင့် ကပ်လျက်ရှိသော အခြားကျောက်တုံးတစ်ခုကို ဓားမြှောင်ဦးဖြင့် ကော်ထုတ်လျက်ရှိလေရာ ကိုနန္ဒကလည်း အိုက်ခွန်၏ လက်ဝဲဘက် တစ်တောင်ခန့်မျှ ဝေးသောနေရာမှ အခြားကျောက်တုံးတစ်တုံးကို သူ၏ ရှမ်းဓားရှည်ကြီးဖြင့် ကော်ထုတ်လျက်ရှိပြန်၏။ ထိုအခါ ကျွန်တော်က သူတို့၏ အလယ်ကြားမှ ကျောက်တုံးနှစ်တုံးကို

ကျွန်တော်၏ ပေါက်တူးဂေါ်ဖြင့် တစ်ချက်တည်း ကော်ထုတ်နိုင်ခဲ့လေသည်။ ဤသို့ဖြင့် ကျောက်တုံး (၅) တုံးခန့် အလျားလိုက် ကော်ထုတ်မိသောအခါ ထိုအပေါက်၏ အောက်တစ်မိုက်ခန့် ဝေးသောနေရာတွင် အလျားတစ်ထောင် အနံနှစ်တောင်ခန့်ရှိ အဆက်အစပ်မရှိသော ကျောက်ပြားတစ်ချပ်ကို တွေ့ရလေရာ ၎င်းမှာ ကျွန်တော်တို့ မူလက ခန့်မှန်းထားခဲ့သည့်အတိုင်း ဂူကြီးကို အံကျပိတ်ထားသည့် ကျောက်ဖျာ သို့မဟုတ် တံခါးပေါက်ပင် ဖြစ်လေသည်။ သို့နှင့် ကိုနန္ဒက အောက်ခြေမှလည်းကောင်း၊ အိုက်ခွန်နှင့် ကျွန်တော်က နံဘေးတစ်ဘက်တစ်ချက်မှလည်းကောင်း၊ အံကိုက်၍သော ကျောက်တုံးများကို တဖြည်းဖြည်း ကော်ထုတ်လေရာ ကျွန်တော်တို့ သုံးယောက်စလုံး၏ အင်အားဖြင့် (၁၅) မိနစ်ခန့် ကြာလတ်သော် ကျောက်ဖျာချပ်ကို အပြင်သို့ တစ်ခါတည်း ထုတ်ယူနိုင်ခဲ့လေသည်။

ဤကဲ့သို့ ဟင်းလင်းပွင့်သွားသောအခါ အတွင်းမှ ရေညှိနံ့နှင့် ဟောင်စော်စော် အနံ့များသည် ကျွန်တော်တို့၏ နှာခေါင်းများဆီသို့ တရပေါ့ တိုးဝင်လာလေသည်။ ဂူ၏ အတွင်းမှာ အလွန်မှောင်၍ နေပြီးလျှင် ကျွန်တော်တို့ကလည်း အလင်းဘက်မှ ကြည့်နေသဖြင့် မည်သည့်အရာကိုမျှ မမြင်ရဘဲ ပိန်းပိတ်အောင် မှောင်လျက်ရှိနေ၏။ ထိုအခါမှ ကျွန်တော်လည်း ကျောပိုးလွယ်အိတ်ထဲတွင် အိမ်မှ အကြွင်းအကျန် ဖယောင်းတိုင်တစ်တိုင်နှင့် တစ်ဝက်ကို အမှတ်မထင် လိုလိုမယ်မယ် ထည့်ယူလာခဲ့သည့်အကြောင်းကို သတိရမိ၏။

သို့နှင့် ကျွန်တော်လည်း ဖယောင်းတိုင်အရှည်ကို မီးညှိ၍ ကိုနန္ဒအား ပေးပြီးလျှင် ကျွန်တော်က ယမ်းထိုးပြီး ခြောက်လုံးပြူးတစ်လက်နှင့် လက်နှိပ်ဓာတ်မီးကို တစ်ဘက်တစ်ချက်စီကိုင်ကာ ရှေ့ဆုံးမှလည်းကောင်း၊ ကိုနန္ဒက မီးထွန်းပြီး ဖယောင်းတိုင်ကိုမြှောက်ကာ အလယ်မှလည်းကောင်း၊ အိုက်ခွန်က ဓားရှည်နှင့် သေနတ်ကို တစ်ဖက်တစ်ချက်စီကိုင်ကာ နောက်ဆုံးမှလည်းကောင်း၊ ဂူထဲသို့ ဝင်ကြလေ၏။ ၄ - ၅ လှမ်းမျှ သွားမိသောအခါ လက်ဝဲ၊ လက်ယာရှိ ဂူနံရံများနှင့် အမိုးကိုပါ အတော်အတန် မြင်ရပြီဖြစ်၍ ဂူ၏အကျယ်အဝန်းကို ခန့်မှန်းနိုင်ပေပြီ။

အနံအားဖြင့် (၁၀) တောင်ခန့်မျှ ကျယ်ပြီးလျှင် အမိုးမှာ အရပ်အမြင့် ဆုံးသော ကိုနန္ဒ၏ လက်ခုပ်တစ်ဖောင်ခန့်တွင် ရှိနေသဖြင့် (၉) ပေ၊ (၁၀) ပေ ခန့်မျှ ရှိပေလိမ့်မည်။ ရှေ့သို့သွားမည့် အလျားကိုမူ ကျွန်တော်တို့ မခန့်မှန်းနိုင်သေးပေ။

ဤကဲ့သို့ ဂူ၏အတွင်းသို့ ၄-၅ လှမ်းမျှ ရောက်၍ ဂူ၏အနေအထားနှင့် အကျယ်အဝန်းကို အကဲခတ်လျက်ရှိစဉ် ကျွန်တော်တို့ရှေ့ဝါးတစ်ရိုက်ခန့် အကွာမှ ဝုန်းခနဲ အသံတစ်သံကို ကြားလိုက်ပြီးလျှင် လင်းနို့တစ်အုပ်သည် ကျွန်တော်တို့၏ ရှေ့ဘက်သို့လည်းကောင်း၊ ကျွန်တော်တို့ ဝင်လာခဲ့သည့် နောက်ဘက် သို့လည်းကောင်း ပျံသွားသည်ကို တွေ့လိုက်ရ၏။ နောက်ဘက်သို့ ပျံလာသည့် လင်းနို့အုပ်မှာ ကျွန်တော့်စိတ်ထင် ၄-၅ ကောင်မျှသာ ဖြစ်သော်လည်း လေအဟုန်မှာ အတော်ပြင်းသဖြင့် ကိုနန္ဒ လက်ထဲမှ ဖယောင်းတိုင်လည်း ငြိမ်းသွားလေသည်။ ဤမျှသာမက လင်းနို့တစ်ကောင်လည်း ကျွန်တော်၏မျက်နှာကို တိုက်ခိုက်သွားပြီးလျှင် ဒုတိယတစ်ကောင်သည် ကိုနန္ဒ၏လက်တွင်းမှ ဖယောင်းတိုင်ကို မီးငြိမ်း၍ အောက်သို့ လွတ်ကျသွားစေ၏။ သို့နှင့် ကျွန်တော်က လက်နှိပ်ဓာတ်မီးနှင့် ထိုးပြပြီးလျှင် ဖယောင်းတိုင်ကို ရှာဖွေစေရ၏။

"ကဲ ... ကိုနန္ဒ မြန်မြန်မီးထွန်းဗျာ။ ရော့ ... မီးခြစ်၊ ချွေချွေတာတာလည်း သုံး၊ မီးခြစ်က တစ်ဝက်လောက်ပဲ ကျန်တော့တယ်"

မီးထွန်းပြီးနောက် ကျွန်တော်တို့လည်း ရှေ့သို့ တဖြည်းဖြည်း ဆက်၍သွားကြ၏။ သို့ရှိစဉ် ပောင်စော်စော် ညှီစို့စို့အနံ့များ ယခင်ကထက် ပို၍နံစော်လာပြီးလျှင် ဂူ၏ အတွင်းပိုင်းမှာလည်း ယခင်ကထက် နက်ရှိုင်းမည်းမှောင်၍ လာတော့၏။ ဝါးတစ်ရိုက်ခန့် ရှေ့သို့ ဆက်လက်သွားမိသောအခါ ဂူသည် လက်ယာဘက်သို့ အတန်ငယ် ချိုးသွားသဖြင့် ကျွန်တော်တို့လည်း ၎င်းအတိုင်း ဆက်လက်လိုက်ပါသွားရာ ထောင့်တစ်နေရာသို့ ရောက်သောအခါ ကျွန်တော်တို့ မျက်နှာမူရာဘက်မှ တစ်ခါတစ်ခါတွင် လေကလေးများ အနည်းငယ်ဝင်လာသည်ကို တွေ့ရသဖြင့် အခြားဘက်တွင် အပြင်နှင့် ဆက်နေသည့် အပေါက်

တစ်ခုခု ရှိရမည်ဟု ခန့်မှန်းမိရာ ကျွန်တော်ထင်သည့် အတိုင်းလည်း နောင် အခါတွင် တွေ့ရှိရလေသည်။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့သည် လက်ယာဘက်သို့ သွားသည့်လမ်းသို့ လိုက်ခဲ့ရာ ထိုလမ်းမှာ ပေ (၂၀) ခန့်မျှရှိ၍ လမ်း၏ အဆုံး ကျောက်နံရံမှာ အပြင်ကျောက်များကဲ့သို့ ညိုပုပ်ပုပ်မနေဘဲ ခပ်ဖြူဖြူ ရှိပြီးလျှင် ကျောက်သားမှာလည်း အပြင်ကျောက်များထက် ချောမွတ်သည်ကို တွေ့ရ၏။ ကိုနန္ဒ ကိုင်ထားသော ဖယောင်းတိုင်မီးရောင်မှာ မှောင်မိုက်သောနေရာ၌ အတော်ပင် လင်းချင်းလျက်ရှိသော်လည်း ကျွန်တော်က အားမရနိုင်သေးသဖြင့် နံရံသုံးဘက်ကို လက်နှိပ်ဓာတ်မီးဖြင့် အထက်အောက် ထိုးကြည့်လျက်ရှိလေ သည်။ သို့ကြည့်ရှုလျက်ရှိစဉ် ကျွန်တော်၏ လက်ယာဘက်ကျသော အလယ် ကျောက် နံရံတွင် လူတစ်ရပ်ခန့်မြင့်သော နေရာ၌ ခပ်နီနီတစ်ခုကို တွေ့မြင် ရသဖြင့် ကျွန်တော်လည်း သွားရောက်ကြည့်ရှုရာ အနီရောင်ဆေးဖြင့် ရေးထား သည့် ကြက်ခြေခတ်တစ်ခုကို ထူးဆန်းစွာ တွေ့ရှိရလေ၏။ ထိုကြက်ခြေခတ်၏ အလျားလိုက် အစင်းအကြောင်းမှာ တစ်စုံတစ်ရာ ထူးထူးခြားခြား မရှိသော် လည်း ထောင်လိုက်ရှိနေသည့် အစင်းမှာ အဖျား၌ မြားဦးသဏ္ဍာန်ရှိပြီးလျှင် အောက်သို့ တည့်တည့်ကြီး မြားဦးလှည့်နေသည်ကို တွေ့ရ၏။ ကြက်ခြေခတ် ရေးသားထားသည့် အနီရောင် အမှတ်အသားမှာလည်း ကျွန်တော်တို့၏ မူလ ပုရပိုက်တွင် ရေးထားသည့် ဆေးရောင်နှင့် ထပ်တူထပ်မျှ တူညီလျက် ရှိနေလေ သည်။ ကိုနန္ဒသည် ကျွန်တော်၏ အနီးသို့ ချဉ်းကပ်လာ၏။

"ဟုတ်တယ်ဗျို့ … ကိုနန္ဒ၊ ကျုပ်တို့ လိုက်ရှာနေတဲ့ နေရာဟာ ဒီဟာ ဆေး ရောင်ကလည်း ပုရပိုက်ထဲက ဆေးရောင်နဲ့ တစ်ထေရာတည်းပဲ မြားဦးက အောက်ကို လှည့်နေတယ်ဆိုတော့ မြားဦးကျတဲ့နေရာ ဒီရတနာတွေ ရှိတယ် ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကဲ … ဖယောင်းတိုင်က တစ်ဝက်ကျလာပြီဗျ။ ကျုပ်တို့ မြန်မြန် တူးကြမှ ဖြစ်မယ်"

ဂူ၏ ကြမ်းပျဉ်မှာ ကျောက်သားများပင် ဖြစ်သည်ဟု ဆိုသော်လည်း အပြင်မှ ကျောက်တုံးကြီးများကဲ့သို့ မဟုတ်ဘဲ ကျောက်စရစ်သာသာမျှ အခဲကလေးများသည် သဲမျက်ဆံကြောင်များနှင့် ရောစပ်လျက်ရှိနေသဖြင့် တူးဖော်ရာတွင် မခဲယဉ်းလှပေ။ ကျွန်တော်တို့ သုံးဦးသားတို့သည် ယခင်ကဖော်ပြခဲ့သည့် ဓား၊ ပေါက်တူး၊ ဂေါ်ပြားတို့ဖြင့် အားသွန်ခွန်စိုက် တူးကြလေရာ နှစ်တောင်ခန့် နက်၍ ဖယောင်းတိုင် ကုန်လုနီးပါးအချိန်တွင် မာကျောသော အရာဝတ္ထုတစ်ခုကို တွေ့ရသည်နှင့် သတိထားပြီးလျှင် ဘေးပတ်လည်မှဝိုင်း၍ သတိကြီးစွာဖြင့် တူးဖော်သောအခါ တစ်ပေပတ်လည်ခန့်ရှိ သေတ္တာကလေးတစ်လုံးကို ရရှိလေ၏။ သေတ္တာကလေးမှာ အပေါ်၌ မြေကြီးနှင့် ရွှံ့စေးများ ကပ်နေပြီးလျှင် အောက်ခံ အအေးဓာတ်ကြောင့် အတန်ငယ်စိုထိုင်းလျက် ရှိနေသော်လည်း ဓားဖြင့်ခြစ်၍ ကြည့်သောအခါ ဖြူဖွေးဝင်းအိသော ငွေရောင်များ ပေါ်လာရုံမျှမက သေတ္တာအဖုံးတွင် ထုထွင်းထားသည့် ရုပ်လုံးဖော် ပန်းနွယ်ပန်းခက်များကိုပင် တွေ့မြင်ရလေသည်။ ကျွန်တော်တို့ နှစ်ယောက်သားသည် ငွေသေတ္တာကလေးကို လက်နှစ်ဖက်ဖြင့် အားပါးတရ ဆုပ်ကိုင်၍ ထားမိကြ၏။

"ကဲ ... ကိုနန္ဒ ... ဒါပဲဗျို့ ... ဒါပဲ၊ ကျုပ်တို့ အပင်ပန်းခံပြီး သက်စွန့်ဆံဖျား လိုက်လာရတာ ဒီဟာကြောင့်ပဲ မဟုတ်လား"

"ဟုတ်တာပေါ့ ... မောင်မိုးအောင်။ သေတ္တာကလေးကလည်း အတော်လေးတာထောက်တော့ ဒီအထဲမှာပါတဲ့ ရတနာတွေဟာ နည်းမယ်မဟုတ်ဘူး။ ကျုပ်တို့တော့ ချမ်းသာပြီ မောင်မိုးအောင်၊ ဒီတစ်သက်မှာတော့ မဆင်းရဲနိုင်တော့ဘူး၊ အောင်ပြီ ... အောင်ပြီ"

အတွင်းမှ ရတနာများကိုပင် အမြင်ရသေးသော်လည်း သေတ္တာကလေးကို မြင်ရုံမျှနှင့်ပင် ကျွန်တော်တို့သုံးဦးသားတို့မှာ ဝမ်းသာလုံးဆို့၍သွားလေရာ ကိုနန္ဒသည် ကျွန်တော်၏ ပခုံးတစ်ဘက်ကို ဖက်လျက်လည်းကောင်း၊ ကျွန်တော်ကလည်း ကိုနန္ဒ၏ ခါးကိုဖက်လျက်လည်းကောင်း အလွန်ရွှင်လန်းပျော်မြူးသော အမူအရာများဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရှု၍ မဝ

နိုင်အောင် ရှိနေတော့ရာ အိုက်ခွန်ကမူ ဓားကြီးကိုမြှောက်၍ သိုင်းကွက်နင်း ကာ က.ခုန်လျက် ရှိနေတော့၏။ သေတ္တာကို ဆုပ်ကိုင်ထားသည့် ကျွန်တော်တို့ လက်များမှာ တဆတ်ဆတ်တုန်၍နေပြီးလျှင် ကျွန်တော်၏ စိတ်ထဲ၌လည်း အလွန်ပေါ့ပါး၍ တစ်ကိုယ်လုံးလှုပ်ရှားလိုသော စိတ်များလည်း ပေါ်ပေါက်၍လာ တော့၏။ ကိုနန္ဒ၏မျက်နှာမှာလည်း သာမန်နစ်သိမ့် အားရခြင်းထက် လွန်ကဲ၍ လှုပ်လှုပ်ရှားရှား ပြုလုပ်လိုဟန် အမူအရာများကိုပါ တွေ့မြင်ရလေသည်။ သို့ ဖြစ်၍ ပစ္စည်းဥစ္စာ အပြောက်အမြားရရှိသောအခါ လူများသည် စိတ်၏ လှုပ်ရှားမှု သာမက ထိုလှုပ်ရှားသော စိတ်၏တန်ခိုးကြောင့် ကိုယ်လက်ပါ လှုပ်ရှားတတ် ကြသည်ဆိုခြင်းကို ကျွန်တော် ယုံကြည်မိ၏။ အမှန်သော် ကျွန်တော်၏ စိတ်ထဲ တွင်ထ၍ ခုန်ပေါက်လိုသော စိတ်များပင် ပေါ်ပေါက်လေရာ ကိုနန္ဒမှာလည်း ကျွန်တော်ကဲ့သို့ပင် ရှိနေပေလိမ့်မည်။ ထို့ကြောင့်လည်း ငယ်ရွယ်သူ အိုက်ခွန် မှာ သူ၏စိတ်ကို မချုပ်တီးနိုင်ဘဲ သိုင်းကွက်နင်း၍ က.ခုန်နေခြင်းဖြစ်လေသည်။

ထို့နောက် ကျွန်တော်တို့သည် အိုက်ခွန်က ရှေ့မှလမ်းပြလျက် သေတ္တာ ကလေးကို ကိုနန္ဒက ထမ်းပြီးလျှင် ကျွန်တော်က နောက်ဆုံးမှ စောင့်ကြပ်ကာ ဂူအပြင်သို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ထွက်ခဲ့ကြလေ၏။ လှေကားထစ်များမှ တက်၍ ပထမကျောက်တုံးပေါ်သို့ ရောက်ပြီးနောက် အပြင်မှ တိုက်ခတ်လျက် ရှိသော လေပြည်လေညင်းကလေးကို ခံစားရသောအခါ ကျွန်တော်၏စိတ်မှာ ကမ္ဘာသစ်တစ်ခုထဲသို့ပင် ရောက်ရှိလာသကဲ့သို့ ထင်မိတော့၏။

အချိန်မှာ အလင်းရောင်အနည်းငယ်မျှ ကျန်ရှိသေးသဖြင့် ကျွန်တော်တို့ လည်း ယခင်ကအိပ်ခဲ့သော မဲခေါင်မြစ်ကမ်းခြေအနီးရှိ ညံဖိုပင်ကြီးဆီသို့ ပြန်ခဲ့ ကြ၏။ ကျားသေကောင်ကြီးမှာ အတော်ပင်ပုပ်ပောင်နံစော်လျက် ရှိနေပြီဖြစ်ရာ ကျွန်တော်တို့လည်း သစ်ပင်ကြီးပေါ်သို့ နွယ်ကြိုးများမှတစ်ဆင့် တက်ခဲ့ကြ၏။ သစ်ပင်ခွဆုံသို့ ရောက်ရှိသောအခါ သေတ္တာကလေးကိုဖွင့်ရန် အားထုတ်လျက် ရှိကြရာ သေတ္တာမှ သော့အိမ်နှင့်ချိတ်များ ခလုတ်များကို ဖွင့်မရသည့်အဆုံး၌ နောက်ဆုံးတွင် အိုက်ခွန်၏ အသွားရှစ်လက်မခန့်ရှိ ရှမ်းဓားမြှောင်ဖြင့် ငွေ

သေတ္တာကလေး၏ အဖုံးပတ်လည်မှ ပျော့ကြောင်းတစ်နေရာကို လက်လေးသစ်ခန့်ဝင်အောင် ထိုးစိုက်လိုက်ပြီးလျှင် ဘေးပတ်လည်တစ်လျှောက် တဖြည်းဖြည်း လှီးလေတော့၏။ ငါးမိနစ်ခန့်အကြာတွင် အဖုံးပတ်လည်ကို လှီးမိပြီဖြစ်၍ သေတ္တာကလေးလည်း ပွင့်သွားလေသည်။

ထို့နောက် ကျွန်တော်လည်း ကိုနန္ဒ၏ ရှမ်းခမောက်အပြောကြီးကို အောက်မှခံစေပြီးလျှင် သေတ္တာကလေးအတွင်းမှ ပစ္စည်းများ သွန်ချလိုက်ရာ အဖြူ၊ အနီ၊ အပြာ၊ အဝါ ရတနာကျောက်မျက်မျိုးစုံတို့သည်လည်းကောင်း၊ ရွှေဖြင့် ကွပ်ထားသည့်လက်စွပ်လက်ဝတ်၊ ပုတီး၊ နားတောင်းတို့သည်လည်းကောင်း၊ အလွန်လှပဖြူဖွေးသည့် ပုလဲသွယ် ပုလဲကုံးများသည်လည်းကောင်း၊ ထို့ပြင် ကျွန်တော်မဖော်ပြနိုင်သည့် အခြားပစ္စည်းရတနာများသည်လည်းကောင်း အိုက်ခွန်၏ ဖယောင်းတိုင်မီးရောင်တွင် တပြောင်ပြောင် တောက်ပလျက် ရှိလေ၏။ ရတနာများမှာ ကျွန်တော်၏ မှန်းခြေအရ ကာလတန်ဖိုးအားဖြင့် ၄-၅-၆ သိန်းထက်နည်းမည် မထင်ပေ။ ကျွန်တော်၏ လက်များမှာ ယခင်ကထက် တုန်၍နေပြီးလျှင် ကိုနန္ဒသားအဖမှာလည်း ကျွန်တော်၏ မျက်နှာကိုတစ်လှည့်၊ ကျောက်သံပတ္တမြားများကို တစ်လှည့်ကြည့်ကာ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေကြလေသည်။ နောက်ဆုံးတွင် ကိုနန္ဒက ...

"ကျုပ်တစ်သက်မှာ ဒီလောက်များတဲ့ အဖိုးတန်ပစ္စည်းတွေ ဒီတစ်ခါပဲ မြင်ဖူးတယ် ... မောင်မိုးအောင်။ ကျုပ်တော့ ဒီတစ်သက်မှာ မဆင်းရဲတော့ဘူး။ ပျော်ပျော်ကြီး နေနိုင်ပြီ"

"ဟုတ်တာပေါ့ဗျာ။ ကဲ ... ဒီပစ္စည်းတွေ ခင်ဗျား လွယ်အိတ်ထဲမှာ လုံလုံခြုံခြုံ ထည့်စမ်းပါ။ တစ်ခုမှ မကျစေနဲ့၊ မကျန်ရစ်စေနဲ့"

သို့နှင့် ... ကိုနန္ဒလည်း သူ၏ခေါင်းမှ တစ်ဘက်ကြီးကို အောက်မှ ခင်းပြီးလျှင် ခမောက်ထဲမှ ပစ္စည်းများအားလုံးကို သူ၏ကျောပိုးလွယ်အိတ်ကြီးထဲသို့ သေချာစွာ ထည့်ပြီးနောက် သိမ်းဆည်းထားလိုက်လေတော့၏။

ထိုည၌ ကျွန်တော်တို့လည်း သစ်ပင်ခွဆုံပေါ်တွင် ဖြစ်သလို အိပ်စက်ကြရလေရာ ကျွန်တော့်မှာ အိပ်မက်ထဲတွင် သူဌေးတစ်ယောက်ဖြစ်၍ ကိုယ်ပိုင်ကားကလေးတစ်စီးဖြင့် ရန်ကုန်မြို့ရှိ ဟိုတယ်များသို့ ရောက်သွားပြီးလျှင် စားကောင်းသောက်ဖွယ်များကို စားသောက်ရခြင်း၊ ကျွန်တော်၏ အနီးမှလည်း မန္တလေးတွင် ပညာသင်လျက်ရှိနေခဲ့သည့် ကျွန်တော်၏ချစ်သူ အမျိုးသမီးလေးက ဝတ်ကောင်းစားလှများကိုဝတ်ကာ ယှဉ်တွဲ၍ပါလာခြင်း စသည့်ဥစ္စာမာန် တက်သည့် ရောက်တတ်ရာရာ အိပ်မက်များကို မြင်မက်လျက်ရှိလေ၏။ နောက်ဆုံးတွင် ကျွန်တော်၏ချစ်သူအား အနီးသို့ ဆွဲယူကာ ပန်းနစ်ဖက်ကို အားမလိုအားမရ ခပ်နာနာ ဖျစ်ညှစ်လိုက်ရာ "အစ်ကို ... အစ်ကို"ဟု အော်သံကြားသောအခါမှ ကျွန်တော်၏လက်နစ်ဖက်မှာ အိုက်ခွန်၏ လည်ပင်းကို ဖျစ်ညှစ်မိလျက် ရှိနေကြောင်း တွေ့ရှိရတော့၏။

"ဘာဖြစ်လို့ ကျွန်တော့်လည်ပင်း ညှစ်ရတာလဲ အစ်ကို"ဟု အိုက်ခွန်က မေးသဖြင့် ကျွန်တော်က "အလကား ကျီစားတာပါကွယ်၊ မင်းဟောက်နေလို့ ငါက လှုပ်နှိုးတာပါ" ဟု အရက်ပြေလိုးလွှဲ၍ ပြောလိုက်ရတော့၏။ ထိုအချိန်၌ ကားမိုးစင်စင်လင်းနေပြီဖြစ်၍ ကျွန်တော်တို့လည်း သစ်ပင်အောက်သို့ နွယ်ကြိုးမှ ဆင်းသက်ခဲ့ကြ၏။ ထိုအကြိမ်၌မူ ကျွန်တော်သည် ရှေ့ဆုံးမှဆင်း၍ အနီးပတ်ဝန်းကျင်ရှိ ချုံပုတ်ထူထူများထဲသို့ အကယ်၍ သားကောင်များရှိလျှင် ကြောက်လန့်ထွက်ပြေးစေရန် သေနတ်ဖြင့် ၄ - ၅ ချက်ခန့်မျှ ပစ်ထည့်လိုက်ရ၏။

ထို့နောက် ကျွန်တော်တို့လည်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မဲခေါင်မြစ်ရိုးအတိုင်း ဆန်တက်လာခဲ့ကြလေသည်။ ထို့နောက် ကျွန်တော်က ...

"ဘယ့်နယ်လဲ ... ကိုနန္ဒ၊ ဒီမဲခေါင်မြစ်အတိုင်း တက်သွားရင် တာချီလိတ်နှင့် မဲဆိုင်ကို ရောက်မယ်ထင်တယ်။ အဲဒီကမှ ကားစီးပြီး ကျိုင်းတုံကို သွားကြမယ်။ "မိုင်းယောင်း"ကိုတော့ မဝင်နဲ့တော့ဗျာ။ ဟိုရောက်တော့မှ ရန်ကုန်ကို လေယာဉ်နဲ့ ပြန်ကြမယ်၊ ဘယ့်နယ်လဲ" ဟု ကျွန်တော်က ရှေ့ရေးကို စဉ်းစားရင်း ပြောလိုက်လေသည်။

ကိုနန္ဒသည် အတန်ကြာ ဆိတ်ငြိမ်လျက် ရှိနေပြီးနောက် ဦးခေါင်းကို ရမ်းကာ "မဖြစ်နိုင်ဘူးထင်တယ် ... မောင်မိုးအောင်၊ ကျုပ်က လူသုံးယောက်တောင် သတ်ခဲ့တဲ့လူပဲ။ အစိုးရက ခွင့်လွှတ်မယ် မထင်ဘူး။ အခုရလာတဲ့ ပစ္စည်းနဲ့ ဒီနယ်မြေမှာပဲ တစ်သက်လုံးနေသွားတော့မယ် စိတ်ကူးတယ်၊ ဒီနေရာကိုလည်း ကျုပ်သံယောဇဉ် တွယ်မိသလို ဘေးအန္တရာယ်လည်း ကင်းရှင်းပါတယ်"

ကိုနန္ဒသည် သူ၏ အပြစ်များကို ထုတ်ဖော်ပြောဆိုပြီးလျှင် မဖြစ်နိုင်ကြောင်း ဖြင့် ငြင်းဆိုလျက်ရှိလေ၏။

"ဒီမှာ ... ကိုနန္ဒ၊ ခင်ဗျားကို ကျွန်တော်တစ်ခု ပြောမယ်၊ ခင်ဗျားအမှု ဖြစ်တာဟာ ဟိုလွန်ခဲ့တဲ့ နယ်ချဲ့အင်္ဂလိပ်လက်ထက်က ဖြစ်ခဲ့တဲ့အမှု မဟုတ်လားဗျ။ နှစ်ပေါင်း (၃၀) လောက်ရှိနေပြီ။ ပြီးတော့ ... ခင်ဗျားခုလို ဖြစ်ရတာကလည်း ခင်ဗျားက ရန်စလို့၊ မုန်းလို့၊ ရမ်းလို့ ဖြစ်ရတာလည်း မဟုတ်ဘူး။ ခင်ဗျားရဲ့ရည်းစားကို အတင်းဗလက္ကာရလုပ်တဲ့လူကို ခင်ဗျားက ဒေါသစိတ်မွှန်ပြီး ရုတ်တရက် လုပ်လိုက်မိတာပဲ။ ကျွန်တော် ကြားဖူးသလောက်တော့ ခင်ဗျားနဲ့အတူ အဖော်ပါလာတဲ့ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် လူတစ်ယောက်ကို အတင်းဗလက္ကာရ လာလုပ်ရင် ဒီလူကို သေသည်အထိ ခင်ဗျားခုခံနိုင်မယ်။ ပြီးတော့ နောက်နှစ်ယောက်ကလည်း ခင်ဗျားအသက်ကို ကာကွယ်တဲ့အနေနဲ့ ခင်ဗျားမှာ လက်နက်ချင်းမမျှဘဲနဲ့ ခုခံရတာ မဟုတ်လား၊ ဒီဟာတွေကို ထောက်ထားရင် ခင်ဗျားမှာ ဘာမှကြောက်စရာမရှိဘူး၊ ခင်ဗျားကို ဘယ်သူမှ မှတ်မိမှာလည်း မဟုတ်ဘူး၊ ခင်ဗျားအမှုလည်း ပိတ်နေပြီ၊ ဘယ်သူမှလည်း ခင်ဗျားအမှုကို ဂရုစိုက်ပြီးလိုက်မှာလည်း မဟုတ်တော့ဘူး။ တကယ်လို့ အမှုဖြစ်တယ်ထားဦး၊ ကျွန်တော်ပြောတဲ့ အချက်တွေနဲ့ ကောင်းကောင်းကြီး လွတ်နိုင်တယ်။ ကိုင်းဗျာ ... စဉ်းစားမနေပါနဲ့၊ ကျွန်တော်နဲ့သာ လိုက်ခဲ့ပါ။ ကျွန်တော်လည်း ခင်ဗျားအတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးပါ့မယ်"

ကျွန်တော်လည်း ကိုနန္ဒအား အထက်ပါအချက်အလက်များကို သဘောပေါက်အောင် နာရီဝက်ခန့်မျှ ရှင်းလင်းပြောပြလျက်ရှိလေရာ နောက်ဆုံးတွင်မှ

ကိုနန္ဒက "အေးလေ ... ဒီလိုဆိုရင်လည်း ကျုပ်လိုက်ဖို့ရှိတာပဲ မောင်မိုးအောင်၊ ကျုပ်အနေနဲ့တော့ ဘာမှနားမလည်ဘူး။ မောင်မိုးအောင်ကသာ ကျုပ်အတွက် ကြည့်ပြီး ဆောင်ရွက်ပါတော့။ မောင်မိုးအောင်ကို ကျုပ်တူအရင်း သားအရင်းလို ချစ်ခင်အားကိုးပါတယ်"

"စိတ်ချပါ ... ကိုနန္ဒ၊ အားလုံး ကျွန်တော့်တာဝန်ထားပါ"

ဤသို့ဖြင့် ကျွန်တော်တို့လည်း သုံးရက်မျှ ခရီးပြင်းနှင်ခဲ့ကြရာ မြန်မာနှင့် ယိုးဒယားနယ်စပ်ရှိ မဲဆိုင်မြို့ကလေးသို့ ချောမောအောင်မြင်စွာ ရောက်ရှိခဲ့ကြလေသည်။

ကျွန်တော်တို့ ရရှိခဲ့သော ကျောက်သံပတ္တမြားများမှာ အလွန်အဖိုး ထိုက်တန်ရုံမျှမက အလွန်ရှားပါးလှသော ရှေးဟောင်းနန်းသုံးပစ္စည်းများလည်း ဖြစ်သဖြင့် ကျွန်တော့်ကို မဆိုထားဘိဦး၊ သာမန် ရာဖြတ်တစ်ယောက်ပင် အဖိုးဖြတ်ရန် လွယ်ကူမည် မဟုတ်ပေ။ ကိုနန္ဒသားအဖကို အသာထား၍ ကျွန်တော် ကိုယ်တိုင်ပင် သာမန်စိန်ကျောက်ပတ္တမြားများ၏ အရည်အသွေးကိုလည်းကောင်း၊ ယင်းတို့၏ တန်ဖိုးကိုလည်းကောင်း သိသူမဟုတ်ပေ။ ထိုမျှသာမကသေး ကျွန်တော်တို့ ရရှိခဲ့ပုံမှာ တရားသောနည်းလမ်းနှင့် ရသည်ဆိုစေကာမူ ဤမျှလောက် ခဲခဲယည်းယည်း ရှာဖွေတွေ့ရှိခဲ့ခြင်းကိုပင် ရုတ်တရက် ယုံကြည်နိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် အခြားတစ်ချက်မှာလည်း ကိုနန္ဒ သားအဖအနေနှင့်လည်းကောင်း၊ ကျွန်တော်တစ်ယောက်တည်းအနေနှင့်လည်းကောင်းတစ်ခုတည်းတစ်ပုံတည်း ရောင်းချရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။

လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်တော်သည် မြန်မာပြည်မှ ယိုးဒယား နယ်ခြားသို့ သွားရောက်သည့် နိုင်ငံခြားသား ဗဟုသုတရှာဖွေရေး ခြေကျင်အဖွဲ့တစ်ဖွဲ့တွင် စကားပြန် လမ်းပြအဖြစ်ဖြင့် လိုက်ပါခဲ့ဖူးရာ ထိုမြို့တွင် နေထိုင်သည့် နာမည်ကြီးသူဌေး "လောပန်းညန်" ဆိုသူ၏ အကြောင်းကို ကြားဖူး၏။ ထိုသူမှာ ရှမ်းယိုးဒယားစပ် ကပြားဖြစ်၍ လူမိုက်တပည့်များ မွေးပြီးလျှင် အစိုးရဥပဒေ မလွတ်ကင်းသည့် ကုန်ပစ္စည်းများကို မြန်မာပြည်မှ ယိုးဒယားဘက်သို့လည်း

ကောင်း၊ ယိုးဒယားမှ မြန်မာပြည်ဘက်သို့လည်းကောင်း အကြီးအကျယ် ကူးသန်းရောင်းဝယ်နေသူဖြစ်၏။ ဥရောပတိုက်သား တစ်ယောက်ကဲ့သို့ ခမ်းနားစွာ နေထိုင်ပြီးလျှင် သိန်းနှင့်ချီ၍ ချမ်းသာသူတစ်ယောက်လည်း ဖြစ်သည်ဆို၏။ သို့ဖြစ်၍ ဤကဲ့သို့ အခြေအနေမျိုးတွင် ကျွန်တော်တို့၏ပစ္စည်းများကို ထိုသူထံ သွားရောက်စေ့စပ်ကာ ပုံတိုက်ရောင်းချရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ ဤအကြောင်းကို ကျွန်တော်နှင့် ကိုနန္ဒတို့လည်း တစ်ညလုံး ဆွေးနွေးပြီးလျှင် နောက်ဆုံး၌ ထိုသူ့ထံ သွားရောက်ရောင်းချရန် ဆုံးဖြတ်လိုက်တော့၏။ သို့နှင့် ကိုနန္ဒ၏ သဘောတူညီချက်အရ ကျွန်တော်လည်း အလွန်အရည်ကောင်းသော ပတ္တမြား လက်စွပ်နှစ်ကွင်း၊ မြလက်စွပ်ကြီးတစ်ကွင်း၊ ဒေါင်းရုပ်ပါသည့် ရွှေဘယက် ဆွဲကြိုးတစ်ကုံး၊ ရှေးဘုရင်များလက်ထက်က သုံးခဲ့ဟန်တူသော ယိုးဒယားစာနှင့် တံဆိပ်အမှတ်အသားပါသည့် ရွှေဒင်္ဂါးပြားကြီးသုံးပြား စသည်တို့ကို အထိမ်းအမှတ်အဖြစ် ချန်ထားပြီးလျှင် ကျန်သောပစ္စည်းများကို ကိုနန္ဒ၏ ကျောပိုးလွယ်အိတ်ထဲတွင် ထည့်ကာ နောက်တစ်နေ့နံနက်၌ သူဌေးလောပန်ညန်၏ နေအိမ်သို့ သွားရောက်ကြလေ၏။

သူဌေးလောပန်းညန်၏ အိမ်မှာ မြို့၏အရှေ့ဘက်ပိုင်းတွင် ရှိ၍ ခေတ်မီသော အဆင်အပြင်ဖြင့် သပ်ရပ်စွာ ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်တစ်လုံး ဖြစ်၏။ အိမ်ရှေ့ဆင်ဝင်အောက်မှ ပိတ်ထားသော သံခေါက်တံခါး နောက်တွင် လူနှစ်ယောက် စောင့်နေသည်ကို တွေ့ရသဖြင့် အရပ်ပုပုနှင့် လူက ကျွန်တော်တို့ သုံးယောက်၏ မျက်နှာကိုကြည့်ပြီး "ဘာကိစ္စလဲ"ဟု မေးရာ ကိုနန္ဒက "ကျုပ်တို့ လောပန်းညန်နဲ့ တွေ့ချင်လို့ပါ"ဟု "လိ" ရှမ်းဘာသာဖြင့် ဖြေလိုက်၏။ ထိုတံခါးစောင့်နှစ်ယောက်မှာ အသားဖြူ၍ ရှမ်းလူမျိုးတို့ မျက်နှာပေါက်ရှိပြီးလျှင် ကာယဗလအားဖြင့်လည်း ကြံ့ခိုင်တောင့်တင်းသူများ ဖြစ်၏။ အနီရောင် ဆွယ်တာအင်္ကျီလက်ရှည်များနှင့် သက္ကလပ်ဘောင်းဘီရှည် အနက်များကို ဆင်တူဝတ်ထားကြ၍ ခါးတွင်လည်း ဆင်စွယ်ရိုးတပ်ဓားမြှောင် ကိုယ်စီရှိလေသည်။ မျက်နှာထားမှာ အလွန်တင်းလျက် စကားပြန်၍ ပြောရာတွင်လည်း မာဆတ်ဆတ်နိုင်လှပေသည်။

လက်ဝဲဘက်တွင် ရပ်နေသော ဗလကောင်းကောင်းနှင့် လူက မထီမဲ့မြင် အမူအရာနှင့် မေးလိုက်ပြန်ရာ ထိုအခါ ကျွန်တော်က "အရောင်းအဝယ်ကိစ္စ ပေါ့ကွ" ဟု ဘုကျကျပင် ပြန်၍ပြောလိုက်၏။ ထိုအခါမှ သူသည် အတန်ငယ် မျက်နှာပိုးသတ်၍ သွားသကဲ့သို့ ဖြစ်သွားပြီးလျှင် သံတံခါးကို ဖွင့်၍ပေးလေ၏။ ထို့နောက် ထိုသူကပင် "ကဲ ... ဒါဖြင့် အိမ်ရှေ့ခန်းမှာ ခဏစောင့်ကြဦး" ဟု ပြောပြီး လျှင် ချာခနဲလှည့်၍ ထွက်သွားလေတော့၏။

(၅) မိနစ်ခန့် ကြာသောအခါ ထိုသူပြန်ရောက်လာပြီးနောက် ကျွန်တော် တို့အား အတွင်းဘက်တွင်ရှိသော သူဌေး၏ ပရိုက်ဗိတ်ရုံးခန်းထဲသို့ ခေါ်ဆောင် သွားလေသည်။ ရုံးခန်းမှာ အလွန်ပြောင်လက်တောက်ပ၍ ခေတ်မီအဖိုးတန် စားပွဲ၊ ဗီရို၊ ကုလားထိုင်၊ ဆိုဖာစသည်တို့ဖြင့် ခမ်းနားသပ်ရပ်စွာ ခင်းကျင်းပြင် ဆင်ထား၏။

အခန်းအလယ် အလျား (၅) ပေခန့် ရှည်လျားသော လေးထောင့် စားပွဲကြီး နောက်ရှိ ဆုံလည်ကုလားထိုင်တစ်လုံးပေါ်တွင် အသက် (၄၀) ကျော် ခန့်ရှိပြီဟု ခန့်မှန်းရသော မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူ၊ နာခေါင်းပြားပြားနှင့် လူတစ် ယောက် ထိုင်လျက်ရှိရာ ၎င်းကိုယ်၌ ဝတ်ဆင်ထားသော ဥရောပတိုက်သား ဝတ်စုံမှာ ဂုဏ်သရေရှိ အမေရိကန်လူမျိုးတစ်ယောက်ပင် သူ့ထက်ကျော် လွန် နိုင်မည်မဟုတ်ပေ။ သူသည် ကျွန်တော်တို့သုံးယောက်၏ မျက်နှာကို ခေတ္တမျှ အကဲခတ်သကဲ့သို့ ဖျတ်ခနဲ ကြည့်ရှုပြီးနောက် နှုတ်ခမ်းတစ်ဘက် လှုပ်ရှား၍ ပြုံးသည်ဆိုရုံမျှ ပြုံးကာ ကျွန်တော်တို့အား နေရာထိုင်ခင်းများ ပေးလေသည်။ ထို့နောက် လောပန်းညန်သည် ကျွန်တော့်အား ကြည့်ပြီးလျှင် "လိ" ရှမ်းဘာသာ ဖြင့်ပင် "လာတဲ့ကိစ္စကို အမိန့်ရှိပါခင်ဗျာ" ဟု စ၍ မေးလေသည်။

"ဒီလိုပါ ... သူဌေးမင်း၊ ကျွန်တော်တို့ လာရင်းကိစ္စကတော့ ကျွန်တော်တို့မှာ ပါလာတဲ့ရတနာတွေကို ရောင်းချင်တဲ့ကိစ္စပါပဲ။ ဒါကြောင့် ကျွန်တော်တို့လည်း မနစ်နာရအောင်၊ သူဌေးမင်းမှာလည်း ထိုက်သင့်သလောက် အကျိုးရှိအောင် လုပ်ပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ဒီပစ္စည်းတွေ ကျွန်တော်တို့ ဘယ်လို ရလာတယ်ဆိုတာတော့ သူဌေးမင်း သိဖို့ လိုမယ်မထင်ပါဘူး"

ကျွန်တော်က စကားကိုပိတ်၍ ပြောလိုက်ရတော့၏။ ဤသို့ ပြောရာတွင် ချိုသာစွာပြောသော်လည်း မျက်နှာကို ခပ်တင်းတင်းထား၍ ခပ်တည်တည် ပြောလိုက်လေသည်။

"ကျုပ်ကလည်း အလုပ်လုပ်တဲ့အခါမှာ ဘယ်တော့မှ နိုင့်ထက်စီးနင်း မလုပ်တတ်ပါဘူး။ ဘယ်ဟာမျိုးမဆို တရားမျှတမှု ရှိရပါစေ့မယ်၊ ကဲ ... ကဲ ခင်ဗျားတို့ ပစ္စည်းတွေ တစ်ဆိတ်ကြည့်ပါရစေဦး"

ကျွန်တော်တို့လည်း ကိုနန္ဒ၏ ကျောပိုးအိတ်ကို ကျွန်တော့်ဘက်သို့ ဆွဲယူပြီးလျှင် အတွင်းမှ ပစ္စည်းများကို လောပန်းညန်၏ မှန်စားပွဲပေါ်သို့ သွန်၍ ချလိုက်လေ၏။

"ဟာ ... နည်းတာတွေ မဟုတ်ပါကလား၊ ဒီတစ်ချီတော့ ခင်ဗျားတို့ အပွကြဲလာပြီ ထင်တယ်"

သူ၏မျက်လုံးများမှာ လောဘ၏အရောင်ဖြင့် ပြောင်လက်၍ သွားသည်ကို ကျွန်တော်သတိပြုလိုက်မိ၏။ သူ၏စကားများမှာ ကိုယ်ချင်းစာ၍ ပြောလိုက်ဟန်တူသော်လည်း ကျွန်တော်တို့၏ဂုဏ်သိက္ခာကို ထိခိုက်လျက် ရှိနေ၏။ သို့သော် ကျွန်တော်တို့မှာ ရောင်းသူဖြစ်သဖြင့် ကျွန်တော့်အနေနှင့် တစ်စုံတစ်ရာ ပြန်၍ ပြောလိုက်မည်ပြုပြီးမှ စိတ်ကို ချုပ်တည်း၍ ထားလိုက်ရ၏။

"ကဲပါလေ ... ထားပါတော့၊ ဒီပစ္စည်းအားလုံးကို သူဌေးမင်း ဘယ်လောက်ထားပြီး ယူနိုင်မလဲဆိုတာ အမိန့်ရှိစေချင်ပါတယ်"

လောပန်းညန်သည် မှန်စားပွဲပေါ်တွင် စုပုံလျက်ရှိသော အဖြူ၊ အစိမ်း၊ အနီ၊ အပြာရောင်စုံကျောက်မျက်ရွဲများ၊ ဘယက်အမျိုးမျိုးနှင့် ရွှေအင်္ဂါပြားများ၊ ပုလဲကုံးများ စသည့် ရှေးဟောင်းပစ္စည်းများကို တစ်ခုစီကိုင်တွယ်ကာ အချိန်အတန်ကြာမျှ ကြည့်ရှုစစ်ဆေးလျက်ရှိလေ၏။

"ဘတ် ၆ သိန်းပေးမယ်"

"ဟာ ... သူဌေးမင်းကလည်း ခင်ဗျာ၊ ဘတ် ၆ သိန်းမှ ကျွန်တော်တို့ မြန်မာငွေ သုံးသိန်းပဲ ရှိပါတယ်။ ဒီလိုဆိုရင် အင်မတန် နည်းတယ် ထင်ပါတယ် ခင်ဗျာ၊ တစ်ဆိတ်တိုးပြီး ပေးပါဦး"

အမှန်သော် ထိုအချိန်တွင် ယိုးဒယားသုံး ဘတ်ငွေသည် "ဘာလက်မာကတ်" ခေါ် မှောင်ခိုဈေးအရ မြန်မာငွေတစ်ကျပ်၏ ထက်ဝက်သာ တန်ဖိုးရှိပြီး လျှင် အစိုးရနှုန်းထားအတိုင်းဆိုသော် မြန်မာငွေ၏ လေးပုံတစ်ပုံ (ငွေတစ်ကျပ်တစ်မတ်) သာ တန်ဖိုးရှိသဖြင့် ကျွန်တော် ငြင်းဆိုလိုက်ခြင်း ဖြစ်၏။ သို့ရှိစဉ် သူဌေးလောပန်ညန်သည် ကျွန်တော်တို့အား အခန်းတွင်း ခေါ်ဆောင်လာသူ သူ၏တပည့်ဘက်သို့ လှည့်၍ ကျွန်တော်တို့ နားမလည်သော ယိုးဒယားဘာသာ စကားဖြင့် တစ်စုံတစ်ရာ ပြောလိုက်သည်ကို ကျွန်တော်တို့ သုံးဦးစလုံးပင် သတိပြုလိုက်မိကြ၏။ ထိုအခါ ကိုနန္ဒက သူ၏သား အိုက်ခွန်ဘက်သို့ လှည့်၍ "ဘယ်လိုအဓိပ္ပာယ်လဲ" ဟု မေးသည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ရာ အိုက်ခွန်လည်း သူ၏ဖခင် ဆိုလိုသည်ကို ကောင်းစွာနားလည်သွားဟန် လက္ခဏာရှိလေသည်။ အိုက်ခွန်မှာ ယိုးဒယားစကားကို တတ်သူဖြစ်၍ အိုက်ခွန်အကြောင်းကို သူတို့ မသိကြသည်မှာ ကျွန်တော်တို့အတွက် ကံကောင်းထောက်မခြင်းပင် ဖြစ်တော့၏။ နောက်ဆုံးတွင် ကျွန်တော်တို့လည်း မှောင်ခိုဈေးအရ ဘတ် (၈) သိန်း (မြန်မာငွေ ၄ သိန်း)နှင့်ပင် အရောင်းအဝယ် တည့်ခဲ့ကြလေသည်။

အပြင်သို့ ရောက်လျှင်ရောက်ချင်း အိုက်ခွန်အား ကျွန်တော်တို့ မေးမြန်းကြည့်ရာ အိုက်ခွန်က "သတိထားကြ ... အစ်ကိုတို့ မပေါ့ကြနဲ့၊ သူဌေး ပြောတာက ထုံးစံအတိုင်းပဲပေါ့။ မင်းတို့ ကြည့်လုပ်ကြပေတော့လို့ ပြောတာပဲ" ဟု ကျွန်တော်တို့အား ပြန်ပြောသဖြင့် အပြန်ခရီးတွင် သတိဝီရိယ ကြီးစွာထားကြရပေတော့မည်။

တာချီလိတ်မှ မိုင်းဖြတ်သို့အသွား စားသောက်ဆိုင်တစ်ခု၌ ကျွန်တော်တို့သည် ထမင်းများစားသောက်လျက်ရှိစဉ် ဂျစ်ကားတစ်စီးသည် ယင်းစားသောက်ဆိုင်ရှေ့မှ ဖြတ်ကာ ဝူးခနဲ ထိုးထွက်သွားသည်ကို မြင်လိုက်ရသဖြင့် ကျွန်တော်က ကိုနန္ဒအား လေသံဖြင့် ...

"သတိထားဗျို့... ဒီကောင်တွေ လိုက်လာပြီထင်တယ်" ဟု ကိုနန္ဒ သားအဖအား သတိပေးလိုက်ရ၏။ သို့နှင့် ကျွန်တော်တို့ ကားပေါ်သို့ ရောက်သောအခါ

သူတို့သားအဖတွင်ပါသော သေနတ်များကို ယမ်းတောင့်များ ဖြည့်တင်းပေးရင်း ဝဲယာတစ်ဖက်တစ်ချက်သို့ မျက်ခြည်မပြတ် ကြည့်ရှုကာ သတိကြီးစွာဖြင့် လိုက်ပါလာခဲ့ရ၏။ ညှို့ညှို့မှိုင်းမှိုင်းရှိသော တောင်တန်းကြီးများသည် ညီညာသော တောင်စောင်းကို ဖောက်ထားသည့် လမ်းကလေးပေါ်တွင် ပြေးလျက်ရှိသော ကျွန်တော်တို့၏ ကားကလေးနောက်တွင် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့တော့၏။

လမ်းပေါ်၌ကား မော်တော်ကားသော်လည်းကောင်း ခရီးသွားတစ်ဦး တစ်လေမျှသော်လည်းကောင်း၊ မတွေ့ရဘဲရှိနေရာ ကျွန်တော်၏စိတ်ထဲတွင် ရန်သူတစ်ဦးတစ်ယောက်သည် ကျွန်တော်တို့အား အန္တရာယ်ပြုရန် တစ်နေရာမှ ချောင်းမြောင်းနေသကဲ့သို့ ထင်မိတော့၏။

တာချီလိတ်မှ မိုင်းဖြတ်၊ ထိုမှတစ်ဆင့် ရှမ်းရွာကလေးများကို ဖြတ်ကျော်ကာ ရမ်းခတ်ရွာကလေးသို့ ရောက်လုခါနီး တောလမ်းမှာ အတော်ပင် ကြမ်းသဖြင့် ကားကို အရှိန်လျှော့၍ ခပ်ဖြည်းဖြည်း မောင်းနေရ၏။ ဘေးတစ်ဖက်တစ်ချက်ရှိ တောများမှာလည်း အတော်နက်သဖြင့် ကျွန်တော်တို့ ကားရှေ့မလှမ်းမကမ်းတွင် မျောက်အုပ်ကြီးတစ်အုပ် လမ်းပေါ်မှ ဖြတ်ကျော်သွားသည်ကို တွေ့လိုက်ရပေ၏။ အကွေ့ကလေးတစ်ခုကို ကျော်မိသောအခါ ကျွန်တော်တို့ မျှော်လင့်ထားသည့်အတိုင်း မိုင်းဖြတ်ထမင်းဆိုင်ရှေ့မှ ထွက်သွားသော ဂျစ်ကားကလေး ရပ်ထားသည်ကို လှမ်း၍ မြင်လိုက်ရ၏။ သို့သော် လူများကိုကား မတွေ့မြင်ရချေ။

ကျွန်တော်တို့၏ကားသည် ၎င်းကို ကျော်တက်ပြီးနောက် အကွေ့တစ်ခုကို ကွေ့လိုက်စဉ် အသေးစား စတင်းတစ်လက် ကိုင်ထားသူတစ်ယောက်နှင့် ခြောက်လုံးပူး ကိုယ်စီကိုင်ထားသော လူဆိုးသုံးယောက်ကို တွေ့ရလေသည်။ ၎င်းတို့အနက် တစ်ယောက်မှာ သူဌေးလောပန်းညွန့်ထံတွင် ကျွန်တော်တို့ ပစ္စည်းများ သွားရောက်ရောင်းချစဉ်က ကျွန်တော်တို့အား သူဌေး၏အခန်းထဲသို့ ခေါ်ဆောင်သွားသူပင် ဖြစ်သည်။

"ပစ် ... ပစ်" ဟူသော ကျွန်တော်၏ အော်သံနှင့်အတူ ကျွန်တော်တို့ သုံးဦး သား၏ သေနတ်များမှ ကျည်ဆန်များ အစုလိုက်အပြုံလိုက် ထွက်သွားတော့၏။ မည်သူ၏ ကျည်ဆန်က ထိသည်ကို မသိရသော်လည်း ရှေ့တန်းက ခြောက်လုံး ပြူးကိုင် လူဆိုးတစ်ယောက်မှာ အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားတော့၏။ လူဆိုးများ၏ ပထမအသုတ်ကျည်ဆန်များသည် ကျွန်တော်တို့ ဦးခေါင်းနှင့် နားရွက်အနီးမှ တဝီးဝီး ပွတ်သပ်ကာ ချော်ထွက်သွားလေသည်။ သို့သော် ... ကျည်ဆန်တစ်ဆန်သည် ကားမောင်းသမား၏ လက်ဝဲဘက်ပခုံးစွန်းကို ထိသွား သဖြင့် ကားကိုကျင်လည်စွာ ထိန်း၍မောင်းနေရာ မဟန်နိုင်တော့ဘဲ ကား ကလေးသည် ချောက်တစ်ဖက်သို့ ရုတ်တရက်ထိုးသွားလေရာ ကျွန်တော်လည်း စတီယာရင်ကို တအားဆွဲ လှည့်လိုက်သောကြောင့်သာ ချောက်ထဲသို့ ထိုးကျ သည့် ဘေးအန္တရာယ်မှ စက္ကန့်ပိုင်းအတွင်း လွတ်မြောက်သွားခဲ့ရပေသည်။ သို့သော် ... ကားကလေးမှာ ကျွန်တော်လှည့်သည့် လက်ဝဲဘက်သို့ အရှိန်လွန် ကာ တောင်ကမ်းပါးယံနှင့် တိုက်ပြီးနောက် ရပ်သွားလေတော့၏။ ကားဆရာ မှာလည်း မှန်ကာသော တန်းနှင့် ဦးခေါင်းကို ရိုက်မိပြီးလျှင် သတိမေ့၍ သွား တော့၏။

သို့နှင့် ... ကားသမားအား ကားပေါ်မှာ ကမ္ဘာသကာထားခဲ့ပြီးလျှင် ကျွန်တော် တို့ သုံးဦးသားတို့မှာ ကားပေါ်မှ လွှားခနဲ ခုန်ချလိုက်ကြပြီးလျှင် ကားကလေး၏ နောက်နှင့် တောင်ကမ်းပါးယံဘေးရှိ ကျောက်တုံးများနောက်တွင် အကာ အကွယ် ယူလိုက်ကြ၏။ ထိုအချိန်တွင် တစ်ဖက်နှင့်တစ်ဖက်လည်း အပြင်း အထန် ပစ်ခတ်လျက် ရှိနေကြလေပြီ။

"ကိုနန္ဒ ... ကိုနန္ဒ၊ ခေါင်းမပြူနဲ့နော်။ ကျည်ဆန်တွေလည်း သိပ်မဖြုန်းနဲ့၊ သေချာမှပစ်"

သို့နှင့် ... ကျွန်တော်တို့ဘက်မှ အတော်အတန် သေချာမှပစ်ကြရာ အချက် ကောင်းကို စောင့်နေကြသဖြင့် အချိန်အတန်ကြာမှ တစ်ချက်ကောင်း နစ်ချက် ကောင်း ပစ်ပြီးလျှင် နှစ်ဘက်စလုံးကပင် စောင့်ဆိုင်းလျက် ရှိနေကြပြန်၏။

(၁၅) မိနစ်ခန့်ကြာသောအခါ ထိုအချိန်အထိ ငြိမ်သက်နေသဖြင့် ကျွန်တော်တို့ ဘက်တွင် ကျည်ဆန်ကုန်ပြီ ထင်၍ပေလောမသိ၊ စတင်းကိုင်လူဆိုးသည် ရှေ့သို့ တွား၍ တက်လာတော့၏။ သို့နှင့် ကျွန်တော်လည်း အရဲစွန့်ကာ ဝပ်နေရာမှ အတန်ငယ်ကုန်း၍ထကာ ၎င်း၏ ဦးခေါင်းဆီသို့ အသေအချာ ချိန်၍ပစ်လိုက်၏။ ထိုအချိန်နှင့် တစ်ပြိုင်တည်းလိုပင် အိုက်ခွန်၏ သေနတ်မှ ဒိုင်းခနဲ ကျည်ဆန် ထွက်သွားသည်ကို ကြားလိုက်ရလေသည်။ ကျွန်တော် ပစ်လိုက်သော ကျည် ဆန်သည် ၎င်း၏ဦးခေါင်းကိုပင် မထိမှန်သော်လည်း နောက်ကျောကို ဖောက် ထွက်သွားသဖြင့် ထိုနေရာ၌ပင် တစောင်းလိမ့်၍ သွားပြီးနောက် သေနတ်လည်း လက်မှလွတ်ကျသွားသည်ကို မြင်လိုက်ရ၏။ ထိုသူ ကျသွားသောနေရာနှင့် ကျွန်တော် ဝပ်နေသော ကျောက်တုံးမှာ ၁၀ ကိုက်ခန့်သာ ဝေးသဖြင့် ကျွန်တော် က ကိုနန္ဒအား ...

"ကျွန်တော် တက်ပြီး သူ့သေနတ်ယူမယ်ဗျာ၊ ခင်ဗျားတို့ သားအဖက နောက်က အကောင်တွေသာ ခပ်မှန်မှန်ပစ်ပေး"

"မလုပ်ပါနဲ့ကွယ် ... မောင်မိုးအောင် ထိနေပါဦးမယ်"

"မထိပါဘူးဗျာ ... ခင်ဗျားအကောင်တွေ ဒါလောက်လည်း လက်မတည့်ပါ ဘူး။ ခင်ဗျားတို့ သားအဖကသာ ဒီအကောင်တွေ ခေါင်းပြူလာတိုင်း သူတို့ ပစ်ချိန်မရအောင် ပစ်ပေးပေတော့"

ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော်လည်း အကာအကွယ်ယူနေသည့် ကျောက်တုံးနောက်မှ ခပ်ကုန်းကုန်း ပြေးထွက်သွားလေရာ ကိုနန္ဒသားအဖ ကလည်း နောက်မှ လူဆိုးများအား ခပ်သွက်သွက် ပစ်ပေးလျက်ရှိနေ၏။ သို့နှင့် ကျွန်တော်လည်း စတင်းနှင့်တကွ ကျည်ဆန်ကပ်နစ်ခုပါ ရရှိခဲ့လေသည်။ ဤ ကဲ့သို့ လူဆိုးနှစ်ယောက်၏ ခြောက်လုံးပြူး နှစ်လက်အကြားမှ အတင်းတရကြမ်း ပြေးလွှား၍ ခေါင်းဆောင်လူဆိုး၏ စတင်းကို ယူနိုင်ခဲ့ခြင်းမှာ အမှန်အားဖြင့်သော် မိုက်ရူးရဲအလုပ်ပင် ဖြစ်တော့၏။ သို့သော် ဤမိုက်ရူးရဲ အလုပ်အတွက်လည်း ကျွန်တော်မှာ ဆုလာဘ်တစ်ခု ရခဲ့လေသည်။ ကျွန်တော်လည်း မူလကျောက်

တုံး၏ နောက်သို့ ပြေး၍မဝပ်နိုင်မီ ကျွန်တော်၏ လက်ဝဲဘက် လက်မောင်းတွင် ပွန်းပဲ့ ဖြစ်သွားသဖြင့် ကြည့်လိုက်ရာ ရှပ်အင်္ကျီကို ဖောက်ထွက်လာသည့် သွေးများကို မြင်လိုက်ရ၏။ ကျည်ဆန်တစ်ခုသည် ကျွန်တော်၏ အပေါ်လက်မောင်း အသားပုံ တစ်နေရာကို ဖောက်ထွက်သွားရာ အသားတစ်တစ်လက်မခန့်ပင် ကြေမွသွားလေသည်။

"အို ... မောင်မိုးအောင် ထိသွားပြီ"

"ကိစ္စမရှိဘူး ... ကိစ္စမရှိဘူး၊ ခင်ဗျားတို့ ပစ်သာနေ။ ဟော့ ... အိုက်ခွန် လာစမ်း။ ငါ့အိတ်ထဲက လက်ကိုင်ပဝါယူပြီး ငါ့လက်မောင်းက သွေးထွက်နေတဲ့ နေရာ စည်းပေးစမ်း၊ ခပ်တင်းတင်း စည်းပေးစမ်း"

သေနတ်ထိမှန်သော နေရာမှာ ပူ၍နေသော်လည်း လက်ကိုင်ပဝါဖြင့် တင်းတင်းကြပ်ကြပ် စည်းလိုက်သောအခါ အတော်ပင်သက်သာရ ရသွားလေသည်။ ထိုအချိန်၌ ကျွန်တော်လည်း စတင်းကို ယမ်းတောင့်အသစ်များ ချက်ချင်းဖြည့်တင်းလိုက်၏။ ထို့နောက် ကျွန်တော်လည်း လက်မှအနာကို ဂရုမစိုက်နိုင်ဘဲ တရစပ်ပစ်ခတ်လျက်ရှိရာ ယမ်းတောင့်အကုန်တွင် ရန်သူ့ဘက်မှ လုံးဝငြိမ်သက်သွားတော့၏။ ကျန်လူများမှာ ကျွန်တော်တို့ဘက်မှ လက်နက်ရော လူပါ သာနေပြီဖြစ်ကြောင်း သိသဖြင့် မူလအကာအကွယ် ယူထားသော နေရာနောက်ရှိ အခြားကျောက်တုံးများနောက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားကြဟန် တူလေသည်။

ထိုအခါမှ ကျွန်တော်တို့လည်း အရေးသာနေပြီဖြစ်ကြောင်း သိသဖြင့် ပခုံးစွန်းကို ထိမှန်သွားသော ဒရိုင်ဘာအား ဂရုစိုက်နိုင်တော့၏။ အိုက်ခွန်အား သေနတ်ပေး၍ အစောင့်ခိုင်းပြီးနောက် ကျွန်တော်နှင့် ကိုနန္ဒတို့သည် သတိမေ့လျက်ရှိသော ဒရိုင်ဘာအား ပွေ့ထူချီမပြီးလျှင် မြို့မှလိုရမယ်ရဝယ်ခဲ့သည့် ဝီစကီပုလင်းကို ဖွင့်ကာ ပါးစပ်ထဲသို့ အနည်းငယ် လောင်းထည့်ပြီးနောက် အနာကိုလည်း အနည်းငယ် ဆွတ်ဖျန်းပေး၏။ ထို့နောက် ရှပ်အင်္ကျီဟောင်းတစ်ထည်ကို ဆုတ်ဖြဲကာ ပ...တီးပြုလုပ်ချည်နှောင်ပေးရတော့၏။ ထိုအခါမှ ဒရိုင်ဘာလည်း

မျက်လုံးများကို ဖွင့်ကြည့်ပြီးလျှင် အတန်ငယ်ပြုံးနိုင်၊ ရယ်နိုင် ဖြစ်ပေါ်၍ ကျွန်တော်တို့ အဖြစ်အပျက်များကို ကောင်းစွာနားလည်လေတော့၏။ သို့သော် ... သွေးအထွက်များ၍ အတော်ပင် အားကုန်ခန်းလျက်ရှိနေပြီ ဖြစ်သောကြောင့် ကားကို ဆက်လက်မောင်းရန် တတ်နိုင်တော့မည် မဟုတ်ပေ။

ကျွန်တော်တို့၏ဒုတိယအလုပ်မှာ ကျောက်တုံးနှစ်ခုအလယ်တွင် ဘီးတစ်ဘီးညှပ်လျက် တောင်ကမ်းပါးယံကို ဦးတိုက်နေသည့် ဂျစ်ကားကို ၎င်း၏ သွားလမ်းအတိုင်း ပြန်၍လှည့်ရန်ဖြစ်၏။ သို့နှင့် ကျွန်တော်လည်း လက်တွင် ဒဏ်ရာရထားပြီ ဖြစ်သောကြောင့် ကိုယ်တိုင်မလုပ်နိုင်တော့ဘဲ ကိုနန္ဒသားအဖကိုသာ ညွှန်ကြားပြသရလေရာ (၁၅) မိနစ်ခန့်ကြာလတ်သော် ကားကလေးမှာ တစ်စုံတစ်ရာ ချို့ယွင်းခြင်းမရှိဘဲ လမ်းပေါ်သို့ ချောမောစွာရောက်ရှိလျက် ရှိနေလေပြီ။ သို့သော် ကားကို ဆက်လက်မောင်းရန်မှာ ကျွန်တော်၏အလုပ်သာ ဖြစ်တော့၏။ သို့နှင့် ကျွန်တော်လည်း ဝီစကီကို နှစ်ကျိုက်လောက် မော့လိုက်ပြီးလျှင် ဒဏ်ရာကိုလည်း အရက်အနည်းငယ် ဆွတ်ဖျန်းကာ ပတ်တီးကို ယခင်ကထက် တင်းကျပ်စွာ စည်းစေပြီးနောက် ဒရိုင်ဘာထိုင်ခုံ၌ ထိုင်ကာ ကျိုင်းတုံမြို့သို့အရောက် အားခဲ၍ ကြိတ်ရတော့၏။ အကယ်၍သာ ကျွန်တော် ကားမောင်းမတတ်က တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်ကြပေမည်။

ကျိုင်းတုံမြို့သို့ ရောက်သောအခါ ကျွန်တော်တို့သည် "ဘလူးစကိုင်း" (Blue Sky) ဟိုတယ်တွင် တည်းခိုကာ ဆရာဝန်တစ်ဦးအား လက်သိပ်ထိုး ငွေပေး၍ ကျွန်တော်၏ဒဏ်ရာကို ကုသပြီးလျှင် ဒရိုင်ဘာကိုလည်း ကျွန်တော်တို့အတွက် ဖြစ်ရသောကြောင့် ကားခအပြင် လျော်ကြေးအဖြစ်ဖြင့် ငွေ (၃၀၀) ကျပ် ပေးလိုက်၏။ ဒဏ်ရာကိုလည်း ထိုဆရာဝန်နှင့်ပင် ဆေးထည့်၍ ပေးလိုက်ရ၏။

ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ ကျွန်တော်၏ဒဏ်ရာ ကောင်းစွာ ပျောက်ကင်းပြီဖြစ်၍ ကျွန်တော်တို့၏ လက်နက်များကို သင့်လျော်သောနေရာတစ်ခု၌ အပြီးစွန့်ပစ်ခဲ့ကြပြီးလျှင် လေယာဉ်ဖြင့် ကျိုင်းတုံမှ ပြန်ခဲ့ကြလေသည်။ လေယာဉ်သည် ကောင်းကင်သို့ ပျံတက်၍ "မိုင်းယောင်း" နယ်မြေမှထွက်ကာ

မြင့်မားသော ရှမ်းတောင်တန်းကြီးများကိုလည်းကောင်း၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းလျက်ရှိနေသည့် တောအုပ်ကြီးများကိုလည်းကောင်း ဖြတ်သန်းလာသော အခါ ကိုနန္ဒမှာ သူ၏ကျေးဇူးရှင် ဦးဝဏ္ဏနှင့် သွားလေသူခမ်းမူတို့အား လွမ်းဆွတ်၍ပေလောမသိ။ သူ၏မျက်နှာတွင် မျက်ရည်စကလေးများကိုပင် ကျွန်တော် မြင်လိုက်ရ၏။

နောက် (၁၀) ရက်ခန့်အကြာ၌ ကျွန်တော်သည် ငွေတစ်သိန်းကို ပိုက်ကာ ရန်ကုန်သို့ ရောက်ရှိခဲ့ပြီးလျှင် ယခင်က အထက်မြန်မာပြည်တွင် မိတ်ဆွေ ဖြစ်ခဲ့ဖူးသူ ကြည့်မြင်တိုင် ရွှေလမ်းနေ မိတ်ဆွေတစ်ဦးနေအိမ်တွင် မထင်မရှား တည်းခိုလျက် ရှိနေခဲ့၏။ ကိုနန္ဒသားအဖမှာ ရန်ကုန်သို့ မလိုက်လိုကြောင်း၊ မန္တလေးမြို့၌သာ လည်ပတ်ပြီးလျှင် တောင်ကြီးမြို့ရှိ ၎င်းတို့၏ မိတ်ဟောင်း ဆွေဟောင်းများထံသို့ သွားပြီးလျှင် လက်ဖက်ခြောက်ခင်းများ စိုက်ပျိုး၍ အေးအေးချမ်းချမ်း နေထိုင်တော့မည့်အကြောင်း နောက်တစ်လခန့်အကြာ၌ တောင်ကြီးမြို့သို့ရောက်လျှင် ရှမ်းသူကြီး ဦးစိန္တာဆိုသူကို မေးမြန်းရှာဖွေ၍ ၎င်းထံသို့ လာရောက်မေးမြန်းလျှင် မိမိတို့နှင့် တွေ့နိုင်ကြောင်းပြောသဖြင့် ချစ်လှစွာသော သားအဖနှစ်ယောက်နှင့် ကျွန်တော်လည်း မခွဲချင်ခွဲချင်ခွဲခဲ့ရ၏။

ကိုနန္ဒသည် ရရှိသော ငွေ (၄) သိန်းအနက် ကျွန်တော့်အား ထက်ဝက်ခွဲ၍ ပေးသော်လည်း ကျွန်တော့်မှာ နဂိုကပင် မတော်လောဘ ထွက်တတ်သူ မဟုတ်သဖြင့်တစ်ကြောင်း၊ လွတ်လပ်သော တစ်ကိုယ်တည်းသမား ဖြစ်သဖြင့် တစ်ကြောင်း၊ ကျွန်တော်၏ ဒုက္ခခံမှုအတွက် ငွေငါးသောင်းခန့်ရလျှင် တော်လောက်ပြီဟု သူပေးသော ငွေနှစ်သိန်းကို ငြင်းပယ်ခဲ့၏။ သို့သော် ကိုနန္ဒက "မဟုတ်တာဘဲ မောင်မိုးအောင်ရယ်၊ အခုကိစ္စမှာ မောင်မိုးအောင်က ရှေ့ဆောင်ပြီး ကျုပ်တို့ အသက်ကိုလည်း ကယ်ခဲ့လို့ ကျုပ်တို့သားအဖဟာ အခု အခြေအနေ ရောက်တာ မဟုတ်လား" ဟု အတန်တန် ပြောသောကြောင့် နောက်ဆုံးတွင် ကျွန်တော်လည်း ငွေတစ်သိန်းကို အနိုင်နိုင် လက်ခံခဲ့ရလေသည်။

ရန်ကုန်သို့အလာ၌ ကိုနန္ဒသားအဖသည် ကျွန်တော့်အား ဘူတာရုံသို့ လိုက်ပို့ရာ ကျွန်တော်က ၎င်းတို့အား လက်ထဲတွင် ငွေကြေးအမြောက်အမြား ရှိသော်လည်း ငွေများကို သိုသိပ်နိုင်သမျှသိုသိပ်၍ လုံခြုံသောနေရာတစ်နေရာ၌ ထားပြီးလျှင် ယခင်က အနေအထိုင်အတိုင်း ကျစ်လျစ်သိပ်သည်းစွာ နေထိုင်သင့်ကြောင်း သတိပေးစကား ပြောကြားလိုက်သေး၏။ ထိုအခါ ကိုနန္ဒက ...

"ဒီလို သတိပေးစကားပြောတာ ကျေးဇူးတင်ပါတယ် မောင်မိုးအောင်ရယ်။ နောင်တစ်လ နှစ်လလောက်ကြာလို့ ရန်ကုန်မှာ လည်ပတ်ပြီးတဲ့အခါ တောင်ကြီးကို ဆက်ဆက်လာခဲ့ပါဦး။ အခုလည်း မောင်မိုးအောင်က လည်ချင်ပတ်ချင် သေးတယ်ဆိုလို့သာ ခွဲရတယ်။ ကျုပ်သဘောကတော့ ကျုပ်တို့နဲ့အတူ အေးအတူပူအမျှ နေစေချင်တာပဲ"

"မဖြစ်သေးဘူး ... ကိုနန္ဒ။ ကျွန်တော်က ဘယ်လိုပဲ ကျွန်တော့်ကို အပြီးစား ပေးထားထား၊ တစ်နေရာတည်းမှာ ကျွန်တော် ဝပ်မနေနိုင်ဘူး။ ပြီးတော့ ကျွန်တော်လည်း အသက်က ငယ်သေးတယ်မဟုတ်လား။ ဒီတော့ ကျွန်တော့် ရှိသမျှ တတ်နိုင်သမျှ ပညာကလေးနဲ့သွားချင်၊ လာချင်၊ လုပ်ချင်၊ ကိုင်ချင်၊ ကြံချင်စည်ချင်သေးတယ် ကိုနန္ဒရဲ့။ ပြီးတော့ ကျွန်တော်ရဲ့ နောက်ဆုံး ရည်ရွယ်ချက်တစ်ခုက ကျွန်တော့်အရွယ်နဲ့ ကျွန်တော်ရဲ့ အားခွန်ဗလနဲ့၊ ကျွန်တော်ရဲ့ သတ္တိနဲ့၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်ချင်သေးတယ်၊ လူသားတွေရဲ့ဒုက္ခကို တတ်နိုင်သမျှ ကယ်တင်ချင်သေးတယ်။ ဒီစိတ်တွေ ကျွန်တော့်မှာ ရှိနေတော့ ဒီမှာနေလို့မဖြစ်သေးဘူး။ အခုလို ကိုနန္ဒက ခေါ်တဲ့အတွက်လည်း ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်ဗျာ"

မီးရထားသည် ဘူတာမှ တရိပ်ရိပ် ထွက်ခဲ့သဖြင့် ကိုနန္ဒသားအဖသည် ကျွန်တော်အား လက်ပြနှုတ်ဆက်၍ ကျန်ရစ်ခဲ့ရာ သူတို့နှစ်ယောက်စလုံး၏ မျက်နှာတွင် မျက်ရည်များဝိုင်းလျက်ရှိနေသည်ကိုပင် သတိပြုလိုက်မိ၏။

ရန်ကုန်တွင် (၁၅) ရက်ခန့်မျှ နေထိုင်ပြီးနောက် ထိုအချိန်များအတွင်း ရောက်သင့်ရောက်ထိုက်သည့် နေရာများကို ရောက်ခဲ့ပြီးလျှင် ကျွန်တော်

တည်းခိုနေသည့် အိမ်ရှင်မိတ်ဆွေကိုလည်း တတ်နိုင်သမျှ ပေးကမ်းထောက်ပံ့ခဲ့၏။ ကျွန်တော်၏အကြံမှာ ကျွန်တော့်လက်ထဲတွင်ရှိနေသော ငွေကို မည်ကဲ့သို့ ပြုလုပ်ရမည်၊ ကျွန်တော်၏ဘဝကို မည်ကဲ့သို့ ဆက်လက်ဖန်တီးရမည် ဟူသော အချက်နှစ်ချက်သာ ကျွန်တော်၏ စိတ်ထဲတွင် စွဲလျက်ရှိနေတော့၏။

ကျွန်တော့်မှာ မိမရှိ၊ ဖမရှိ "တစ်ကောင်ကြွက်" ဖြစ်သည့်ပြင် အသိဉာဏ်အတော်အသင့်ရှိသော ကားမောင်းသမား လူကြမ်းတစ်ယောက် ဖြစ်၏။ လူတစ်ဖက်သားကို ကူညီလိုသောစိတ်ရှိ၏။ စွန့်စွန့်စားစား လုပ်ကိုင်လိုသော စိတ်ရှိ၏။ သို့နှင့် ကျွန်တော်လည်း တစ်ညတွင် အိမ်ရှေ့ဝရန်တာသို့ ထွက်ကာ ရွက်ဖျင်ကုလားထိုင်တစ်ချပ်ပေါ်တွင် စီးကရက်တစ်လိပ်ကို ခဲရင်း -

"အင်း... ဒီလိုဆိုရင် တိုင်းပြည်အတွက် ငါဘာဖြစ်လို့စစ်မှုမထမ်းနိုင်ရသလဲ၊ တိုင်းပြည်ရန်သူတစ်ယောက်ရဲ့ အသက်ကို ငါ့အသက်နဲ့ ဘာကြောင့် မလဲနိုင်ရသလဲ၊ အကြံရပြီ၊ အကြံရပြီ ... နက်ဖြန်ပဲ ဝင်မယ်" ဟု စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်တော့၏။

သို့နှင့် နောက်တစ်နေ့တွင် ငွေငါးသောင်းကို ကျွန်တော်၏ အိုစာ မင်းစာအတွက် ဘဏ်၌အပ်ပြီးလျှင် ငွေလေးသောင်းကို ရန်ကုန်ဆေးရုံကြီးသို့ ကျွန်တော်၏အမည်ကို မဖော်ဘဲ လှူဒါန်းလိုက်လေသည်။

မန္တလေးတွင် ပညာသင်ကြားလျက်ရှိနေသော ကျွန်တော်၏ ချစ်သူထံသင့်လျော်ရုံမျှ အကျိုးအကြောင်း စာရေး၍ မန်နီအော်ဒါဖြင့်ငွေ (၂၀၀၀) ကျပ်ပို့လိုက်၏။

ထို့နောက် လွန်ခဲ့သော (၂) နှစ်ခန့်က မေမြို့တွင် အတော်ရင်းရင်းနှီးနှီး သိခဲ့သော ဗိုလ်ကြီးတစ်ဦး၏ အကူအညီဖြင့် မြန်မာပြည်ကြီး၏ သားကောင်းရတနာတစ်ယောက်အဖြစ် ခံယူကာ လက်မှတ်ရေးထိုးလိုက်လေသည်။

အထက်ပါ ကျွန်တော်၏အတ္ထုပ္ပတ္တိကို ပြန်ပြောင်းရေးသားသောအခါ ကျွန်တော့်မှာ "တပ်ကြပ်ကြီး" ရာထူးကိုပင် ရရှိနေပါပြီ။

**မိုးအောင်**

# သိန်းငှက်မည်းနှင့် ကချေသည်

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ (၁၀) နှစ်ခန့်အတွင်းက ကျွန်ုပ်သည် ပြည်မြို့တွင် ရှေ့နေအလုပ်ဖြင့် အသက်မွေး၍ နေထိုင်ခဲ့ရာ ထိုအချိန်များအတွင်းက မစ္စတာဆင်း (Mr. Sen) ဘင်္ဂလီလူမျိုး ဝတ်လုံတစ်ဦးနှင့် ရင်းရင်းနှီးနှီး သိကျွမ်းခဲ့လေသည်။ မစ္စတာဆင်းမှာ ဘီလပ်ပြန်ဝတ်လုံတော်ရ တစ်ယောက်ဖြစ်၍ အင်္ဂလန်၌ ဝတ်လုံဘွဲ့ကို ယူခဲ့သူဖြစ်၏။ မြန်မာပြည်သို့ ရောက်သောအခါ ရန်ကုန်တွင် ရှေ့နေမလိုက်ဘဲ သူ၏ ဆွေမျိုးများရှိရာ ပြည်မြို့သို့ လာရောက်၍ အလုပ် လုပ်ကိုင်ခဲ့လေသည်။

ထိုခေတ်က ပြည်မြို့မှာ ပိုက်ဆံကြေးငွေကြွယ်ဝသော ကုန်သည်ပိုင်းမှာ ချစ်တီးလူမျိုးများက အတော်အတန် ဩဇာတိက္ကမ လွှမ်းမိုးခဲ့သော အချိန်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကုန်သည်ကြီးများမှာ နာမည်ကြီးသလောက် လက်ထဲတွင် ငွေသားရှိသူများ မဟုတ်ကြသဖြင့် "ငွေကြေးနှင့် ပတ်သက်၍ အရေးကြုံသောအခါများတွင် ချစ်တီးများ အနားကပ်ရလေသည်။ ချစ်တီးများကလည်း အခြေအနေကိုကြည့်၍ အခြေကောင်းလျှင် ကောင်းသလောက် ချေးငှားကြသည်။

ငွေကြေးကိစ္စများမှာ အဆက်အသွယ်များလျှင် များသလောက်၊ နည်းလျှင် နည်းသလောက် အရှုပ်အရှင်းများ ဖြစ်တတ်စမြဲဖြစ်ရာ ရုံးများတွင် တရားမမှု

(၁၀၀) အနက် ရာခိုင်နှုန်း (၇၅) မှာ ချစ်တီးများက ကုန်သည်များနှင့် လယ်သမားများ၊ ဆင်းရဲသားများအပေါ်တွင် စွဲဆိုသောအမှု ဖြစ်လေသည်။ ထိုအခါများတွင် ချစ်တီးများသည် သာမန်တတိယတန်းရှေ့နေ၊ ဒုတိယတန်း ရှေ့နေများကို မငှားဘဲ အကောင်းဆုံးသော ဝတ်လုံများကိုသာ ငှားလေ့ရှိကြ၏။ (၁၀၀) ကျပ်တန် အမှုပင်ဖြစ်စေ၊တကယ်အကြိတ်အနယ်ပြောဆိုရသည့်အခါများတွင်ချစ်တီးများသည် ဝတ်လုံကောင်းတစ်ယောက်အား (၅၀၀) ကျပ်ပေးရန် ဝန်မလေးလှချေ။ သူတို့၏ဆောင်ပုဒ်မှာ မိမိတို့ ငွေကြေးချေးငှားထားသော သူများအပေါ်တွင် ပထမအကြိမ်၌ဦးကျိုး၍သွားရန် ဖြစ်လေသည်။

မစ္စတာဆင်းမှာ တရားမ တရားဥပဒေတွင် အထူးကျွမ်းကျင်လိမ္မာသူ ဖြစ်သည့်အတိုင်း တစ်နေ့တစ်နေ့တွင် သူ၏ရုံးခန်း၌ ချစ်တီးအမှုသည်များ ဝိုင်းဝိုင်းလည်လျက် ရှိတော့၏။ ထိုအခါက ကျွန်ုပ်မှာ ဝါမရင့်သေးသော ရှေ့နေ တစ်ယောက်မျှသာဖြစ်ရာ ကျွန်ုပ်မကျွမ်းကျင်သော တရားမဥပဒေ ခက်ရာခက်ဆစ်များကို သူ့ထံသို့သွား၍ မေးမြန်းလေ့လာရ၏။ ဤသို့ဖြင့် ကျွန်ုပ်နှင့် မစ္စတာဆင်းတို့မှာ အပြန်အလှန် ကျေးဇူးပြုခဲ့ကြလေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်စ ရန်ကုန်မြို့ကို ဂျပန်တို့ ဗုံးကြဲပြီးနောက် ပြည်မြို့တွင် ညဥ့်အချိန်အစမ်းအမှောင်ချခြင်း၊ ဗုံးခိုကျင်းများ တူးခြင်းများကို ပြုလုပ်သောအခါ မစ္စတာဆင်းသည် ကျွန်ုပ်ထံသို့ လာရောက်၍ သူသည် တစ်ခါတည်း အိန္ဒိယသို့ ပြန်တော့မည့်အကြောင်း၊ သူ၏အလုပ်ခန်းကိုလည်း အိမ်ရှင်သို့ ပြန်အပ်ပြီးဖြစ်၍ နောက်တစ်နေ့ ညရထားနှင့်ပင် ရန်ကုန်မြို့သို့ လိုက်၍ ၎င်းမှ တစ်ဆင့် စနေနေ့နံနက်တွင် အိန္ဒိယသို့ ထွက်မည့်သင်္ဘောနှင့် လိုက်မည်ဖြစ်ကြောင်း၊ ဤသို့ ခွဲခွာပြီး နောက်နောင်ကို ကျွန်ုပ်နှင့် တစ်ဖန်တွေ့ချင်မှတွေ့ကြတော့မည်ဖြစ်ကြောင်း ဝမ်းနည်းပက်လက်ပြောပြလေရာ ကျွန်ုပ်မှာ ဆယ်နှစ်ဆယ်မိုးကျော်ကျော်မျှ ရင်းနှီးစွာနေထိုင်ခဲ့သော မိတ်ဆွေတစ်ယောက်နှင့် ခွဲခွာရမည့်အတွက် မျက်ရည်များပင် ကျမိ၏။ သူကလည်း ထိုနည်းအတူပင် ကျွန်ုပ်အား ငိုသံပါကြီးနှင့် နှုတ်ဆက်ပြီးလျှင် လူချင်းခွဲခွာကြလေသည်။

စစ်ကြီးပြီးသည့်နောက်၌လည်း မစ္စတာဆင်းသည် မြန်မာပြည်သို့ ပြန်ရောက်လာသည်ဟု မကြားရချေ။ ကျွန်ုပ်သည် ရှေ့နေအလုပ်ကို စွန့်ပစ်ပြီးလျှင် ရန်ကုန်သို့ လာရောက်၍ စာရေးဆရာအလုပ်ကို လုပ်ကိုင်နေသည့်အခါ၌လည်း သူ၏အကြောင်းကို မကြားရတော့ချေ။

ဤသို့ နှစ်ပေါင်း (၂၀) ကျော်မျှ မစ္စတာဆင်းနှင့် ကွဲကွာနေခဲ့ပြီးနောက် လွန်ခဲ့သော နိုဝင်ဘာလ လဆန်းလောက်က ၎င်းထံမှ ကျွန်ုပ်၏အလုပ်ရုံးသို့ စာတစ်စောင်ရောက်ရှိလာရာ စာထဲ၌ ကျွန်ုပ်၏ နေရပ်နှင့် အလုပ်အကိုင်ကို နယူးဒေလီမြို့သို့ ရန်ကုန်မှ မကြာမီက ရောက်ရှိလာသော မြန်မာမိတ်ဆွေတစ်ဦးက ပြောပြသဖြင့် သိရကြောင်း၊ ကျွန်ုပ်သည် ရှေ့နေအလုပ်ထက် စာပေရေးသားသော အလုပ်၌ ဝါသနာပါသည်ကို ပြည်မြို့တွင် နေစဉ်ကပင် သူသိရကြောင်း၊ ထို့ပြင် မြန်မာပြည်၌ ယခု ဆိုရှယ်လစ်တော်လှန်ရေးအစိုးရက စာပေနှင့်တကွ စာပေသမားများအား အားပေးချီးမြှောက်နေသည်ဟု ကြားသိရသဖြင့် ရှေ့တွင် ကျွန်ုပ်အတွက် များစွာကြီးပွားရန် လမ်းရှိကြောင်း၊ သူကိုယ်တိုင်မှာမူ ရှေ့နေအလုပ်ကလွဲ၍ မည်သည့်အလုပ်အကိုင်မှ လုပ်တတ်သူတစ်ယောက် မဟုတ်သဖြင့် နယူးဒေလီမြို့တွင် ရှေ့နေလိုက်လျက်ရှိကြောင်း၊ အလုပ်အကိုင်မှာ အတော်အတန် သင့်လျော်၍ တရားမမှုများက ရာဇဝတ်မှုများထက် များပြားကြောင်း စသည်ဖြင့် မိတ်ဆက်စကားများ ရေးသားပြီးလျှင် နောက်ဆုံး၌ ယမန်နှစ်က သူလိုက်ခဲ့ရသည့် အင်္ဂလိပ်လူမျိုး နာမည်ကျော်ကချေသည်မတစ်ဦးနှင့် ထူးဆန်းသည့် အဖြစ်အပျက်များ ပါဝင်သော တရားမမှုတစ်မှုအကြောင်းကို မကြာမီ ရေးသားပေးပို့လိုက်မည်ဖြစ်ကြောင်းဖြင့် ပါရှိလေသည်။

နောက် ၃ – ၄ ရက်ခန့်အကြာ၌ ကျွန်ုပ်သည် မစ္စတာဆင်းထံသို့ စာပြန်လိုက်ရာ ဒီဇင်ဘာ (၄) ရက်နေ့တွင် သူ့ထံမှ ရေဂျစ္စတာပြုလုပ်ထားသည့် စာအိတ်တစ်လုံးကို ရရှိခဲ့၏။ ထိုစာအိတ်တွင် ပါရှိသော စာရွက်များမှာ အင်္ဂလိပ်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသော တရားခံအင်္ဂလိပ်လူမျိုး အမျိုးသမီးတစ်ဦး၏ အစစ်ခံချက်များ ဖြစ်လေသည်။ ထိုစာရွက်များနှင့်အတူ မစ္စတာဆင်း၏ အမှာစာကလေးတစ်စောင်လည်း ပါရှိရာ ၎င်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သို့/ -

မိတ်ဆွေကြီးဦးတင်

မိတ်ဆွေကြီးထံမှ ပြန်စာကို ကောင်းစွာရရှိပါသည်။ ယခုပို့လိုက်သော စာရွက်များမှာ ကျွန်ုပ်၏အမှုသည် အင်္ဂလိပ်လူမျိုး ကချေသည်မ "မာရီယာနာဒိုဗာ" (Myria Nadova) ၏ အစစ်ခံချက်ဖြစ်၍ ရုံးတော်မှ ကော်ပီကူးယူပြီးလျှင် မိတ်ဆွေကြီးထံသို့ ပို့လိုက်ခြင်း ဖြစ်ပါသည်။ အမှုအကြောင်းကို အနည်းငယ်မျှ ပြောလိုပါသည်။ လွန်ခဲ့သောနှစ် နွေဦးပေါက်လောက်က နယူးဒေလီမြို့ရှိ ဝပ်ဒနာကုမ္ပဏီမှ လန်ဒန်မြို့ ၎င်းတို့၏ ကိုယ်စားလှယ်မှတစ်ဆင့် ကျွန်ုပ်၏ အမှုသည် မစ္စမာရီယာနာဒိုဗာအား နယူးဒေလီမြို့သို့ လာရောက်ကပြရန် ငှားရမ်းခဲ့ရာ မာရီယာသည် သင်္ဘောတစ်စင်းဖြင့် လိုက်ပါလာသည်ဟု ကြေးနန်းပို့လိုက်ရာ "တပ်ဂျမဟာ" သင်္ဘောဖြင့် လိုက်ပါလာသော်လည်း သင်္ဘောသည် ပို့ဆိပ်မြို့သို့ ရောက်၍ ခရီးသည်များသည် ကမ်းပေါ်သို့တက်ကာ လည်ပတ်ကြသည့်အချိန်၌ ရုတ်တရက် ပျောက်ကွယ်သွားသည်ဆိုကြောင်း၊ မာရီယာသည် "တပ်ဂျမဟာ" သင်္ဘောသို့ ပြန်မရောက်ဘဲ နောင်ရက်ပေါင်း (၂၀) တိတိကြာမှ နယူးဒေလီမြို့သို့ အခြားသင်္ဘောတစ်စင်းဖြင့် ရောက်ရှိလာလေသည်။ ထိုအခါ ဝပ်ဒနာကုမ္ပဏီသည် ကချေသည်မ မစ္စမာရီယာနာဒိုဗာအား ကတိပျက်ကွက်မှုနှင့် ပေါင် (၃၀၀၀) ရလိုကြောင်း တရားစွဲဆိုရာ မာရီယာသည် ကျွန်ုပ်အား ငှားရမ်းသဖြင့် သူမ၏ အမှုအတွက် ကျွန်ုပ်က လိုက်ပါဆောင်ရွက်ရ၏။

မာရီယာ၏ထုချေချက်မှာ သူသည် ပို့ဆိပ်မြို့ ကမ်းပေါ်သို့ မိတ်ဆွေများနှင့် အတူ တက်ရောက်လည်ပတ်စဉ် ဟိုတယ်ကြီးတစ်ခုသို့ ရောက်သွား၍ ၎င်း၏ အပေါင်းအဖော်များအလစ်တွင် အီဂျစ်လူမျိုးတစ်ယောက်က ထိုဟိုတယ်ကြီး နံဘေးရှိ ကုန်စုံဆိုင်ကလေးတစ်ဆိုင်နောက်တွင် ရုတ်တရက် မေ့ဆေးပေးပြီး ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံရကြောင်း၊ သူ၏ အဖြစ်အပျက်များမှာ လူများ မယုံနိုင်အောင်ပင် ဖြစ်သော်လည်း ဖြစ်ပျက်ခဲ့သည်မှာ အမှန်ပင်ဖြစ်၍ ပို့ဆိပ်မြို့သို့ ဖမ်းထားသူများက ပြန်ပို့သောအခါ (၁၂) ရက်မျှပင် ကြာသွားကြောင်း၊

ထို့နောက်မှ တခြားသင်္ဘောတစ်စင်းဖြင့် အိန္ဒိယသို့ လိုက်ပါလာခဲ့ရကြောင်း၊ သို့ဖြစ်၍ မိမိဖြစ်ရသည်မှာ မိမိ၏ သဘောအတိုင်းမဟုတ်ဘဲ ကံကြမ္မာပစ်ချမှုကြောင့်ပင် ဖြစ်ရခြင်းဖြစ်သဖြင့် တရားလိုများနှင့် ချုပ်ထားသော ကတိစာချုပ်ကို မိမိ၏ သဘောဆန္ဒအလျောက် ဖောက်ဖျက်ခဲ့ခြင်း မဟုတ်သဖြင့် လျော်ကြေး တစ်စုံတစ်ရာ မပေးထိုက်ကြောင်း ငြင်းဆိုလေသည်။

သူ၏ အဖြစ်အပျက်များကို အစစ်ခံရာ၌ ယင်းအဖြစ်အပျက်တို့မှာ ပုံဝတ္ထုကလေးတစ်ခုသဖွယ် ဖြစ်နေ၍ အတော်ပင် စိတ်ဝင်စားဖွယ် ကောင်းပါသည်။ သို့သော် တရားသူကြီးက မယုံကြည်ဘဲ တရားခံမသည် လျော်ကြေးငွေ ပေးရမည်ဆိုသဖြင့် မိမိ၏အဖြစ်အပျက်ကို ဖုံးထားပြီးလျှင် ရောက်တတ်ရာရာ လုပ်ဇာတ်ခင်း၍ ပြောနေသည်ဟုသာ ယူဆပါသည်။ တရားသူကြီးသာ မဟုတ် ကျွန်ုပ် ကိုယ်တိုင်ပင် မယုံကြည်ပါ။

ဤအမှုတွင် ကျွန်ုပ်တို့က ရှုံး၍ တရားခံမှာ မိန်းမသားဖြစ်နေသဖြင့် ရုံးတော်ကညှာတာသင့်ကြောင်းကျွန်ုပ်ကတောင်းပန်သည့်အတိုင်းပေါင် (၁၅၀၀) လျော်ကြေးပေးရန်နှင့် ထိုငွေများကို သုံးကြိမ်ခွဲပြီးလျှင် ပေါင် (၅၀၀) စီ အရစ်ကျ ပေးဆောင်ရန် အမိန့်ချမှတ်လိုက်လေသည်။

သို့ဖြစ်၍ ပို့ဆိပ်မြို့တွင် ဖြစ်ပျက်ခဲ့သည်ဟု ရုံးတော်တွင် အစစ်ခံသော မာရီယာ၏ အဖြစ်အပျက်ပါရှိသော အစစ်ခံချက်များကို ကော်ပီကူးယူပြီးလျှင် စာတိုက်မှ ယခုပို့လိုက်ခြင်း ဖြစ်ပါသည်။ မာရီယာမှာ ယခုအခါ အပျိုဘဝနှင့်ပင် သီလရှင်ဘဝသို့ ကူးပြောင်းသွားပြီဖြစ်သဖြင့် တစ်ကြောင်း၊ ၎င်း၌ မိဘဆွေမျိုးဟူ၍လည်း မကျန်ရစ်ခဲ့သဖြင့်တစ်ကြောင်း၊ သူ၏ လူ့ဘဝတွင် ဖြစ်ပျက်ခဲ့သော အကြောင်းခြင်းရာများကို ရေးသားခဲ့လျှင် ဥပဒေ ကင်းလွတ်နိုင်ပါသည်။ ထို့အပြင်လည်း ထိုအဖြစ်အပျက်မှာ ရုံးတော်သို့ ကျမ်းကိုအစစ်ခံသော သက်သေခံမှတ်တမ်းဖြစ်သဖြင့် သူ၏ဂုဏ်သိက္ခာကို ထိခိုက်သည်ဟု မဆိုနိုင်ပါ။

နယူးဒေလီမြို့သို့ ရောက်လာသော ခင်ဗျား၏ မိတ်ဆွေပြောပြချက်အရ လွန်ခဲ့သော (၅)နှစ်ခန့်က အမေရိကန်ထုတ် အတ္တလန္တိတ်မဂ္ဂဇင်းတွင် မိတ်ဆွေ

ကြီး ကလောင်နာမည်နှင့် ရေးသားခဲ့သော ထောင်ဝတ္ထုတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ခဲ့ဖူးကြောင်း ယခုမှ ပြန်၍ သတိရပါသည်။

သို့ဖြစ်ပါ၍ မိတ်ဆွေကြီးသဘော်အတိုင်း အသုံးပြုနိုင်ရန် ယခု စာရွက်များကို ပေးပို့လိုက်ပါသည်။

အစဉ်အမြဲသတိရလျက် ...

မစ္စတာဆင်း

နယူးဒေလီမြို့

သို့ဖြစ်ပါ၍ ကျွန်ုပ်သည် မစ္စတာဆင်း ပေးပို့လိုက်သော ၎င်း၏ အမှုသည် "မာရီယာနာဒိုဇာ" ၏ အစစ်ခံချက်များကို ၎င်းအစစ်ခံချက်များအတိုင်းမဟုတ်ဘဲ ဝတ္ထုတစ်ပုဒ်အနေဖြင့် အောက်တွင် ရေးသားတင်ပြပါအံ့။

ဒဂုန်ရွှေမျှား (စာရေးသူ)

လန်ဒန်မြို့ ဇာတ်သဘင်လောကတွင် ကချေသည်မတစ်ယောက် အဖြစ်ဖြင့် ထင်ရှားကျော်ကြားခဲ့သော "မာရီယာနာဒိုဇာ" သည် လန်ဒန်မှ အိန္ဒိယသို့ ထွက်ခွာလာသော "တပ်ဂျမဟာ" သင်္ဘောတွင် ပထမတန်းခရီးသည်အဖြစ်ဖြင့် လိုက်ပါလာခဲ့၏။ ထိုသင်္ဘောမထွက်မီ အိန္ဒိယပြည်ရှိ နယူးဒေလီမြို့တွင် ဝပ်ဒနာကုမ္ပဏီမှ ၎င်းတို့ပိုင်ဇာတ်ရုံတွင် ကမ္ဘာကျော် အင်္ဂလိပ်ကချေသည် မာရီယာနာဒိုဇာသည် အနောက်တိုင်းအကမျိုးစုံဖြင့် မကြာမီ အသုံးတော်ခံမည့်အကြောင်း ယခုအခါ တပ်ဂျမဟာသင်္ဘောဖြင့် လိုက်ပါလာပြီဖြစ်ကြောင်း၊ ကပြမည့်နေ့ ရက်နှင့်တကွ ကြော်ငြာပြီးလျှင် လက်မှတ်များ ကြိုတင်ရောင်းလျက်ရှိ၏။ တပ်ဂျမဟာသင်္ဘောသည် ပင်လယ်နီ၏ အနောက်ဘက်ကမ်းခြေတွင်ရှိသော "ပို့ဆူဒန်" မြို့မှ လာရမည်ဖြစ်၍ ထိုမြို့သို့ သင်္ဘောဆိုက်ရောက်သောအခါ သူသည် အပေါင်းအဖော်များနှင့်အတူ ကမ်းခြေသို့ တက်ရောက်လည်ပတ်လေသည်။ ထိုအချိန်မှစ၍ မာရီယာမှာ သင်္ဘောသို့ ပြန်မရောက်တော့ဘဲ (၁၀) ရက်၊

(၁၂) ရက်ခန့်မျှ ပျောက်ကွယ်သွားပြီးနောက် ရက်ပေါင်းများစွာ လွန်ပြီးသော အခါမှ နယူးဒေလီမြို့သို့ အခြားသော သင်္ဘောတစ်စင်းဖြင့် ဆိုက်ရောက်လာလေ သည်။

တပ်ဂျမဟာသင်္ဘောသည် အင်္ဂလန်မှ ထွက်ခွာပြီးနောက် မြေထဲပင်လယ်ကို ဖြတ်၍ ပို့ဆိပ်မြို့သို့ ရောက်ခါနီးတွင် ခရီးသည်တို့မှာ မိမိတို့ မရောက်ဖူးသော အီဂျစ်နိုင်ငံ ဆိပ်ကမ်းမြို့သို့ ရောက်ရတော့မည့်အကြောင်းကိုတွေးကာ လွန်စွာ ပင် ပျော်ရွှင်ဝမ်းမြောက်လျက် ရှိကြကုန်၏။ ပထမတန်း ခရီးသည်များသည် ဧည့်ခန်းရှိ ဆိုဖာများပေါ်တွင်ထိုင်ကာ အချို့က ကော်ဖီများကိုလည်းကောင်း၊ အချို့က အရက်များကိုလည်းကောင်း မိမိတို့ ကြိုက်နှစ်သက်ရာ တဖြည်းဖြည်း တစ်ကျိုက်ချင်း သောက်လျက် ရှိကြ၏။

မာရီယာသည် ဘဲဥပုံ ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ကျောဘက်သို့ ခပ်မှီမှီထိုင်ကာ ပူနွေးသော ကော်ဖီကို တဖြည်းဖြည်းချင်း သောက်လျက် ရှိ၏။ သူ၏ အနီးပတ်ဝန်းကျင် ကုလားထိုင်များပေါ်၌ကား သူ့အား ပိုးပန်းလျက်ရှိသည့် လူရွယ် ၄-၅-၆ ယောက်တို့သည် သူ၏အလှကို တအံ့တသြ ငေးမောကြည့်ရှု လျက် ရှိကြလေသည်။ ထိုအချိန်၌ မာရီယာသည် နောက်ကျောပြင်တစ်ခုလုံး ဖောက်ထားသည့် ဖက်ဖူးရောင်ဂါဝန်ကို ဝတ်ထားသည်။ နုနယ်ဖြူဖွေးသော အသားပေါ်၌ အနီမှဲ့အမြင့် အရှိက်အပဟိုက်တို့ကို ပေါ်လွင်စေသည့် ဂါဝန်၊ ကြည် လင်သော မရမ်းစေ့ရောင် ဓာတ်မီးဖြင့် များစွာပကာရလျက် ရှိစေ၏။ ဝန်းဝိုင်း သော ပခုံးတို့သည် အရိုးအဆစ်မပါဘဲ အသားပကတိ ရှိနေဘိသကဲ့သို့ ထင် ရ၏။ လူငယ်လူရွယ်တို့သည် မာရီယာအား ကြည့်၍ မဝနိုင်အောင် ဖြစ်၍ နေကြ ၏။ သင်္ဘောကပ္ပတိန်သည် သူတို့၏ပါဝတီမှ အပြင်ထွက်သွားသောအခါ မာရီယာက ...

"ကျွန်မတို့ အခုမြင်နေရတဲ့ အလင်းရောင်ဟာ ဒမေတာမြို့ပဲလို့ ကပ္ပတိန်က ပြောသွားတယ်၊ ဒီလိုဆိုရင် ကျွန်မတို့ ပို့ဆိပ်ကို နက်ဖြန်မနက် ရောက်မှာပေါ့ နော်" ဟု ပြောလိုက်ရာ ဩစတြေးလီးယားတိုက်သား တစ်ယောက်က "ဟုတ်ပါ

တယ် ... စစ်အတွင်းတုန်းက ကျွန်တော် တစ်ခေါက် ဒီနေရာကို ရောက်ဖူးပါတယ်။ ပို့ဆိပ်ရောက်တဲ့အခါ ကျွန်တော်တို့တစ်စုဟာ အာရပ်မလေးတွေကတာ တက်ကြည့်ကြပါတယ်။ အတော်စိတ်ဝင်စားစရာ ကောင်းတယ်ခင်ဗျ။ ခင်ဗျားကော စိတ်မဝင်စားဘူးလား"

"အောင်မယ် ... ဘာပြုလို့ စိတ်ဝင်စားရမှာလဲ၊ အရှေ့ဝိုင်းအကဟာ အပြောသာရှိတယ် ကျွန်မတို့ အနောက်တိုင်းကို ဘယ်တော့မှ မမီဘူး။ အလကားဟာ"

ထိုအခါ အသားညိုညိုနှင့် လုလင်ကြီးတစ်ယောက်က ကြားဖြတ်၍ ...

"ဒါကတော့ ကျွန်တော်တို့ အရှေ့ဝိုင်းအကတွေကို အောက်ခြေသိမ်း မလေ့လာရသေးလို့ ဖြစ်ပါလိမ့်မယ်ခင်ဗျာ၊ အလက်ဇန္ဒရီယာမြို့ကြီးဟာ ကမ္ဘာမှာ အထင်ရှားဆုံး ပုဂ္ဂိုလ်များထဲမှာ ပါဝင်တဲ့ အလက်ဇန္ဒားက ပထမစတင်တည်ထောင်ခဲ့ပါတယ်။ အခြားမြို့ကြီးတွေဟာလည်း သူ့လက်ရာချည်း များပါတယ်။ အဲ့ဒီမြို့မှာရှိတဲ့ မီးပြတိုက်ဟာ ကမ္ဘာပေါ်မှာ ပထမဦးဆုံး တည်ဆောက်တဲ့ မီးပြတိုက်ပဲ။ စပြီးတည်ဆောက်ကတည်းက အခုထိ မီးက ဘယ်တော့မှ မငြိမ်းဘူး၊ နှစ်ပေါင်း (၁၆၀၀) ရှိပြီ"

မာရီယာသည် သွားကလေးပေါ်လာအောင် ပြုံးရယ်လိုက်၏။ အခြားသူများကလည်း ရောနှောရယ်မောလိုက်ကြလေသည်၊ စကားပြောသူမှာ အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်း အီဂျစ်လူမျိုးတစ်ယောက်ဖြစ်၍ ၎င်းအား ပထမတန်းစား ခရီးသည်စာရင်းတွင် ပါရှိသည့်အတိုင်း "အူစမန်မာဂီနီ" ဟု ခေါ်လေသည်။ အူစမန်က ဆက်လက်၍ ...

"ကျွန်တော် ဆက်ပြီးပြောပါဦးမယ် မဒန် ... အလက်ဇန္ဒရီးယားမြို့ဟာ ကာလစ်ကူမာဆိုတဲ့ ဘုရင်က ဖျက်ဆီးပစ်တဲ့အခါ ကမ္ဘာကြီးတစ်ခုလုံးအတွက် အနုပညာအမြောက်အမြား ဆုံးရှုံးခဲ့ပါတယ်၊ စာအုပ်ငါးသိန်းလောက် ပါသွားပါတယ်။ နန်းတော်ပေါင်း လေးထောင်ကျော်လောက်နဲ့ အဖိုးတန်ရတနာ အမြောက်အမြား ဆုံးရှုံးပါတယ်။ ယခုအခါ ပွန်ပီကျောက်တိုင်ကြီးနဲ့ မြေအောက်လိုဏ်ခေါင်းတွေသာ ရှေးခေတ်ယဉ်ကျေးမှုအတွက် ပြဖို့ ကျန်ရစ်ပါတော့တယ်"

အူစမန်မာဂီနီ၏ ပြောဆိုပုံအမူအရာတို့မှာ အလွန်ပင် အထက်တန်းကျ၍ ခန့်ညားထည်ဝါလှပေ၏။ လေယူလေသိမ်းမှစ၍ ကြားရသူများ နားထောင်ချင့်စဖွယ် ဖြစ်တော့၏။ မာရီယာသည် စိတ်ထဲတွင် မခံရှိမခံသာ ဖြစ်သကဲ့သို့ အမူအရာဖြင့် နံ့သာရောင်ခြေအိတ်စွပ်ထားသော ခြေတစ်ဖက်ကို အခြားခြေပေါ် သို့ တင်ပြီးလျှင် နံဘေးဘက်သို့ မျက်စောင်းထိုးရင်း ...

"ဘာပဲပြောပြော သူတို့ဟာ မကတတ်ပါဘူးရှင်" ဟု ပြောလိုက်၏။ ထိုအခါ အူစမန်မာဂီနီက ဆက်လက်၍ ...

"အကပညာမှာတော့ မဒန်ဟာ ဝိဇ္ဇာပါပဲဗျာ၊ ဘုရားသခင်ပေးတဲ့ ကျေးဇူးပဲလို့ ကျွန်တော် ဆိုချင်ပါတယ်။ အကဆိုတာ ကိုယ်ရဲ့ အနုစိတ်လှုပ်ရှားမှု၊ အဲ့ဒီလှုပ်ရှားမှုကို ဘယ်သူက ပေးသလဲ။ စိတ်ဓာတ်က ပေးတယ် မဟုတ်ပါလားခင်ဗျာ။ အဲ့ဒီလို စိတ်ဓာတ်ရှိမှ အကောင်းဆုံး၊ အလှဆုံး၊ အညက်ညောဆုံး အကကို ကနိုင်ပါတယ်။ ယောကျ်ားတို့ရဲ့နှလုံးသား၊ လူသားအားလုံးတို့ရဲ့နှလုံးသားကို တက်ကြွဆွဲဆောင်နိုင်ပါတယ်။ မဒန်ရဲ့အကကို လန်ဒန်ဇာတ်ရုံတွေမှာ တစ်ကြိမ်၊ နှစ်ကြိမ် ကျွန်တော်မြင်ဖူးခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ပြိုင်ဖက်ကင်းလောက်တဲ့ အနုပညာဂုဏ်အမြောက်ဆုံး အကမျိုးပါပဲ။ နောက်ဆုံး ကျွန်တော် အစီရင်ခံလိုတာတစ်ခုက အကပညာကို ပထမဦးဆုံး မွေးထုတ်ပေးလိုက်တာဟာ ကျွန်တော်တို့ အရှေ့တိုင်းပါပဲ"

အူစမန်မာဂီနီသည် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်၏။ ထို့နောက် မာရီယာ၏လက်ကိုနမ်း၍ နှုတ်ဆက်ကာ လူစုထဲမှ ထွက်သွားလေသည်။ ထိုအချိန်တွင် တစ်စုံတစ်ယောက်သောသူသည် မာရီယာ၏ ဟင်းလင်း ဖြစ်နေသော ပခုံးပေါ်သို့ သားမွေးစောင်လေးတစ်ထည်ကို တင်လိုက်ပြီးနောက် ...

"မချမ်းဘူးလား ... မာရီယာ၊ စောင်ကလေးခြုံပါဦး"

"ဟင့် ... မချမ်းပါဘူး၊ ဟိုလူ ပြောသွားတဲ့စကားက ကျွန်မ အသည်းမှာ နွေးနေတယ်"

ထိုအချိန်မှာ သင်္ဘောမှ ဘင်ခရာများသည် ရုရှားသီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်လျက် ရှိလေသည်။

တပ်ဂျမဟာသင်္ဘောသည် ဝင်းဂိတ်ကျောက်ဆောင်ကျောက်တန်းများကို ကျော်လွှန်ခဲ့ပြီးနောက် တဖြည်းဖြည်း အရှိန်သတ်ကာ သင်္ဘောဆိပ်သို့ ဝင်လာခဲ့၏။ သင်္ဘောစီးခရီးသည်များသည် သင်္ဘောကုန်းပတ်စင်္ကြံနပေါ်တွင် တစ်နေရာ၌ စုရုံးကာ ကုန်းပေါ်ရှိ အဆောက်အအုံပုကလေးများကို ငေးမောကြည့်ရှုလျက် ရှိကြ၏။

မာရီယာသည် သူ့အား ပိုးပန်းသူတို့ဖြင့် ဝိုင်းရံလျက်ရှိရာ သင်္ဘောဦးဘက်မလှမ်းမကမ်း၌ သင်္ဘော၏ သစ်သားလက်ရန်းကို မှီ၍ရပ်နေသော အူစမန်မာဂီနီကို မြင်၏။ အူစမန်၏ ဝတ်စားဆင်ယင်ပုံမှာ သန့်ပြန့်စင်ကြယ်၍ အချိုးအချိတ်ကျပြီးလျှင် ညီညာဖြောင့်ဖြူးသော ကိုယ်ထည်နှင့်လိုက်အောင် ချုပ်ချုပ်ရပ်ရပ်ချုပ်လုပ်ထားသည့် ပိုးသားအဝတ်အစားတို့မှာ အလွန်အထက်တန်းကျ၍ မဟာဆန်လှ၏။ သူသည် မိတ်ဆွေတစ်ယောက်နှင့် စကားပြောဆိုလျက်ရှိရာမှ ကမ်းဘက်သို့ တစ်ယောက်တည်း ငေးမောကြည့်ရှုနေသော မာရီယာထံသို့ အလစ်တွင် လာရောက်ကာ သူ၏လက်ကို မာရီယာ၏ပခုံးပေါ်သို့ အသာအယာတင်လိုက်၏။

"တစ်ဆိတ် ခွင့်လွှတ်ပါ မဒန်နာဒိုဗာ ... ဒီမြို့မှာ ကျွန်တော် ဆင်းရပါတော့မယ်။ ဒီတော့ နောက်ထပ် ခင်ဗျားကို နှုတ်ဆက်ဖို့ အချိန်မရှိတော့ပါဘူး"

မာရီယာနာဒိုဗာသည် ရှေ့တွင် ဖာဖုံးထားသော မျက်လုံးများကို အပေါ်သို့ လှန်၍ကြည့်လိုက်လေသည်။ အူစမန်က ဆက်လက်၍ ...

"ကျုပ်ဟာ ခင်ဗျားရဲ့ အလှနဲ့ အကကို ကြည်ညိုလေးစားတဲ့ လူတစ်ယောက်ပဲဆိုတာ ယုံကြည်စေချင်တယ်။ အသားမည်းလို့ ကျုပ်တို့လူမျိုးကို ခင်ဗျား မုန်းတီးပေမဲ့ ဒီအချက်ကြောင့် ခင်ဗျားပေါ်မှာ ကျုပ် အထင်မသေးပါဘူး။ အမြင့်ဆုံးအနုပညာသည် တစ်ယောက်အနေနဲ့ ခင်ဗျားကို လေးစားကြည်ညိုပါတယ်။ လန်ဒန်မှာ ခင်ဗျားကနေတဲ့အခါတုန်းက ခင်ဗျား တီထွင်တဲ့ "သိမ်းငှက်မည်း"

အကကို ကျုပ် အင်မတန် သဘောကျပြီး ဒီဟာ ကျုပ်စိတ်ထဲမှာ အမြဲစွဲလမ်းနေခဲ့ပါတယ်။ ကျုပ်ရဲ့ ကြည်ညိုလေးစားမှုကို လက်ခံပါ မဒန်"

မာရီယာ၏ မျက်လုံးပြာကြီးများမှာ ဝမ်းမြောက်ခြင်း၊ တွေဝေခြင်း၊ စဉ်းစားခြင်း အရောင်များဖြင့် ရောပြွမ်းကာ ယခင်ကထက် တောက်ပ၍ သွားသကဲ့သို့ မှတ်ထင်ရ၏။ အူစမန်မာဂီနီသည် မာရီယာ၏ အတန်ငယ် တွန့်ဆုတ်လိုက်သော အမူအရာကို ရိပ်မိသတိပြုမိ၏။ သို့နှင့် ဆက်လက်၍ ...

"ခွင့်ပြုပါ ... မဒန်၊ ကျုပ်တစ်ခု တောင်းပန်ချင်ပါတယ်"

သို့ ပြောဆိုယင်း အူစမန်မာဂီနီသည် အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်ပြီးနောက် ဆက်လက်၍ ...

"ဒီဟာကို တစ်ဆိတ်လက်ခံပြီး သိမ်းငှက်မည်းအကကို ကတဲ့အခါတိုင်း ဒီလက်စွပ်ကို ဝတ်ပြီးကစေချင်ပါတယ်။ ဒီလက်စွပ်မျိုးကို ကမ္ဘာပေါ်မှာ တခြားမိန်းမတစ်ယောက်တည်းကိုသာ ဆင်မြန်းခဲ့ဖူးပါတယ်။ ကမ္ဘာပေါ်မှာ ဒီလက်စွပ်မျိုး သုံးကွင်းသာ ရှိသည့်အနက် တစ်ကွင်းတည်းသာ သွားလေသူရဲ့ လက်နဲ့ တန်ပါတယ်။ ကျုပ်ကို သတိရတဲ့အနေနဲ့ ဒီလက်စွပ်ကို အမြဲစောင့်ရှောက်ပါ၊ အမြဲရှိသေပါ မဒန်"

မာရီယာမှာ ဝမ်းထဲမှ တွန်းလှန်လိုသော စိတ်ကို သိသော်လည်း တစ်စုံတစ်ရာ ငြင်းပယ်ရန် မတတ်နိုင်တော့ဘဲ လက်ဝါးကို ဖြန့်၍ လက်ခံလိုက်လေ၏။

မာရီယာသည် သူ၏ အိပ်ခန်းထဲ၌ လက်စွပ်ကလေးကို ကြည့်ရှုလျက်ရှိလေ၏။ အတန်ငယ်လေးပြီးလျှင် ထုလုပ်ပုံနှင့် အသွင်အပြင်ကို ကြည့်ခြင်းအားဖြင့်ပင် တန်ဖိုးရှိလှသော လက်စွပ်ဟောင်းဖြစ်ကြောင်းကို သိရ၏။ ပြတင်းပေါက်ကြားမှဝင်လာသော နေရောင်တွင်လက်စွပ်ကို လှည့်ပတ်ကြည့်ရှုလျက်ရှိရာ အမြီးချင်းယှက်၍နေသော မြွေနှစ်ကောင်၊ ခွေရစ်နေသည့်ထိပ်တွင် မြွေနှစ်ကောင်၏ ပါးစပ်နှစ်ခုကြား၌ အပြစ်အနာအဆာကင်းမဲ့သော အပြာနရောင်လေးထောင့်ပုံ ကျောက်တစ်လုံးမှာ နံဘေးပတ်လည်တွင် ပတ္တမြားလုံးကလေးများဖြင့် လှပစွာခြယ်ထားသည်ကို တွေ့ရ၏။ မြွေနှစ်ကောင်၏ မျက်လုံးများ၌

မြအစစ်များကို တပ်ဆင်ထားလေသည်။ အပြာနုရောင်ကျောက်ပြားကလေး၏ အလယ်တွင် သိန်းငှက်တစ်ကောင်ပုံကို အလွန်ကောင်းသော လက်ရာဖြင့် ထွင်းထားပြီးလျှင် အနက်ရောင် ခြယ်မှုန်းထား၏။ အပေါ်ဘက် လက်ဝဲထောင့်၌ကား အလွန်သေးငယ်သော "ပောပြဲ" အက္ခရာတစ်လုံး ထွင်းထုထားလေသည်။

မာရီယာနာဒိုဗာသည် ပောပြဲအက္ခရာပါရှိသည့် ထူးဆန်းသော လက်စွပ်ကလေးကိုလည်းကောင်း၊ ထိုလက်စွပ်ကို ပေးခဲ့သည့် အသားမည်း အီဂျစ်လူမျိုး အူစမန်မာဂီနီ၏ အကြောင်းကိုလည်းကောင်း စဉ်းစားကာ တွေဝေငေးမော လျက်ရှိလေရာ သင်္ဘောဆိပ်သို့ သင်္ဘောဆိုက်ကပ်နေသည်ကိုပင် သတိမေ့ လျက် ရှိတော့၏။

သင်္ဘောကြီးသည် ဆိပ်ခံတံတားရှိရာသို့ တဖြည်းဖြည်း ဆိုက်ကပ်လျက် ရှိရာ ကမ်းပေါ်မှ ကုန်လေးကြီးများကို သယ်ယူလျက်ရှိသည့် ကရိန်းများကို ပထမ ဦးစွာ မြင်ရတော့၏။ ဆိပ်ခံသမ္ဗာန်ကုန်းပတ်ပေါ်တွင် တိုင်းရင်းသားများသည် သူတို့ ရောင်းချမည့် ကုန်ပစ္စည်းများကို ဟာစ်အော်ရောင်းချလျက် ရှိကုန်၏။ ၎င်း တို့မှာ ဆူဒန်လူမျိုးများ၊ အာရပ်များ၊ ဟိန္ဒူလူမျိုးများနှင့် အချို့ သီဟိုဠ်သားများ ပင် ပါရှိကြ၏။

"ကျွန်မကတော့ ကမ်းပေါ်တက်ပြီး ကျွန်မလိုချင်တဲ့ ပစ္စည်းကလေးတစ်ခု ဝယ်ရရင် စိတ်ကျေနပ်ပါပြီရှင်။ ကျွန်မလိုချင်တဲ့ ပစ္စည်းက ဘာပစ္စည်းလဲ သိလား၊ ဆင်စွယ်နဲ့ လုပ်ထားတဲ့ လည်ဆွဲပုတီးပါပဲရှင်" ဟု မာရီယာသည် အနီးရှိ သူ၏ အဖော်တစ်ယောက်အား ပြောလိုက်၏။

မာရီယာသည် သူ့အား ပိုးပန်းနေသူ လူရွယ်သုံးယောက်တို့နှင့်အတူ သင်္ဘောကုန်းဘောင်မှ ဆင်းခဲ့ပြီးလျှင် သင်္ဘောဆိပ်ကမ်းပေါ်သို့ တက်သွားလေ ၏။ ထို့နောက် သူတို့သည် ဘတ်စ်ကားတစ်စီးဖြင့် အဖြူသုတ်ထားသော အိမ်ပု ကလေးများရှိရာ ရွာတန်းတစ်လျှောက်သို့ မောင်းနှင်ခဲ့ကြပြီးလျှင် မြို့သို့ ရောက် ရှိလာကြ၏။ ထိုမြို့ကလေးမှာ သဲကန္တာရကြီး၏ အစွန်ဆုံး ကျနေသည့်နေရာ၌ တည်ရှိနေသည့် အာရပ်မြို့လေးတစ်မြို့ဖြစ်လေသည်။ သူတို့နှင့်အတူ ခရီးသည်များ၊

ပုတီးစေ့များရောင်းသည့် အာရပ်လူမျိုး သူငယ်ကလေးတစ်ယောက်လည်း ကပ်၍ပါလာရာ မာရီယာ၏ အဖော်ဖြစ်သော မျက်နှာဖြူလူရွယ်များကပင် ထိုသူငယ်ကလေးအား ပျော်ရွှင်စွာ နောက်ပြောင်ကျီစယ်ကစားလျက် ရှိကြကုန်၏။ သူငယ်ကလေးသည် မျက်နှာဖြူဧည့်သည်များအား သူ၏ကစားစရာ ကုန်ပစ္စည်းကလေးများကို ရောင်းချလိုသည့်ဟန်ဖြင့် မာရီယာတို့ လူစုနောက်မှ ကပ်၍လိုက်ပါလာခဲ့ခြင်းဖြစ်ဟန် လက္ခဏာရှိလေသည်။ အာရပ်ကလေးက အင်္ဂလိပ်စကား တစ်လုံးစ နှစ်လုံးစကို မပီကလာ ပီကလာ ပြောသောအခါများ၌ မာရီယာတို့ လူစုမှာ ပျော်ပွဲရွှင်ပွဲကလေးတစ်ခုကဲ့သို့ပင် ဝိုင်း၍ ရယ်မောကြရ၏။ မာရီယာက ထိုသူငယ်ကလေးအား "ဆင်စွယ် ... ဆင်စွယ်" ဟု ပြောသောအခါများ၌ ထိုသူငယ်ကလေးမှာ မာရီယာ၏စကားများကို တစ်စုံတစ်ရာ မသိသည့်ဟန်ဖြင့် ဦးခေါင်းကိုသာ တွင်တွင်ကြီးခါလျက် ရှိလေတော့သည်။

ဟိုတယ်တစ်ခုသို့ ရောက်သွားကြပြီးနောက် ထိုဟိုတယ်၏ အပေါ်ထပ်ဝရန်တာ၌ထိုင်ကာ အဖျော်ယမကာများကို သောက်လျက်ရှိကြစဉ် ပုတီးစေ့နှင့်ကစားစရာများရောင်းသော အာရပ်လေးသည် အောက်သမံတလင်းပေါ်၌ ထိုမှဤမှ လျှောက်ကာ အပေါ်ဝရန်တာသို့ မကြာခဏ မော့ကြည့်လျက် ရှိလေသည်။ သို့ရှိစဉ် တစ်ကြိမ်၌ သူငယ်ကလေးသည် သူ၏ ညစ်ပတ်ပေကျံသော အင်္ကျီအတွင်းအိတ်ထဲမှ ဆင်စွယ်ဖြင့် ထုလုပ်ထားသည့် ပုတီးနှစ်ကုံး၊ သုံးကုံးကို ထုတ်ယူပြီးနောက် အပေါ်သို့ ဝှေ့ယမ်းပြလိုက်သည်ကို မာရီယာ မြင်လိုက်၏။

"ကြည့်စမ်း ... ခွေးကောင်ကလေး ... သူ့အိတ်ထဲမှာ ဆင်စွယ်ပုတီးတွေပါလာသားပဲ၊ ကဲ ... အခုမှ ပြတယ်၊ ပြောတဲ့စကားလည်း နားမလည်ဘူး။ တယ် ... မိုက်တဲ့ကောင်လေး" ဟု အသံကလေးများ ထွက်သွားအောင်ပင် တစ်ကိုယ်တည်း ရေရွတ်လိုက်မိ၏။ ထို့နောက် မာရီယာသည် စိတ်လိုက်ကိုယ်ပါ ပြုလုပ်တတ်သည့်အတိုင်း ဆင်စွယ်ပုတီးများကို ဝယ်လိုသည့်ဇောဖြင့် စားပွဲဝိုင်းမှထကာ အောက်ထပ်သို့ လျင်မြန်စွာ ပြေးဆင်းသွားလေ၏။ အနီးသို့ ရောက်သောအခါ သူငယ်ကလေးသည် ဆင်စွယ်ပုတီးများကို သူ၏အိတ်ထဲတွင် ပြန်၍ ဝှက်

ထားလိုက်ပြီဖြစ်သဖြင့် မတွေ့ရတော့ချေ။ သို့သော် အာရပ်ကလေးသည် ပါးစပ်မှ ၎င်း၏ ဘာသာစကားတစ်လုံး နှစ်လုံးကို ရေရွတ်ကာ ဟိုတယ်နှင့် ကပ်လျက်ရှိသည့် ကုန်စုံဆိုင်ကလေးတစ်ဆိုင်ကို လက်ညှိုးကလေးဖြင့် ညွှန်ပြပြီးနောက် ထွက်သွားသဖြင့် မာရီယာလည်း မိမိ၏ အဖော်များကိုပင် မပြောခဲ့နိုင်ဘဲ အာရပ်လူမျိုး သူငယ်ကလေးနောက်သို့ လိုက်ပါသွားလေ၏။

ဆိုင်ရှေ့သို့ရောက်၍ သူငယ်ကလေးအား ဆင်စွယ်ပုတီးကို ထုတ်ပြရန် ခြေဟန်လက်ဟန်ဖြင့် ပြောဆိုလျက်ရှိစဉ် တစ်စုံတစ်ယောက်သော သူသည် မာရီယာနောက်သို့ ရုတ်တရက်ရောက်လာပြီးလျှင် လက်ကိုင်ပဝါတစ်ထည်ဖြင့် မာရီယာ၏ နှာခေါင်းနှင့် ပါးစပ်ကို ရုတ်တရက်ပိတ်လိုက်ပြီးနောက် သစ်ပင်ရိပ်တစ်ခုအောက်သို့ တွန်းလိုက်သည်ကိုသာ နောက်ဆုံးသိလိုက်လေသည်။

►

နာဒိုဟာမာရီယာသည် သူ၏ မျက်လုံးပြာကြီးများကို တဖြည်းဖြည်း ဖွင့်၍ ကြည့်လိုက်၏။ အိပ်မက်မက်သကဲ့သို့လည်းကောင်း၊ ထမင်းလုံးတစ္ဆေ ခြောက်ခဲ့သော အဖြစ်အပျက်များကို သတိရရန် ကြိုးစားလျက် ရှိ၏။ ဆေးခြောက်မူးနေသော သူတစ်ယောက်၏ ခံစားမှုမျိုးကဲ့သို့ ခံစားမှုမျိုးကို အိပ်မက်ထဲတွင် တွေ့ကြုံရဘိကဲ့သို့ တွေ့ကြုံရပုံမျိုးကို တဖြည်းဖြည်း ပြန်လည်သတိရလာတော့၏။ သူ၏ ရှေ့မလှမ်းမကမ်းတွင် ညဥ့်၏ ကောင်းကင်ယံကို နောက်ခံထားကာ မားမားကြီး ရှိနေသော အလုံပိတ်ထားသော မော်တော်ကားတစ်စီးကို မြင်ရ၏။ ၎င်း၏ ဘီးများမှာ တင့်ကားများတွင် တပ်ဆင်သည့် ခွေးသွားစိတ်ကြီးများကိုလည်း တွေ့ရလေသည်။ ထိုကားကြီးမျိုးသည်ကား သဲကန္တာရအတွင်း သွားလာရန် အသုံးပြုသော ကားမျိုးဖြစ်လေသည်။

မနီးမဝေး၌ မီးပုံတစ်ပုံကိုလည်း တွေ့မြင်ရလေရာ မီးပုံအနီးတွင် မျက်နှာတစ်ခုလုံး အဝတ်များဖြင့် လွှမ်းခြုံထားသည့် အာရပ်လူမျိုးနှစ်ယောက်၏ ပုံသဏ္ဍာန်ကို မြင်ရပြီးလျှင် ၎င်းတို့အချင်းချင်း တီးတိုးပြောဆိုသံကိုပင် မကွဲ

မပြား ကြားရလေသည်။ မီးဖိုအတွင်းမှ ထင်းစများ ပေါက်ကွဲလျက် ရှိသော အသံမှာ ဆိတ်ငြိမ်လျက်ရှိသော သဲကန္တာရ၏ ပတ်ဝန်းကျင်ကို စူးရှထိုးဖောက်၍ သွားသကဲ့သို့ ရှိတော့သည်။

အတန်ငယ်ဝေးသောအရပ်၌ အခြားမီးပုံတစ်ပုံကိုလည်း မြင်ရ၍ ထိုမီးပုံကို နောက်ခံပြုနေသည့် ရွတ်ဖျင်တဲကလေး နှစ်လုံးကိုလည်း ခပ်ရေးရေးမျှ မြင်ရပြီးလျှင် ယင်းတို့အနီး၌ အခြားမော်တော်ကားတစ်စီး၏ မည်းနက်သော သဏ္ဍာန်ကိုလည်း မသဲမကွဲ မြင်ရလေသည်။

နာဒိုဗာသည် အောက်တွင် ကော်ဇောတစ်ခု ခင်းထားသော ကတ္တီပါမှိုအုံး တစ်ခုပေါ်တွင် လက်တစ်ဖက်ဖြင့် ထောက်လျက်ရှိရာ မနီးမဝေးမှ ချောင်းဆိုးသံ တစ်သံကို ကြားလိုက်ရသဖြင့် ဦးခေါင်းကို ဖျတ်ခနဲလှည့်၍ ကြည့်ရာတွင် ထူထဲသော ဝတ်ရုံအနက်တစ်ထည်ကို ဝတ်ဆင်ထားသည့် ကပ္ပလီလူမျိုးတစ်ယောက်ကို မိမိနှင့် သုံးလံလောက်အကွာတွင် တွေ့မြင်လိုက်ရ၏။

"ဘယ်သူလဲ ... ဘယ်သူလဲ ... သင် ကျွန်ပ်ကို ဘာလို့ ဒီကို ခေါ်လာကြတာလဲ"

နာဒိုဗာ၏ အသံမှာ လေသံသာသာမျှသာ၊ စကားလုံးများကလည်း အထစ်ထစ် ငေါ့ငေါ့ဖြင့် တုန်တုန်ယင်ယင် ရှိနေလေသည်။ ထိုသူက ...

"ကျွန်ုပ် ဟာမစ်ဖြစ်ပါသည် သခင်မ။ ကျွန်ုပ်မှာ ကျွန်ုပ်၏ သခင် ခိုင်းစေရာကို လုပ်ကိုင်၍ သူ၏အမိန့်ကို နာခံရသူ ဖြစ်ပါသည်။ သူ၏ အမိန့်ဖြင့် ဤနေရာသို့ သခင်မ ရောက်နေခြင်း ဖြစ်ပါသည်"

နာဒိုဗာသည် ဆေးခြောက်အနံ့အသက်များကို ခံခဲ့ရသည့်အရှိန်ဖြင့် ဦးနှောက်မှာ များစွာမကြည်လင်လှသေးဘဲ သူ၏ စိတ်အာရုံတို့မှာလည်း ဇဝေဇဝါ ဖြစ်၍နေသကဲ့သို့ ရှိလေသည်။

ချည့်နဲ့သော အသံဖြင့် ...

"ကျွန်ုပ်ကို ဘယ်ခေါ်သွားကြမှာလဲ"

"ကျွန်ုပ်တို့ အထွက်အမြတ်ထားတဲ့ တောင်ရှိရာကို ခေါ်ဆောင်သွားပါမည်။ မည်းနက်သော သိန်းငှက်လူဖြူအရှင်သခင်မ၏ သဘောအတိုင်း ပြုလုပ်ခြင်း ဖြစ်ပါသည်"

နာဒိုဗာမာရီယာသည် မိမိလက်တွင် ဝတ်ဆင်ထားသည့် အပြာနရောင်ကျောက်ကို ပတ္တမြားလုံးလေးများဖြင့် လှပစွာခြယ်ထားသော လက်စွပ်ကို ငေးမောကြည့်ရှုလျက် ရှိလေသည်။

"သင့်ရဲ့သခင်ဆိုတာက ဘယ်သူလဲ"

"သခင်ဆိုတာက ကျေးကျွန်ပဲ ဖြစ်တယ် သခင်မ"

ဟာမစ် ပြောလိုက်သော စကားအဓိပ္ပာယ်မှာ မကွဲပြားချေ။ သို့သော် သူသည် မာရီယာဝတ်ထားသော လက်စွပ်ကို လက်ညှိုးညွှန်ကာ အာရပ်လူမျိုး ထုံးစံအတိုင်း အရိုအသေ ပြုလိုက်လေသည်။

"တစ်စုံတစ်ရာ ကြောက်ရွံ့ခြင်း မရှိပါနှင့် သခင်မ၊ ဟာမစ်သည် တောင်များပေါ်မှ တောင်ဆိတ်များကို အလွယ်တကူ ဖမ်းနိုင်၍ စာနာမြစ်မှ မြစ်ရေကို သောက်ပါသည်။ ခါတွန်မြို့တွင် ဟာမစ်အား လူတိုင်းသိကြ၍ စစ်ပွဲတွင် ဂျော့ဘုရင်၏ ရာထူးနှင့် အဆင့်အတန်းတူသူ ဖြစ်ပါသည်။ ရှစ်နှစ်တိုင်တိုင် ဟာမစ်သည် ရှိင်ဖယ်နှင့် စစ်သေနတ်ကို ကိုယ်တွယ်ခဲ့သူ ဖြစ်ပါသည်။ ပို့တဆိပ်မြို့တွင် ဟာမစ်သည် အင်္ဂလိပ်များထံ စားပွဲထိုးအလုပ်ကိုလည်း လုပ်ခဲ့၍ အင်္ဂလိပ်လူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း နားလည်သူ ဖြစ်ပါသည်"

သို့ပြောဆိုပြီးနောက် သူသည် ဦးခေါင်းကိုညွှတ်၍ အရိုအသေပြုပြီးလျှင် လက်ထဲတွင် ကိုင်ထားသည့် ငွေလင်ပန်းကို နာဒိုဗာ၏ရှေ့သို့ ရိုသေစွာ ချထားလိုက်လေသည်။ ငွေလင်ပန်းထဲ၌ကား အနံ့တထောင်းထောင်း ထွက်နေသည့် ကော်ဖီ၊ ထောပတ်ဖြင့် ကြော်၍ထားသော ကညွတ်များ၊ ဒိန်ခဲနှင့် ဘီစကွတ်များလည်း ပါရှိလေသည်။

နာဒိုဗာမှာ ၎င်းအား လာရောက်ကယ်ဆယ်ရန်သော်လည်းကောင်း၊ သူကိုယ်တိုင် လွတ်မြောက်ထွက်ပြေးရန်သော်လည်းကောင်း နည်းလမ်းမရှိသည်

ကို စဉ်းစားမိ၏။ သို့နှင့်သူသည် စားသောက်ဖွယ်များကို အသင့်အတင့် စားသောက်ပြီးနောက် မီးအုံးများကို ဖြည်းညင်းစွာ မှိန်၍ နေလိုက်သည်။

►

ကားကြီးနှစ်စီးသည် အဆုံးအစမရှိသော သဲကန္တာရအတွင်းသို့ တစ်နေ့ကုန် တစ်နေ့ခန်း ထိုးဖောက်ဝင်ရောက်လျက် ရှိလေ၏။ နေ့လယ်ချိန်များ၌ နာဒိုဟာမှာ နေ့စဉ်အပူရှိန်ကို အပြင်းအထန် ခံစားနေရသော်လည်း ရောက်ရာ အရပ်၌ တဲများထိုးကာ စခန်းချအပန်းဖြေလျက် ရှိကြသဖြင့် မှုန်မွှားသော လရောင်အောက်၌ တိုက်ခတ်လျက်ရှိသော လေပြည်ကိုခံစားကာ မိမိ၏ စိတ်ကို ဖြေရတော့၏။ အချို့စခန်းများ၌ ရေခန္တားဖြင့် ရေချိုးရန် အခွင့်အရေးများကိုပင် ရပြီးလျှင် အတော်အတန် မိမိ၏ကိုယ်ကိုမိမိ ဆောက်တည်ရာရတော့၏။

သူမသည် ကားတစ်စီး၏ နောက်ပိုင်းတွင် မွေ့ရာကော်ဇောများဖြင့် ချမ်းသာစွာ စီးနင်းလိုက်ပါရလေရာ အခြားကားတစ်စီးမှာ အရပ်လူမျိုးရှစ်ယောက် လိုက်ပါလျက် ကား၏အတွင်းဘက်၌ သံချပ်များ ကာထားသည်ကိုလည်းကောင်း၊ ကြားတစ်ဖက်တစ်ချက်သို့ အပေါက်ငယ်နှစ်ခု အလွယ်တကူပစ်နိုင်သည့် စက်သေနတ်နှစ်လက် တပ်ဆင်ထားသည်ကိုလည်းကောင်း တွေ့ရှိရ၏။ စက်သေနတ် နှစ်လက်တို့မှာလည်း လေးမျက်နှာအရပ်ပတ်ဝန်းကျင်သို့ပင် လှည့်ပတ်ပစ်နိုင်သည်ကို တွေ့မြင်ရ၏။

သူ့အား ဖမ်းဆီးလာသော လူစုအနက် နာဒိုဟာသည် ဟာမစ်တစ်ဦးတည်းကိုသာ စကားပြောရတော့၏။ အခြားသူများမှာ ၎င်း၏ မျက်စိအောက်သို့ပင် မလာကြဘဲ စခန်းချသော အချိန်များ၌ပင် မိမိတို့အလုပ်ကို မိမိတို့လုပ်ကာ ၎င်းအား ခပ်ရှောင်ရှောင်နေကြလေသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့မှာ စစ်သားများ သော်လည်းကောင်း၊ သို့မဟုတ် စစ်အတတ်ကို လေ့ကျင့်သင်ကြားပြီးသူများ သော်လည်းကောင်း ဖြစ်ရမည်ဟုသာ တွေးမိ၏။ ဟာမစ်ကိုမူ ၎င်း၏ ဟန်ပန်လေသံ အမူအရာကို အကဲမခတ်နိုင်အောင် ရှိတော့၏။ ဤသို့ အကဲမခတ်

နိုင်ခြင်းမှာ နာဒိုဟာသည် အရှေ့နိုင်ငံများနှင့် ဆက်ဆံမှု နည်းပါးလှသောကြောင့် ပင် ဖြစ်ပေမည်။

အချို့စခန်းများတွင် စခန်းချသည့် အခါများ၌ နာဒိုဟာသည် ဟာမစ်အား အချိန်အတန်ကြာ စကားပြောဆိုခွင့်ရသဖြင့် မိမိအား မည်သည့်အတွက် ဖမ်းဆီး လာခြင်း၏အကျိုးအကြောင်းကို အောက်အစ်မေးမြန်းသော်လည်း ဟာမစ်သည် ထိုအခါမျိုးတွင် ဆွံ့အနားပင်းသူ တစ်ယောက်ကဲ့သို့ပင် ဖြစ်နေတတ်လေသည်။

ဤသို့ဖြင့် နေ့ရက်ပေါင်း အတော်ကြာမျှသွားမိလေသော် တစ်နေ့သော ညနေစောင်း နေဝင်ရီသရောအချိန်တွင် မိမိတို့ရှေ့ အတန်ငယ် ဝေးကွာသော အရပ်၌ မိုးပွင့်များ ဖုံးအုပ်လျက်ရှိသည့် တောင်တန်းကြီးများကို တွေ့မြင်ရ၏။ သူတို့၏ခရီးကား ထိုတောင်တန်းကြီးများရှိရာသို့ သွားနေခြင်းပင်ဖြစ်၏။ နာဒိုဟာ သည် သူလိုက်ပါလာသော အခန်းကျဉ်းကလေး၏ထောင့်တစ်ထောင့်၌ မျက်လုံး များကို မှေးကာအိပ်၍ မပျော်တပျော်ရှိစဉ် သူစီးသောကားသည် အတော်ခပ် မြန်မြန် မောင်းနှင်လျက်ရှိရာမှ ရုတ်တရက် ဘရိတ်အုပ်၍ ရပ်လိုက်သည်ကို တွေ့ရပြီးလျှင် ထိုအချိန်နှင့် တစ်ချိန်တည်းမှာပင် ဟာမစ်၏ ကျယ်လောင်စွာ အမိန့်ပေးသံများကို ရုတ်တရက် ကြားလိုက်ရ၏။ ထိုအချိန်၌ ဒုတိယကားသည် နာဒိုဟာစီးသော ကားကို လျှင်မြန်စွာ ကျော်ဖြတ်တက်သွားပြီးနောက် ရှေ့လက်ဝဲ ဘက် မနီးမဝေးတစ်နေရာတွင် နေရာယူလိုက်၏။ မှန်ပြတင်းပေါက်များ ရုတ် တရက် ပိတ်သွားပြီးနောက် သံမဏိသံချပ် အဖုံးများကို ရုတ်တရက် ချလိုက်ပြီး လျှင် စက်သေနက်နစ်လက်သည်လည်း အပေါက်ကလေးနစ်ပေါက်မှ ပြောင်းဝ များ ပြူထွက်လာလေသည်။

"ဒါ ဘာလဲဟင် ... ဘာဖြစ်လို့လဲ"

ဟာမစ်သည် မိမိတို့ရှေ့ အတော်ဝေးသော နေရာတစ်ခုကို ညွှန်ပြလိုက်ရာ အပြာရောင် ကောင်းကင်ကို နောက်ခံလျက် လှုပ်ရှားရွေ့လျားနေသော အမည်း စက်ကလေးများကို တွေ့မြင်ရ၏။

" ကဏ္ဍာရစားပြတွေပါ သခင်မ။ ဒါပေမဲ့ ... မကြောက်ပါနဲ့"

နာဒိုဟာသည် အလွန်ထိတ်လန့်တုန်လှုပ်ကာ သူ၏ မို့မောက်သော ရင်အုံများသည် လှိုင်းထသကဲ့သို့ လှုပ်ရှားလျက် နိမ့်တုံ မြင့်တုံ ဖြစ်၍နေ၏။ အဝေးတွင် မြင်ရသော အမည်းစက်ကလေးများသည် တရွေ့ရွေ့နီးကပ်လာလေရာ ၎င်းတို့၏ လျင်မြန်ပုံကိုပင် အံ့ဩမိသေး၏။ မနီးမဝေးသို့ ရောက်လာသည်တွင် ကုလားအုတ်များကို စီးနင်းလျက်ရှိသည့် ဓားပြများသည် ရိုင်ဖယ်သေနတ်များကို လေထဲသို့ မြှောက်၍ အချက်ပေါင်းများစွာ ပစ်ဖောက်ကြ၏။ "ရှိတ်" ခေါ် ၎င်းတို့၏ ခေါင်းဆောင်သည် ကြောက်ရွံ့ခြင်းကင်းမဲ့သည့်ဟန်ဖြင့် မော်တော်ကား နစ်စီးကြားသို့ သူ၏ကုလားအုတ်ကို စီးနင်းမောင်းနှင်လာ၏။ ခေါင်းဆောင်မှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော်လည်း သူရသတ္တိနှင့် ပြည့်စုံသည့် ဟန်ပန်ရှိပြီးလျှင် မျက်လုံးများမှာလည်း သိန်းငှက်၏မျက်လုံးကဲ့သို့ စူးရှတောက်ပလျက် ရှိနေသည်ကို မြင်ရ၏။ ဟာမစ်သည် မော်တော်ကားတံခါးကို ဖွင့်၍ အောက်သို့ လျင်မြန်စွာ ခုန်ချလိုက်ပြီးလျှင် ဓားပြဗိုလ်အကြီးအကဲနှင့် စကားပြောမည်ပြုလေရာ ဓားပြတစ်ယောက်က ဟာမစ်အား "လူဝစ်" စက်သေနတ်ဖြင့် ချိန်၍ ထားလိုက်လေသည်။

ဓားပြဗိုလ်ရှိတ်နှင့် ဟာမစ်တို့သည် ခေတ္တမျှ အပြန်အလှန်ပြောဆိုကြပြီးနောက် ဓားပြဗိုလ်သည် ကြိမ်လုံးလေးတစ်လုံးဖြင့် ကုလားအုတ်၏ ခေါင်းသို့ အသာအယာရိုက်လိုက်ရာ ကုလားအုတ်ကြီးသည် ရပ်လျက်ရှိရာမှ ဒူးထောက်ချလိုက်သဖြင့် ဓားပြဗိုလ်လည်း ကုလားအုတ်ပေါ်မှ ဆင်းလာနိုင်လေသည်။

ဟာမစ်သည် နာဒိုဟာစီးသော မော်တော်ကားရှိရာသို့ ပြန်လာခဲ့ပြီးနောက် ...

"လက်စွပ်ကို ပြလိုက်ပါ သခင်မ" ဟု တိုးတိုးပြောလိုက်လေသည်။

မော်တော်ကားမောင်းသူသည် ခလုတ်တစ်ခုကိုနှိပ်ပြီး အပေါက်ငယ်တစ်ခုကို ဖွင့်လိုက်လေရာ နာဒိုဟာသည် လက်စွပ်ဝတ်ထားသော လက်ကို ထိုအပေါက်ထဲမှ လျှိုကာ အပြင်သို့ ထုတ်ပြလိုက်လေသည်။ နူးညံ့ပျော့ပျောင်း၍ ကျောက်ဖြူကဲ့သို့ ဖြူဖွေးသော လက်ကလေးတစ်ဖက်သည် အပြင်သို့ ထွက်လာလေသည်။

ဓားပြဗိုလ်ကြီးသည် အံ့အားသင့်သောဟန်ဖြင့် နှုတ်မှ တစ်စုံတစ်ရာ ရေရွတ်လိုက်ရာ အခြားကုလားအုတ်များသည် မြေပေါ်သို့ ဒူးထောက်ကြကုန်လျက် ၎င်းတို့အပေါ်မှ ဓားပြများအားလုံး မြေပေါ်သို့ ဆင်းလိုက်ကြလေသည်။ ထို့နောက် သူတို့သည် မော်တော်ကား၏ သံပြတင်းပေါက်ကလေးမှ အပြင်သို့ ထွက်နေသော နာဒိဟာ၏ ဖြူဖွေးသော လက်ချောင်းကလေးများမှ လက်စွပ်ကို ပိုင်းအုံကြည့်ရှုပြီးနောက် မြေပေါ်သို့ နဖူးကို သဲပြင်နှင့်ထိသည့်အထိ ဦးညွတ် အရိုအသေပြုကြလေ၏။

နောက်တစ်ခဏမျှကြာတွင် ဓားပြဗိုလ်သည် ဟာမစ်အား နှုတ်ခွန်းဆက်ပြီးနောက် ကျေနပ်မှုရရှိကြသော သဲကန္တာရ ဓားပြအသင်းကြီးသည် ရိုတ် ခေါင်းဆောင်ကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြလေ၏။

နောက်နှစ်ရက်မျှကြာသောအခါ ပင်လယ်ပြင်ကြီးသည် ရုတ်တရက် ခြောက်သွေ့သွားသကဲ့သို့ သဲပြင်ကြီး ကုန်ဆုံးကာ မြေမာသို့ရောက်လာကြတော့၏။ မော်တော်ကားမှ သံတလိမ့်ကြီးများကိုလည်း ဖြုတ်လိုက်ကြပြီဖြစ်၍ကားနှစ်စီးသည် မြေပြင်ပေါ်တွင် လျင်မြန်စွာ မောင်းနှင်လျက် ရှိလေ၏။ ကားလေးမှာ သူတို့အဝေးမှ မြင်ရသော မိုးပွင့်များ ဖုံးအုပ်နေသည့် တောင်ခြေသို့ ဆိုက်ရောက်လာပြီးလျှင် တောင်ပေါ်သို့ တဖြည်းဖြည်း မောင်းတက်လျက်ရှိသည်။

လမ်းသည် တဖြည်းဖြည်း မတ်စောက်လာပြီးနောက် ရှေ့သို့ ဆက်တက်ရန်ပင် အတော်ခဲယဉ်းလျက်ရှိရာ သူတို့သည် နေမဝင်မီအချိန်ကလေးတွင် တောများ ထူထပ်သည့် ချပ်မြောင်တစ်ခုသို့ ရောက်ရှိလာကြ၏။ ထိုမြောင်ကလေးအတွင်း၌ကား ချောင်းငယ်တစ်ခုသည် တောင်ပေါ်မှ အောက်ခြေသို့ တသွင်သွင်စီးဆင်းလျက် ရှိလေသည်။

"ကော့ဆို" ခေါ် သစ်ပင်မြင့်ကြီးများ အောက်၌ ပိုင်းစက်နေသော သဏ္ဌာန်ရှိသည့် တဲကလေးများ ဆောက်ထားသည်ကို တွေ့ရလေရာ ယင်းတဲကလေးများမှ လူများသည် ကားနှစ်စီးနောက်သို့ ပြေး၍လိုက်ပါလာကြ၏။ လူများမှာ မည်းနက်သော အသားများရှိ၍ အာရုတိုက်နောက် တောင်ပိုင်းတွင် ရှေးက

နေထိုင်ခဲ့ဖူးသော "ဆီးမိုက်"ခေါ် အာရပ်လူမျိုး ဘေဘီလွန်လူမျိုးများ ဖြစ်ကြ၏။ လိမ်ကောက်သော ဆံပင်များရှိပြီးလျှင် ထွားကျိုင်းသော ကိုယ်လုံးကိုယ်ပေါက် များ ရှိလေသည်။ ထိုလူများအားကောင်းစွာ အကဲမခတ်နိုင်မီပင် ဟာမစ်သည် အပေါက်ကလေးသို့ ပိတ်လိုက်၏။

တစ်နေရာသို့ ရောက်သောအခါ "နာဒိုဗာ"အား ကိုယ်ရုံနက်ကြီး တစ်ထည်ဖြင့် ဖုံးအုပ်ကာ ဝေါတစ်ခုပေါ်သို့ တက်စေ၍ ခေါ်ဆောင်သွားလေသည်။ဝေါထမ်းသူများကိုလည်း ခရီးတစ်ထောက်ရောက်တိုင်း လူသစ်များ လဲစေ၏။

မိမိစီးလာသော ဝေါယာဉ်ကန့်လန့်ကာများကြားမှာ အပြင်သို့ ကြည့်ရှုရာ အလွန်ကြီးမားသော အုတ်တိုင်ပေါင်းကြီးများ၊ အုတ်ပုံများကို မြင်ရ၍ ယင်းတို့မှာ ရှေးဟောင်းမြို့ကြီးတစ်ခု၏ အကြွင်းအကျန်များ ဖြစ်ဟန်တူ၏။ ထိုနံရံကြီးများ ကာရံထားသည့်အတွင်း၌ စိမ်းလန်းသော မြက်ခင်းနှင့် သစ်ပင်ချုံနွယ်များကိုလည်း မြင်ရလေရာ မြေဩဇာကောင်းမွန်သော ဒေသဖြစ်ကြောင်း ထင်ရှားလှပေ၏။ တစ်ဘက်၌ တောင်များရှိ၍ ထိုတောင်များအနက် တောင်တစ်လုံး၏ တောင်စွယ်တစ်ခုတွင် မည်းနက်သော ကျောက်ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦတစ်ခုမှာ တစ်စိတ်တစ်ဒေသအားဖြင့် ပြိုပျက်လျက် ရှိနေသည်ကို တွေ့ရ၏။ မာရီယာစီးလာသော ဝေါယာဉ်မှာ ထိုကျောက်တိုက်ကြီးရှိရာသို့ ရှေးရှု သွားလျက် ရှိလေသည်။

လမ်းဘေးတစ်ဖက်တစ်ချက်၌ ချောင်းနစ်သွယ်တို့သည် စိမ်းလန်းသော မြက်ခင်းများအတွင်းသို့ စီးဆင်းလျက် ရှိကြကုန်၏။ တစ်ဖက်တစ်ချက်ရှိ တယ်သီးနှင့် သစ်သော့သီးပင်များ အရိပ်အောက်မှ ငှက်ကလေးများ မြည်သံကို ကြားရ၏။ နေသည် အနောက်ဘက်သို့ ဝင်လုဆဲရှိနေရာ ရှားပင်နှင့် ထနောင်းပင်များတွင် တွဲရရွဲခိုကာ ဆောက်လုပ်ထားသည့် ပျားအုံများမှ ပျားတို့သည် တဝီဝီမြည်ကာ နေရောင်အောက်တွင် ပျံသန်းလျက် ရှိကြကုန်၏။

တောင်စွယ်တစ်လျောက်သို့ သွားပြီးနောက်တစ်ဘက်တွင် ချောက်ကမ်းပါး စောက်ရှိသော မြေပြန့်တစ်နေရာသို့ရောက်လျှင် အထမ်းသမားများသည် မာရီ

ယာ၏ ဝေါယာဉ်ကို မြေပေါ်သို့ ချလိုက်ကြရာ ယင်းသည်ပင် သူမ၏ ခရီးအဆုံး ဖြစ်တော့၏။ သူ့အား ပင်လယ်နီမှ ဤမျှလောက် ဝေးလံသောခရီးကို ကျော်ဖြတ်ကာ မည်သည့်အတွက် ယူဆောင်လာကြလေသနည်း။ ဤအခြင်းအရာများကို မကြာမီ သိရှိရလေတော့မည်။ မည်သို့ပင်ဖြစ်စေ မာရီယာသည် စိတ်ခက်ထန်၍ သတ္တိကောင်းသော အမျိုးသမီးတစ်ယောက် ဖြစ်သည့်အတိုင်း မည်သည့်ဘေး ရန်ကိုမဆို ရင်ဆိုင်ရန် အသင့်ရှိနေ၏။

ဝေါယာဉ်ကို မြေပေါ်သို့ ချလိုက်ပြီးနောက် မကြာမီပင် ဦးခေါင်းကို ပြောင်အောင် ရိတ်၍ထားသော အပြာရောင်ဝတ်လုံကြီးများကို ဝတ်ထားသည့် အရပ်မြင့်မြင့် ယောကျ်ားကြီးသုံးယောက်သည် ဟာမစ်အား နှုတ်ဆက်စကား ပြောကြားပြီးနောက် လေးဦးသားတို့သည် တီးတိုးတိုင်ပင်လျက် ရှိနေသည်ကို တွေ့မြင်ရ၏။ ဦးခေါင်းကို ပြောင်အောင် ရိတ်ထားသူများကား ထိုလျှို့ဝှက်ဆန်းကြယ်သောနေရာမှ ဘုန်းကြီးများ ဖြစ်ရမည်ဟု တွေးမိ၏။ ထို့နောက် မာရီယာနာဒိုဇာ၏ စိတ်ထဲတွင် နောက်ထပ်အတွေးတစ်မျိုး ဝင်ရောက်လာပြန်၏။ ထိုအတွေးကား သဲကန္တာရတစ်ဘက်ရှိ အလွန်ဝေးလံ၍ လူသူမရောက်သော လျှို့ဝှက်ဆန်းကြယ်သည့် တိုင်းပြည်တစ်ပြည်မှ ဘုရင်သည်လည်းကောင်း၊ သို့မဟုတ် မင်းသား တစ်ပါးပါးသည်လည်းကောင်း မိမိအား တစ်ဖက်သတ်ချစ် ကြိုက်နေပြီးလျှင် မိမိ၏မေတ္တာကို စားပြတိုက်၍ ခေါ်ဆောင်လာခြင်း ဖြစ်လေသလောဟူသော အတွေးဖြစ်လေသည်။ ထိုသို့ စဉ်းစားမိသောအခါ မာရီယာသည် မိမိ အကြောအခြင်များထဲသို့ ရေခဲရေကို ထိုးသွင်းလိုက်ဘိသကဲ့သို့ တစ်ကိုယ်လုံး စိမ့်၍ အေးသွားတော့၏။ မာရီယာသည် ယောကျ်ားများကို လှည့်ပတ်ဖျား ယောင်းနိုင်စွမ်း ရှိ၏။ လူယဉ်ကျေးများကိုသာမဟုတ် အတော်အတန် ရိုင်းစိုင်း သူများကိုပင် မိမိ၏မာယာဖြင့် လှည့်ပတ်နိုင်၏။ သို့သော် ဤဘုန်းကြီးများ ကိုကား ...

ဤသို့ တွေးတောလျက်ရှိစဉ် ဟာမစ်သည် မိမိအနီးသို့ ရောက်လာ၍ ...

"သခင်မ ... ဤမည်းနက်သော သိမ်းငှက်ရုပ်ထုကို စောင့်ရှောက်ရသည့် ဘုန်းကြီးသဘောတူတာက ..."

"ဘာကို သဘောတူတာလဲ"

"ဒီကနေ့ကစပြီးနောက် သုံးညကြာတဲ့အခါမှာ လပြည့်ပါလိမ့်မယ်။ ဒီအခါ တောင်ပေါ်က လူတွေဟာ သူတို့ရဲ့ ရှေးက ဘိုးဘွားဘီဘင်များ ပြုလုပ်တဲ့ ဓလေ့အတိုင်း သိမ်းငှက်မည်းကြီးရဲ့ရုပ်ထုကို ပူဇော်ပသဖို့ ဆင်းလာကြပါလိမ့်မယ်။ ဒီညဟာ သိမ်းငှက်တို့ရဲ့ဝိညာဉ်ဟာ ပျော်ရွှင်ပျံသန်းမယ့်ည ဖြစ်ပါတယ်။ သခင်မဟာ သိမ်းငှက်တစ်ကောင်လို ပေါ့ပါးလျင်မြန်စွာ ကခုန်ပျံသန်းနိုင်တယ်ဆိုတာ ကျွန်ုပ်ရဲ့သခင်က သိပြီး ဖြစ်ပါတယ်။ သိမ်းငှက်ကြီးရဲ့ဝိညာဉ်ကို အရင်က ဖျော်ဖြေကပြခဲ့ဖူးတဲ့ အသားဖြူ မိန်းမချောတစ်ယောက်ဟာ မကြာခင်က သေဆုံးသွားတဲ့အတွက် သူ့နေရာမှာ ဖျော်ဖြေဖို့ သခင်မကို အခုလို ခေါ်ဆောင်လာရခြင်းဖြစ်ပါတယ်"

"သင်ပြောတာ တစ်ခုမှ ကျွန်ုပ် နားမလည်ဘူး ... ဟာမစ် ..."

"လွယ်ပါတယ် ... သခင်မ၊ မည်းနက်သော သိမ်းငှက်ကြီးရဲ့ ဝိညာဉ်ကို နှီးကြားအောင် သခင်မ ကပြဖို့ပါပဲ။ ဒီနောက် ဟာမစ်က သခင်မကို ပို့ဆုံးအန်းမြို့အရောက် ပြန်ပို့ပါ့မယ်။ ဘယ်လိုဘေးအန္တရာယ်၊ ဘယ်လို အနှောင့်အယှက်မှ မရှိပါဘူး။ ဘာမှ ကြောက်ဖို့မလိုပါဘူး။ အရပ်မြင့်တဲ့ ဘုန်းကြီးသုံးပါးက သခင်မရဲ့ အဝတ်တွေကို ချွတ်ချလိုက်ဖို့ ပြောနေပါတယ်။ ဒီလိုမှလည်း မိန်းမတစ်ယောက်ရဲ့ သဘာဝပုံသဏ္ဍာန် အလှအပကို မြင်နိုင်ပါတယ်။ အို ... ဒါဟာ ဘာမှ မဟုတ်ပါဘူး သခင်မ ... ဘယ်လိုမှလည်း မဖြစ်နိုင်ပါဘူး။ ဒီနောက် သခင်မကို သိမ်းငှက်တစ်ကောင်ရဲ့ အဝတ်အစားများကို ကျွန်ုပ်တို့က ဝတ်စားပေးပြီးတဲ့နောက် သခင်မ အတတ်နိုင်ဆုံး လှပစွာကပြရုံပါပဲ"

▶

နောက်တစ်နေ့မှစ၍ နစ်ရက်တိုင်တိုင် နာဒိုဟာသည် ဘုန်းကြီးများ ရှေ့တွင် မိမိတတ်ကျွမ်းခဲ့သည့် "သိမ်းငှက်က" အကမျိုးကို အနုပညာ အပြောင်မြောက်ဆုံးနည်းဖြင့် ကနိုင်ရန် တစ်နေ့လျှင် နာရီပေါင်းများစွာ လေ့ကျင့်လျက် ရှိနေ

ရတော့၏။ မိမိအတွက် လပြည့်နေ့ည၌ ကပြရန် သိမ်းငှက်အဝတ်ကြီးကိုလည်း လွယ်ကူပေ့ါပါးစွာ ဝတ်ဆင်နိုင်ရန် လေ့ကျင့်၍နေရတော့၏။ ထိုဝတ်ရုံကြီးမှာ အလွန်နူးညံ့သော ဖဲသရက်ထည်ကို အောက်မှခံလျက် အပေါ်တွင် ထောင်သောင်းမကသော ငှက်မွေး၊ ငှက်တောင်တို့ဖြင့် ပင်ပန်းကြီးစွာ ကပ်ပြီးလျှင် ချုပ်လုပ်ထားသည့် ဝတ်ရုံဖြစ်လေသည်။ ဦးခေါင်းတွင် သိမ်းငှက်၏ နှုတ်သီးနှင့် မျက်လုံးကို ပြုလုပ်ထားပြီးလျှင် ထိုမျက်လုံးများထဲမှ ပရိသတ်ကို ကောင်းစွာမြင်နိုင်၏။ ခြေဖက်တွင်လည်း ပယင်းဖြင့် ပြုလုပ်ထားသည့် ခြေသည်းများသည် ဝတ်ရုံအောက်အစွန်းနှင့် ကျနစွာ ဆက်စပ်ထား၏။

ပထမ၌ ထိုငှက်သဏ္ဌာန် ဝတ်ရုံကြီးကိုဝတ်ရန် အတော်ပင် ဝန်လေးသကဲ့သို့ ရှိနေသော်လည်း အတော်အတန်လေ့ကျင့်မိ၍ ကျင့်သားရလာသောအခါ နာဒိုဗာသည် အတောင်နစ်ဖက်ကို ပေ့ါပါးစွာ မြှောက်နိုင်ခြင်း၊ ဦးခေါင်းကို မိမိလိုရာ လှည့်နိုင်ခြင်း၊ မိမိ၏လက်နစ်ဖက်ဖြင့် တောင်ပံနစ်ဖက်ကို မိမိလိုရာ အရပ်သို့ ဆွဲယူဝှေ့ယမ်းနိုင်ခြင်း၊ ပယင်းခြေသည်းများကိုလည်း မိမိအလိုရှိသည့်အတိုင်း သုံးစွဲနိုင်ခြင်း စသည်တို့ကို လွယ်ကူစွာ ပြုလုပ်နိုင်တော့၏။ သို့နှင့် ကပြရမည့် လပြည့်နေ့ညသို့ ရောက်လာသောအခါ နာဒိုဗာမှာ ယခင် လန်ဒန်မြို့မှာ ကပြရသည့်အခါ အကနှင့်မတူဘဲ စိတ်အား အလွန်ထက်သန်တက်ကြွပြီးလျှင် မိမိ၏ စိတ်ကိုလည်း အပြင်မှ တန်ခိုးသတ္တိတစ်ခု တိုက်တွန်းအားပေး၍ နေဘိသကဲ့သို့ အတော်ပင် နစ်သိမ့်ပျော်ရွှင်လျက် ရှိတော့၏။

ထိုည၌ ကျောက်နက်ကျောက်တိုက်ကြီးအတွင်းရှိ ခုတ်ခုံတစ်ခုပေါ်တွင် ဝါးများဖြင့် ရက်လုပ်ထားသည့် အလွန်ကြီးမားသော ငှက်လှောင်ချိုင့်ကြီးရှိရာ ဘုန်းကြီးများသည် နာဒိုဗာအား သိမ်းငှက်အဝတ်အစားများအား ဝတ်ဆင်စေပြီးနောက် လှောင်အိမ်အတွင်းသို့ ခပ်စောစောကပင် သွင်းထားနှင့်၏။ လှောင်အိမ်၏ အဝ၌ တံခါးပေါက်ကလေးကို အနက်ရောင် ပိုးကြိုးတစ်ခုဖြင့် စည်းနှောင်ထားရာ ဟာမစ် အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် လှောင်အိမ်တံခါးတွင် ချည်ထားသော ပိုးကြိုးကို ဖြတ်တောက်ကာ မိမိ အစွမ်းရှိသလောက် ကပြရန်

ဖြစ်သည်။ နှစ်နာရီခန့်မျှ လှောင်ချိုင့်ထဲတွင် ပင်ပန်းစွာ စောင့်နေရပြီးနောက် နာဒိုဟာသည် ငှက်၏ဦးခေါင်းတွင် တပ်ဆင်ထားသော မျက်လုံးပေါက် နှစ်ပေါက် အတွင်းမှ ကြည့်လိုက်ရာ အတန်ငယ်ဝေးသော နေရာရှိ ကြမ်းပြင်ပေါ်တွင် စိတ် အားထက်သန်စွာ စောင့်မျှော်နေကြသည့် ပရိသတ်လူထုကြီးကို တွေ့မြင်ရ၏။ ဇာတ်ခုံ၏ ပတ်ဝန်းကျင်၌ကား အမွှေးနံ့သာ ထည့်ထားသော မီးရှူးတိုင်ကြီး များကို ထွန်းညှိထား၏။ လူအားလုံးမှာ အသားမည်းနက်သူများဖြစ်၍ ကိုယ်လုံး ကိုယ်ထည်ထွားကျိုင်းပြီးလျှင် ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ် မကျန် ခပ်မှိုင်း မှိုင်း အဝတ်အထည်များကို ဝတ်ထားသဖြင့် တစ်စုတစ်ပုံကြီး ရှိနေသကဲ့သို့ ထင် ရ၏။ ၎င်းတို့ကို ဝန်းရံလျက်ကား ဦးခေါင်းများကို ပြောင်အောင် ရိတ်ထားသည့် အပြာရောင်အဝတ်များကို ဝတ်ထားသော ဘုန်းကြီးများ ရှိလေသည်။

ပထမသော် ပရိသတ်သည် မကွဲမပြားအသံများဖြင့် တဝူးဝူး တဝါးဝါး ရှိနေ ရာမှ အချိန်အတန်ငယ် ညဉ့်နက်လာ၍ အာဖရိကတိုက်ရှိ လူရိုင်းတို့၏ ဂီတသံ များကဲ့သို့ ပလွေမှုတ်သံနှင့် ဗုံတီးသံများ ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပရိသတ်သည် တစ်ခါတည်း ငြိမ်သက်သွားတော့၏။

သို့ရှိစဉ် " အချိန်နီးလာပြီ ... အချိန်နီးလာပြီ သခင်မ သတိထားနေပါ၊ လမွန်း တည့်လို့ ဟာမစ်က ငှက်အော်သံပေးလိုက်တာနဲ့ တစ်ပြိုင်နက် သခင်မဟာ လှောင်ချိုင့်တံခါးက ပိုးကြိုးကို ဖြတ်ထွက်ပြီး သခင်မ တတ်တဲ့ အနုပညာနဲ့ အစွမ်းကုန် ကပြရပါလိမ့်မယ်။ မမောမပန်း ကြိုးကြိုးပမ်းပမ်း ကဖို့လည်း ဟာမစ်က တောင်းပန်ပါတယ်။ လမွန်းတည့်ဖို့ အချိန်နီးလာပြီ သခင်မ။ သတိပြု ပြီးသာ နေပါတော့" ဟု လှောင်ချိုင့်နောက်တွင် ပုန်း၍နေသော ဟာမစ်၏ တီးတိုး ပြောလိုက်သောအသံကို ကြားနေရ၏။

အချိန်သည် သန်းခေါင်ဘက်သို့ တရွေ့ရွေ့နီးကပ်လာရာ ပလွေသံနှင့် ဗုံသံ တို့သည်လည်း တဖြည်းဖြည်း အေးသည်ထက် အေး၊ နေးသည်ထက် နေး၍လာ တော့၏။ ထိုအချိန်၌ ဂီတသံများသည်လည်း ရပ်လုမတတ် ဖြစ်၍သွားလေရာ ပရိသတ်သည်လည်း လူတစ်ယောက်မျှ မရှိသကဲ့သို့ပင် ငြိမ်သက်၍ သွားတော့ ၏။ သို့ရှိစဉ် ...

"ဒါရာဘူခေး ... ဒါရာဘူခေး .... ဒါရာဘူခေး" ဟူသော အသံကြီးကို ကြားလိုက်ရ၏။ အသံကြီးသည် ကျောက်တိုက်ကြီးတစ်ခုလုံးကို ပဲ့တင်ထပ်၍ သွားစေ၏။ ထိုအချိန်၌ ငှက်လှောင်ချိုင့်ကြီးထိပ်ရှိ အပေါက်မှ လရောင်သည် နာဒိုဗာ၏ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီး ထိုးဝင်ကျရောက်လာရာ "အချိန်ကျပါပြီ သခင်မ ကပါတော့ ကပါတော့" ဟူသော ဟာမစ်၏ အသံကို နောက်ဆုံး ကြားလိုက်ရ၏။

ထိုအခါ နာဒိုဗာသည် လှောင်ချိုင့်တံခါးရွက်နှစ်ခုတွင် ပူးချည်ထားသော ပိုးနက်ကြိုးကလေးကို မိမိအား ပေးထားသည့် ဓားမြှောင်ဖြင့် ဖြတ်ချလိုက်ပြီး နောက် စင်ပေါ်သို့ ခုန်ချလိုက်၏။ ထို့နောက် အလျား (၂၀)၊ အနံ (၁၀) ခန့် ကျယ်သည့် ကျောက်သားစင်မြင့်ပေါ်တွင် သိမ်းငှက်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် ဝဲမှယာ၊ ယာမှဝဲသို့ ပြေးလွှားကာ တောင်ပံကြီးများကို တစ်ဖက်တစ်ချက် ဖြန့်လျက် ကျောက်နကဲ့သို့ ဖြူဖွေးသော မိမိ၏ကိုယ်ကို တစ်ခါတစ်ရံ ဝင်းခနဲ လက်ခနဲပေါ်လျက် ပြေးကာ၊ လွှားကာ၊ ခုန်ကာ၊ ပျံကာ ကပြလေတော့၏။

ပရိသတ်များသည် ဆူညံစွာ ဩဘာပေးလျက် ရှိကြကုန်ရာ ပလွေသံနှင့် ဗုံသံများသည်လည်း အမြင့်ဆုံးသော ဒီဂရီသို့ တက်၍ လာတော့၏။ နာဒိုဗာသည် လန်ဒန်မြို့တွင်လည်းကောင်း၊ ပါရစ်မြို့တွင်လည်းကောင်း၊ စပိန်ပြည် မတ်ဒရစ်မြို့တွင်လည်းကောင်း၊ ကပြခဲ့ဖူးသည့် အခုန်အပျံ၊ အပြေးအလွှားထက်ပင် တိုး၍ မြန်လာတော့၏။ သူမ၏စိတ်တွင် ပြင်ပမှ တန်ခိုးကြီးမားသော စိတ်ဓာတ်တစ်ခု ဝင်ရောက်လာဘိသကဲ့သို့ မိမိ၏နဂိုစိတ်ဓာတ်ပင် ပျောက်ကွယ်လု မတတ်ဖြစ်ကာ တရကြမ်း ကခုန်လျက်ရှိလေရာ နောက်ဆုံးတွင် မောပန်းလွန်းလှသည်ဖြစ်၍ ထောင့်တစ်ထောင့်တွင် ပုံ၍လဲသွားတော့သည်။

နာဒိုဗာသည် မည်မျှလောက်ကြာသည်အထိ သတိမေ့သွားသည်ကို မသိရပေ။ တစ်ခါတစ်ရံ စိတ်ထဲတွင် လျင်မြန်မောင်းနှင်လျက်ရှိသော ကားတစ်စီး

ပေါ်တွင် ရောက်နေသကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံလည်း နိမ့်တုံမြင့်တုံ သွား၍နေသော ကုလားအုတ်တစ်ကောင်၏ ကျောက်ကုန်းပေါ်တွင် ပါရှိသော ခြင်းတောင်းအတွင်း၌ လိုက်ပါနေရသကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံ၌လည်း မိမိနှာခေါင်းထဲတွင် စိမ်းရွှေရွှေနံ့သည့် ဘိန်းနှင့် ဆေးခြောက်အနံ့များကို ရနေဘိသကဲ့သို့လည်းကောင်း မှတ်ထင်ရ၏။

ကောင်းစွာသတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ အချိန်မှာ မှောင်၍နေသော်လည်း မိမိအပေါ်စီးက ကြည့်နေသော လူလေးငါးယောက်တို့နှင့်တကွ အီဂျစ်လူမျိုး တိုင်းရင်းသားရဲ အရာရှိတို့၏ မျက်နှာကို ထင်ရှားစွာ တွေ့မြင်ရ၏။ ဤသို့ သတိရလာ၍ မကြာမီပင် ရဲအရာရှိနှစ်ယောက်တို့သည် မိမိအား တစ်ဖက်တစ်ချက်မှ ဖေးမကာ ဟိုတယ်ကြီးတစ်ခုသို့ ခေါ်ဆောင်သွားပြီးနောက် အခန်းအတွင်းသို့ပို့ကာ ဆရာဝန်နှင့် ဆရာမတစ်ဦးက မိမိအားပြုစုစောင့်ရှောက်နေသည်ကို တွေ့ရတော့၏။ ထိုဟိုတယ်သည်ကား ယခင်က ဆင်စွယ် ပုတီးဝယ်ရန် အဖော်များနှင့်အတူ သင်္ဘောပေါ်မှ တက်ကာရောက်ရှိလာသော ဟိုတယ်ကြီးပင် ဖြစ်လေသည်၊ လက်စွပ်ကို သတိရ၍ ကြည့်လိုက်ရာ လက်စွပ်ကို မတွေ့ရတော့ချေ။

အထက်ပါအကြောင်းအရာများသည်ကား ကချေသည်မ မာရီယာ နာဒိုဗာ၏ ထုချေချက်မှ ကောက်နုတ်ဖော်ပြသည့် အကြောင်းအရာများပင်ဖြစ်သည်။

# အရုပ်သုံးရုပ်ပြဿနာ

လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က မြိတ်မြို့၏တောင်ဘက် စတုရန်းမိုင် (၇၀၀) ခန့် ပတ်ဝန်းကျင်နေရာတွင် "ဟန်တင်းအေရီဆားပေး" ခေါ် ဗြိတိသျှ ကုမ္ပဏီတစ်ဦးက တာဝန်ယူပြီးလျှင် ရေဒီယိုသတ္တုများ "တောင်လိုက်" ရှိသည် ဟူသော သတင်းအရ ရှာဖွေခဲ့ဖူး၏။

လေယာဉ်ကို "မက်ဂနတိုမီတာ" (Magneto meter) ခေါ် သံလိုက်တိုင်း ထွာသည့် ကိရိယာတပ်ဆင်ပြီးလျှင် ပေ (၅၀၀) အမြင့်မှ ပျံသန်းစေလျက် ဓာတ်ပုံများ ရိုက်ကူးခဲ့ပြီးနောက် သတ္တုရှာဖွေရေး သုတေသနဌာနမှ ဒုတိယ ဌာနမှူး ပရောဖက်ဆာ ဦးဘဒွန်းကိုယ်တိုင် ထိုဓာတ်ပုံပြထားသည့် နေရာအချို့မှ သံသတ္တုအချို့ကို ယူဆောင်ခဲ့ပြီးလျှင် သူကိုယ်တိုင် ကြီးကြပ်ကာ လက်ထောက် သတ္တုပါရဂူသုံးယောက်ဖြင့် ၎င်းသတ္တုတွင် "ယူရေနီယံ" မည်မျှပါ၍ ၎င်း၌ ရေဒီယံမည်မျှပါဝင်သည်ကို စမ်းသပ်ရှာဖွေလျက် ရှိလေသည်။

ပရောဖက်ဆာ ဦးဘဒွန်း၏ အိမ်မှာ အင်းစိန်လမ်းတွင်ရှိပြီး သတ္တုများကို ခွဲခြားစမ်းသပ်သည့် "လဘော်ထရီ" Laboratory ဓာတ်ခွဲခန်းနှင့်ယှဉ်၍ဆောက် ထားလျက် လက်ထောက်သုံးယောက်တို့မှာလည်း ထိုသုတေသနဌာနဝင်း အတွင်း၌ပင် အိမ်တစ်လုံးစီနှင့် နေထိုင်ကြသူများ ဖြစ်၏။ ဤသို့ဖြင့်လည်း ဦးဘဒွန်းမှာ မိမိ၏စမ်းသပ်မှုကို နေ့ညမရွေး တပည့်များနှင့်အတူ လွယ်ကူစွာ လုပ်ကိုင်နိုင်ခွင့် ရှိခဲ့လေသည်။

"ရေဒီယံ"မှာ အလွန်ရှားပါး၍ အဖိုးထိုက်တန်လှသော သတ္တုဖြစ်၍ ၁၉၅၂ ခုနှစ်အထိ ကမ္ဘာအရပ်ရပ်တွင် တွေ့ရှိသော ရေဒီယံ၏အလေးချိန်မှာ ဂရမ် (၂၀၀၀) ထက် မပိုသေးချေ။ ထို့ကြောင့်လည်း ပထမကမ္ဘာစစ်ကြီးအတွင်းတွင် (၁) ဂရမ်၏ တန်ဖိုးမှာ ခြောက်သိန်းကျော်မျှဖြစ်ခဲ့လေသည်။

ရေဒီယံသည် တန်ဖိုးအားဖြင့် အဖိုးထိုက်တန်ရုံမျှမက ဆေးဝါးကုသရေးဘက်၌လည်း အသုံးဝင်လှသည်ဖြစ်ရာ အခေါင်းပါသော အပ်ငယ်တွင် ၎င်းကို တိုက်ရိုက်ထည့်သွင်း၍ "ကင်ဆာ" ရောဂါများကို ကုသနိုင်လေသည်။

ပရော်ဖက်ဆာ ဦးဘဒွန်းမှာ သတ္တုဓာတ်ခွဲခြင်းအတတ်တွင် အလွန်ကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ရုံသာမက ဆေးဘက်၌လည်း M.D ဘွဲ့ရ ဆရာဝန်ကြီး တစ်ယောက်ဖြစ်သည့်အတိုင်း ယခုစမ်းသပ်မှုမှာ နှစ်မျိုးစလုံးအတွက် အကြုံးဝင်သော စမ်းသပ်မှု ဖြစ်လေသည်။

ထိုအချိန်က ဆွစ်ဇာလန်ပြည် "ဂျနီဗာ"မြို့တွင် အဏုမြူကွန်ဖရင့်ကြီး ကျင်းပအံ့ဆဲဆဲ အချိန်ဖြစ်၍ မြန်မာပြည်မှ ကိုယ်စားလှယ်သုံးဦး လွှတ်ရန် လျာထားလျက်ရှိရာ ဦးဘဒွန်းမှာ ကျမ်းမာရေးအနည်းငယ် ချို့ယွင်းသဖြင့် မိမိကိုယ်တိုင် မလိုက်နိုင်သော်လည်း ယင်းကွန်ဖရင့်အစည်းအဝေးကြီးသို့ သွားရောက်မည့် ကိုယ်စားလှယ်များအား မြန်မာနိုင်ငံမှ တွေ့ရှိရသော အဏုမြူစွမ်းအင် စမ်းသပ်ချက်များကို အစီရင်ခံစာ တစ်စောင်ရေးသားပေးလိုက်ရန် တာဝန်ယူထားရသူ ဖြစ်လေသည်။

ထိုအစီရင်ခံစာ၌ ဦးဘဒွန်းသည် ဆေးပညာနှင့် ပတ်သက်၍ မိမိ တွေ့ရှိရသမျှ အဏုမြူစွမ်းအင်သတ္တိများကို အပြည့်အစုံ ထည့်သွင်းရေးသားခြင်း မပြုဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးအတွက် အချို့အချက်အလက်များကို ချန်လှပ်ထားခဲ့၏။

သို့ဖြစ်ရာ ဦးဘဒွန်းသည် အစီရင်ခံစာအပြင် မိမိကိုယ်တွေ့ရှိသော ဆေးပညာနှင့် ပတ်သက်သည့် လျှို့ဝှက်စမ်းသပ်မှုများကို သီးသန့်မှတ်တမ်းတစ်ခု လျှို့ဝှက်စွာ ရေးသားလျက် ရှိလေသည်။

ဦးဘဒွန်း၏ ယူဆချက်အရ "ကင်ဆာ" ရောဂါကုသရေးနှင့် ပတ်သက်၍ အဏုမြူအင်အားကို စမ်းသပ်ရန် အဆင့် (၁၁) ဆင့်မျှ လိုအပ်ရာ ယခုအချိန်တွင် (၈) ဆင့်မျှ ရောက်နေပြီဖြစ်၍ အကယ်၍ ကျန်သုံးဆင့်ကို ဆက်လက်စုံစမ်းခွင့် ရရှိအောင်မြင်ခဲ့ပါမူ "ကင်ဆာ"ခေါ် ဝမ်းတွင်းသက်တန့် ရောဂါသာမက အခြား ရောဂါများကိုပင် တိကျနိုင်နင်းစွာ ကုသနိုင်မည်ဖြစ်၏။

သို့ဖြစ်၍ ပရော်ဖက်ဆာ ဦးဘဒွန်း၏ ရှာဖွေစမ်းသပ်ချက်များမှာ ကျွန်ုပ်တို့ ရေးသားဖော်ပြသော အချိန်၌ အတော်ပင် ခရီးရောက်လျက် ရှိနေလေပြီ။

ဦးဘဒွန်း၌ အလွန်ချစ်ခင်ရင်းနှီးသော "ကာနယ်ဦးချစ်သောင်း" ဆိုသူ မိတ်ဆွေတစ်ဦးရှိရာ ဓာတ်ခွဲပညာသိပ္ပံပညာရပ်များတွင် ဦးဘဒွန်း ကျွမ်းကျင် သလောက် ဦးချစ်သောင်းကလည်း စိတ်ပညာဘက်တွင် လိုက်စားကျွမ်းကျင် သူတစ်ယောက် ဖြစ်လေသည်။ သို့ဖြစ်၍ နှစ်ယောက်တွေ့ဆုံသည့်အခါများ၌ မိမိတို့ အတွေ့အကြုံများကို ဗဟုသုတအလို့ငှာ တစ်ဦးနှင့်တစ်ဦး နှီးနှောဖလှယ် လေ့ ရှိကြ၏။

တနင်္ဂနွေနေ့ တစ်နေ့သော နေ့လယ်ခင်းတွင် ကာနယ်ဦးချစ်သောင်းသည် ဦးဘဒွန်း၏အိမ်သို့ ရောက်လာရာ ဦးချစ်သောင်းက ဦးဘဒွန်း၏မျက်နှာ ဖျတ်ခနဲ ပြောင်းသွားသည်ကို အကဲခတ်လိုက်မိ၏။

"ဘယ်နယ့်လဲ ... ကိုယ်လူ၊ ဘာများ စိတ်အနှောင့်အယှက် တွေ့နေပြန် သလဲ"

"ဘာဖြစ်လို့လဲ ... ကိုချစ်သောင်းရ"

"မျက်နှာဆိုတာ ကျုပ်တို့စိတ်ဓာတ်များ တည်ရာဗဟိုချက်မကြီးပဲ မဟုတ် လားဗျာ"

"ဟုတ်ပါတယ်"

"ခင်ဗျား ပါးစပ်က မပြောပေမဲ့ ခင်ဗျာ့မျက်နှာက ပြောနေတာပဲ"

"အင်း ... ခင်ဗျားက စိတ်ပညာသမားဆိုတော့ ဖုံးလို့ မရဘူးလေ။ ဒါထက် ကျုပ်မျက်နှာ ဘယ်လိုအကဲခတ်မိလို့လဲ"

"ဒီလိုဗျ ... ကိုဘဒွန်းရဲ့ ကျုပ်ဟာ လူကိုကြည့်လိုက်ရင် မျက်လုံးနှစ်လုံး ကြားက "နှာရောင်"ကို ကြည့်လိုက်တယ်။ ဒီနေရာကိုကြည့်ရင် လူတစ်ယောက် ရဲ့ မျက်လုံးနှစ်လုံးက အရောင်သမ်းနေတာကို တစ်ခါတည်း မြင်နိုင်တယ်။ ဥပမာ – လူတစ်ယောက်ဟာ စဉ်းစားနေရင် အရောင်သေပြီး တန့်နေတယ်။ စိတ် ညစ်ရင် မျက်လုံးနှစ်လုံးရဲ့ ဘေးပတ်လည် ညိုပြီး မှောင်နေတယ်။ စိတ်ရွှင်ရင် မျက်လုံးအိမ် ဘေးပတ်လည် အရောင်ကြည်လင်ပြီး မျက်လုံးအိမ် ကစားနေ တယ်။ ဒီထက်ပိုပြီး အကဲခတ်နိုင်တဲ့ အသေးစိတ် အချက်ကလေးတွေ ရှိသေး တယ်။ ဒီဟာတွေဟာ အားလုံးစိတ်ပညာတွေပေါ့ ကိုဘဒွန်းရဲ့။ ဒါထက် ခင်ဗျား အဏုမြူစွမ်းအင် စမ်းသပ်မှုလုပ်နေတယ် ကြားတယ်"

"ဟုတ်တယ် ... ကိုချစ်သောင်း"

"ဘာလဲ ... ဂျနီဗာကွန်ဖရင့်အတွက်ပဲလား"

"ဟုတ်တာပေါ့ဗျာ ... ကျုပ်က အစီရင်ခံစာရေးပေးဖို့ တာဝန်ယူထားရ တယ်"

"အတော်ပြီးပြီလား"

"ပြီးလုပါပြီ"

"ဒါထက် ... အခု ခင်ဗျား စမ်းသပ်နေတဲ့ သတ္တုက မြိတ်ဘက်က သတ္တုပဲ မဟုတ်လား၊ ကျုပ်သတင်းကြားတော့ ယူရေနီယံဟာ တောင်လိုက် ရှိနေတယ် ကြားတယ်။ အဲဒီ ယူရေနီယံက အဏုမြူတစ်ခါတည်း ထွက်လာတာပဲလားဗျ"

"ဒီလိုကိုး ကိုချစ်သောင်းရဲ့ ယူရေနီယံဆိုတာ သတ္တုရိုင်းပဲ ရှိသေးတယ်။ အဲဒီအထဲကမှ "ယူ ၂၃၅" ခေါ်တဲ့ သတ္တုကို ခွဲစိတ်ယူရတယ်။ ရိုးရိုး ယူရေနီယံ သတ္တုကို အပုံ (၁၀၀၀) ပုံမှ အဏုမြူလုပ်နိုင်တဲ့ ယူရေနီယံ (၂၃၅) တစ်ပုံသာ ပါတယ်"

"အင်းလေ ... ကျုပ်တို့က သိပ္ပံပညာကို မလိုက်စားခဲ့တော့ ဘာမှမသိဘူး။ သူများ အဏုမြူဆိုလို့သာ မြူလိုက်ရတာပဲ။ ဒါထက် ပေါက်ကွဲစေတတ်တဲ့ သတ္တု အကြောင်း ပြောစမ်းပါဦး"

"နားလည်အောင်ပြောဖို့ ခက်တယ်ဗျာ၊ ကျုပ်ဝမ်းထဲမှာ သိသလောက် ကျုပ်ပြောမပြနိုင်ဘူး။ ဒီလိုဗျ ... သဘောအားဖြင့်တော့ ယူ (၂၅၃) အကျော့မြူ တစ်ခုဟာ အလိုလို နှစ်ခြမ်းကွဲနိုင်တယ်။ အဲဒီလို နှစ်ခြမ်းကွဲတဲ့အခါ "နူထရွန်" ခေါ်တဲ့ ပရမာအကျော့မြူတစ်ခု စင်ထွက်သွားတယ်။ အဲဒီလို စင်ထွက်သွားတဲ့ ပရမာအကျော့မြူက နောက်ယူ (၂၅၃) အကျော့မြူတစ်ခုကို သွားပြီးထိမှန်ရင် အထိခံရတဲ့ အကျော့မြူဟာ ထက်ခြမ်းကွဲသွားပြန်တယ်။ ဒီအခါ ဒုတိယ ပရမာအကျော့မြူ တစ်ခု စင်ထွက်သွားပြီးတဲ့ နောက်အကျော့မြူကို ထိမှန်ပြန်တယ်၊ အဲဒီလို ဆင့်ကဲ ဆင့်ကဲ ပေါက်ကွဲထိမှန်ခြင်းဟာလည်း အင်မတန်မြန်ပြီး ဇယ်စက်သလို စက်သွားခြင်းပဲ"

"အင်း ... အင်မတန်လျှို့ဝှက်နက်နဲတာပဲ"

ဦးဘဒွန်းက စကားကို ရုတ်တရက် ဖြစ်၍ ...

"ဒါထက် ... ကိုချစ်သောင်း၊ ခင်ဗျားနဲ့ ကျုပ်နဲ့ မကစားရတာ အတော်ကြီး ကြာသွားပြီဗျာ ... စစ်ဘုရင် တစ်ပွဲလောက် ကစားကြရအောင်"

"ဘာတမ်းထိုးရမှာလဲ"

"စထရင်းမှာ ညစာကျွေးတမ်းပေါ့ဗျာ"

"ကောင်းပြီ စိန်လိုက် ... ဒါထက် နေပါဦး။ ခင်ဗျားဟာ သတိကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျုပ်သိတယ်။ နို့ပေမဲ့ ... စစ်ဘုရင် တစ်ပွဲလောက် ရှုံးရင် ခင်ဗျားဟာ ရှူးရှူးရှားရှား ဖြစ်လာတတ်တယ် ပြီးတော့ ခင်ဗျားက သိပ္ပံပညာ၊ ဆေးပညာကို လေ့လာတဲ့ဓာတ်ခွဲသမားတစ်ယောက်၊ အနုပညာကို လိုက်စားတဲ့ လူတစ်ယောက် မဟုတ်ဘူး ... ကျုပ်က အနုပညာသမား စိတ်ပညာဆရာ၊ ဒီတော့ ဓာတ်ခွဲသမားတစ်ယောက်က စိတ်ပညာသမားတစ်ယောက်ကို နိုင်အောင် ထိုးနိုင်ပါ့မလား" ဟု ဦးချစ်သောင်းက ကျီစယ်သည့်အနေဖြင့် ပြုံး၍ ပြောလိုက်လေသည်။

ပရောဖက်ဆာ ဦးဘဒွန်းနှင့် ကာနယ်ဦးချစ်သောင်းတို့မှာ မန္တလေးသားများ ဇာတိဖြစ်သည့်အတိုင်း ရှေးမြန်မာကစားနည်းဖြစ်သော "စစ်ဘုရင်ထိုးခြင်း" တွင်

ဝါသနာထုံသူများ ဖြစ်၏။ ဦးဘဒွန်းသည် စစ်ဘုရင်ခုံတစ်ခုံကို မန္တလေးမြို့မှ မှာထားဝယ်ယူခဲ့ရာ အရုပ်ကလေးများမှာ အလွန်လက်ရာကောင်းသော သစ်စေးသရိုးကိုင် အရုပ်ကလေးများဖြစ်၍ တစ်ဖက်တွင် အဖြူ တစ်ဖက်တွင် အနက် (၁၆) ရုပ်စီ ပြုလုပ်ထားလေသည်။

စစ်ဘုရင်ကစားသည့်နေရာမှာ စာဖတ်ခန်းအတွင်း လေးထောင့်စားပွဲ တစ်လုံး၌ ဖြစ်၍ တစ်ဘက်တစ်ချက်တွင် ကုလားထိုင်များ ချထား၏။ ကစားမည် ပြုသောအခါ အစေခံတစ်ယောက်က လာ၍ စစ်ဘုရင်ရုပ်များကို မှန်ဗီရိုအတွင်းမှ ထုတ်ပေးရ၏။

သို့နှင့် ဦးဘဒွန်းသည် "စစ်ဘုရင်" ဝါသနာထုံသလောက် ကစားရာတွင် ရှေ့လောကြီးသူ တစ်ယောက်ဖြစ်ကြောင်း ဦးချစ်သောင်း နားလည်ပြီး ဖြစ်၏။ သို့နှင့် ဦးချစ်သောင်းသည် စိတ်ပညာသမားပီပီ စိတ်ကို ငြိမ်သက်စွာထား၍ ကစားတတ်သူ ဖြစ်သည့်အတိုင်း ဦးခေါင်းအေးအေးဖြင့် စဉ်းစဉ်းစားစား ကစားလေသည်။

ပထမပွဲတွင် ဦးဘဒွန်းမှာ ဦးချစ်သောင်းထက် ဆင်တစ်ကောင် ပို၍နေ၏။ ဦးဘဒွန်းတွင် ရထားနှစ်စီးနှင့် ဆင်နှစ်ကောင်ရှိနေရာ ဦးချစ်သောင်းဘက်တွင် မြင်းနှစ်စီးနှင့်စစ်ကဲရှိ၏။ ဦးချစ်သောင်းသည် ဆင်များ၏နံဘေးမှထိုးစစ်ဆင်ကာ ဖိ၍ လိုက်ရာတွင် ဦးဘဒွန်း၏ရထားမှာ ဦးချစ်သောင်း၏ မြင်းက "ခွတုပ်" မိသွားသဖြင့် အသားလွတ် အစားခံလိုက်ရ၏။ ထိုအခါ ဦးဘဒွန်းမှာ ရထားမရှိ စစ်ကဲမရှိ ဆင်နှစ်ကောင်နှင့် တုံးတိနေရာ ဦးချစ်သောင်းတွင် မြင်းနှစ်ကောင်နှင့် စစ်ကဲ ကျန်ရှိသေး၏။ ဤတွင် ဦးချစ်သောင်းက ဖိ၍ လိုက်လေရာ (၁၀) ကွက်ခန့်မျှ အရောက် အကျဉ်းအကျပ်ထဲတွင် ဦးဘဒွန်း၏ဆင်ကို ဦးချစ်သောင်းက မြင်းနှင့် လဲလိုက်၏။ ထို့နောက် ဦးချစ်သောင်းလည်း ခံစစ်သဘောချပေးပြီးလျှင် ဦးဘဒွန်း၏ မင်းကြီးနှင့် ဆင်ကို စစ်ကဲဖြင့် ခွ၍ ခွေရာ ဦးဘဒွန်းမှာ မနေသာ တော့ဘဲ စစ်ကဲကို ဆင်ဖြင့် စားလိုက်ရတော့၏။ နောက်ဆုံးတွင် ဦးချစ်သောင်း၌ မြင်းတစ်လုံးသာ ကျန်တော့သဖြင့် သရေပွဲ ဖြစ်သွားလေသည်။

ဒုတိယပွဲတွင် ဦးချစ်သောင်းသည် ဦးဘဒွန်းအား (မြင်း+ စစ်ကဲ) ၆၄ ကွက် လိုက်ကာ အနိုင်ယူလိုက်၏။

တတိယပွဲသို့ ရောက်သောအခါ "ချတ်လား"ပွဲ ဖြစ်သဖြင့် ဦးဘဒွန်းမှာ စိတ်အေးတည်ငြိမ်သူ တစ်ယောက်ဖြစ်သော်လည်း နောက်ဆုံး "ဗိုင်နယ်" တက်ရတော့မည်ဖြစ်သဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာ၏။ တစ်ခါတစ်ရံ မိမိ၏ "ရထား" ကိုပင် ဦးချစ်သောင်း၏ နယ်စောင်း၌ သွား၍ တည်းထားသဖြင့် ဦးချစ်သောင်းက သဘောထားကြီးစွာနှင့် ပြန်ပေးလိုက်ရ၏။ သို့နှင့် နောက်ဆုံးတွင် ဦးချစ်သောင်းသည် "တိုက်စစ်"မှ "ခံစစ်"အဖြစ်သို့ ပြောင်းကာ မိမိဘက်မှ ရှိသမျှ အကောင်များကို ဦးဘဒွန်းနှင့် တစ်လုံးချင်းလဲ၍ပစ်ရာ မိမိဘက်တွင် ရထားတစ်စီးသာ ကျန်တော့၏။ နောက်ဆုံး မရသည့်အဆုံးတွင် ဦးချစ်သောင်းသည် ဦးဘဒွန်း၏ စစ်ကဲကို မိမိရထားဖြင့် လဲလိုက်ရာ ဦးဘဒွန်းဘက်တွင် မြင်းတစ်ကောင်သာ ကျန်ရှိတော့သဖြင့် သရေပွဲ ဖြစ်သွားရလေ၏။

ဤသို့ဖြင့် ပွဲသုံးပွဲအနက် နစ်ပွဲမှာ သရေပွဲ ဖြစ်သွားရလေ၏။ တစ်ပွဲတွင် ဦးချစ်သောင်းက (၆၄) ကွက်အတွင်း မြင်း၊ စစ်ကဲ သတ်နိုင်ခြင်းဖြင့် ဦးဘဒွန်းအား အနိုင်ရရှိလေသည်။

►

ဦးဘဒွန်းမျက်နှာပျက်သွားသည်ကို ဦးချစ်သောင်း သတိပြုလိုက်မိပြန်၏။ ၎င်းကို ဦးဘဒွန်းက ရိပ်မိသည်နှင့် ...

"ဘာလဲဗျ ... ကျုပ်မျက်နှာ မည်းသွားတယ်လို့ ဆိုချင်ပြန်သလား"

"ဆိုချင်တယ် ... ဦးဘဒွန်း၊ နို့ပေမဲ့ ... ကျုပ်ရောက်တုန်းက မျက်နှာမကောင်းတာနဲ့ အခု စစ်ဘုရင်ရှုံးလို့ စိတ်ပျက်သွားတဲ့ မျက်နှာနဲ့ မတူဘူးဗျ။ ကျုပ် ရောက်တုန်းက ခင်ဗျားမျက်နှာမကောင်းဘူးဆိုတာ ခင်ဗျားမျက်လုံးထဲမှာ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းဆိုတဲ့ လက္ခဏာတစ်ခုကိုပါ ကျုပ်တွေ့ရတယ်။ အခု စစ်ဘုရင်ရှုံးလို့ မျက်နှာပျက်သွားတာက ကိုယ်က မနိုင်ရလို့ စိတ်ပျက်သွားတဲ့ လက္ခဏာလောက်ပဲ ရှိတယ်။ ကြောင့်ကြစိုးရိမ်တဲ့ နိမိတ်လက္ခဏာ မရှိဘူး"

"စိတ်ပညာသမားတစ်ယောက်ပီပီ လူကဲခတ် ကောင်းပါပေ့ဗျာ"

"ဒါထက် ... စောစောက ကျုပ် အကဲခတ်သလို ဘာများ ခင်ဗျားမှာ စိတ်အနှောင့်အယှက်နဲ့ တွေ့နေသေးသလဲ ကိုဘဒွန်းရဲ့"

"တခြား မဟုတ်ဘူး ... ဦးချစ်သောင်း၊ ကျုပ်အလုပ်အတွက်ပဲဗျ"

"ဂျနီဗာကွန်ဖရင့်အတွက် အကျေမြှုစွမ်းအင် အစီရင်ခံစာရေးဖို့ ခင်ဗျား တာဝန်ယူထားရတယ်ဆိုတာ ကျုပ်သိတယ်လေ"

"ဟုတ်တယ် ... ဦးချစ်သောင်း၊ ဒီဟာနဲ့ ပတ်သက်တဲ့ ကိစ္စပဲ"

"ဘယ်လိုဖြစ်တာလဲ ... ခပ်ရှင်းရှင်း ပြောစမ်းပါဦး"

"ဒီလိုဗျ ... ကျုပ်ကို ကူညီနေတဲ့ ပါရဂူသုံးယောက် ရှိတယ်။ လူတွေကတော့ တကယ့် လူတွေချည်းပဲ၊ သူတို့ပညာမှာ သူတို့ တကယ်ထူးချွန်တဲ့ လူချည်းပဲ၊ ဒါထက် ကျုပ်ကိစ္စကို မပြောခင် အကျေမြှုအင်အားလုပ်ငန်းမှာ ဆေးပညာလောကအတွက် အသုံးချနိုင်တဲ့ အချက်အလက်တွေ အများကြီးပါတယ် ကိုချစ်သောင်းရဲ့။ ဥပမာ - ရောဂါတစ်ခုရဲ့ အခြေအမြစ် စမ်းသပ်နိုင်တယ်။ ရောဂါတစ်ခုကို ပျောက်ကင်းအောင် ကုသနိုင်တယ်။ လူ့ရဲ့ခန္ဓာကိုယ်အတွင်း ဖြစ်ပျက်လှုပ်ရှားမှုကို လေ့လာစမ်းသပ်နိုင်တယ်။ ဒါကြောင့် ဆေးပညာလောကနဲ့ ပတ်သက်လို့ ဒီအကျေမြှုထဲမှာပါတဲ့ "ရေဒီယိုအိုင်ဆိုတုပ်" ခေါ်တဲ့ ပစ္စည်းပွားဓာတ်ချောင်းကလေးတွေဟာ အင်မတန်အသုံးဝင်တယ်။ တစ်နည်းအားဖြင့်လည်း "ရောင်ခြည်လွှတ်မြှုမှုန်" လို့ ခေါ်တယ် ... ရောဂါဘယများ ကုသရာမှာလည်း အဲဒီရောင်ခြည်လွှတ်မြှုမှုန်များရဲ့ အစွမ်းဟာ အင်မတန် အရေးပါတယ်။ ဥပမာ "ကင်ဆာ" ခေါ်တဲ့ အနာ့ပဆုပ်ရောဂါကို အဲဒီရောင်ခြည်လွှတ် မြှုမှုန်အစွမ်းနဲ့ ကုနိုင်တယ်။ လည်ပင်းကြီး ရောဂါကို ကုနိုင်တယ်။ ပြီးတော့ နှလုံးရောဂါ၊ သွေးနဲ့ ပတ်သက်တဲ့ ရောဂါတွေကိုလည်း ကုနိုင်တယ်။ အဲဒီလို ရောဂါနဲ့ပတ်သက်လို့ ဘယ်အမျိုးအစား သုံးသင့်တယ်၊ သုံးထိုက်တယ်။ သုံးရင် ဘယ်လိုသုံးမယ်၊ ဘယ်လောက်သုံးမယ် စသည်ဖြင့် ဆေးပညာလောက (Medical Scienc) နဲ့ ပတ်သက်တာကို ကျုပ်က ပိုပြီးဝါသနာပါတယ်ကိုး ကိုချစ်သောင်းရဲ့။ ဒါကြောင့် ဒီဟာတွေကို

အသေးစိတ်လေ့လာခွင့်ရတဲ့အတိုင်း ကျုပ်ကိုယ်ပိုင် မှတ်တမ်းတစ်ခု သီးခြား ရေးနေတယ်"

"ကွန်ဖရင့်မှာ တင်ပြဖို့ အစီရင်ခံစာအတွက် မဟုတ်ဘူးဆိုပါတော့"

"မဟုတ်ဘူး"

"ဒီလိုဆိုရင် ခင်ဗျားရှာဖွေစမ်းသပ်မှုကို လျှို့ဝှက်ထားရာ မရောက်ပေဘူး လား"

"ရောက်တယ်ဆိုလည်း ရောက်တယ်၊ မရောက်ဘူးဆိုရင်လည်း မရောက် ဘူး"

"ခင်ဗျားအဖြေက ဘယ်လိုလဲ"

"ဒီမှာ ဦးချစ်သောင်း ကျုပ်ပြောတာတစ်ခု ခင်ဗျား နားထောင်စမ်း၊ ကျုပ်တို့ အစီရင်ခံစာ တင်တယ်ဆိုတာ အမှန်တော့ "နမူနာဝင်စတေး" လောက်ပဲ ရှိတယ် မဟုတ်လား။ အမေရိကန် ရှိတယ်ဗျာ။ ပြီးတော့ ... ရုရှား၊ အင်္ဂလန်၊ ကနေဒါ ဒီနိုင်ငံကြီးတွေက လက်တွေ့အစီရင်ခံနေကြတယ်ဗျ။ လရောင်အောက်မှာ ပိုးစုန်းကြူးတောက်လို့ အပိုပဲ မဟုတ်လား။ ကိုယ့်မြန်မာနိုင်ငံနဲ့ သင့်လျော်တဲ့ ဆေးပညာနဲ့ပတ်သက်လို့ ရရှိလာတဲ့ ရှာဖွေမှုဟာ ဘာအသုံးဝင်ဦးမှာလဲ။ ကိုယ့် ပညာကို လူသိရုံပဲ ရှိတာပေါ့။ ပြီးတော့ ... တစ်ခုရှိတာက ကျုပ်လျှို့ဝှက်ထားတဲ့ ဆေးပညာနဲ့ပတ်သက်တဲ့ လျှို့ဝှက်မှုတွေဟာ ကျုပ်ကိုယ်ကျိုးအတွက် မဟုတ် ပါဘူးဗျာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွက်ပါဗျာ"

"ဪ ... ကျုပ်နားလည်ပြီ ... ခင်ဗျား စမ်းသပ်မှုရရှိတဲ့ ဆေးပညာစွမ်းအင် ကို ခင်ဗျား ရေးထည့်ချင်မှ ထည့်နိုင်တယ်။ အကုန်ထည့်ရမယ်လို့လဲ မဆိုလိုဘူး၊ ထည့်ဖို့လည်း ခင်ဗျားမှာ တာဝန်မရှိဘူး ဆိုပါတော့"

"မရှိဘူး"

"ဒီလိုဆိုတော့လည်း ခင်ဗျားပြောတဲ့အတိုင်း မှန်တာပဲ"

"မှန်တာပေါ့ ... ကိုချစ်သောင်းရဲ့"

"ဒီတော့ ဆေးပညာနဲ့ပတ်သက်တဲ့ စမ်းသပ်ချက်တွေကို အစီရင်ခံစာ ထဲမှာ ခင်ဗျားထည့်မရေးဘူး ဆိုပါတော့"

"လုံးလုံးထည့်မရေးတာ မဟုတ်ပါဘူး၊ အကြမ်းဖျင်း သိသင့်တဲ့အချက်တွေတော့ ရေးတာပေါ့။ နို့ပေမဲ့ ... ကျုပ်တို့ နိုင်ငံနဲ့ ဆီလျော်မယ့် အသေးစိတ် အချက်အလက်ကလေးတွေကိုတော့ ကျုပ်မှတ်တမ်းထဲမှာ အကုန်ပါတယ်"

"ဒါဖြင့် ... ခင်ဗျာ့မှတ်တမ်းဟာ တကယ်အဖိုးတန်တဲ့ မှတ်တမ်းတစ်ခုပဲ ကိုဘဒွန်း ..."

"ဟုတ်တာပေါ့ ... ကိုချစ်သောင်းရဲ့။ ပြီးတော့ ကျုပ်တို့ စိုးရိမ်ကြောင့်ကြ ဖြစ်နေတာလည်း ဒီဟာအတွက်နဲ့ ပတ်သက်တယ်ဗျ"

"ဘယ်လိုလဲ ... ပြောစမ်းပါဦး"

"ကျုပ်ဟာ အင်မတန် စေ့စပ်သေချာတဲ့ လူဆိုတာ ခင်ဗျားသိတဲ့ အတိုင်းပဲ"

"ဟုတ်ပါတယ်လေ ... ကျောင်းကတည်းက ခင်ဗျားအကြောင်း ကျုပ်သိသားပဲ"

"ကျုပ် မှတ်တမ်းကို ပထမခဲတံနဲ့ အကြမ်းဖျင်းရေး၊ ပြင်စရာရှိပြင်၊ ထည့်စရာရှိထည့်၊ ညကျမှ အေးအေးဆေးဆေး လက်နှိပ်စက်နဲ့ ရိုက်တယ်။ ကျုပ်စာရေးနဲ့ ကျုပ် "တိုက်ပစ်"တောင် မယုံလို့ ကျုပ်ကိုယ်တိုင် ရိုက်တယ်။ အကြမ်းရေးပြီးသား စာရွက်တွေကို နံပါတ်အတိုင်း အတိအကျ ရေတွက်ပြီးမှ ကျုပ် ကိုယ်တိုင် မီးရှို့ပစ်တယ်။ ဒီစာရွက်တွေကို ကျုပ် မီးခံသေတ္တာရဲ့အံဆွဲထဲမှာထားတယ်။ မီးခံသေတ္တာရဲ့ သော့က နံပါတ်စဉ် ကိုယ်လုပ်သလို မှတ်ထားပြီး ဖွင့်ရတယ်။ ကျုပ်က လွဲလို့ ဘယ်သူမှ မသိနိုင်ဘူး"

"အစီရင်ခံစာကကော"

"ဒီဟာကိုလည်း လျှို့ဝှက်ထားတာပဲ၊ ကျုပ် ရုံးခန်းအံဆွဲ စားပွဲထဲမှာ ထားတယ်။ တစ်ခါတစ်ရံတော့လည်း အပေါ်တင်ထားတာပေါ့လေ"

"အင်း ... ပြောစမ်းပါဦး"

"အဲဒီ အစီရင်ခံစာရေးတဲ့ စာရွက်စာကြမ်းတွေကို ကျုပ် မရှိတုန်း ကျုပ်စားပွဲပေါ် တစ်ယောက်ယောက်လာပြီး ကြည့်တယ်လို့ ကျုပ်ထင်တယ်။ အတိအကျ မှတ်တယ်လို့တော့ တပ်အပ်မပြောနိုင်ဘူးပေါ့ဗျာ။ နို့ပေမဲ့ ... ယုံကြည်

လောက်တယ်။ ဥပမာ - အပေါ်ဆုံးမှာ ကျုပ်အမှန်တင်ထားခဲ့တဲ့ စာရွက်တစ်ရွက်ဟာ အောက်မှာ ရောက်ချင်ရောက်နေတယ်"

"ဒီစာရွက်တွေက ခင်ဗျားအတွက် သီးခြားရေးနေတဲ့ မှတ်တမ်းနဲ့ တစ်စုံတစ်ရာ ပတ်သက်သလား"

"တိုက်ရိုက်တော့ မတူဘူးပေါ့ဗျာ။ နို့ပေမဲ့ အကိုးအကားတော့ ရနိုင်တယ်။ ပြီးတော့ ... ခဲတံနဲ့ ကျုပ်က "တေး"ထားတဲ့ အမှတ်တွေ၊ မျဉ်းသားထားတာတွေ ရှိတယ်။ ဒီပညာရပ်ကို ကျွမ်းကျင်တဲ့ လူဆိုရင် ရိပ်မိတန်သရွေ့ ရိပ်မိနိုင်တယ်"

"ခင်ဗျာ့ အလုပ်ခန်းထဲကို ဘယ်သူများ ဝင်ခွင့်ရှိသလဲ"

"ကျုပ်ကလွဲရင် ကျုပ်လက်ထောက်သုံးယောက်ပဲ ဝင်ရတယ်။ စာရေးနဲ့ လက်နှိပ်စက်ရိုက်တဲ့ မိန်းကလေးက တခြားအဆောက်အအုံမှာပဲ။ ပြီးတော့ ... သူတို့လည်း ဝင်ခွင့်မရှိဘူး"

"ဒီလိုဆိုရင် ခင်ဗျာ့လက်ထောက်ထဲက ဖြစ်မှာပေါ့"

"ကျုပ်လည်း ဒီအတိုင်း ထင်တာပဲ၊ တစ်ခါတလေ စားပွဲပေါ်မှာ ထားခဲ့တဲ့ စက္ကူချပ်တို့ မင်နှိပ်တို့ နေရာပျက်နေတယ်။ တစ်ယောက်ယောက်တော့ လာကြည့်တာ အမှန်ပဲလို့ ကျုပ်ယူဆတယ်"

"တစ်ဆိတ်လောက် ခင်ဗျားမှာ ပြောခွင့်ရှိရင် သူတို့အကြောင်း ပြောစမ်းပါဦး"

ဦးချစ်သောင်းသည် နေရာမှ ထလိုက်ပြီးလျှင် လက်နှစ်ဖက်ကို နောက်ပစ်ကာ အခန်းထဲတွင် စကြံလျှောက်လျက် ရှိလေ၏။

"ပထမလူက မောင်မြတ်ဝင်းတဲ့၊ ဘီအက်စီအောင်ပြီးပြီ။ ဇာတိက ရှမ်းစပ်၊ စကားနည်းတယ်၊ စိတ်နေစိတ်ထား ခက်ထန်တယ်။ တစ်ခါတလေ လုပ်မှာ အာရုံစူးစိုက်နေတဲ့အခါ သုံးလေးရက် စကားမပြောဘဲ နေတတ်တယ်"

ဒုတိယလူက ဒေါက်တာမောင်ညိုတဲ့ နိုင်ငံခြားသွားပြီး သုံးနှစ်လောက် ပညာသင်ဖူးတယ်။ သူကတော့ ဆေးဘက်မှာအတော် ကျွမ်းကျင်တဲ့ လူတစ်ယောက်ပဲ၊ နိုင်ငံခြားက ပြန်လာပြီး မီးရထားဘက်မှာ ဆရာဝန်လုပ်ဖူးတယ်။

မီးရထားဆေးရုံကို အတော်စိတ်ဝင်စားတယ်။ အရက်လည်း နည်းနည်းပါးပါး သောက်တက်တယ်၊ လူကတော့ အင်မတန်တော်တဲ့ လူတစ်ယောက်၊ သွက်တယ်၊ အကင်းပါးတယ်၊ ဖျတ်လတ်တယ်"

တတိယလူက ကုလားကပြား မစ္စတာဂို့(ရှ)တဲ့၊ လူကတော့ သိပ်မတော်လှဘူး။ နို့ပေမဲ့ ... အလုပ်မှာ မြဲတယ်၊ သည်းခံတတ်တဲ့ စိတ်ရှိတယ်၊ M.B.B.S အောင်ပြီးပြီ၊ ကျောင်းထွက်ခါစသာသာပဲ ရှိသေးတယ်။ သို့သော် ... ရာဇဝတ်စမ်းသပ်မှုမှာတော့ အတော့်ဝါသနာပါတဲ့ လူတစ်ယောက်ပဲ"

ဦးချစ်သောင်းက သူ၏ဒိုင်ယာရီစာအုပ်ထဲတွင် ရေးမှတ်လျက် ရှိလေသည်၊

ဦးဘဒွန်းသည် ဆေးတံကို မီးခြစ်ဆံတစ်ဆံဖြင့် သေချာစွာ မီးညှိပြီးနောက် ဆက်လက်၍ ...

"သူတို့ဟာ တကယ့်ဂုဏ်ထူး ဘွဲ့ထူးနဲ့ လူတော်တွေချည်းပဲဗျာ၊ နို့ပေမဲ့ ... ကျုပ်က လုပ်သက်ရှိပြီး ရင့်တဲ့ လူတစ်ယောက်ဖြစ်လေတော့ ကျုပ်တပည့်အဖြစ်နဲ့ လာနေကြတာပဲ၊ ဒီတော့ သူတို့သုံးယောက်စလုံးကို ကျုပ် ယုံကြည်တယ်၊ ဒါနဲ့ ဒီလိုနေရင်းက မနေ့ကတော့ ..."

"အင်း ... ပြောစမ်းပါဦး၊ မနေ့က ဘာဖြစ်သလဲ"

"မနေ့က နေ့လယ်စာစားချိန်မှာ ကျုပ်အလုပ်မဆင်းသေးဘဲ (၁၅) မိနစ်လောက် ဆက်ပြီး ကျုပ်မှတ်တမ်းကို ရေးနေသေးတယ်၊ ဒီနောက် မှတ်စုစာရွက်ကြီးတွေယူ သံသေတ္တာထဲမှာထည့် သော့ကို ကျုပ်အမှတ်အသားအတိုင်း လှည့်သော့ခတ်ခဲ့ပြီး ဓာတ်ခွဲခန်းဘက်ကို ကူးလာခဲ့တာကိုး ကိုချစ်သောင်းရဲ့"

"အင်း ... ဆိုစမ်းပါဦး"

"ဒါနဲ့ ... ကျုပ်လည်း လဘော်ထရီ (ဓာတ်ခွဲခန်း)က ရေချိုးခန်းထဲဝင် လက်တွေ ဘာတွေဆေး၊ မျက်နှာမှာ ချွေးတွေရှိတာနဲ့ မျက်နှာကို ဆပ်ပြာတိုက်ပြီး မျက်နှာသစ်တာကိုးဗျ၊ ကျုပ်က အခန်းတံခါးကို မပိတ်ဘူး၊ ဒါနဲ့ မျက်နှာသစ်ရင်း အမှတ်တမဲ့ မျက်စိထဲ ဆပ်ပြာတွေဝင်သွားတော့ ကျုပ်လည်း ရေစက်ရှိတဲ့နေရာ

ကို လက်နဲ့စမ်း၊ မျက်နှာသုတ်ပဝါတင်ထားတဲ့တန်းကို လက်နဲ့ စမ်းနေတုန်း ကျုပ်အခန်းဘက်က သံသေတ္တာကို ဖွင့်တဲ့အသံမျိုး ချောက်ခနဲ ကြားလိုက်ရတယ် ကိုချစ်သောင်းရဲ့၊ ဒါနဲ့ မျက်လုံးထဲ ဆပ်ပြာတွေ ဝင်နေလို့ မျက်နှာသုတ်ပဝါ မတွေ့ခင်ကျုပ်က "ဟိုက်ဘက်ခန်းက ဘယ်သူလဲဟေ့"လို့လှမ်းမေးလိုက်တယ်။ ဘာသံမှ မကြားရဘူး။ မျက်နှာသစ်တဲ့ ကြွေဇလုံပေါ်မှာ မှန်ကလေးရှိတာကိုး။ ဒါနဲ့ ကျုပ်လည်း မျက်လုံးဖွင့်နိုင် ဖွင့်နိုင်ချင်း ကျုပ်အခန်းက တံခါးကို တစ်စုံတစ်ယောက် ပြန်စေ့သွားတာ မှန်ထဲမှာ ရိပ်ခနဲ မြင်လိုက်ရတယ်၊ ခင်ဗျား မြင်တဲ့အတိုင်း ကျုပ် အခန်းတံခါးက ရေချိုးခန်းနဲ့ မျက်နှာချင်းဆိုင် ဖြစ်နေတာကိုးဗျ။ ဒါနဲ့ ... ကျုပ်လည်း အခန်းထဲဝင်ကြည့်တော့ ဘယ်သူမှ မတွေ့ရတော့ဘူး၊ ကျုပ်အခန်းထဲ တစ်ယောက်ယောက်ဝင်တာတော့ အမှန်ပဲ ကိုချစ်သောင်း"

"ဒီအချိန်တုန်းက ခင်ဗျားလက်ထောက်သုံးယောက်က အလုပ်ပြန်မတက်သေးဘူးလား"

"မတက်သေးဘူး ... နှစ်နာရီမှ ပြန်တက်မှာကိုးဗျ။ အချိန်က ၁၂ နာရီခွဲလောက်ပဲ ရှိဦးမယ်"

"ဒါ့ထက် ... ခင်ဗျားသံသေတ္တာက သော့ဖွင့်တဲ့ နံပါတ်စဉ်ကို ဘယ်သူသိသလဲ"

"ဘယ်သူမှ မသိဘူး ... သူတို့ ဘယ်နည်းနဲ့မှ သိမယ့်လက္ခဏာ မရှိဘူး"

"ခင်ဗျား သေတ္တာပိတ်တာ ဖွင့်တာကိုကော သူတို့အထဲက တစ်ယောက်ယောက်က ကြည့်နေဖူးသလား"

"ဒါကတော့ နေဖူးတာပေါ့ဗျာ ... သူတို့ရှေ့မှာ တစ်ခါတလေ ဖွင့်လိုက်ပိတ်လိုက် လုပ်နေတာပဲ။ တစ်ခုတော့ ရှိရဲ့"

"တကယ်လို့ အင်မတန် မှတ်ဉာဏ်ကောင်းတဲ့လူက ကျုပ်သေတ္တာပိတ်တာကို နောက်က အမှတ်တမဲ့ ရပ်ကြည့်နေရင်တော့ သူ မှတ်မိကောင်း မှတ်မိနိုင်တယ်"

"သေတ္တာမှာ ခြေရာလက်ရာရော ပျက်နေသေးလား"

"မပျက်ပါဘူး ... ကျုပ်အသံပြုလိုက်တာကြောင့် မဖွင့်ဘဲ ပြန်သွားတာနဲ့ တူတယ်"

"အင်း ... ခင်ဗျားပြောတဲ့အတိုင်း တွေးမယ်ဆို တွေးစရာပဲ၊ ပြီးတော့ ... အရင်တုန်းက ခင်ဗျား အလုပ်စားပွဲပေါ်မှာ တင်ထားတဲ့ မှတ်စုတွေကို တစ်ယောက်ယောက်က လာကြည့်တယ်ထင်တယ်လို့ ခင်ဗျားပြောတဲ့ အချက်နဲ့ ယှဉ်ကြည့်ရင် မှန်လိမ့်မယ်လို့ ယူဆနိုင်တယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့တော့ သူတို့ကို ခင်ဗျားတစ်စုံတစ်ရာ ပြောဖူးသေးလား"

"မပြောဖူးပါဘူးဗျာ ... ဘာကိုမှ ထိထိရောက်ရောက် မဟုတ်တော့ ကျုပ်လည်း ဒီအတိုင်းပဲ ထားလိုက်တယ်။ နို့ပေမဲ့ ... ကျုပ်ကိုယ်တိုင် အပင်တပန်းရှာဖွေမှတ်သားပြီးရတဲ့ အဖိုးတန် ဖော်မြူလာ (FORMULA) တွေ သူများလက်ထဲတော့ အရောက်မခံနိုင်ဘူး ကိုချစ်သောင်းရဲ့၊ ဒါကြောင့် ... ကျုပ်လည်း စိတ်မကောင်းဖြစ်နေတာပဲ"

"အေးလေ ... ခင်ဗျား ရိပ်မိသွားတာ သိလေတော့ သူတို့လည်း ဆက်လက်ကြံစည်တော့မယ် မဟုတ်ပါဘူး။ ကိုင်းဗျာ ခေါင်းအေးအေးထားပေါ့။ ခင်ဗျားလည်း အင်မတန် သတိဝီရိယကြီးတဲ့ လူတစ်ယောက်ပဲ "

"သတိကတော့ ကျုပ် ဘယ်နေရာမှ မလစ်ပါဘူး"

အချိန်မှာ အနည်းငယ်ပင် မှောင်စပြုလာပြီဖြစ်၍၊ ကာနယ် ဦးချစ်သောင်းလည်း ဦးဘဒွန်းအား နှုတ်ဆက်ပြီးလျှင် အိမ်သို့ပြန်ခဲ့လေ၏။

ကာနယ်ဦးချစ်သောင်းသည် ညစာကို (၇) နာရီခွဲတွင် စားလေ့ရှိရာ (၇) နာရီ၊ (၁၅) မိနစ်အချိန်တွင် အိမ်ရှေ့စားပွဲပေါ်ရှိ တယ်လီဖုန်းခေါင်းလောင်းသံကို ကြားရသဖြင့် သွားရောက်နားထောင်လေသည်။

"ဟဲလို ... ဟုတ်ကဲ့ ကျွန်တော် ကာနယ်ချစ်သောင်းလေ ... ဪ ဦးဘမြင့်လား၊ ဘယ်သူ့အိမ်ကိုဗျ"

"ပရော်ဖက်ဆာ ဦးဘဒွန်းလေ"

"ဦးဘဒွန်း ဘာဖြစ်သလဲ"

"ညနေက ခင်ဗျားနဲ့တောင် စစ်ဘုရင်ကစားသေးတယ်ဆို"

"ဟုတ်တယ်။ ကျုပ်တောင် သူ့အတွက် စိုးရိမ်"

"ဘာဖြစ်တယ်ဗျ။ သူ့အတွက် စိုးရိမ် ဟုတ်စ"

"တယ်လီဖုန်းနဲ့ ပြောလို့ မကောင်းပါဘူးဗျာ၊ လူချင်းတွေ့ပြီး ပြောရမှ ကောင်းပါတယ်၊ ဦးဘဒွန်း ဘာဖြစ်သလဲ"

"ဦးဘဒွန်း သူ့ကိုယ်သူ သတ်သေရှာပြီဗျာ"

"အလိုလေး ... ဘုရားရေ၊ အံ့ဩစရာကောင်းလိုက်လေ"

"ဟုတ်ကဲ့ ... ကျုပ် အခုချက်ချင်း လာခဲ့ပါ့မယ်"

ဦးချစ်သောင်းအား တယ်လီဖုန်းဆက်သူမှာ စုံထောက်ရဲမှူး ဦးဘမြင့် ဆိုသူ ဖြစ်၍ ဦးချစ်သောင်းနှင့် အတော်ခင်မင်သူ ဖြစ်ပြီးလျှင် ဦးဘဒွန်းနှင့်လည်း သိဟောင်းကျွမ်းဟောင်း ဖြစ်လေသည်။

ဦးဘဒွန်းအိမ်သို့ ရောက်သောအခါ အိမ်အပြင်ဘက် ဝင်းတံခါးဝတွင် ရဲသား တစ်ယောက်နှင့် ဆာဂျင်တစ်ယောက်တွေ့ရ၍ ဦးချစ်သောင်းလည်း မိမိ၏ ကား ကလေးကို "ပေါ်တီကို" အောက်ရှိ အိမ်တံခါးဝသို့ရောက်အောင် မောင်းခဲ့လေ၏။

အိမ်တွင်းသို့ရောက်၍ ဧည့်ခန်း၌ကပ်လျက်ရှိသော စာကြည့်ခန်းသို့ ရောက် သောအခါ ရဲမှူးဦးဘမြင့်သည် ကာနယ်ဦးချစ်သောင်းအား ဆီးကြိုလေသည်။ အခန်းတွင်း၌ကား ရဲဘက်ဓာတ်ပုံဆရာတစ်ယောက်၊ ဆရာဝန်တစ်ယောက် လက်မပုံစံယူသမားတစ်ယောက် ရှိလေသည်။ ရဲမှူးဦးဘမြင့်မှာ ဦးဘဒွန်း၏ ဧည့်ခန်း၌ ရပ်လျက် ရှိလေသည်။

ဦးချစ်သောင်းနှင့်အတူ စစ်ဘုရင်ကစားခဲ့သော လေးထောင့်စားပွဲ၌ ကား ဦးဘဒွန်းသည် လက်ယာဘက်လက်ကို ဆန့်တန်းကာ ၎င်းလက်မောင်းရင်း၌ ဦးခေါင်းတင်လျက် သေဆုံးနေလေသည်။ သူထိုင်သော ကုလားထိုင် ခြေရင်း၌ ကား ယမ်းတောင့်အကောင်း ငါးတောင့်သာကျန်သော ဦးဘဒွန်း၏ ခြောက်လုံး ပြူးသေနတ်ကလေးသည် ကော်ဇောပေါ်၌ ကျလျက်ရှိ၏။

လေးထောင့်စားပွဲ၏ထောင့်စွန်းတစ်ခု၌ စစ်ဘုရင်ခုံရှိ၍ စစ်ဘုရင်ရုပ်များမှာ ဦးဘဒွန်းရှေ့ လက်လမ်းမီလောက်သော နေရာတွင် စုပုံလျက်ရှိသည်ကို တွေ့ရသဖြင့် မိမိနှင့် ကစားစဉ်က ဤအတိုင်းပင် ကျန်ရစ်ကြောင်း ဦးချစ်သောင်း သတိပြုမိလေ၏။

သို့သော် ... သေသူ ဦးဘဒွန်း၏ လက်ယာဘက် လက်ချောင်းများ ရှေ့လေး လက်မအကွာ၌ကား စစ်ဘုရင်ရုပ်ကလေး သုံးရုပ်ရှိနေလေသည်။

ပထမ၌ ဦးချစ်သောင်းသည် ဤအချက်မှာ အမှတ်မဲ့ဖြစ်သဖြင့် သတိမပြုမိသော်လည်း ယင်းအချက်မှာ အရေးအကြီးဆုံးသော အချက်ဖြစ်ကြောင်း နောင်အခါ ကောင်းစွာသိရှိရလေသည်။

သေသူသည် စုပုံ၍ထားသော စစ်ဘုရင်များထဲမှ ထိုအရုပ်သုံးရုပ်ကို ကောက်ယူပြီးလျှင် မိမိ၏ လက်တစ်ကမ်း၌ ရွှေ့ပြောင်းလိုက်ခြင်းလော၊ မပြောတတ်ပေ။ အရုပ်သုံးရုပ်အနက်၌ နှစ်ရုပ်မှာ "နယ်" ရုပ် အဖြူဖြစ်၍ စားပွဲပေါ်၌ လဲလျက် ရှိ၏။ ကျန်တစ်ရုပ်မှာ "ရထား" အနက်ဖြစ်၍ တည့်မတ်စွာ ထောင်လျက် ရှိနေလေသည်။

"ဟုတ်ပါတယ် ... ဦးဘဒွန်းဟာ အင်မတန် သတိကောင်းတဲ့ လူတစ်ယောက်မို့ ဒီအရုပ်လေးသုံးရုပ်ကို ရွှေ့ထားခဲ့တာပဲ" ဟု ဦးချစ်သောင်းသည် တစ်ကိုယ်တည်း ရေရွတ်လိုက်မိ၏။

အစေခံ၏ အစစ်ခံချက်အရ ဦးဘဒွန်းသည် အလုပ်စားပွဲ၌ မထိုင်ဘဲ လေ တဖြူးဖြူး တိုက်ခတ်လျက်ရှိသည့် ပြတင်းပေါက်ကို မျက်နှာမူလျက်ရှိသော လေးထောင့်စားပွဲကြီးမှ ကုလားထိုင်ပေါ်တွင် တစ်ရံတစ်ခါ ဆေးတံသောက်ရင်း ထိုင်နေတတ်ကြောင်း၊ မိမိအိမ်နောက်ဖေးနှင့် မလှမ်းမကမ်း စားဖိုဆောင်၌ ညစာအတွက် ပြင်ဆင်လျက်ရှိစဉ် အိမ်ရှေ့ဧည့်ခန်းဆီမှ သေနတ်သံတစ်ချက် ကြားလိုက်ရသဖြင့် အပြေးအလွှားလာရောက်ရာ ဦးဘဒွန်းမှာ ယခုကဲ့သို့ လက်ယာ လက်မောင်းကို စားပွဲပေါ်၌ ဆန့်တန်းကာ ဦးခေါင်းငိုက်စိုက်ကျလျက် သေဆုံးနေသည်ကိုတွေ့ရကြောင်း၊ သေနတ်မှာ ဦးဘဒွန်း၏သေနတ်ဖြစ်၍

လွှန်ခဲ့သော နှစ်ရက်သုံးရက်မှစ၍ ဦးဘဒွန်းသည် သူ၏ သေနတ်ကို ယမ်းတောင့် အပြည့်ထည့်လျက် စာရေးစားပွဲ၏ လက်ယာဘက် အံဆွဲတွင် အသင့်ထားလေ့ ရှိကြောင်းဖြင့် ရိုးသားစွာ အစစ်ခံလေသည်။

ဦးချစ်သောင်းသည် အသံများထွက်အောင် သက်ပြင်းတစ်ချက်ချ လိုက်ပြီးနောက် ...

"အင်း ... မိတ်ဆွေကောင်းကြီးတစ်ယောက်တော့ သွားရှာပြီ ကိုဘမြင့်။ ဒါထက် သူ့ကိုယ်သူ သတ်သေတယ်ဆိုတာက ဘာလဲ ခင်ဗျား ထင်ချက်လား"

"ဟုတ်ပါတယ်"

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဦးဘမြင့် ... ဘာဖြစ်လို့လဲဆိုတော့ ကျုပ် သူ့ဆီက ပြန်လာတာ။ တစ်နာရီလောက်ပဲ ရှိဦးမယ်။ ဦးဘဒွန်းဟာ သူ့ကိုယ်သူ သတ်သေဖို့မပြောနဲ့၊ သူ့အသက်အန္တရာယ်အတွက်တောင် အတော်စိုးရိမ်နေတဲ့ လက္ခဏာရှိတယ်ဗျ"

"ဘာကြောင့် ခင်ဗျား သိရတာလဲ"

ထိုအခါ ဦးချစ်သောင်းလည်း ဦးဘဒွန်းပြောခဲ့သော အကြောင်းများကို ရှင်းလင်းပြောပြ၍ တစ်စုံတစ်ယောက်သောသူသည် သူ၏ ဆေးပညာနှင့် ပတ်သက်၍ လျှို့ဝှက်စွာ စုံစမ်းတွေ့ရှိချက်မှတ်တမ်းများကို မတရားသောနည်းဖြင့် ရအောင် ကြံစည်လျက် ရှိကြောင်းကို ပြောပြလေသည်။

"ဒါဖြင့် သူက ဘယ်သူ့ကို ထင်သလဲတဲ့ဗျ၊ ဦးချစ်သောင်းရဲ့"

"သူ့တပည့်ထဲက တစ်ယောက်ယောက်ဖြစ်ရမယ်လို့ ထင်တာပေါ့ဗျာ၊ ထင်တဲ့အတိုင်းလည်း ဟုတ်ပါလိမ့်မယ်"

ထိုအချိန်၌ အိမ်နီးပါးချင်းများပါ ရောက်ရှိလာ၍ ဝင်းတံခါးတွင် စောင့်နေသော ရဲကြပ်ကြီးနှင့် ရဲသားတို့သည် ၎င်းတို့အား အိမ်တွင်းသို့မဝင်ရန် တားဆီးလျက် ရှိလေ၏။ ဆရာဝန်သည် ဦးဘဒွန်း၏ ဦးခေါင်းမှ ဒဏ်ရာကို စမ်းသပ်လျက် လက်ပုံစံသမားကလည်း အခန်းအတွင်းရှိ ပစ္စည်းများပေါ်၌ ဒဏ်ရာများကို ရှာဖွေလျက်ရှိလေရာ ဓာတ်ပုံသမားများကလည်း အလောင်းအနေအထားကို အဘက်ဘက်မှ ဓာတ်ပုံများ ရိုက်ကူးလျက် ရှိလေသည်။

ဦးချစ်သောင်းမှာမူ စကားတစ်စုံတစ်ရာမျှ မပြောဘဲ ဆေးပြင်းလိပ်ကို ခဲကာ အလောင်း၏ လက်ယာဘက်လက်အနီးရှိ စစ်ဘုရင်ရုပ်ကလေး သုံးရုပ်ကိုသာ ထူးဆန်းသော အရာဝတ္ထုများကဲ့သို့ စူးစိုက်ကြည့်ရှုလျက် ရှိလေ၏။ အရုပ်ကလေးများမှာ အဖြူဘက်မှ "နယ်"နှစ်ကောင်နှင့် အနက်ဘက်မှ "ရထား" တစ်စီး ဖြစ်လေသည်။

ဦးချစ်သောင်းသည် ပြုံးလိုက်၏။ ထို့နောက် ပါးစပ်တွင် မီးငြိမ်းနေသော ဆေးပြင်းလိပ်ကို မီးခြစ်ဆံမှ မီးတောက်ဖြင့် သေချာစွာ လှည့်ပတ်၍ မီးညှိလျက် ရှိလေသည်။

ထိုအချိန်တွင် ဦးဘဒွန်း၏ လက်ထောက်သုံးယောက်ကို ဦးဘမြင့်က အခေါ် လွှတ်လိုက်သဖြင့် ထိုသူများလည်း တစ်ယောက်နှင့် တစ်ယောက် မရှေးမနှောင်း ရောက်လာကြ၏။ ဦးဘဒွန်း၏အလောင်းကို ပြောင်းရွှေ့မသွားသေးဘဲ ခေတ္တမျှ ဆိုင်းထားရန် ဦးချစ်သောင်း အကြံပေးသဖြင့် ကုလားထိုင်ပေါ်တွင် မူလအတိုင်း ရှိနေသေး၏။ ဦးချစ်သောင်းသည် အိတ်ထဲမှ ဒိုင်ယာရီကလေးကို ထုတ်ယူပြီးလျှင် ဦးဘဒွန်း၏ လက်ထောက်သုံးယောက်အား မသိမသာ အကဲခတ်လျက် ရှိလေသည်။

ဒိုင်ယာရီတွင် ရေးမှတ်ထားသည့် အစီအစဉ်အတိုင်း ပထမလူ မောင်မြတ်ဝင်းမှာ အလောင်းကို မြင်သည်နှင့်တစ်ပြိုင်နက် တုန်တုန်ယင်ယင် ရှိနေပြီးလျှင် များစွာ ဝမ်းနည်းကြောင်းဖြင့် ပြောပြ၏။

ဒုတိယလူ ဒေါက်တာညိုမောင်သည် ဦးဘဒွန်းကို တစ်ချက်မျှလှမ်း၍ ကြည့်လိုက်ပြီးနောက် ကာနယ်ဦးချစ်သောင်း၏မျက်နှာမှ ရဲမှူးဦးဘမြင့်၏ မျက်နှာဆီသို့ သူ၏မျက်လုံးများ ရောက်သွား၏။

တတိယလူ မစ္စတာဂို့(ရှ)မှာ အလောင်းကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏နဖူးကို လက်ဝါးနှင့်ရိုက်ကာ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ ပါးစပ်မှ တတွတ်တွတ်ရေရွတ်တမ်းတလျက် ရှိလေသည်။

ဦးချစ်သောင်းသည် သူတို့သုံးယောက်အား တစ်ဦးစီ နီးကပ်စွာ အကဲခတ်ပြီးနောက် ကောင်းစွာနေရာထိုင်ခင်းပေးလေ၏။ ထို့နောက် တည်ငြိမ်အေးဆေးသော အသံဖြင့် ဦးဘမြင့်အား ပြောကြားလျက် ရှိလေသည်။

ဦးဘဒွန်းအလောင်း၏ ဆန့်တန်းလျက်ရှိသော လက်ယာဘက်လက်အနီး၌ကား လဲ၍နေသော "နယ်"အဖြူကလေး နစ်လုံးသည်လည်းကောင်း၊ ထောင်၍နေသော "ရထား"အနက်သည်လည်းကောင်း တည်ရှိ၏။ ဦးချစ်သောင်းသည် စစ်ဘုရင်ရုပ်ကလေးများကို ကြည့်လျက် ...

"ဦးဘမြင့် စစ်ဘုရင် ထိုးတတ်သလား"

"မထိုးတတ်ဘူးဗျာ၊ အင်္ဂလိပ်စစ်ဘုရင်တော့ နည်းနည်းပါးပါး ကစားဖူးတယ်"

"ညနေက ကျုပ် ဦးဘဒွန်းနဲ့ စစ်ဘုရင်သုံးပွဲ ကစားတယ်ဗျ။ သုံးပွဲမှာ နစ်ပွဲသရေဖြစ်ပြီး တစ်ပွဲနဲ့ အနိုင်ယူလိုက်တယ်၊ ဒီတုန်းက ဦးဘဒွန်းဟာ သူ့စိတ်ထဲမှာ ဘယ်သူလဲလို့ ဝေခွဲမရနိုင်တဲ့ ရန်သူကို ကြောက်ရွံ့စိုးရိမ်နေတာကလွဲလို့ သူဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားနိုင်တယ်၊ တစ်ခါတလေ ရယ်စရာ မောစရာလေးတွေတောင် ပြောလိုက်သေးတယ်၊ ဒါဟာ သူ့ကို နှုတ်ဆက်ပြီး ကျုပ်ပြန်လာတဲ့ အချိန်အထိပဲ ပြီးတော့ သူဟာ အကာမြူစွမ်းအင်ကို မြန်မာပြည်က တွေ့ရသလောက် ဂျနီဗာကွန်ဖရင့်အမီ အစီရင်ခံစာရေးပေးဖို့ အစိုးရဆီက တာဝန်ယူထားတဲ့ လူတစ်ယောက်လဲ ဖြစ်တယ်။ အဲဒီလို လူတစ်ယောက်ဟာ အင်မတန်အရေးကြီးတဲ့ ကိစ္စကြီးကို ပျော်ပျော်ရွှင်ရွှင် ထမ်းဆောင်နေရာက နာရီဝက်အတွင်း စိတ်ပြောင်းပြီး သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ။ ခင်ဗျားတို့ စုံထောက်ဘက်မှာတော့ မပြောတတ်ဘူး ဦးဘမြင့်၊ စိတ်ပညာအရ ကြည့်ရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီလိုဆိုရင် သူ့သေနတ်နဲ့ သူ့ကို ပစ်သတ်သွားတာ ဖြစ်ရမယ်"

"ခင်ဗျား ပြောတာလည်း ယုတ္တိရှိတာပဲ ဦးချစ်သောင်း"

"ဦးဘဒွန်းမှာ အဏုမြူစွမ်းအင်အားကို အသုံးပြုပြီး ကျုပ်တို့ မြန်မာလူမျိုးတွေမှာ ဖြစ်တတ်တဲ့ ရောဂါမျိုးကို ထိထိရောက်ရောက် ကုစားနိုင်တဲ့ ဖော်မြူလာတွေ ရှိနေတယ်။ အဲဒီဟာတွေဟာ သူ့ပညာနဲ့ သူ့စိတ်ကူးဉာဏ်နဲ့ အပတ်တကုတ် ရှာဖွေထားရတဲ့ပညာ ဖြစ်တယ်။ ဒီဟာတွေကို သူ မှတ်စုရေးနေတယ်။ အဲဒီမှတ်စုကို လူတစ်ယောက်က လိုချင်နေတယ်။ လိုချင်လို့ အမျိုးမျိုးရအောင် ကြံစည်နေတယ်။ ဒီဟာတွေအားလုံး သူ ကျုပ်ကို ဖွင့်ပြောခဲ့တယ်။ နောက်ဆုံးမနေ့ကအထိ ဘယ်လိုဖြစ်သလဲဆိုရင် ဦးဘဒွန်းဟာ ရေချိုးခန်းထဲတွင် ရေဇလုံမှာ မျက်နှာသစ်နေတုန်း ဒီလူဟာ ဦးဘဒွန်းရဲ့ သံသေတ္တာကို ဖွင့်သည်အထိ အတင့်ရဲလာတယ်။ နို့ပေမဲ့ ... ဦးဘဒွန်းက အသံကြားပြီး အချိန်မီတားဆီးလိုက်နိုင်လို့ တော်ပါသေးရဲ့။ လူကို ဦးဘဒွန်း မမြင်လိုက်ပေမဲ့ ဒီလူကတော့ သူ့ကို ဦးဘဒွန်းမြင်သွားပြီလို့ ထင်ကောင်းထင်မယ်။ ထင်နိုင်စရာအကြောင်းလည်း ရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီလူအထွက်နဲ့ ဦးဘဒွန်းအဝင်နဲ့ သီသီကလေးကပ်ပြီး လွဲသွားတာကိုး။ ဒီလူဟာ နယ်နယ်ရရလူ မဟုတ်ဘူးလားဗျ။ ဦးဘဒွန်းရဲ့ သံသေတ္တာနံပါတ်ဝှက်တွေကိုတောင် ဦးဘဒွန်းရဲ့နောက်နားက အသာကပ်ကြည့်နေရင်း စိတ်ထဲက မှတ်ထားနိုင်အောင် မှတ်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပဲ။ ကျုပ်အခု ရှင်းပြတာတွေဟာ ကျုပ် ထင်မြင်ချက် မဟုတ်သေးဘူး။ ဦးဘဒွန်း မသေခင် ပြောခဲ့တဲ့ အချက်တွေပဲ"

"ကိုင်း ... ကျုပ် ထင်မြင်ချက်ကို ပြောမယ်။ ကျုပ် ထင်မြင်ချက်ကတော့ ဦးဘဒွန်းဟာ အင်မတန်သတိကောင်းတဲ့ လူတစ်ယောက်ဗျ။ သေနတ်မှန်ပြီးတဲ့နောက် သူ့ကို သတ်တဲ့လူကို ကျုပ်တို့ သိရှိရအောင် စစ်ဘုရင်ရုပ်နဲ့ ညွှန်ပြထားခဲ့တယ်။ ဦးဘမြင့်က မြန်မာစစ်ဘုရင် မတတ်လေတော့ နားလည်အောင် ကျုပ်က စိတ်ပညာနဲ့ရှင်းလင်းပြတာကို ဦးဘမြင့်တို့ရဲ့ စုံထောက်ပညာနဲ့ ဟပ်ပြီး စဉ်းစားပေတော့။ အမှန်တော့ ကျုပ် ရှင်းလင်းချက်ဟာ စိတ်ပညာကို အသုံးပြုပြီး စူးစမ်းရှာဖွေခြင်းပဲ"

"ဦးဘဒွန်းဟာ စစ်ဘုရင်အရုပ်တွေ ပုံနေတဲ့အထဲက အရုပ်သုံးရုပ်ကို ဆွဲထုတ်ပြီး လက်ယာဘက်မှာ သီးသန့်ချထားခဲ့တယ်။ နှစ်ရုပ်က "နယ်" ရုပ် ဖြစ်တယ်။ ကျန်တစ်ရုပ်က "ရထား" ဖြစ်တယ်။ အရောင်က အနက်၊ ဒီဟာက ဘာကို ဆိုလိုသလဲဆိုရင် "နယ်" ဆိုတာ စစ်သားရိုးရိုးပဲ။ ဘာမှ တန်ခိုးအာဏာ မရှိဘူး။ သူ့ရဲ့ လက်ယာဘက်နဲ့ လက်ဝဲဘက်သာ သူ ကစားနိုင်တယ်။ အရုပ်ကို တုံးလုံးလှဲထားတယ်ဆိုတာက လူတစ်ယောက်က တုံးလုံးလဲနေရင် ဘာမှမလုပ်နိုင်ဘူး။ အရောင်ကလည်း အဖြူဆိုတော့ စင်ကြယ်တဲ့ အဓိပ္ပာယ်ရတယ်။ သူဆိုလိုတဲ့ အဓိပ္ပာယ်က လူနှစ်ယောက်ဟာ သူ့ကို ဘာမှ မလုပ်ဘူး။ စင်ကြယ်တယ်၊ အပြစ်ကင်းတယ်လို့ ဆိုတယ်"

တစ်နေရာတွင် ဦးချစ်သောင်းက သူ၏ ဒိုင်ယာရီကို စုံထောက် ဦးဘမြင့်အား လှမ်း၍ပေးလိုက်သဖြင့် ဦးဘမြင့်လည်း လက်ထောက်သုံးယောက်တို့၏ ရာဇဝင်ကို ဖတ်ရှုလျက် ရှိလေ၏။

ဦးဘမြင့်သည် ဦးခေါင်းကို ညိတ်လျက် ...

"ကိုင်း ... ဆက်ပြောပါဦး ဦးချစ်သောင်း"

"ဒီတော့ ... လူနှစ်ယောက်ဟာ အပြစ်မရှိဘူးလို့ ဆိုလိုတယ်။ ကျန်တဲ့ အရုပ်ကို ကြည့်စမ်း ရထားအနက် ထောင်နေတယ်။ ပြီးတော့ ကျန်တဲ့ လူတစ်ယောက်ဟာ အပြစ်ရှိတာပဲ။ သူ့ကို သတ်တာ "ရထား" လို့ ဆိုလိုတယ်။ ကိုင်း ... ဦးဘမြင့် ခင်ဗျားဖတ်နေတဲ့ ရာဇဝင်မှာ ဘယ်သူဟာ ရထားနဲ့ ပတ်သက်သလဲ ကြည့်စမ်းဗျာ"

စုံထောက် ဦးဘမြင့်က ဦးချစ်သောင်း၏ ဒိုင်ယာရီကို အောက်ပါအတိုင်း ဖတ်လိုက်လေသည်။

လက်ထောက် (၂) ဒေါက်တာညိုမောင် နိုင်ငံခြားသို့ သုံးနှစ်ခန့် သွားရောက်ပညာသင်ကြားဖူးသည်။ ဆေးဝါးဘက်တွင် အလွန်ကျွမ်းကျင်သည်။ နိုင်ငံခြားမှ ပြန်လာပြီးနောက် မီးရထားဘက်တွင် (၂)နှစ်ခန့် ဆရာဝန်လုပ် ...

ဤနေရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသော ဆရာဝန်ဒေါက်တာညိုမောင်သည် ခါးကြားတွင် ဝှက်၍ ယူဆောင်လာသော ဓားမြှောင်ကို ရုတ်တရက် ဆွဲထုတ်လိုက်ပြီးလျှင် "ကိုင်းကွယ် ... ခုမှတော့ မထူးဘူး အားလုံးသေကြပေတော့" ဟု ပြောပြောဆိုဆိုနှင့် ကာနယ် ဦးချစ်သောင်းအား ခုန်၍ အုပ်လေသည်။

သို့သော် ဓားမြှောင်သည် ကာနယ်ဦးချစ်သောင်း၏ ရင်ဝသို့ မရောက်မီ ဦးဘမြင့်၏လျင်မြန်လှသောပစ္စတိုကလေးသည် "ဖြန်း" ခနဲမီးပွင့်သွားပြီးနောက် ဓားမြှောင်သည်ဒေါက်တာညိုမောင်လက်မှလွတ်ကျသွားလေသည်။ ဒေါက်တာညိုမောင်သည် ကြမ်းပေါ်သို့ လဲကျသွားပြီး လက်ယာဘက် လက်ကောက်ဝတ်၌လည်း သွေးခြင်းခြင်းနီလျက် ရှိ၏။

"သိပ်သတ္တိကောင်းတဲ့ အကောင်၊ နို့ပေမဲ့ ... ငါ့ကို ဘာရမလဲကွယ်။ ဒီကောင် ချုပ်လိုက်ကြစမ်းဟေ့"

ဒေါက်တာညိုမောင်အား အချုပ်နှင့် ယူဆောင်သွားပြီးနောက် ဦးဘဒွန်း၏ အလောင်းကိုလည်း ထိုအခါမှ ဆေးရုံကားဖြင့် ပို့ကြရတော့၏။

အားလုံးရှင်းလင်းသွားသောအခါ စုံထောက်ဦးဘမြင့်သည် ကာနယ် ဦးချစ်သောင်း၏ လက်ကို အားရပါးရဆွဲကိုင်နှုတ်ဆက်လျက် ...

"တော်ပါပေတယ် ... ဦးချစ်သောင်း ကျွန်တော် ချီးကျူးပါတယ်ဗျာ။ စိတ်ပညာဟာ တကယ်နက်နဲတယ်ဆိုတာ ကျွန်တော် ယုံကြည်ပါပြီ" ဟု ပြောဆိုလျက် ရှိလေသည်။

"ဪ ... ဒါထက် တစ်ခုမေးရဦးမယ်၊ ဒီအကောင် ဦးဘဒွန်း သေနတ်ကို ရပုံက ဘယ်လိုရတာလဲဗျ"

"ဒါကတော့ ဒီလို ဖြစ်ပါလိမ့်မယ်၊ ဦးဘဒွန်းသေနတ်ဟာ အပြင်စားပွဲမှာ ရှိတယ်ဆိုတာ သိလေတော့ စစ်ဘုရင်စားပွဲမှာ ဦးဘဒွန်းထိုင်နေတုန်း အပြင်အံဆွဲကို အသံမကြားအောင် သော့တူနဲ့ ဖွင့်ပြီး ယူသွားမှာပေါ့ဗျ။ ဦးဘဒွန်း

သေနတ်ကို သုံးမှလည်း ဦးဘဒွန်းဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်ကြမှာကိုး"

"မှန်ပါပေတယ်ဗျာ၊ စဉ်းစားပုံ ကောင်းပါပေတယ်"

အမှုကို ရုံးတော်သို့ တင်ပို့စစ်ဆေးရာ တရားခံ ဒေါက်တာညိုမောင်လည်း မကွယ်နိုင်သည့်အဆုံး၌ ဖြောင့်ချက်ပေးလေသည်။

